

ပုဂံစာအုပ် အမှတ် ၄၀၇

# မောင်စိန်သောင်း မနှင်းရည်

## ဝတ္ထုတိုများ

မောင်ဝဏ္ဏ

ပုဂံစာအုပ်တိုက်

# မောင်စိန်သောင်း မနှင်းရည်

## ဝတ္ထုတိုများ


| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | • | ၅၀၁၂၃၉၀၈၀၉ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | • | ၅၀၁၃၈၀၁၀၀၉ |
| ပုံနှိပ်ခြင်း | • | ပထမအကြိမ်၊ ဇူလိုင်၊ ၂၀၁၀ |
| အုပ်ရေ | • | ၁၀၀၀ |
| မျက်နှာဖုံး | • | ဇော်ဝင်း (ငှက်ပျောသီး) |
| ဖလင် | • | ထန်းဆိုင် |
| တန်ဖိုး | • | R M [illegible] |

ဒေါ်နီနီနိုင် (ဝရ၁၃၅)၊ သီရိမရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၈၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဒေါ်နိုင်နိုင်ဦး (၀၄၁၃၈)၊ ပုဂံစာအုပ်တိုက်
၄ (A) ၅၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဖုန်း – ၀၉ ၅၁၁၀၀၃၈၊ ၅၄၄၃၂၁

၈၀၈.၈၃
ဝတ္ထု၊ မောင်
မောင်စိန်သောင်း မနှင်းရည် ဝတ္ထုတိုများ / မောင်ဝတ္ထု။ – ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၂၀၁၀။
၂၀၈ – စာ၊ ၁၂ × ၁၈ စင်တီ။
(၁) မောင်စိန်သောင်း မနှင်းရည် ဝတ္ထုတိုများ

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဘာရမလဲကွ | ၇ |
| ၂။ | ထင်တာပဲလေ | ၁၉ |
| ၃။ | မတွေးနှင့် ငွေနှစ်ဆယ် | ၃၁ |
| ၄။ | ကဗျာတစ်ပုဒ် | ၄၅ |
| ၅။ | အပြစ်မကောင်းခံစားခြင်း | ၅၆ |
| ၆။ | အကြံအဖန် | ၆၈ |
| ၇။ | ဘတ်စ်ကားမှတ်တိုင် | ၇၇ |
| ၈။ | လက်ဆောင် | ၈၈ |
| ၉။ | နေရာ | ၁၀၄ |
| ၁၀။ | ဟုတ်မေ့များ | ၁၁၂ |
| ၁၁။ | ဒီနားခဏ | ၁၂၃ |
| ၁၂။ | တိုရှိဘားကို စားပစ်ခြင်း | ၁၃၄ |
| ၁၃။ | မော်ဒန်မောင်စိန်သောင်း | ၁၆၅ |
| ၁၄။ | မောင်စိန်သောင်းနှင့် အင်တာဗျူးခြင်း | ၁၇၂ |
| ၁၅။ | ဆေးချက် | ၁၈၃ |
| ၁၆။ | ပီကေ | ၁၉၆ |

# ဘာရမလဲကွ

## ၁

စာရေးသမား မောင်စိန်သောင်းသည် အရက်သောက်သူဖြစ်၏။ အရက်သောက် 'တတ်' သူမဟုတ်ပါ။ အရက်သောက် 'တတ်' သူ ဆိုသည်မှာ အရက်ကို အသုံးချတတ်သူ၊ ပျော်ရွှင်အောင် သောက်သူ၊ စားဝင်အိပ်ပျော်အောင် ဆေးဖြစ်ဝါးဖြစ် အသုံးချတတ်သူဟု မောင်စိန်သောင်း ယူဆ၏။ မောင်စိန်သောင်းကား ထိုသို့မဟုတ်။ သောက်သူ ဖြစ်သည်။ မောင်စိန်သောင်း စတင်အရက်သောက်ခြင်းကား အသက်လေးနှစ်သားအရွယ်က ဖြစ်၏။ အံ့ဩစရာကောင်းပါသလား။

မအံ့ဩပါနှင့်။ မောင်စိန်သောင်းသည် ငယ်စဉ်ကပင် စာပေလောက၌ နေခဲ့ရသည်။ ပုံနှိပ်စက်သံ၊ စက္ကူပုံ၊ စာရေးဆရာ၊ စာစီစက်ရိုက် စာအုပ်ဆိုင်တို့ အကြား၌ ကြီးပြင်းခဲ့ရသည်။

များစွာသော စာရေးဆရာတို့သည် အရက်သောက်ကြ၏။ အရက်မသောက်သော စာရေးဆရာ အလွန်နည်း၏။ ချိုးကျူးဖွယ်ကောင်းအောင် နည်း၏။

ငယ်စဉ်က မောင်စိန်သောင်းတို့အိမ်သို့လာသော စာရေးဆရာ အတော်များများသည် 'သောက်' ကြ၏။ ထို့ကြောင့် လေးငါးနှစ်သား မောင်စိန်သောင်းကလေးသည် ဦးလေး စာရေးဆရာများ အရက်သောက်နေသောအခါ အနားသွားလျှင် အမြည်း တစ်ဖတ် နှစ်ဖတ် ကျွေး၏။ ထွေလာသောအခါ စိုးစဉ်းမျှသော အရက်ကို မောင်စိန်သောင်းအား အချိုရည်ရော၍ တိုက်လိုက်၏။

မောင်စိန်သောင်း ယိုင်ထိုးယိုင်ထိုးဖြစ်နေသည်ကိုကြည့်၍ သူတို့ ပျော်ကြသည်။ ခဏကြာတော့ မောင်စိန်သောင်း အိပ်ပျော်သွားသည်။ မောင်စိန်သောင်းသည် တစ်ရေးနိုးလျှင် ဆီးသွားလေ့ရှိသည်။ သူ ဆီးထသွားရန် မိဘများက ခြေရင်းတွင် ပန်းအိုးစိုက်သည့်အရွယ်ရှိ သစ်သားစည်ကလေးတစ်လုံး ချပေးထားသည်။ ထိုသစ်သားစည်ကလေးသည် နေ့အခါ မောင်စိန်သောင်း၏ဘကြီး ဦးမြမောင်၏ ကွမ်းတံတွေး ထွေးခံဖြစ်ပြီး ညအခါ မောင်စိန်သောင်း၏ ဆီးအိုးဖြစ်၏။

မောင်စိန်သောင်း မှတ်မိနေသည်။ ထိုနေ့ညက သူ ရှူရှူးထပန်းသောအခါ သူ့ရှူရှူးများ ထွေးခံထဲသို့ မဝင်။ အပြင် စဉ်ထွက်ကုန်၏။ သေသေချာချာ ချိန်၍ ပန်းသော်လည်း ဖိတ်တစ်ဝက် စဉ်တစ်ဝက် ဖြစ်နေ၏။ မောင်စိန်သောင်း မျက်စိထဲ၌ ထွေးခံ သုံးလုံးခန့် မြင်နေရသည်။ မောင်စိန်သောင်း ငိုလေသည်။

"မေဘုဒီ ထပါဦး၊ သောင်းသောင်း ရှူရှူးတွေ ဘာဖြစ်လဲ သိဘူး"

မောင်စိန်သောင်းသည် သူ့ကိုယ်သူ 'သောင်းသောင်း' ဟု ပြော၏။ မောင်စိန်သောင်း၏ကြီးတော်က မွေးစားသကဲ့သို့ သူနှင့်အတူ ခေါ်ထား၏။ မောင်စိန်သောင်း၏မိခင်က ချက်ပြုတ်လုပ်ကိုင်ပြီး ကျောင်းတက်ရသော ကျောင်းဆရာမ။ ဖခင်က ပုံနှိပ်တိုက်တစ်ဖက်နှင့် စာရေးဆရာ။ သည်တော့ မောင်စိန်သောင်းကို ထိန်းကျောင်းရန် ကြီးတော်နှင့် ဘကြီးက မွေးစားသကဲ့သို့

ခေါ်ထား၏။ အိမ်ချင်းက မလှမ်းမကမ်း။ နေ့ဘက် မိဘအိမ်သွားနေ၊ အိပ်ခါနီး ဘကြီးအိမ် ပြန်အိပ်ရသည်။

မောင်စိန်သောင်း၏ကြီးတော်က ကမန်းကတန်း ထသည်။

“ဟဲ့ သား ဘာဖြစ်တာလဲ”

“ရှူးရှူးတွေ ဖိတ်ကုန်ပြီ”

“ဒါပဲသားရယ် ဖိတ်ပစေ အမေ မရိုက်ဘူး”

ဒေါ်ဘုဒီသည် ကလေး အိပ်ချင်မူးတူးမို့ ထွေးခံထဲ တည့်အောင် မပန်းနိုင်ဟု ယူဆသည်။ ပြန်ချော့သိပ်လိုက်၏။

*

မောင်စိန်သောင်း၏ဖခင်က သူ့သူငယ်ချင်း စာရေးဆရာများကို မည်သို့ ဟောက်လိုက်သည်မသိ။ နောက်နောင် အရက်ဝိုင်းနား မောင်စိန်သောင်း သွားလျှင် အမြည်းပင် မကျွေးတော့ဘဲ “ဟေ့ကောင် သွားစမ်းကွာ၊ ဖိမ်ပျက်တယ်” ဟု ငေါက်လွှတ်ကြလေသည်။

## ၂

မောင်စိန်သောင်း ဆယ်တန်းအောင်သောအခါ ပျော်သည်။ အကြိမ်ကြိမ် ဖြေ၍ အောင်ရခြင်းဖြစ်သဖြင့် ပျော်သည်။ ထို့ကြောင့် သူငယ်ချင်းများစု၍ အရက် တစ်ပုလင်းဝယ်ပြီး ခြောက်ယောက်ခန့် သောက်ကြသည်။ နည်းနည်း ကလေးနှင့် မူးပြီး ပျော်ရွှင်ကခုန်ကြသည်။ သူတို့သောက်သောနေရာမှာ အရပ်ထဲမှ ခြံဝင်းတစ်ဝင်းအတွင်း ဆောက်လက်စ အိမ်တစ်အိမ်တွင်ဖြစ်သည်။ ထိုည ထိုအိမ်မှာ သူငယ်ချင်းများ စုအိပ်ကြသည်။ ပျော်စရာကောင်းပါသည်။

တက္ကသိုလ်မည်သည်မှာ အထက်တန်းပညာများ ဖြန့်ဝေရာ ဌာနကြီး ဖြစ်သည်။

တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ ဆုံစည်းရာလည်း ဖြစ်သည်။

တက်ကြွသော၊ အားအင်ပြည့်စုံသော၊ တိုးတက်သော၊ စုစည်းညီညွတ်သော လူငယ်များ တွေ့ဆုံပေါင်းစည်းရာ နေရာလည်းဖြစ်သည်။

မောင်စိန်သောင်း တက္ကသိုလ်သို့ရောက်ပြီး မကြာမီ အပေါင်းသင်းသစ်များ များသည်ထက် များလာသည်။ လူမျိုးစုံ၊ စရိုက်စုံမို့ 'သောက်တတ်' သော သူငယ်ချင်းများလည်း ပါလာသည်။

အထိမ်းအမှတ်ကလေးများ တစ်ခုပြီးတစ်ခု ဖန်ဆင်းကြသည်။

သူငယ်ချင်းများထဲမှ တစ်ယောက်။ သူလိုက်နေသော မိန်းကလေးနှင့် စွံသွား၍ တစ်ပွဲ။

တစ်ယောက် အသည်းကွဲ၍ တစ်ပွဲ။

ပါမောက္ခက တစ်ယောက်ကို စည်းကမ်းပျက်၍ နောက်တစ်ကြိမ်ဆိုလျှင် ကျောင်းထုတ်မည်ဟု သတိပေးခံရသောကြောင့် တစ်ပွဲ။

တစ်ယောက် 'မင်နီ' အမှတ်ခံရသောကြောင့် တစ်ပွဲ။

စာမေးပွဲ ကျသူအတွက် တစ်ပွဲ။

အောင်သူအတွက် တစ်ပွဲ။

တစ်ယောက်၏ကဗျာ မဂ္ဂဇင်းတွင် ပါလာသဖြင့် တစ်ပွဲ။ ကျောင်းပိတ်၍ ခွဲခွာခါနီးမို့ တစ်ပွဲ။ ကျောင်းဖွင့် ပြန်ဆုံကြရ၍ တစ်ပွဲ။ အကြံအဖန်ပွဲများ ကျင်းပနေခဲ့ကြသည်။

*

မောင်စိန်သောင်း၏ အဘိုးလေးသည် ဈာန်ရဘိုးဘိုးဖြစ်သည်။ အရက်သောက်တတ်သော အဘိုးကြီးဟု ဆိုလိုပါသည်။ သို့ရာတွင် မောင်စိန်သောင်း၏ ဖခင်ကား အရက်ကို အနံ့ပင် မခံ။ နှာခေါင်းပိတ် မှောသည်ဟု မဆိုလိုပါ။ အရက် လုံးဝမသောက်သူဖြစ်သည်။

မောင်စိန်သောင်း၏ အဘိုးလေးသည် ပဲခူး၌နေ၏။ တစ်ခါတစ်ရံ ရန်ကုန်လာလည်၏။ မောင်စိန်သောင်းတို့အိမ်ကို အလျင်ဝင်၏။ ပြီးလျှင်

ညဘက် အလုပ်လုပ်ပြီး နေ့ဘက်တွင် နေ့လယ် ဆယ့်နှစ်နာရီလောက်မှ နိုးထလေ့ရှိသော သူ့တူ အရင်းခေါက်ခေါက်ကို မညှာမတာ နှိုးတော့သည်။ ခောင်ကို ဆွဲလှန်၏။ လက်မောင်းရင်းမှ ဆွဲမတ်ကာ

"ဟေ့ကောင် 'ဘူဒါး' ထစမ်း နေဖင်ထိုးနေပြီ"

မောင်စိန်သောင်း၏ဖခင်သည် သူအိပ်နေစဉ် မည်သူလာနှိုး၍မှ မကြိုက်။

"မီးလောင်တောင် မနှိုးနဲ့ကွ" ဟု မှာထားသည်။ သို့ရာတွင် သူ့ဦးလေး နှိုးလျှင်တော့

"ဟာ ဦးလေးကလဲ ဘာလဲဗျာ၊ ပိုက်ဆံပဲမဟုတ်လား"

"အေးပေါ့ကွ၊ ငါ့ဘတ်ဂျက် နည်းနေတယ်"

မောင်စိန်သောင်း၏ဖခင်သည် ခေါင်းအုံးအောက်မှ အချပ်တစ်ချပ် ဆွဲထုတ်ပြီး ကမ်းပေးလေ့ရှိ၏။

အချပ်ကြီးဆိုလျှင် အဘိုးကြီး ဘာမှမပြောတော့။ အချပ်သေးဆိုလျှင်

"မင်းဟာက ငါ့ကို ကလေး မုန့်ဖိုးပေးတာ မှတ်နေသလား။ ကားနီနာ၃၊ လန်ကျောက်၊ စဝက်ကားဘာဂျား၊ ဒမ်ဗလယ်ဒီ" အစရှိသဖြင့် နိုင်ငံတကာနည်းနှင့် တိုင်းထွာတော့သည်။

မောင်စိန်သောင်း၏ဖခင်သည် ခေါင်းအုံးနှင့် နားကိုပိတ်ပြီး နောက်ထပ် သုံးလေးချပ် ဆွဲထုတ်ပေးလိုက်မှ

"ဒါမှ ငါ့တူ၊ ဘုန်းကြီးလို့ သက်ရှည်၊ အန္တရာယ်မျိုး ကိုးဆယ့်ခြောက်ပါး ကင်းပြီး ငါ့လို မိန်းမများများ ရပါစေ။ ကျန်းမာချမ်းသာ ဘယာကင်း"

မောင်စိန်သောင်း၏အဘိုးတွင် ဇနီးလေးယောက်ရှိ၏။

"သွားတော့ဗျာ ဦးလေး၊ ကျွန်တော် ပြန်အိပ်ဦးမယ်"

"အေး အေး၊ အိပ် အိပ် ငါ့တူလေး၊ ကျွတ် ကျွတ် ကျွတ်"

ဖင်ကိုပုတ်၍ ကလေးသိပ်သလို သိပ်တော့သည်။

"သွားစမ်းပါဗျာ ဦးလေးကလဲ"

အဘိုးကြီး ကွမ်းချေးများ ရဲနေသော သွားကိုဖြဲ၍ရယ်ရင်း လှည့်ထွက်ခဲ့သည်။ ပြီးတော့

"ဟေ့ ဟိုခွေးမသားလေးတွေ ဘယ်ရောက်နေလဲကွ။ ငါလာတာ မသိဘူးလား"

အဘိုးကြီးကို ဟိုဟိုဒီဒီ လိုက်ပို့ရမှာစိုး၍ ရှောင်နေသော မောင်စိန်သောင်းတို့ ညီအစ်ကိုတစ်စုကို မေးသည်။

"ရှိပါတယ် ဖိုးစိန်"

သူ့အမည်ရင်းက ဦးစိန်ဖြစ်၍ မောင်စိန်သောင်းတို့က ဖိုးစိန်ဟု ခေါ်သည်။

"အေး လာစမ်း၊ ဟိုကောင် စိန်သောင်း'

စိန်သောင်း အနားကပ်လာသည်။

"ဟား ဟား မင်း အတော်ထွားနေမှပဲ။ ဒါနဲ့ မင်းက ကောလိပ်ကျောင်းသား ဖြစ်နေပြီဆို"

သူတို့ခေတ်ကတော့ ကောလိပ်ကျောင်းသားဆိုသည်မှာ မြို့အုပ်လောင်း၊ ဝန်ထောက်လောင်း၊ ဒီတော့

"တော်တယ်ဟေ့"

အလွန်အဲဆဲသန်သော အဘိုးကြီးဖြစ်သည်။ ချီးကျူးသည်ကိုပင် ဆဲ၍ ချီးကျူးသည်။

"ဒါဆို မင်း ရန်ကုန်မှာ တော်တော်လည်နေပြီပေါ့ကွ၊ ဟုတ်လား"

"မလည်ပါဘူး ဖိုးစိန်ရ"

"ကောလိပ်ကျောင်းသားဖြစ်ပြီး မလည်ရင် မင်း ခွေးဖြစ်မှာပေါ့ကွ။ ငါ့ကို လိမ့်မနေနဲ့၊ ဟိုနား ဒီနား လိုက်ပို့စမ်း"

မောင်စိန်သောင်း သိပါသည်။ နံနက်စာ စားရန် ဟိုတယ်တစ်ခု သွားမည်။ ပြီးလျှင် သူ့တူမများ၊ ညီများထံ ခေတ္တသွားမည်။ အမြင် မတော်လျှင် ဆူပူကြိမ်းမောင်းဆဲဆိုမည်။ ပြီးလျှင် နေ့ခင်း ဘီယာဆိုင် ပို့ခိုင်းမည်။ ညနေ ဟိုတယ်ပြန်သွားမည်။ ည အိမ်ပြန်အိပ်ချင် အိပ်မည်။ သို့မဟုတ် မီးရာ ရထား၊ ဘတ်စ်ကားတို့ဖြင့် ပြန်မည်။

ထိုထုံးစံအတိုင်းပင် နေ့ခင်း၌ ဘီယာဆိုင် ပို့ခိုင်းသည်။

"ဟော့ကောင် မင်း နန်းသီတာ သိတယ်မဟုတ်လား၊ ဖွင့်တာ မကြာသေးဘူးလေ"

"သိပါတယ်"

"အေး အဲဒီသွားရအောင်"

နန်းသီတာတွင် ဘီယာနှစ်လုံး မှာသည်။ ကြက်ကြော်၊ ငါးကြော် မှာသည်။ သည်အတွင်း "ဟိုမအေက ဘာလုပ်နေတုံး၊ ဟိုဟာမကော" စသဖြင့် ဆွေမျိုးနီးစပ်အကြောင်း မေးသည်။ အကောင်းချည်း ဖြေရသည်။ မကောင်းတာ တစ်ခွန်းတစ်စပါလျှင် ဆိုင်ထဲတွင် အော်ကြီးဟစ်ကျယ် ဆဲဦးမည်။

ဘီယာနှစ်ပုလင်း ချပေးသည်။

"သောက်လေကွာ"

ဘိုးအေရှေ့မို့ ရှုံ့တွန့်တွန့်ဖြစ်နေသော မောင်စိန်သောင်းကို ခွင့်ပေး လိုက်သည်။ မောင်စိန်သောင်းကလည်း နည်းနည်းတော့ ဟန်ဆောင်ထားသည်။

ထို့နောက် မြေးအဘိုး နှစ်ယောက်။

၃

မောင်စိန်သောင်းသည် ဇီဇက ပါလာသဖြင့် စာရေးဆရာပေါက်စ ဖြစ်လာသည်။ နဂိုက သောက်လက်စ မောင်စိန်သောင်းသည် အရက်သောက် 'တတ်'လာသည်။

ဦးစွာဖော်ပြသကဲ့သို့ သောက်တတ်ခြင်းဖြစ်သည်။တစ်ခါတစ်ရံသောက်သည်။ ပျော်စရာရှင်စရာ ပြောကြဆိုကြသည်။ စိတ်ကူးဉာဏ်သစ်များကို စကားဝိုင်းမှ ရယူသည်။ အစားကောင်း အသောက်ကောင်း ဖြစ်သည်။

သို့နှင့်

မောင်စိန်သောင်း အိမ်ထောင်ကျသည်။ သူ့ဇနီး မနှင်းရည် သဘောကောင်းသည်၊ စိတ်ကောက်လွယ်သည်မှအပ အခြား ဘာပြဿနာမှ မရှိ။ တစ်ခုပဲရှိသည်။ မောင်စိန်သောင်းကို နားမလည်။ သို့ရာတွင် နားလည်အောင် ကြိုးစားရှာသည်။ မောင်စိန်သောင်းသည် သူ့ဇနီးက သူ့ကို သို့မဟုတ် အနုပညာအလုပ် လုပ်စားသူများကို နားလည်အောင် ကြိုးစားနေပါကလားဟု ခြေသိမ့်ရင်း အိမ်ထောင်သက် ဆက်ခဲ့ကြသည်။

မောင်စိန်သောင်း နားလည်မှုလွဲပုံ ဥပမာတစ်ခုကို တင်ပြပါမည်။

မောင်စိန်သောင်း အိမ်မှာကုပ်၍ စာရေးနေလျှင် မနှင်းရည် ကျေနပ်ကြည်နူးနေသည်။ လိုအပ်သမျှ အဝဝကို မငြူမစူ ပြုစု၏။ သို့ရာတွင် စာရေး၍ကောင်းနေစဉ်၊ စိတ်ပါဝင်စားနေစဉ်အချိန်မျိုးတွင်

"ထမင်းစားတော့လေ အစ်ကို၊ ဆယ့်နှစ်နာရီခွဲနေပြီ။ ပြင်လိုက်ရတော့မလား"

သူက တိုးတိုးညင်ညင်သာပြောသော်လည်း မောင်စိန်သောင်း၏ နားထဲတွင် 'ဗုံးကွဲ' သွားလေသည်။ စိတ်ကူးတွေလည်း ဘယ်ရောက်ကုန်မှန်းမသိ။ မောင်စိန်သောင်းသည် ပုံနှိပ်စက်သံ တဂျုန်းဂျုန်းကြား၍ စာရေး၍ရသည်။ ရေဒီယိုဖွင့်ထားရင်း စာရေး၍ရသည်။ သို့သော် ကိုယ့်အိမ်ကိုယ် ငြိမ်ငြိမ်တိတ်တိတ် စာရေးစဉ်၊ ဤသို့ဖြစ်သောအခါ ရေးလက်စ ပြတ်သွားတတ်သည်။ အဘယ်ကြောင့် ဤသို့ဖြစ်သည်ကို မောင်စိန်သောင်းလည်း စဉ်းစား၍မရ။ ဘာ့ကြောင့်မှန်း မသိ။ ထိုအခါမျိုးတွင် မောင်စိန်သောင်း အလွန်စိတ်ပျက်၏။

နောက်တစ်ခုမှာ မောင်စိန်သောင်း အပြင်ထွက်မည်ဟု အင်္ကျီလဲလိုက်လျှင် "ဘယ်သွားမှာလဲ" ဟု မေး၏။ ဤသည်ကို မောင်စိန်သောင်း ဒေါသဖြစ်၏။ ပုံနှိပ်တိုက်၌ စာအုပ်ရိုက်နေစဉ်အခါဆိုလျှင် သူ မမေး။ ပုံနှိပ်တိုက်သွားမှာပဲဟု သူသိ၏။ သို့သော် ဘာအကြောင်းမှမရှိဘဲ အပြင်ထွက်လျှင်

"ဘယ်သွားမှာလဲဟင်၊ ဘယ်ကိုလဲ၊ ပြောပါဦး"

အထပ်ထပ်မေး၏။

မောင်စိန်သောင်း အိမ်မှာချည်း ကုပ်မနေနိုင်။ အပြင်ထွက်ချင်သည်၊ အပေါင်းအသင်းများနှင့် တွေ့ချင်သည်။ စကားပြောချင်သည်။ အဆော်ကောင်းလျှင် သောက်ချင်သည်။ လျှောက်လည်ချင်သည်။ ဤသို့ သွားလာလှုပ်ရှားရင်း ဇာတ်လမ်းကလေးများ စိတ်ကူးကလေးများ ရတတ်သည်။

မောင်စိန်သောင်းကိုယ်နှိုက်က ဘယ်ကိုသွားမည်ဟု မရည်ရွယ်ဘဲ အပြင်ထွက်မည်ကို 'ဘယ်သွားမလဲ' မေးသောအခါ မည်ကဲ့သို့ ဖြေရမည်နည်း။

ပြီးလွယ်စီးလွယ် "ဒီနားတင်ကွာ" ဟု ဖြေလိုက်လျှင်လည်း

"ဘယ်နားတင်လဲ"

ဘယ့်နှယ်လုပ်ရပါ့။

"ဘာလုပ်မလို့လဲ"

"သိချင်လို့ပေါ့"

"မင်း သိစရာမလိုဘူး၊ ဘယ်သွားသွား"

သည်လို ကတောက်ကဆဖြစ်ရသည်။

တစ်ခါတစ်ရံ မောင်စိန်သောင်း သောက်လာသောအခါ ဘာမှ မပြောသော်လည်း မျက်နှာမှုန်ကုပ်ထားသည်။ ဘယ့်နှယ်လုပ်ရပါ့။

သည်လိုနှင့်

တစ်နေ့ မောင်စိန်သောင်း အိမ်ပြန်အလာတွင် ဗေဒင်ဆရာ တစ်ယောက်ကို တွေ့ရသည်။ တွက်ချက်ပြီးစီး၍ လက်ဖက်နှင့် ရေနွေးကြမ်းပင် သုံးဆောင်နေလေပြီ။

မောင်စိန်သောင်းဇနီး မနှင်းရည်က ဗေဒင်ဆရာနှင့် မိတ်ဆက်ပေးသည်။ မောင်စိန်သောင်းကလည်း ရိုသေစွာ ဆက်ဆံပါသည်။

မောင်စိန်သောင်းသည် မနှင်းရည် ဗေဒင်မေးခြင်းကို မကန့်ကွက်ပါ။ သူ့ စိတ်သက်သာရာသက်သာကြောင်း၊ ပျော်ရွှင်ရာပျော်ရွှင်ကြောင်း စိတ်ချမ်းသာသလို လုပ်ပါစေဟု သဘောထား၏။

ဘုရားကို ပန်း၊ ရေချမ်း၊ ဆီမီး စသည်ဖြင့် ကပ်လှူခြင်းသည် ယတြာချေသည်ဆိုဆို ဘာဆိုဆို ပူဇော်ခြင်းသည် ကောင်းမြတ်၏။ စိတ်ချမ်းမြေ့၏။ လုပ်ချင်သလို လုပ်ပေတော့ မနှင်းရည်ဟု မောင်စိန်သောင်း သဘောထားသည်။

သို့ရာတွင် ထိုနေ့က ထိုဗေဒင်ဆရာက

"မောင်စိန်သောင်း အသောက်လည်း လျှော့ပေါ့ဗျာ။ ဖြတ်နိုင်ရင် အကောင်းဆုံးပဲ"

မောင်စိန်သောင်း အောင့်သွားလေသည်။

ဗေဒင်ဆရာတွက်ချက်ခြင်းသည် ကောင်းပါ၏။ သို့ရာတွင် အခြားသူ၏အခွင့်အရေးကို ဗေဒင်ပညာဖြင့် စွက်ဖက်ရန် မသင့်ဟု မောင်စိန်သောင်း ယူဆသည်။

အားနာပါးနာဖြင့် ခေါင်းညိတ်လိုက်သည်။ ပါးစပ်ကတော့ ယားလှပြီ။

ထို့ကြောင့် အခန်းတွင်းသို့ ဝင်ခဲ့သည်။

ဗေဒင်ဆရာ ပြန်ကြွသွားသည်။

မနှင်းရည် အခန်းထဲ ဝင်လာသည်။

"ဘာလုပ်တာလဲ နှင်းရည်"

"အစ်ကို ကောင်းအောင်လို့ပေါ့ အစ်ကိုရယ်"

"အစ်ကိုက ဆိုးနေလို့လား"

"မဟုတ်ပါဘူး။ အသောက်အစားကိစ္စလေး"

"အိုကွာ ငါ မူးပြီး လျှောက်ရမ်းနေတာမှမဟုတ်တာ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့"

"တော်တော့ကွာ"

*

မောင်စိန်သောင်း အရက်ဆိုင်ထွက်ခဲ့သည်။ သောက်သည်။ ဘယ်လောက်မှန်းမသိ။ ထိုညက တခုန်းခုန်း တဒိုင်းဒိုင်း ဟိုကန် သည်ကျောက်နှင့် အိပ်ပျော်သွားသည်။

အိပ်ရာမှ နိုးသောအခါ နေအတော်မြင့်နေပြီ။ အိမ်တွင် မနှင်းရည်မရှိ။ မေးကြည့်သောအခါ ဘုရားကိုသွားသည်ဟု ဆိုသည်။

"ဘယ်သူနဲ့သွားသလဲ" ဆိုတော့

"အမေနဲ့"

မောင်စိန်သောင်း၏ မိခင်နှင့် အတူသွားကြခြင်း ဖြစ်သည်။ မောင်စိန်သောင်း အရက်မသောက်စေခြင်းငှာ ယတြာချေကြခြင်းဟု မောင်စိန်သောင်း ယူဆလိုက်သည်။

အမှန်မှာ မောင်စိန်သောင်း၏ မိခင်ရော ဇနီးပါ နည်းနည်းလွန်လာသော မောင်စိန်သောင်းကို ပြောမရဆိုမရသည့်အဆုံး ကြံမိကြံရာကြံကြခြင်းဖြစ်လေသည်။

မည်မျှစွမ်းသော ယတြာဖြစ်သည်တော့ မသိ။

*

မနှင်းရည် တရွှဲရွှဲ ငိုရသည်။ မိခင် မျက်ရည်ဝိုင်းသည်။

ဗေဒင်ဆရာသည် တခြားတစ်ဦးဦးအား ယတြာပေးနေပေတော့မည်။

ရွှေတိဂုံစောင်းတန်းမှ ပန်းသည်တို့သည်လည်း 'ပန်းဝယ်သွားပါဦးလား' ဟူသော အသံကို ပြိုင်တူ ရွတ်နေကြပေမည်။

ဖယောင်းတိုင်အချို့သည် အဖြူမှ အညို၊ ရွှေရောင် ငွေရောင်စသည်ဖြင့် ပြောင်းနေကြပေလိမ့်မည်။

မောင်စိန်သောင်းတစ်ယောက်တော့ အရွဲ့တိုက် ကောင်းသည်နှင့် အိပ်ရာပေါ် ပက်လက်ကလေးနေရင်း အကြောအားဆေး သွင်းနေရရှာလေသည်။

ယတြာ ကျေ မကျေတော့ မသိ။

မောင်စိန်သောင်းတစ်ယောက် အရက်သောက်သူ သို့မဟုတ် အရက်သမားနှင့် အရက်သောက်တတ်သူကို ခွဲခြားသိသွား၏။

သူ့အဘိုး ဖိုးစိန် အသက် ခုနစ်ဆယ်ကျော်မှ သေသည်။ သေခါနီး 'ရေဆာတယ်၊ ဘီယာတိုက်' ဟု အိပ်ရာထဲ လဲနေရာမှ ပြောသည်။

သူ့ချစ်မိတ်ဆွေကြီးနှစ်ဦးဖြစ်သော ကိုထွန်းထွန်းနှင့် ကိုဦးတို့ အရက်ကြောင့် အသက်လေးဆယ်ကျော်တွင် ရှေ့ဆင့်နောက်ဆင့် သေကြသည်။

မောင်စိန်သောင်းသည် သူ့ထုံးစံအတိုင်း ဗေဒင်ဆရာကို ကြံဖန်ကျေးဇူးတင်နေလေသည်။

၁၉၈၀၊ မေ၊ ရှုမဝမဂ္ဂဇင်း

၀

## ထင်တာပဲလေ

ရေးရမှာတော့ ခပ်ရှက်ရှက်ပဲ။

ဒါပေမဲ့ တတ်နိုင်ပါဘူး။ စာရေးသမားဆိုတော့ ရှေ့မျက်နှာ နောက်ထားပြီး ကြောက်အားနှင့် ရေးရတော့မှာပါပဲ။

သည်နေ့ပေါ့။ ကျွန်တော် အပျင်းထူပြီး အိမ်ကအထွက် နောက်ကျသဗျာ။ နေ့တိုင်းလိုလိုက မနက် ထမင်းစားပြီးချိန်လောက် အိမ်ကထွက်တယ်။ မြို့ထဲရောက်ရင် သူငယ်ချင်းတစ်ယောက်ရဲ့ ပုံနှိပ်တိုက်မှာ ထိုင်ပြီး စာရေးချင်ရေး၊ ဒါမှမဟုတ် မြို့ထဲ ဟိုလျှောက်ဒီလျှောက် လုပ်။ စာအုပ်အဟောင်းဆိုင် သွားထိုင်၊ စာဖတ်ချင်ဖတ်။ လက်ဖက်ရည်ဆိုင် ထိုင်ပြီး တောင်ရောက်မြောက်ရောက် စကားတွေ ပြော။ ဒီလိုနဲ့ အချိန်ကုန်လေ့ ရှိပါတယ်။

တကယ်တမ်းကတော့ ထိုင်ပြီး အလုပ်လုပ်နေတဲ့အချိန်၊ စာရေးတဲ့ အချိန်က နည်းပါတယ်။ တစ်ခါတလေ စာတစ်လုံးမှ မရေးဖြစ်ဘဲ တစ်ပတ်၊ နှစ်ပတ်၊ သုံးလေးပတ် ကြာသွားတတ်တယ်။ ရေးဖြစ်ပြန်တော့လည်း တစ်ခါတလေ တစ်နာရီလောက်အတွင်း ဝတ္ထုတိုတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ်လောက် ပြီးသွားတတ်တာပဲ။ ကျွန်တော့်အကျင့်က ဒီအတိုင်းဖြစ်နေပါတယ်။

တခြားဆရာတွေတော့ မသိ။ ကျွန်တော် အလုပ်လုပ်ပုံကတော့ တော်တော့်ကို စည်းကမ်းမဲ့တာပါပဲ။ တစ်ခါတလေများ တစ်လ နှစ်လ ကြာအောင် ဘာ အလုပ်မှ မည်မည်ရရ မလုပ်ဖြစ်ဘဲ ဟိုလိုလို ဒီလိုလိုနဲ့ အချိန်တွေ ကုန်သွား တတ်ပါတယ်။ ဆန်အိုးထဲက ဆန်ကုန်လုပြီလား ဆိုမှဖြင့် ရရာအလုပ် သိမ်းကျုံးလုပ်ပြီး ရေးတော့တာပဲဗျို့။ ဒါမှလည်း စာမူခလေး ဘာလေးရပြီး ဆန်အိုးကို ဖြည့်နိုင်တော့တာကိုး။

ကျွန်တော် တစ်ခါက ကျွန်တော့်မိန်းမ ရှေ့မှာ ဝတ္ထုတိုတစ်ပုဒ် ထိုင်ရေးလိုက်တာ လေးဆယ့်ငါးမိနစ်အတွင်း ပြီးသွားခဲ့တယ်။ မိန်းမက "ဒီလိုတော့လည်း အစ်ကိုက တော်သားပဲ" လို့ ချီးကျူးပါတယ်။

ခက်တော့ခက်တယ်။ အဲသလို တစ်ခါလည်း တွေ့ဖူးရော၊ စာ မရေးဖြစ်တဲ့အခါကျရင် မိန်းမက သိပ်မကြည်ဘူး။ "လျှောက်လည်နေ တာကိုး။ အလုပ်မှ မလုပ်တာ။ လုပ်လိုက်ရင် ခဏလေးဟာကို" လို့ ပြောပြန်ရော။

ဒီတော့ ကျွန်တော်က "ဟေ့ အနုပညာဆိုတာ" ဘာညာနဲ့ စကားလုံး ကြီးကြီးတွေသုံးပြီး ကိုယ့်ဘာသာကိုယ် ပျင်းတာ မပေါ်စေဘဲ ခပ်တည်တည် ဟောက်လေ့ရှိပါတယ်။

မိန်းမကတော့ "အင်းလေ အစ်ကိုတို့ အနုပညာအလုပ်ကလည်း ခက်သားပဲ" လို့ သူ့ဘာသာသူ မသိယောင်ဝါးနဲ့ ကျွန်တော့်အပြစ်ကို သင်ပုန်းချေရှာပါတယ်။

ကျွန်တော်ကလည်း "အနုပညာဆိုတာ စက်ရုံက ထုတ်လုပ်တဲ့ ပစ္စည်းမျိုး မဟုတ်ဘူးကွ။ တစ်မိနစ်မှာ မော်တော်ကားတစ်စီး ထုတ်လုပ်လို့ ရချင် ရမယ်။ အနုပညာကတော့ တစ်သက်လုံးမှာ တစ်ခုဖြစ်ဖို့ မလွယ်ဘူး" ဘာဘူး ညာဘူးနဲ့ ဖြီးလေ့ရှိပါတယ်။

အဲသည်နေ့ကအကြောင်း ဆက်ရပါဦးမယ်။

ခုနကပြောတဲ့အတိုင်း ကျွန်တော့်ဘာသာ အပျင်းထူပြီး အိမ်လေး ဆွဲနေလိုက်တာ ညနေ သုံးနာရီလောက်မှ အိမ်က ထွက်ဖြစ်ပါတော့တယ်။ အဲဒါကလည်း အိမ်မှာထိုင်လိုက်၊ စာဖတ်လိုက်၊ လဲလျောင်းလိုက်၊ ကက်ဆက် ဖွင့်လိုက်နဲ့ လုပ်နေရတာ ပျင်းလာတာနဲ့ မြို့ထဲလည်ဖို့ ထွက်လာတာပါ။

ဘတ်စ်ကားမှတ်တိုင်ရောက်တော့ ကွမ်းနှစ်ယာ တစ်မတ်နဲ့ ဝယ်ပြီး တစ်ယာဝါး၊ တစ်ယာ အိတ်ထဲထည့်ပြီး ကားစောင့်နေလိုက်ပါတယ်။

ဒီအချိန်မျိုးက ဘတ်စ်ကား ချောင်တတ်တယ်မဟုတ်လား။ ဒါကြောင့် တစ်ကျပ် သုံးဘီးတို့ အမြန်ကားတို့ကို လှည့်တောင် မကြည့်မိ ပါဘူး။ အဲဒီ ကားတွေလည်း ချောင်ချောင်ချိချိပါပဲ။

မကြာခင်ပဲ ဘတ်စ်ကားတစ်စီး လာရောဗျ။ ချောင်သမှ ထိုင်စရာ နေရာတောင် ရလိုက်သေး။ ဘတ်စ်ကားမှတ်တိုင်က တက်တက်ချင်း ထိုင်စရာ နေရာရဖို့ဆိုတာကလည်း ဒုလ္လဘတစ်ပါးမဟုတ်လားခင်ဗျာ။ ကျွန်တော် ဝမ်းသာဂုဏ်ယူစွာနဲ့ သုံးယောက်တန်း ခုံတစ်ခုံမှာ ဝင်ထိုင်လိုက်ပါတယ်။ ကံကောင်းချင်တော့ ကျွန်တော့်ဘေးက နှစ်ယောက်သား နောက် တစ်မှတ် တိုင်မှာ ဆင်းသွားပါရောဗျို့။ ဒါနဲ့ ကျွန်တော်လည်း ကွမ်းကလေး တမြုံ့မြုံ့ ဝါးရင်း ကားပြတင်းပေါက်ဘက် ကပ်ထိုင်လိုက်လာခဲ့ပါတယ်။

အတွင်းဘက် ဘေးအစွန်မှာဆို ကွမ်းတံတွေး ထွေးရခက်နေဦးမှာ။ ပြတင်းပေါက်နား ကပ်ထိုင်ရတော့ ကွမ်းတံတွေး ထွေးရလည်း လွယ်ကူ၊ အပြင်လမ်းတစ်လျှောက်လည်း ဟိုကြည့် သည်ကြည့်နဲ့ ကိုယ်ပိုင်ကားကို ဒရိုင်ဘာ မောင်းခိုင်းပြီး စီးနေရတဲ့အတိုင်းပဲ။ ကံဆိုတာက ကောင်းချင် ဆက်ကောင်းနေတတ်တာမျိုးထင်ပါရဲ့။ နောက်နှစ်မှတ်တိုင်လောက် ရောက်တော့ ကျွန်တော့်ဘေးနား ကောင်မလေးနှစ်ယောက် လာထိုင်ပါရောခင်ဗျ။

တစ်ယောက်က အရင်လာထိုင်ပြီး ချိုလွင်တဲ့ အသံကလေးနဲ့ "ဟော့ ဒီလာလေ" လို့ သူ့အဖော်ကို လှမ်းခေါ်ပါတယ်။

သူ့အဖော်လာထိုင်တော့ ကောင်မလေးက ကျွန်တော့်ဘက် တိုးကပ်ပြီး နေရာပေးလိုက်သဗျ။ ဒီနေရာမှာ ဝန်ခံစရာတစ်ခု ရှိပါတယ်။

တကယ်ဆိုရင် ကျွန်တော်က ပြတင်းပေါက်ဘက် တိုးကပ်ပေးရမှာပေါ့။ ခုတော့ ဒီလိုမဟုတ်ဘူးဗျ။ ကျွန်တော်က ကျွန်တော့်ဒူးခေါင်းနဲ့ ရှေ့က ခုံတန်းကျောမှီနဲ့ မဆံ့သလိုလုပ်ပြီး ကောင်မလေးဘက် ဖင်နည်းနည်း ရွှေ့လိုက်ပါတယ်။ ဒူးကို ရှေ့ပိုထွက်စေအောင် ကျောကို နည်းနည်း အောက်လျှောမှီချလိုက်တာပေါ့ခင်ဗျာ။ နဂိုကမှ ဘတ်စ်ကားထိုင်ခုံများက ရှေ့နောက်ကျဉ်းကျပ်ရတဲ့အထဲ ကျွန်တော်က သည်လိုလုပ်လိုက်တော့ ကျွန်တော့်ကိုယ်တစောင်းနီးပါး ထိုင်လျက်သားနဲ့ ကောင်မလေးနဲ့ ကပ်သွားတာပေါ့ဗျာ။

ဖြစ်ချင်တော့ ကျွန်တော်က သည်ကနေ့ တိုက်ပုံအင်္ကျီကလေး ဝတ်ခဲ့သဗျ၊ တစ်ထည်တည်းသော တိုက်ပုံပါပဲ။ လူကြီးသူမများနဲ့ တွေ့ဖို့ဖြစ်ဖြစ်၊ အစိုးရဌာန အရာရှိများနဲ့ မလွှဲမရှောင်သာ တွေ့ဖို့ဖြစ်ဖြစ်၊ မင်္ဂလာဆောင် ဧည့်ခံပွဲ စသည်များ သွားဖို့ဖြစ်ဖြစ် မရှိမဖြစ် လိုအပ်လို့ ချုပ်ထားတဲ့ တိုက်ပုံပါပဲခင်ဗျာ။ ဒီနေ့တော့ ဘယ်လူကြီးနဲ့မှလဲ တွေ့စရာမရှိ၊ ဘယ်ပွဲလမ်းသဘင်မှလဲ သွားစရာမရှိဘဲ ညနေအပြန် အေးမှာစိုးလို့ ဆွဲ ဝတ်ခဲ့တာပါ။

သည်တော့ ခုနကောင်မလေးဘက်ကနေကြည့်ရင် ကျွန်တော်က တိုက်ပုံနဲ့ဘာနဲ့၊ အသက်ကလည်း လေးဆယ်တွင်း၊ ဆံပင်ကလည်း တချို့ နေရာတွေ ဖြူနေပြီဆိုတော့ ကျွန်တော်ဟာ ဘုဒါးတစ်ယောက်ပေါ့။

သည်လိုပဲ မိန်းကလေးက လူကြီးတစ်ယောက်၊ သူ့ဦးလေးအရွယ်လို့ ထင်ပါလိမ့်မယ်။ ထင်စရာမလိုပါဘူးလေ။ ဟုတ်လည်း ဟုတ်တာပါပဲ။ ကျွန်တော့်သူငယ်ချင်း ပန်းချီကိုဖေသန်းရဲ့သမီးကြီးတောင် ဆယ်တန်းရောက်နေပြီပဲ။

တကယ်လို့ ကျွန်တော်သာ အသက်နှစ်ဆယ်ကျော်လောက်က အိမ်ထောင်ကျပြီး သမီးမွေးခဲ့ရင် ခုလောက်ရှိ သည်ကလေးက အပျိုဖြစ်နေပြီပေါ့။

ထားပါတော့၊ ဒါက နောက်မှစဉ်းစားမိတာပါ။

ကောင်မလေး ကျွန်တော့်နားလာထိုင်တော့ ပျော်သွားသဗျ။ ဒူးတစောင်းလုပ်ပြီး ကောင်မလေးဘက် ဖင်ရွှေ့ထားလိုက်တာကိုပဲ စဉ်းစားကြည့်ပါတော့။ ကောင်မလေးကလည်း ဘူဒါးအမှတ်နဲ့ ကျွန်တော့်ဘက် အားမနာတမ်း တိုးထိုင်လိုက်ပါတယ်။ အသားချင်း ထိလို့ပေါ့။

ကျွန်တော်က ကိုယ့်ဘေးနား လာထိုင်သူတစ်ယောက်ကို အကဲခတ်ပုံနဲ့ လှမ်းကြည့်လိုက်ပါတယ်။

လှသဗျို့။ ဆံပင်တိုနံ့နံ့လေးရယ်။ ကျွန်တော့်ထက်တောင် တိုဦးမယ် ထင်တယ်။ ဘိုကေ ခေါ်မှာပေါ့။ ကုပ်သားလေးက ဝင်းလို့။ သနပ်ခါးပိန်းကျားလူးပြီး ဘီးကလေးနဲ့လား၊ သွားပွတ်တံနဲ့လား ဆွဲထား ထင်ပါ့။ ပါးပေါ်မှာ သနပ်ခါးအစင်းကလေးတွေနဲ့။ ယောကျ်ားရှပ်အကျႌ ကျပ်ကျပ်ကလေးနဲ့။ အပြာနုရောင် ဂျင်းစလိုလို ဘာလိုလိုပါပဲ။ ထဘီကတော့ အနီပြောင်ကလေး။ လျှပ်တစ်ပြက်ဆိုတော့ ဒီလောက်ပဲ အမှတ်ထားလိုက်ရပါတယ်။

မိန်းကလေးက ရှေ့ထိုင်ခုံရဲ့ နောက်မှီလက်တန်းပေါ် သူ့လက်ကလေး တင်လိုက်ပါတယ်။ ကျွန်တော်ကလည်း သူ့လက်ကလေးတွေ ကြည့်မိလိုက်တယ်။ သွယ်သွယ်ဖြူဖြူ လှလှကလေးတွေ။ လက်ပတ်နာရီကြီးကြီး ယောကျ်ားပတ် အရွယ်ကို ပတ်လို့။ လက်စွပ်ကလေးက ရွှေလက်စွပ်ကလေး။ ရွှေစာလုံးစာတန်းကလေး ရေးထားတယ်။ အင်္ဂလိပ်လို အမ်၊ ဝိုင်၊ အို တဲ့။ 'မျိုး' ပေါ့။ သူ့လက်စွပ်တော့ ဟုတ် မဟုတ် မသိဘူး။

ကျွန်တော်ကတော့ သူ့အမေလက်စွပ် ထင်တာပဲလေ။ ဝတ်ချင်လည်း ဝတ်ကြမှာပေါ့။ ထားပါ။ သိပ်အရေးမကြီးပါဘူး။ သူ့နာမည်ထဲ 'မျိုး' ဆိုတာ ပါချင်လည်း ပါမှာပေါ့။

အသားချင်း ထိထားရတော့ ကြည်နူးနေမိတာ အမှန်ပါပဲ။ ခဏကြာတော့ ရှေ့က လက်တန်းပေါ် ကျွန်တော့်လက်ကို တင်လိုက်ပါတယ်။

မသကာ လက်ချင်း ထိချင် ထိပေစေပေါ့။ ကောင်မလေးကတော့ ဘာမှ ဂရုမစိုက်မိသလိုပဲ။ ကျွန်တော့်နား ထပ်တိုးထိုင်ရာကလည်း ခွာမသွားဘူး။ သူတို့ပြောလက်ကစ စကားလည်း မပြတ်ဘူး။

"စာကျက်ပြီးပြီလား"

"ဟော့အေး"

"ရော့လေ၊ နည်းနည်းဖတ်လိုက်ဦး"

ဟိုဘက်က ကောင်မလေးက စာအုပ် တစ်အုပ်ထုတ်ပေးတယ်။ ကျွန်တော့်နားက ကောင်မလေးက ယူပြီး ဖွင့်လိုက်တယ်။ စာအုပ်မျက်နှာဖုံးတော့ မမြင်လိုက်ဘူး။ ကျွန်တော်ကလည်း သူတို့ချည်း အမြဲကြည့်နေလို့ မကောင်းတတ်တော့ ရှေ့ဘက်ကြည့်သလိုလိုနဲ့ အာရုံကတော့ သူတို့ဆီပဲ ရောက်နေတယ်။ လှန်ထားတဲ့ စာမျက်နှာ လှမ်းကြည့်လိုက်တော့ ခေါင်းစဉ်က 'သိကြားလိမ်' တဲ့။ ဦးပုညရဲ့ တေးထပ်တစ်ပုဒ်ပဲ ဆိုတာတော့ သိလိုက်ပါရဲ့။ ဆယ်တန်းမှာ ပြဋ္ဌာန်းတဲ့ ကဗျာစာအုပ်ထဲ ပါတယ်လို့ သတိထားမိပါရဲ့။ အဲဒီတေးထပ်ကို ပြန်ရွတ်ကြည့်မိသေးတယ်။

'နှန်းမေရုပြာသာဒ်
လမ်းဖြတ်တဲ့ ဣန္ဒာ
ကန့်သတ်လို့ နှိမ်ရှာတယ်
အလိမ္မာလွန်သား...'

ပြီးတော့ မေ့သွားတယ်။ ကောင်မလေးကိုင်ထားတဲ့ စာအုပ်ထဲ ပါလိုပါငြား လှမ်းကြည့်လိုက်သေးတယ်။ မပါပါဘူး။ သူ့စာအုပ်က ရှင်းပြထားတဲ့ စာအုပ်။ သိကြားလိမ်ဆိုတဲ့ အဓိပ္ပာယ်က ဘာ၊ ဦးပုညက ဘယ်လို ရေးတယ် စသဖြင့်ပေါ့။ မူလတေးထပ်က သူတို့ပြဋ္ဌာန်းစာအုပ်မှာ ပါပါလိမ့်မယ်။ အဲသည်တေးထပ်ကို ကျွန်တော် ကြိုးစားပြီး ပြန်ရွတ်ကြည့်ပါသေးတယ်။ မရတော့ဘူး။ မေ့သွားပြီ။

အကြဲက ဒီလိုပါ။ တကယ်လို့များ အဲဒီ တေးထပ်ကို ပြန်မှတ်မိရင် စကားလေးဘာလေး စပ်ကြည့်မလားလို့ပေါ့။ တကယ်တမ်းရရင်လည်း ကျွန်တော် နှုတ်ရဲမှာ မဟုတ်ပါဘူး။

ဒီတုန်းမှာပဲ ကောင်မလေးက သူတို့ဘက် နည်းနည်းကျပ်လို့နဲ့ တူပါရဲ့။ ကျွန်တော့်ဘက် တိုးရွှေ့လိုက်တယ်။

ကျွန်တော် စဉ်းစားကြည့်ပါတယ်။ ကျွန်တော်တို့ငယ်ငယ် လူပျိုပေါက် အရွယ်ကလည်း ဘတ်စ်ကားပေါ်ဆိုင်ရင် ဒီလိုပါပဲ။

အသက်လေးဆယ်လောက် မိန်းမကြီးများတွေ့ရင် အားမနာတမ်း တိုးထိုင်လိုက်တာပါပဲ။ ကိုယ့်စိတ်က သန့်ရှင်းနေသကိုး။ ဒီလိုပဲ ဖြစ်မှာပေါ့။ ကောင်မလေးက စိတ်သန့်သန့်ရှင်းရှင်းဆိုတော့ ကျွန်တော့်ဘက်ကို အားမနာတမ်း ပိုတိုးလိုက်တာဖြစ်မှာပေါ့။

နောက်တစ်နည်း စဉ်းစားကြည့်မိသေးပါရဲ့။

ဒါက ကျွန်တော်တို့ငယ်ငယ် လူပျိုအရွယ်တုန်းက အသက်လေးဆယ်ကျော် မိန်းမလှလှကြီးများတွေ့ရင် အနားကပ်တိုးလိုက်တာပါပဲ။ ဒါကတော့ စိတ်မသန့်ရှင်းမိတာပါ။ ဒီလိုသဘောနဲ့များ ငါ့ဘက် တိုးလေသလားလို့ ထင်မိပါရဲ့။ ဒါပေမဲ့ ကျွန်တော်က ကောင်မလေးငယ်ငယ်တွေ စိတ်ဝင်စားစရာ ကောင်းတဲ့ ရုပ်ရည်ကိုယ်ကာယ ရှိတာမှမဟုတ်ပဲ။ ဖြောင့်တဲ့ ဘဲကြီးမှ မဟုတ်ပဲ။ သည်တော့ သူ့ဘာသာ ရိုးရိုးတိုးတာ။ ကျွန်တော်ကသာ မရိုးမသားဖြစ်နေတာ ဖြစ်မှာပေါ့။

ကျွန်တော့်ပုံက ကောင်မလေးတွေ စိတ်ဝင်စားစရာ မကောင်းပါဘူး။

ပိန်ညှော်ညှော် စုတ်ချွန်းချွန်း၊ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေး ထိုးထိုး ထောင်ထောင်၊ ဆံပင်ရှည်လန်စုတ်ဖွား၊ လွယ်အိတ်တစ်လုံး လွယ်လို့။ သည်တော့ ကောင်မလေးက ဘယ်စိတ်ဝင်စားပါ့မလဲ။ အဲဒါကိုပဲ ကြိုက်ကြ ရင်လည်း သူတို့ မိုက်လို့ပေါ့ဗျာ။

တကယ်လို့ နိုင်ငံခြားကလာတဲ့ ရုပ်အင်္ကျီနဲ့ ကချင်လုံချည်၊ ဒါမှ မဟုတ် ခရုပလေကတ်၊ တက်တရက်လုံချည်နဲ့ အတက်ချိုကော့စ် ခေါ်တဲ့ အိတ်အမည်းပြာနဲ့ ခေါင်းက သပ်သပ်ရပ်ရပ်ဖြီးလို့၊ ဆံပင်ရှည်ရင်လည်း ကောင်လေးတွေ ရှည်ပုံမျိုးနဲ့၊ နှုတ်ခမ်းမွေးရှိရင်လည်း သပ်သပ်ရပ်ရပ် တိတိ ကလေး ညှပ်လို့၊ ရေမွေးဆွတ်ပြီး အသားဖြူဖြူ မျက်လုံးမျက်ဖန် ကောင်း ကောင်း၊ နှာတံပေါ်ပေါ်၊ မေးရိုးကားကား၊ ကိုယ်လုံးကိုယ်ထည် တောင့် တောင့်၊ နောက်ဆုံးပေါ် နေကာမျက်မှန်နဲ့ နောက်ဆုံးပေါ် နာရီနဲ့ ဘာနဲ့ဆို စိတ်ဝင်စားချင် ဝင်စားမှာပေါ့။ ထင်တာပဲလေ။

"ခုမှ ငါ စကျက်တာ"

ကောင်မလေးက ဘေးက သူ့အဖော်ကို ပြောလိုက်ပါတယ်။

"ရပါတယ်၊ ဒါ သိပ်မခက်ပါဘူး။ ဗမာစာပဲ"

"ကျက်တော့ ကျက်ရဦးမှာပဲ။ မှတ်စ်ကောင်းမှ ဖြစ်မှာ"

ကောင်မလေး စာအုပ်ဆက်ဖတ်နေပါတယ်။

ဘေးယိမ်းသွားတဲ့အခါမျိုးကျရင် ကောင်မလေးအသားနဲ့ သွားသွား ထိအောင် မသိမသာ လုပ်သပေါ့ဗျာ။ ဒါကလည်း ဣန္ဒြေပျက်လောက်အောင် မဟုတ်ပါဘူး။ ဘတ်စ်ကားပေါ်မှာ အသားချင်းထိတယ်ဆိုတာ ဆန်းတော့ တာမှ မဟုတ်တာ။

ကျွန်တော် စဉ်းစားကြည့်ပါတယ်။ တစ်ခါတလေ ဘတ်စ်ကား ကျပ်ကျပ်နဲ့။ သည်လိုကောင်မလေးမျိုးနဲ့ ကြုံတဲ့အခါတွေ ရှိခဲ့ပါတယ်။

သိပ်ပြီးလူကျပ်တဲ့အခါကျတော့ တချို့ကောင်မလေးတွေ ကျွန်တော့်ရင်ခွင်ထဲထိ ရောက်နေတတ်ပါတယ်။ သည်လိုအခါမျိုးမှာ သိပ် စိတ်မလှုပ်ရှားမိဘူးဗျ။ ဘတ်စ်ကားကျပ်တဲ့ကိစ္စပဲ ခေါင်းထဲရောက်ပြီး စိတ်ညစ်နေတတ်ပါတယ်။ ကိုယ်သွားချင်တဲ့ခရီး မြန်မြန်ရောက်ပါစေပဲ ဆုတောင်းမိတယ်။

ခုတော့ ဘယ်လိုကဘယ်လိုဖြစ်တယ် မသိပါဘူးဗျာ၊ လက်မောင်းချင်း ထိရတာနဲ့ ရင်ထဲ တစ်မျိုးကြီးပဲ။ ကောင်မလေးက လှပေသကိုး။ ပြီးတော့ နုနုထွတ်ထွတ်ကလေး။ အသားကလေးများ ဝင်းလို့။ အကြောစိမ်းကလေးတွေကလည်း ယှက်လို့။ မွေးညင်းနုကလေးတွေက စိမ်းစိမ်းကလေးတွေ။

သူ့လက်ကလေးကြည့်ပြီး ခံစားနေရတာပါ။

နည်းနည်းကြာတော့ ဘတ်စ်ကားတို့ထုံးစံအတိုင်း ကျပ်လာတာပေါ့။ ဒီတော့ မတ်တတ်ရပ်စီးရတဲ့လူတွေက အစွန်က ကောင်မလေးကို တိုး။ အစွန်က ကောင်မလေးက ကျွန်တော့်ဘေးက ကောင်မလေးကို တိုး။ ကောင်မလေးက ကျွန်တော့်ကို တိုး။

အမှတ်မထင် ကောင်မလေးရဲ့ခြေထောက်ကလေးတွေ ကြည့်လိုက်မိတယ်။ ခြေသည်းချွန်ချွန်ကလေးတွေ။ ဆေးနီနီလေး ဆိုးလို့။ ဖောင်းဖောင်းပြည့်ပြည့်ကလေးရယ်။ လက်သည်းများ ဆိုးထားမလားလို့ ပြန်ကြည့်တော့ လက်သည်းတော့ မဆိုးဘူး။ တိတိရိရိကလေးဖြတ်လို့ ချွန်ချွန်ကလေးတွေလည်း မဟုတ်ဘူး။ သပ်သပ်ရပ်ရပ် လှလှပပလေးတွေ။ ဘယ်လိုဖက်ရှင်ထွင်တာလဲတော့ မသိဘူး။ တစ်မျိုးပေါ့လေ။ ဒါပေမဲ့ လှပါတယ်။

သူ့ဘက်ကို မျက်နှာတည့်တည့် လှည့်မကြည့်ရဲတော့ ရှေ့တူရူပဲ ကြည့်ရင်း တစ်ခါတစ်ခါ စပယ်ယာဖြတ်အသွားမှာဖြစ်ဖြစ် နောက်က တစ်ယောက် ဆင်းတဲ့အခါဖြစ်ဖြစ် လှည့်ကြည့်သလိုလိုနဲ့ ခိုးကြည့်ရသဗျ။

အနီးကပ်မြင်ရတာမို့ အသားအရေ နုရွဝင်းဝါနေတာလည်း လွန်ပါရော။ ပြီး ဘေးတိုက်မြင်ရတာ ကြည့်လို့သိပ်ကောင်း။ နှာတံစင်းစင်းကလေး သနပ်ခါး ပိန်းကျားကလေးကလည်း ပါးပေါ်မှာ ဝင်းလို့။ ဆံပင်က နားထင်ကို ဝိုက်ပြီး အုပ်ထားတယ်။ မျက်ခုံးမွေး တန်းတန်းကလေးနဲ့ မျက်ဝန်းကလည်း ကြည်လို့။ လဲ့လို့။

လျှပ်တစ်ပြက် အကဲခတ်မိသမျှနဲ့ကို တော်တော်ကလေး မှတ်သားမိလိုက်ပါတယ်။ ဈာန်ဝင်စားတယ်လို့ ကိုယ့်ကိုယ်ကိုယ် ထင်မိတာပေါ့။

ကျွန်တော့်စိတ်ထဲမှာ ကောင်မလေး မြန်မြန်ဆင်းသွားမှာ စိုးရိမ်နေမိတယ်။

ကံက ဆက်ကောင်းနေတယ်ထင်ပါ့။ ကောင်မလေးတွေက မဆင်းဘူးဗျ။ ကျွန်တော့်စိတ်ထဲမှာတော့ တော်တော်လှုပ်နေပြီ။

သူတို့ဆင်းလျှင် လိုက်သွားပြီး 'ညီမလေး ကျောင်းသွားမလို့လား၊ ဘာလား' နဲ့ စကားစ ရ ကောင်းမလားလို့တောင် စိတ်ကူးမိသေးတယ်။ 'ဟုတ်ကဲ့ ဦးဦး၊ ဒါလေး နေကောင်းလား' လို့ ပြန်မေးခံရမှာလည်း ကြောက်တယ်။ ဒီထက်ပိုဆိုးပြီး သူတို့ဝေါဟာရတစ်မျိုးမျိုးနဲ့ 'သွားစမ်းပါ၊ စိတ်မဝင်စားဘူး၊ ပေါလှချည်လား' စတဲ့အဓိပ္ပာယ်မျိုး ပေါက်အောင် ပြောလိုက်ရင်လည်း ရှက်စရာကြီး။

'... တွက်စစ်တော့ အသက်လေးဆယ် ...' ဆိုတဲ့ သုမောင်ရဲ့ သီချင်းတစ်ပုဒ် သွားအမှတ်ရတယ်။ ကျူရှင်ကအပြန် ကောင်မလေးကို သွားရိတာ ကောင်မလေးက 'ဆံပင်ဖြူ နုတ်လိုက်ပါဦး' လို့ ပြန်ပြောတဲ့ အကြောင်း ရေးထားတဲ့ သီချင်းတစ်ပုဒ်ပါ။ ပြီးတော့ ကျွန်တော့်သူငယ်ချင်း တစ်ယောက် ငယ်ငယ်က ရည်းစားစကားလိုက်ပြောတာ ကောင်မလေးက 'ကျွန်မ စီးထားတဲ့ ဖိနပ်ဖိုးလောက် တတ်နိုင်ရဲ့လား' လို့ အမေးခံရတာလည်း သွားသတိရမိပါတယ်။

ဘာပဲဖြစ်ဖြစ်ပါလေ၊ ဒါတွေ ခဏ မစဉ်းစားဘဲ ကောင်မလေးကို အာရုံစိုက်နေတာပဲ ကောင်းပါတယ်လို့ ဆုံးဖြတ်ပြီး ကောင်မလေးရဲ့ လှုပ်ရှားမှုကို အာရုံစူးစိုက်နေလိုက်ပါတယ်။

သူကတော့ မလှုပ်ဘူး။ သူ့ဖတ်လက်စ ကျောင်းစာအုပ်ကလေးကိုပဲ မဲဖတ်နေတယ်။ ဘတ်စ်ကားယိမ်းလို့ ကျွန်တော့်ဘက် တိုးမိလည်း

တိုးမိတဲ့အတိုင်းပဲ နေတယ်။ ကျွန်တော်က ကိုယ်ကိုယ်မိမ်းပြီး သူ့ဘက်တိုးလည်း ရှောင်မသွားဘူး။ ဘယ်လောက် ဟန်ကျသလဲလို့။

ကျွန်တော် စိတ်ကူးတစ်ခု ရလာပါတယ်။ ကောင်မလေးသွားတဲ့ဆီ မယောင်မလည် လိုက်သွားပြီး ကောင်မလေးတက်တဲ့ကျောင်း မှတ်ထား။ ကျောင်းအဆောင် ကျောင်းအတက် အချိန်လိုက်မှတ်။ မျက်မှန်းတန်းမိအောင်လုပ်။ ပြီးတော့ အဲ ပြီးတော့ ချဉ်းကပ်ပုံ ချဉ်းကပ်နည်းကို ကျွန်တော်မှ မသိတော့တာ။

ဒါမျိုးကျွမ်းကျင်တဲ့ အပေါင်းအသင်းတစ်ယောက်ကို မေးရင်ကောင်းမလား‌ပဲ။ ရတ်တရက် သူငယ်ချင်း ကျူရှင်ဆရာတစ်ယောက်ကို သတိရလိုက်ပါတယ်။ သူက သည်လိုမျိုး ကောင်မလေး တစ်ယောက်နှစ်ယောက် စသည်ဖြင့်ပေါ့လေ၊ ခွဲဖူးသတဲ့။ အဆင်ပြေဖူးသတဲ့။ သူ့မေးကြည့်ရ ကောင်းမလားမသိဘူး။ တစ်ခုတော့ရှိတယ်။ သူက လူချော။ တောင့်တောင့်တင်းတင်း ချောချောမောမော။ ငယ်ငယ်ကတည်းက ခွဲတဲ့ကောင်။ ဒီတော့ သူ့ရုပ်ရည်မျိုးမရှိတဲ့ ကျွန်တော်က သူ့နည်းနဲ့ ဟန်ကျမယ် မဟုတ်ပေဘူး။ ဒါနဲ့ သည်အကြံ လက်လျှော့လိုက်ရတယ်။

တခြားသူငယ်ချင်းတစ်ယောက်ကတော့ ရုပ်က ခပ်ဆိုးဆိုးပါပဲ။ ဒါပေမဲ့ မော်တော်ကားလှလှကြီးရှိတယ်။ ပြီးတော့ အလုပ်ကလည်း ကောင်းတယ်။ တစ်လ တစ်လ သောင်းနဲ့ချီပြီး ဝင်ငွေရှိတယ်။ ကောင်မလေးမှ တစ်ယောက်မကဘူး၊ နှစ်ယောက် သုံးယောက်တဲ့။ အဲဒါ အတည်ယူထားတာတဲ့။ ကျွန်တော့်မှာ ကားဝေးလို့ ချယ်ဂါရီတောင်မှ မရှိတာ။ သူ့နည်းနဲ့လည်း မလွယ်ပါဘူး။ သူတို့လို အရည်အချင်းမှ ကျွန်တော့်မှာ မရှိတာ။

မနက်က ရှုမဝမဂ္ဂဇင်းထဲက ဦးလေးသော်တာဆွေ ရေးတဲ့ ကျွန်တော့်ဘဝဇာတ်ကြောင်းထဲမှာ မယားနှစ်ယောက်မယူဖို့ ရေးထားတာ မှတ်မိသဗျ။ မယားနှစ်ယောက်ယူတာ ခွကျဆိုပဲ။

မယားငယ်ဆိုတာက သဲကန္တာရထဲက ကုလားအုတ်နဲ့တူတယ်တဲ့။ ပထမ တဲထဲ ခေါင်းကလေးဝင်ပါရစေဆိုပြီး နောက် တစ်စတစ်စ တဲရှင်ကို ကန်ထုတ်ပစ်တာမျိုးတဲ့။ ရသမျှ အကုန်ယူမှာပဲတဲ့။

အံမယ် မယားငယ်ကိစ္စအထိတောင် စဉ်းစားနေမိပါပေါ့လား။

ကောင်မလေးက ဘာမှမဖြစ်တဲ့အတိုင်းပဲ။ အေးလေ ဘာမှမှ မဖြစ်တာ။

ဒါနဲ့ သတိရလို့ အပြင်ဘက်ကြည့်လိုက်တော့ ဘိုကလေးဈေး မှတ်တိုင် ရောက်နေပြီ။ နောက်တစ်မှတ်တိုင်ကျ လွှစ္စလမ်း။ ကျွန်တော် ဆင်းရတော့မယ်။ ရင်ထဲ တစ်မျိုးပဲ။ မဆင်းချင်သေးသလိုလို ဆက်လိုက်သွားရမလိုလို။

ရောက်ပါပြီ လွှစ္စလမ်းမှတ်တိုင်။ ကျွန်တော် ဆင်းနေကျမို့ အလိုလို မတ်တတ်ရပ်မိတယ်။ ကောင်မလေးက ကိုယ် တစောင်းလုပ်ပြီး လမ်းဖယ်ပေးတယ်။ ကျွန်တော်က တိုးထွက်လိုက်တယ်။ ခြေသလုံးသားချင်း ထိအောင်ပေါ့လေ။ ဘတ်စ်ကားပေါ်က ခပ်တည်တည်ပဲ ဆင်းလိုက်ရတယ်။ ဣန္ဒြေရရပါပဲ။ ဆင်းပြီး အောက်ရောက်တော့ ရင်ထဲ ဟာတာတာကြီး။ ရေငတ်လာတယ်။ ရေခဲရေသောက်မယ် စိတ်ကူးပြီး ၃၈ လမ်းထိပ် ရေခဲရေဆိုင်ဘက် လှမ်းလိုက်တယ်။

သံယောဇဉ်က မပြတ်သေးတော့ ထွက်သွားတဲ့ ဘတ်စ်ကားကို လှမ်းကြည့်လိုက်မိတယ်။

ကောင်မလေးကို နောက်ကျောဘက်က မြင်ရတယ်။ သူတို့နား ဝင်ထိုင်တဲ့သူ တစ်ယောက်မှ မရှိသေးဘူး။ ကောင်မလေးက ဣန္ဒြေမပျက် စာအုပ်ကလေးဖတ်ရင်း လိုက်ပါသွားလေရဲ့။ ဘာမှမဖြစ်သလိုပါပဲ။ အေးလေ သူတို့စိတ်ထဲ ဘာမှမှမဖြစ်တာ။ သည်လိုထင်တာပဲလေ။ ကျွန်တော် ရေခဲရေ တစ်ခွက် သောက်ချလိုက်ရတယ်။

၁၉၈၂၊ ဇွန်၊ ပေဖူးလွှာမဂ္ဂဇင်း

o

# မတူးနှင့် ငွေနှစ်ဆယ်

မောင်စိန်သောင်းနှင့် မနှင်းရည်တို့တွင် ကိုယ်ခွဲ မရှိ။ လင်ကိုယ်မယား နှစ်ယောက်တည်း နေကြသည်။ ကလေးက နှစ်ယောက် ထွန်းကားလာပြီ။

မနှင်းရည်သည် နိစ္စဓူဝ နံနက်စောစော အိပ်ရာမှ ထ၊ ကလေးများ စားဖို့အတွက် ပြင်ဆင်၊ ရေနွေးကျို၊ ကလေးအငယ်ကောင် မနိုးခင် ဈေးသွား။ အမြန်ပြန်။ ချက်ပြုတ်။ ထိုကလေးနိုးလာလျှင် မောင်စိန်သောင်းက ကလေးကို ကိုယ် လက် သုတ်သင်ပေး၊ စားသောက်ဖွယ်ရာ ပြင်ပေး။

မောင်စိန်သောင်းကား ထမင်းဟင်း ချက်တတ်သူ မဟုတ်။ ချက်တတ်ရန်လည်း မကြိုးစား။ အူကြောင်ကြောင်နှင့် ရူးသလို ပေါသလို ရောသာခိုနေတတ်သည်။ ကလေးများကို စားသောက်ဖွယ်ရာ ပြင်ဆင်ပေးပုံ ကိုလည်း ကြည့်ပါဦး။

မောင်စိန်သောင်း၏သမီး အကြီးမသည် အိပ်ရာမှ အလျင်နိုး တတ်၏။

"ဖေဖေ၊ မေမေကော" ဟု မေးစမြဲ။

မောင်စိန်သောင်းက "ဈေးသွားတယ်၊ သမီး ဘာစားမလဲ" ဟု ပြန်မေးမြဲ ပြောမြဲ။

သူ့သမီးက စိတ်ထဲရှိရာ 'မုန့်ဟင်းခါး'၊ 'အုန်းနို့ခေါက်ဆွဲ'၊ 'ဘယာကြော်'၊ 'မုန့်စိမ်းပေါင်း'၊ 'ကောက်ညှင်းပေါင်း' စသည်ဖြင့် ပြန်ပြောမြဲ။

ထိုအခါ မောင်စိန်သောင်းက

"မုန့်ဟင်းခါးဆိုင် ပိတ်ထားတယ် သမီး" ဟု ညာပြီး "ကောက်ညှင်းပေါင်း စားနော်" ဟု ပြော၍ ခဏစောင့်ခိုင်းပြီး ကောက်ညှင်းပေါင်းသည် အော်သံကို နားစွင့်မြဲ။ ထိုအခါ သမီးကြီးက

"ဟင့်အင်း၊ မုန့်ဟင်းခါးပဲ စားမယ်။ မုန့်ဟင်းခါး စားမယ်။ ဘူးသီးကြော်နဲ့မှ စားမယ် ဟီး" ဟု ငိုမြဲ။

မောင်စိန်သောင်းက

"တယ် ဒီကောင်မလေး၊ ငါ တီးလိုက်ရ။ သွား မျက်နှာသစ်။ ကောက်ညှင်းပေါင်း ဝယ်ကျွေးမယ်" ဟု အာဏာပြမြဲ။

သူ့သမီးက

"ဟီး မေမေလာမှ ဝယ်ခိုင်းမယ်" ဟု ဗိုဆန်မြဲ။

"ငါတီးမိတော့မယ်။ ဘယ်မလဲ တုတ်၊ တုတ် သွားယူစမ်း"

မောင်စိန်သောင်း ဟန်ကိုယ့်ဖို့ လုပ်မြဲ။

သူ့သမီးကလည်း "ဗြဲ ဗြဲ" ဟု အသံပြဲနှင့် ငို၍ ဆန္ဒပြမြဲ။

ထိုသို့ဖြစ်နေစဉ် မနှင်းရည် ပြန်ရောက်လာတတ်၏။

တစ်ခါတစ်ရံ မနှင်းရည် ဈေးသွားချိန်၌ ကလေးနှစ်ယောက် တစ်ပြိုင်နက် နိုးလျှင် မောင်စိန်သောင်းအတွက် မလွယ်။

အငယ်ကောင်ကို နောက်ဖေးတည်။ အကြီးမကို မျက်နှာသစ်ခိုင်း။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း သားအဖနှစ်ယောက် ရန်ဖြစ်။ အငယ်ကောင်က ငို။ အကြီးမက ငို။ မောင်စိန်သောင်းက ကြိမ်းမောင်းနှင့်

တစ်အိမ်လုံး ဆူညံလျက်။ မနှင်းရည် ဈေးကပြန်လာလျှင် အလွန်စိတ်ပျက်ဖွယ်ကောင်းသော အိမ်၏အခြေအနေကို မြင်တွေ့ရတတ်လေသည်။

အငယ်ကောင်က ဈေးလူးလျက်။ အကြီးမက အော်ငိုလျက်၊ မောင်စိန်သောင်း ပုဆိုးမနိုင်၊ တဘက်မနိုင်။ အငယ်ကောင်ကို ဆေးကြောသုတ်သင်ရင်း မြည်တွန်တောက်တီးလျက်။

ထိုအခါ မနှင်းရည်က

"ဘယ့်နှယ်ဖြစ်နေတာတုံး အစ်ကိုရယ်၊ ဒုက္ခပါပဲ မောရတဲ့အထဲ၊ ဈေးထဲမှာလည်း ဘာဝယ်ချက်ရမှန်းမသိ။ စိတ်ညစ်လာရတဲ့အထဲ၊ အိမ်ရောက်တော့လည်း ငရဲပွက်တဲ့အတိုင်းပဲ။ ဟဲ့ မိချန် တိတ်စမ်း၊ ငါ ဆော်လိုက်မယ်နော်။ ဘာ စားပြီးပြီလဲ။ ဝယ်ကျွေးလိုက်စမ်းပါ။ မေးမေးကလေး၊ သြော် ခြေထောက်မှ မဆေးဘဲ၊ ခြေထောက်မှာ ဈေးတွေပေလို့၊ ဒုက္ခပါပဲ" ဟု ဈေးခြင်းတောင်းချရင်း တဖျစ်တောက်တောက် ပြောတတ်၏။

မောင်စိန်သောင်းနှင့် မနှင်းရည်တို့သည် အိမ်ဖော်တစ်ယောက် ရှာရန် ကြိုးစားကြရလေတော့သည်။ တကယ်တမ်းတော့ စာရေးစားသည့် မောင်စိန်သောင်းသည် အိမ်ဖော် ဈေးကြီးကြီးပေး၍ မငှားနိုင်ပါ။

စုံစမ်းကြည့်တော့ အင်းစိန်ဘက်မှာ ပွဲစားရှိသတဲ့။ တစ်လ တစ်ရာငါးဆယ်ပေးရင် ရမတဲ့။ အလိုလေးလေး။ မောင်စိန်သောင်း တစ်ရာငါးဆယ်တန် အိမ်ဖော်တော့ မငှားနိုင်ပါ။

သည်တော့ တောက မှာရသည်။ မွေးစားဆိုလျှင် မွေးစားပါမည်။ လခပေးဆိုလျှင်လည်း လေးငါးဆယ်တော့ ပေးပါမည်ဟု နီးစပ်သူများအား ပြောပြရသည်။ ကံကောင်းထောက်မ၍လား မသိ၊ တစ်လ ခြောက်ဆယ်နှင့် မိန်းကလေးတစ်ယောက်ကို အိမ်ဖော်အဖြစ် ရလေသည်။

မနှင်းရည်၏ ယောက်မတော်သူက သူတို့နှင့် အဆက်အသွယ်ရှိသော အညာမှ မိန်းကလေးတစ်ယောက်ကို ခေါ်ပေးသည်။

မောင်စိန်သောင်းတို့ ပျော်သွားကြသည်။

တစ်လ ခြောက်ဆယ်လောက် အပိုကုန်သည်မှာ ကိစ္စ မကြီးလှ။ အိမ်မှာ ကုဖော်လောင်ဖက်ရလျှင် တော်ပေစွ။ ပြီးတော့ မောင်စိန်သောင်း စာရေးခ ဝင်ငွေက ပုံမှန်ရသည် မဟုတ် သဖြင့် မနှင်းရည်သည် အိမ်ရှေ့၌ ထင်း၊ မီးသွေး၊ ဆန်တို့ကို ရောင်းနေရသေးသည်။ ချက်တုန်းပြုတ်တုန်း အချိန်၊ ဈေးသွားချိန် နံနက်စောစောသည် မီးသွေး အဝယ်များချိန်ဖြစ်၏။

မနှင်းရည် ဈေးသွားတုန်းဆိုလျှင် မောင်စိန်သောင်း မီးသွေး ရောင်းရသည်။ မရောင်းတတ်။ ဝယ်တဲ့လူက မီးသွေး ဘယ်လောက်သား ပေးပါဆိုလျှင် မောင်စိန်သောင်း အလွယ်တကူပင် 'ကိုယ့်ဘာသာကိုယ် ချိန်ယူ သွားဗျာ' ဟု ပြောလေ့ရှိ၏။ ဝယ်သူသည် မောင်စိန်သောင်း ရောင်းလျှင် အကြိုက်တွေ့တတ်၏။ သူတို့ကြိုက်သလို ချိန်တွယ်၍ ဝယ်ယူရသည်ကိုး။

ဤသည်ကိုလည်း မနှင်းရည် မကျေနပ်။ သို့သော် မတတ်နိုင်။ ကိုယ်ခွဲမှ မရှိဘဲ။ ခုတော့ ကိုယ်ခွဲရတော့မည်။

မနှင်းရည်၏ယောက်မသည် အညာသူမလေးကိုခေါ်၍ မောင် စိန်သောင်းတို့အိမ်သို့ ရောက်လာလေ၏။

အညာသူမလေးကို မောင်စိန်သောင်း ကြည့်လိုက်သည်။

အသား မည်းကြုတ်ကြုတ်၊ ပိန်သေးသေး၊ မလှပတလှပ၊ မျက်နှာ ကလေးကတော့ ပကတိ ရိုးသားစင်ကြယ်လှသည်။

မောင်စိန်သောင်း စဉ်းစားကြည့်သည်။

သည်မိန်းကလေး၏ကိုယ်ခန္ဓာနှင့် ရေခပ်နိုင်း၍ မဖြစ်။ မောင် စိန်သောင်းတို့အိမ်အနီးမှ ရေတွင်းသည် အနက်ကြီးဖြစ်၏။ တစ်ဖန် ရေစည် လှည်း တွန်းခိုင်း၍လည်း မဖြစ်။ ရေစည်တွန်းရသည်မှာ တော်တော်လှမ်းသော နေရာမှ ဖြစ်၏။ မောင်စိန်သောင်းတို့အိမ်အနီးမှ ရေတွင်းသည်လည်း နွေကာလ ရေခန်းတတ်၏။ ထို့ကြောင့် ရေစည်တွန်း၍ ရေဝယ်ရသည်။

သည်မိန်းကလေး ခန္ဓာကိုယ်နှင့် ရေစည်တွန်းနိုင်းလျှင် ခေါ်ပြီး သတ်ရာကျနေပေလိမ့်မည်။ မဖြစ်။

သူ့ကို ဘယ်နေရာ အသုံးချရပါမည်နည်း။ ထမင်းချက်နိုင်း၊ အဝတ်လျှော်နိုင်း၊ အဲ ကလေးထိန်းနိုင်း၊ သည်မျှလောက် ရမည်။ တော်ပါသေးသည်၊ ထိုမျှအဖော်ရလျှင်လည်း မနည်းလှ။

မောင်စိန်သောင်းသည် တစ်လ ငွေခြောက်ဆယ်ပေးပြီး အိမ်ဝေယျာဝစ္စမှန်သမျှ အားလုံး နိုင်းချင်နေဟန်ရှိသည်။

ယခုမူ မိန်းကလေး၏အသက်အရွယ်၊ ခန္ဓာကိုယ်အချိုးအစားအရ ကလေးထိန်း၊ ထမင်းချက်၊ အဝတ်လျှော်လောက်သာ နိုင်း၍ရမည်ဖြစ်ကြောင်း သဘောပေါက်သွားရှာသည်။

မိန်းကလေးသည် မောင်စိန်သောင်းတို့၏အိမ် သံမံတလင်းပြင်၌ ကျုံ့ကျုံ့ကလေး ထိုင်နေ၏။ သူ့ဘေး၌ ငါးမူးတန် ပလတ်စတစ်အိတ်နှင့် ထည့်ထားသော သူ့ပစ္စည်းကလေးများ ရှိသည်။ အဝတ် နှစ်စုံ သုံးစုံနှင့် တိုလီမိုလီကလေးများ ဖြစ်လိမ့်မည်။

မနှင်းရည်က

"ဟဲ့ သံမံတလင်းပေါ် မထိုင်နဲ့လေ၊ သွား ကွပ်ပျစ်ပေါ် တက်ထိုင်"

"ရပါတယ်တော့" ဟု မိန်းကလေးက ပြန်ပြောသည်။

"ဟဲ့ အပေါ်တက်ထိုင်ဆို"

မိန်းကလေးသည် အမိန့်နာခံသည့်အနေနှင့် ကွပ်ပျစ်ပေါ် တက်ထိုင်၏။ ထိုင်ပုံမှာ ကွပ်ပျစ်အစပ်တွင် တင်ပါးတေ့ရုံ တေ့ထားခြင်းဖြစ်၏။ သူ အနေရအထိုင်ရ ခက်နေသည်ထင့်။

မျက်လွှာချထားသည်။ လက်ကို ဘယ်လိုထားရမည်မသိ ဖြစ်နေရှာသည်။ မောင်စိန်သောင်းက

"နာမည် ဘယ့်နှယ်ခေါ်လဲ"

"မတုး တော့"

"သြော် အေး အေး၊ အပေါ်ရောက်အောင် တက်ထိုင်၊ ကောင်း ကောင်းထိုင်"

မိန်းကလေးသည် ကွပ်ပျစ်ပေါ် မရဲတရဲတက်၏။ ကျုံ့ကျုံ့ မထိုင်။ ဆောင့်ကြောင့်ထိုင်၏။

ရှင်မီးအင်္ကျီကလေးကြားမှ လက်မောင်းသေးသေးမည်းမည်း ကလေးများ ထွက်ကျနေသည်။ သနပ်ခါးလူးထားသော်လည်း မညီမညာ။ မည်းသော အသားနှင့် သနပ်ခါးက မလိုက်ဖက်။ သို့သော် မျက်နှာခွက်ခွက် ကလေးက သနားစရာ။ မောင်စိန်သောင်း ကရုဏာသက်သွားသည်။

*

"မတုး ပုစွန်ခြောက်ထောင်းထား၊ ကြက်သွန်လှီးထား၊ ထမင်းအိုးကျရင် ရေနွေးတည်ထား၊ မောင်လေးနိုးရင် အီအီးတည်၊ ညီမလေးနိုးရင် မုန့်စိမ်းပေါင်း ကျွေးထား၊ ကြားလား"

မတုး ခေါင်းညိတ်သည်။

မနှင်းရည် ဈေးသို့ထွက်သွားသည်။

မောင်စိန်သောင်း အိပ်ရာမှ နိုးလာ၏။ သတင်းစာ အလျင် ရှာသည်။ မရောက်သေး။ မျက်နှာသစ်သည်။

မတုးသည် မောင်စိန်သောင်းအတွက် ပဲပြုတ်ထမင်း နယ်ပေး၏။ ကော်ဖီတော့ မဖျော်တတ်သေး။

မောင်စိန်သောင်းသည် မျက်နှာသုတ်ပဝါ ရှာသည်။ ယခင်က ရှာနေကျမို့ ရှာခြင်းဖြစ်သည်။ မောင်စိန်သောင်းသည် သူ့မျက်နှာသုတ်ပဝါကို နေရာတကျ ထားလေ့မရှိသဖြင့် ရှာလေ့ရှိခြင်းဖြစ်သည်။

"အစ်ကိုကြီးအခန်းထဲက တန်းပေါ်မှာတော့"

မတုးက လှမ်းပြောသည်။

မောင်စိန်သောင်း မျက်နှာသုတ်ပြီးသည်နှင့် ပဲပြုတ်ထမင်း စားသည်။ ပြီးတော့ ဆေးပေါ့လိပ် ခပ်တည်တည်ခဲရင်း စာအုပ် တစ်အုပ် ရှာဖတ်နေလိုက်သည်။

ကလေးငိုသံ ကြားရသည်။ ကလေးနိုးပြီ။

မတူး ကလေးကို ချီယူလာ၏။ နောက်ဖေး တည်၏။

အိမ်နောက်ဖေးမှ ငရုတ်ဆုံ ထောင်းသံ။ ထမင်းအိုး ဖွင့်သံ၊ ကလေးကို ရေဆေးပေးသံတို့ ကြားနေရသည်။

မောင်စိန်သောင်းသည် ဖတ်လက်စ စာအုပ်ကို ခဏချ၍ စဉ်းစားသည်။ တယ်လည်း တန်ဖိုးရှိတဲ့ တစ်လ ခြောက်ဆယ်ပါကလားဟု သူတွက်မိသည်။

သမီး အကြီးမ နိုးလာသည်။

"မမ မေမေကော"

"ဈေးသွားတယ်။ ညည်းဖို့ မုန့်စိမ်းပေါင်းရှိတယ်တော့်"

"ညည်း ညည်းနဲ့ မခေါ်ပါနဲ့။ ညီမလေးလို့ ခေါ်ပါ"

"ကျုပ်တို့က မခေါ်တတ်သေးဘူးတော့်"

"ကျုပ် ကျုပ်နဲ့ မပြောပါနဲ့။ မမလို့ပြောပါ"

"ကျုပ်က ကျုပ်ပဲတော့်"

"ဟီဟိ"

သမီးကြီးကို မုန့်စိမ်းပေါင်း ချကျွေးသည်။

"ကော်ဖီကော"

"အဲဟိုခွက်ထဲမှာတော့်"

"ပန်းကန်ပါ မမရဲ့"

"အေး အေး၊ ပန်းကန်"

မောင်စိန်သောင်း ကြည်နူးသွားသည်။

"မီးသွေး မီးသွေး"

အိမ်ရှေ့မှ အော်သံကြားရ၏။

"မတူးရေ၊ မီးသွေးတဲ့"

မောင်စိန်သောင်း လှမ်းအော်လိုက်သည်။

မတူး မီးသွေး သွားရောင်း၏။ ရောင်းတတ်နေပြီဖြစ်သည်။

"အစ်ကိုကြီး ဆယ်ပြားအမ်းရမယ်"

"အေး ရော့ ရော့"

မောင်စိန်သောင်း အိတ်ကပ်ထဲက ဆယ်ပြားစေ့ တစ်စေ့ ထုတ်ပေးလိုက်သည်။ အရင်က မောင်စိန်သောင်း မီးသွေးရောင်းရခြင်းကို သတိရမိသည်။ ဝယ်သူကို ချိန်တွယ်ယူခိုင်း၊ တွက်ခိုင်း၊ ဝယ်သူပေးသမျှ ယူလိုက်။ ယခုတော့ မတူးက ရောင်းပေးသည်။ မောင်စိန်သောင်း စာဖတ်နေနိုင်သည်။ အပေါသုခံ။

*

မနှင်းရည် ဈေးက ပြန်လာပြီး

"ဟဲ့ မတူး၊ ပုစွန်ခြောက် ထောင်းပြီးပြီလား"

"အားလုံးပြီးပြီတော့်"

"ဩော် ဒီကောင်မလေး ဒီမှာကြည့်စမ်း။ မောင်လေးတစ်ယောက်တည်း ဖုန်တွေနဲ့ဆော့နေတာ မကြည့်ဘူးလား"

"မီးသွေးသွားရောင်းနေလို့တော့်"

"ဩော် အေးအေး ပိုက်ဆံကော"

"အစ်ကိုကြီးဆီမှာ"

"အေး အေး ပြီးရော၊ ရော့ အဲဒီငါး ကိုင်ထားစမ်း။ အစ်မ ရေချိုးဦးမယ်"

"ကျုပ် ငါးမကိုင်တတ်ဘူးတော့်။ ကျုပ်တို့ဆီမှာ ငါးမစားဘူး"

"ဘြော် အေး ဟုတ်သားပဲ၊ ငါ မေ့လို့။ ပြီးရင် ငါးကိုင်တာ ငါ သင်ပေးမယ်။ ဟုတ်လား"

"အင်း"

"မောင်လေး ထိန်းထားဦး"

*

"က–ကာ–ကား"

"က–ကာ–ကား"

"ကကြီးရေ က"

"ကကြီးရေ က"

"ကကြီးရေးချ ကာ"

"ကကြီးချကာ"

"မဟုတ်ဘူး၊ ကကြီးရေးချ ကာ"

"ကကြီးချကာ"

"ဘြော် ဒီကောင်မလေး ကကြီးရေးချကာ ဆိုမှ၊ ပြန်ဆို ကကြီးရေးချ ကာ"

မောင်စိန်သောင်း မတူးကို စာသင်ပေးနေခြင်းဖြစ်သည်။

မတူး စာမတတ်ရှာ။ မောင်စိန်သောင်း စာအုပ်ပုံမှ ကာတွန်း စာအုပ်များကို ပေး၍ ဖတ်ကြည့်စေခဲ့သည်။

"ကျုပ် အရုပ်ပဲ ကြည့်တတ်တယ်တော့်"

"စာမဖတ်တတ်ဘူးလား"

"ဟင့်အင်း"

"ငါသင်ပေးမယ်၊ သင်မလား"

မတူး၏မျက်နှာကလေးသည် ဝင်းပသွားခဲ့၏။ သို့နှင့် မောင်စိန်သောင်း မတူးကို စာသင်ပေးဖြစ်လေသည်။

သမီးအကြီးကလည်း သင်ပေးသည်။

“မမ၊ ညီမလေးဆိုသလို လိုက်ဆို”

“အေး”

“ညအခါ”

“ညအခါ”

“လသာသာ”

“လသာသာ”

“ကစားမလား”

“စကားမလား”

“ကစားမလားပါဆို”

“စကားမလား”

“တော်ပြီ မသင်တော့ဘူး”

“ကျုပ်စကားတာ ပြောတာပဲ”

“စကားမဟုတ်ဘူး။ ကစား”

“စကား”

“ကစား”

“စကား”

“သမီးရယ်၊ သူဆိုတတ်သလို ဆိုပါစေ။ နောက်မှ ပြင်ပေါ့ ဆက်ဆိုကြ၊ ဆက်ဆိုကြ”

“ကစားမလား”

“စကားမလား”

“နားမလား”

“နားမလား”

*

"မောင်လေးရေ တူးကီ"

မတူးသည် မောင်စိန်သောင်း၏သား အငယ်နှင့် တူတူပုန်းတမ်း ကစားနေသည်။ အငယ်ကောင်သည် တောက်တက် တောက်တက်နှင့် မတူးကို လိုက်ရှာသည်။

"ဝါး"

"ဟား ဟား"

"မောင်လေးက ပြန်ပုန်းပါဦးတော့"

"ဟီးဟီး"

သားငယ်နှင့် မတူးတို့ ပျော်ရွှင်စွာ ကစားနေကြသည်။

ယခုဆိုလျှင် မတူးသည် မောင်စိန်သောင်း၏သမီး သားတို့နှင့် ရင်းနှီး ချစ်ကြည်နေကြပြီ။ မတူးကလည်း ကလေးအရွယ် လွန်ခါစ။ ဆယ့်နှစ်နှစ်။ ဆယ့်သုံးနှစ်မို့ ကလေးများနှင့် ဆော့ကစားနေရလျှင် ကျေနပ်ပျော်ရွှင်၏။

မောင်စိန်သောင်း စိတ်ထဲ၌ ကြည်နူးမိသည်၊ ဘာပဲဖြစ်ဖြစ် ကလေး များနှင့် ကစားဖော်ရခြင်းသည်ပင် ဟန်ကျလှ၏။ အဝတ်လျှော်၊ ထမင်းချက် စသည်တို့လည်း အားကိုးရသည်။ မတူးကလေးကို မောင်စိန်သောင်းနှင့် မနှင်းရည်တို့လည်း သံယောဇဉ်ဖြစ်မိကြပြီ။ ဤအချိန်တွင်

*

"အမာစိုးက လာနေမယ်တဲ့ မမကြီး"

မောင်စိန်သောင်းတို့အိမ်တွင် ယခင် နှစ်နှစ် သုံးနှစ်ခန့်က နေသွား ဖူးသော ခင်မာ၏ ညီမလေးတစ်ယောက်သည် မောင်စိန်သောင်းတို့နှင့်အတူ အဖော်အဖြစ် လာနေမည်ဟု သတင်းရသည်။

ခင်မာပြန်သွားသည်မှာ ကြာပြီ။ ခင်မာသည် အိမ်ထောင်ကျနေပြီ ဖြစ်၏။ သူ့ညီမလေး အမာစိုးသည် ယခုအခါ အသက် တစ်ဆယ့်သုံးလေးနှစ် ရောက်ပြီ။ အနေအစား ဆင်းရဲကျပ်တည်းသည်။

အမာစိုးတို့သည် မနှင်းရည်တို့နေခဲ့သော မြို့လုအနီး ရွာတစ်ရွာမှ ဖြစ်သည်။

သူ့ဖခင်က အလုပ်မရှိ။ မိခင်က ကျပန်းလုပ်သည်။ ကလေးက များသည်။ စားသောက်နေထိုင်ရေး အဆင်မပြေ။ ထို့ကြောင့် စိတ်ချရသော မနှင်းရည်တို့ထံ၌ ထားလိုသည်။

တစ်လ လေးဆယ်လောက်ပို့လျှင် တော်ပြီတဲ့။

မနှင်းရည် စဉ်းစား၏။ မတူးလည်း ရှိနေပြီ။ သည်ကြားထဲ အမာစိုးကိုပါ ထပ်ခေါ်လျှင် အိမ်ဖော်နှစ်ယောက် ဖြစ်သွားမည်။ မတတ်နိုင်။ သည်တော့ သည်နှစ်ယောက်ထဲက တစ်ယောက်ယောက်ကို ရွေးရမည်။

ရှင်းပါသည်။ အမာစိုးကို ရွေးလိုက်သည်။

အမာစိုးက ကိုယ့်ရပ်ကိုယ့်ရွာကမို့ အတွင်းသိ အစင်းသိ။ စိတ်ချရသည်။ ပြီးတော့ တစ်လ လေးဆယ်လောက်ပဲ ပေးရမည်။

မတူးက တစ်လ ခြောက်ဆယ်။

*

မတူး ငိုနေသည်။

မနှင်းရည် မျက်နှာမကောင်း။ မောင်စိန်သောင်း သက်ပြင်းချသည်။

မတူး၏ဘေးတွင် ငါးမုးတန် ပလတ်စတစ်အိတ်ကလေး ချထားသည်။ မတူး ဆောင့်ကြောင့်ထိုင်ရင်း တရှုပ်ရှုပ် ငိုနေ၏။

မနှင်းရည်လက်ထဲ၌ ဆယ်တန်များ အထပ်လိုက်ရှိသည်။ မတူး အတွက် လစာများဖြစ်သည်။

မတူးကို ပေး၏။ မတူး မယူ။

"ကျုပ် ဒီမှာ ပျော်တယ်တော့"

"အေးလေ၊ ဒါပေမဲ့ ဟိုမှာလည်း တို့ထက်ချမ်းသာတဲ့ အိမ်ပဲဥစ္စာ"

မတူးကို အခြားအိမ်တစ်အိမ်သို့ ရွှေ့ပေးရန် စီစဉ်ပြီးဖြစ်သည်။

မတူးကို လာပို့သော မနှင်းရည်၏ယောက်မသည် မတူး အိမ်ဖော် လုပ်ရန်အတွက် အိမ်တစ်အိမ် ရှာထားပေးပြီးဖြစ်သည်။ ထိုအိမ်မှာ မောင်စိန်သောင်းတို့ထက် ချမ်းသာသော အိမ်ဖြစ်သည်။ အနေအထိုင် အစားအသောက်တော့ မသိ။ သူတို့ ချမ်းသာသည်တော့ အမှန်။ သို့သော် မတူးက ကလေးများကို သံယောဇဉ်ဖြစ်နေပြီ။ မခွဲချင်ဟု ဆိုသည်။ ပြီးတော့ "ကျုပ် ဒီမှာနေရင် စာတတ်ဦးမှာတော့" ဟုလည်း ပြောသေးသည်။ မောင်စိန်သောင်း စိတ်မကောင်း။

"ရော့ ရော့ ဒါက အပိုမုန့်ဖိုး"

မနှင်းရည်က မတူးကို ငွေစက္ကူများ အထပ်လိုက်ပေးသည်။ မတူး ခေါင်းခါသည်။

"မယူချင်ဘူးတော့" ဟု ဆိုသည်။

"ဟဲ့ မယူချင်လို့ဖြစ်မလား။ ရော့ ရော့ နင့်အိတ်ထဲ ထည့်လိုက်မယ် ဟုတ်လား"

မနှင်းရည် မျက်နှာညှိုးနေသည်။ သူကိုယ်တိုင်လည်း ဤကဲ့သို့ လုပ်ချင်ဟန်မတူ။ သို့သော် မတတ်နိုင်။ မောင်စိန်သောင်းတို့အနေနှင့် အိမ်ဖော်နှစ်ယောက် ထားနိုင်စွမ်းသော စီးပွားရေးအခြေအနေ မရှိ။

မတူးကို အခြားအိမ်သို့ ပို့ပေးရန်မှတစ်ပါး အခြားနည်းလမ်း မရှိ။

ထို့ကြောင့် အိမ်ဖော်လိုချင်သော စိတ်ထားကောင်းမွန်သည့် အသိမိတ်ဆွေ ရှာရသည်။ ပြီးတော့ မတူးကို ထိုအိမ်သို့ ပို့ဖို့ စီစဉ်ရသည်။

ယခု ပို့တော့မည်။ ယနေ့ပင် သွားရမည်။

မတူး အထုပ်အပိုးကလေး ပြင်ဆင်ပြီးပြီ။ မတူးအတွက် အင်္ကျီ၊ ထဘီကလေးများကို မနှင်းရည်က ပေးထား၏။ မတူး၏အထုပ်ကလေးသည် ရောက်လာခါစထက် နည်းနည်းဖောင်းနေသည်။ သနပ်ခါးလူးပြီးမှ ငိုသဖြင့် မတူး၏ပါးပြင်ပေါ်မှ သနပ်ခါးပါးကွက်တွင် မျက်ရည်စီးကြောင်းများကျနေသည်။

"ကဲ မတုးရေ၊ တို့လည်း မတတ်နိုင်လို့ပါကွာ။ နောက်တော့ တို့အိမ်ကို အလည်လာပေါ့။ မောင်လေး ညီမလေးတွေနဲ့ လာတွေ့ပေါ့။ ဟုတ်ဘူးလား။ ကဲ ကဲ မျက်ရည်သုတ်၊ သနပ်ခါး ပြန်လူး။ အချိန်မရှိတော့ဘူး"

မောင်စိန်သောင်းက ဝင်ပြော၏။ မောင်စိန်သောင်း၏လေသံလည်း အနည်းငယ် တုန်ခါနေသည်။

မတုးသည် မောင်စိန်သောင်းကို ကြောက်၏။ ရိုသေ၏။

မတုး ထိုင်ငိုနေရာမှ ထသည်။ မျက်နှာသစ်သည်။ သနပ်ခါး ပြန်လူးသည်။ လူးရင်း ငိုသေးသည်။

ပြီးတော့ မောင်စိန်သောင်း၏ သား အငယ်ကောင်ကို ပွေ့ယူ၍ နမ်းသည်။ အသာပြန်ချသည်။ သူ့အထုပ်ကလေးကို ဆွဲသည်။

အခြားအိမ်သို့ လိုက်ပို့မည့် မောင်စိန်သောင်း၏ ယောက္ခမကြီးနား သွားရပ်သည်။

အဘိုးကြီးလည်း မျက်နှာမကောင်းလှ။

မတုးနှင့် မောင်စိန်သောင်း၏ယောက္ခမ အဖေတို့ ထွက်သွားကြသည်။

မောင်စိန်သောင်း စဉ်းစားလျက် ကျန်ရစ်သည်။ တစ်လ ငွေ နှစ်ဆယ် ကွာသည်။

မတုးက ခြောက်ဆယ်။ အမာစိုးက လေးဆယ်။

မောင်စိန်သောင်း စဉ်းစားနေသည်။

သို့သော် ရေရေရာရာ အဖြေမထွက်။ တွေဝေလျက်ပင်။

မတုး ဆောင့်ကြောင့်ကလေးထိုင်၍ ငိုနေရင်း သားငယ်ကို ပွေ့ယူ၍ နမ်းသည်ကို မျက်စိထဲ၌ မြင်ယောင်လျက်သာ နေ၏။

၁၉၈၃၊ ဇူလိုင်၊ ရှုမဝမဂ္ဂဇင်း

၁

# ကဗျာတစ်ပုဒ်

ကဗျာဆရာ မောင်ညိုပြာသည် စာရေးလစာဖြင့် မိသားစု မလောက်မင စားသောက်နေရသည်။ စာရေးအလုပ်နှင့် ဆိုက်ကားနင်းခြင်းအလုပ်သည် တွဲဖက်အလုပ်ကဲ့သို့ ဖြစ်နေသည်။

ညနေ ရုံးဆင်းလျှင် အဆာပြေ ထန်းလျက်ခဲနှင့် ထမင်းစားပြီး ဆိုက်ကားနင်းထွက်ရသည်။ ဆိုက်ကားကို တစ်လ တစ်ရာနှင့် ငှားထားပြီး ပျက်သမျှ ပြင်ရ၏။ တစ်နေ့လျှင် ငါးကျပ် တစ်ဆယ် ဆယ့်ငါးကျပ် စသဖြင့် ရလေ့ရှိသည်။ ထိုအထဲက ပြင်ဆင်ခနုတ်လျှင် တစ်ဆယ်ပတ်ဝန်းကျင် ဝင်ငွေ ရသည်။ တာယာလဲရသော လဆိုလျှင်တော့ သိပ်မချောင်။ ထို့အပြင် လိုင်စင်လဲခ၊ ဂိတ်ကြေး စသည်တို့လည်း ကိုယ့်ဘာသာကိုယ် ပေးရ၍ တစ်လလျှင် အပိုဝင်ငွေ တစ်ရာငါးဆယ်ကျော်ကျော်လောက်သာ ကိုက်၏။

သို့သော် ထိုသို့ နေ့ရော ညပါ ဝင်ငွေရှာသော်လည်း ပြောင်ပြောင် ရောင်ရောင် မဖြစ်။ သူ့ဇနီးချောက အိမ်တွင် ချင်း လိုးသေးသည်။ ချင်း လက်ဖက်သုပ်ဆိုင်သို့သွင်းရန် အငှား ချင်းလှီးခြင်းဖြစ်သည်။ တကုပ်ကုပ် ထိုင်လှီးရသဖြင့် မကြာခဏ အကြောအခြင် တက်တတ်၏။ ခေါင်းကိုက်

တတ်သည်။ ဆရာမောင် ဆေးနီမှုန့်၊ ငန်းဆေး၊ ဒေဝစက္ကူ စသည်များနှင့် ပြီးပျောက်သွားသဖြင့် တော်သေး၏။ ကြီးကြီးကျယ်ကျယ် ဖျားခြင်းနာခြင်း မဖြစ်သေး။ အာဂန္တုအဖျားလောက်ကိုတော့ မောင်ညိုပြာဇနီးက မမှုရေးချ မမှု။ ရေငင်၊ ထမင်းချက်၊ ပြည်သူ့ဆိုင်ပြေးနှင့် ပျောက်ရသည်။

သူတို့နေသောရပ်ကွက်မှာ ရန်ကုန်မြို့စွန် ကျူးကျော်ရပ်ကွက် ဖြစ်သည်။ အနီးအနား၌ ဝက်မွေး၊ ဘဲမွေးသော ခြံများရှိသည်။ မောင်ညိုပြာ၏ သားကြီးသည် အနီးအနား ဘဲခြံမှ ဘဲများ ကျောင်းပေးသည်။ သူ့မုန့်ဖိုး ပဲဖိုးအပြင် ကျောင်းစာအုပ်ဖိုး တစ်ဝက်လောက်ထိ သူ့ဘာသာ ရှာနိုင်၏။ သမီးလတ်က အမေနှင့်ကူ၍ ထမင်းချက်၊ ဟင်းချက်၊ ချင်း ပိုင်းလှီးနှင့် တာဝန်ယူသည်။ အငယ်နှစ်ယောက်ကတော့ ငယ်လွန်းသမို့ ကုန်စုံဆိုင်ပြေး၍ ဆီကလေး၊ ဆန်ကလေး၊ ဆားကလေး စသဖြင့် ပြေးဝယ်ခိုင်းရုံလောက်သာ အသုံးဝင်သေးသည်။ ဤကဲ့သို့ မိသားစုအားလုံး မိုးလင်းမှ မိုးချုပ် အလုပ် လုပ်နေသည့်တိုင် လကုန်လျှင် ဆန်ကြွေး၊ ဆီကြွေး ထပ်နေသေး၏။ သာရေးနာရေး ရှိလျှင်လည်း ပို၍ပြဿနာတက်သည်။

ချေးရငှားရနှင့် မလည်ပြီ။ ပေါင်စရာနှံစရာဆို၍လည်း ဘာမျှ မရှိတော့။ မောင်ညိုပြာဇနီး နားဟောင်းလောင်းမဖြစ်ရန် ရွှေရည်စိမ် နားကပ် ကလေး တစ်ရုံသာ ရှိတော့၏။ ထိုပစ္စည်းမှာလည်း ပေါင်၍ မရတော့။ လူချင်း ပေါင်း၍ ရင်းနှီးလျှင် ခင်မင်မှုကို အကြောင်းပြုပြီး ငွေချေးတော့သည်။ တစ်ဆယ်၊ ဆယ့်ငါးကျပ်မှစ၍ ချေးရတော့သည်။ ထိုနည်းနှင့် ပြဿနာ ဖြေရှင်းခဲ့ရသည်။

မောင်ညိုပြာ၏ ရောဂါတစ်ခုမှာ ကဗျာရေးခြင်းဖြစ်သည်။

အထက်တန်းကျောင်းသားဘဝ၌ ကဗျာလေးများရေးပြီး မဂ္ဂဇင်း တိုက်များသို့ ပို့သည်။ ရုပ်ရှင်စာစောင်တစ်ခုတွင် သူ့ကဗျာလေးတစ်ပုဒ် ဖော်ပြခြင်းခံရသည်မှစ၍ ကဗျာရောဂါ ထတော့သည်။ ထိုစဉ်ကတော့ မိမိ ကဗျာဆရာဖြစ်ပြီဟု သတ်မှတ်ကာ နေ့ရောညပါ ကဗျာရေးဖြစ်သည်။

သစ်ရွက်ကလေး လှုပ်နေလျှင်လည်း ကဗျာ၊ ရေဂယက်ကလေး ထသွားလျှင်လည်း ကဗျာ၊ ငှက်ကလေးများ ပျံသွားလျှင်လည်း ကဗျာ။ သုံးလေးငါးပုဒ် အဖော်ပြခံရသောအခါ သူ့ကိုယ်သူ မောင်ညိုပြာ ကဗျာဆရာဟု ဆိုင်းဘုတ်တပ်လိုက်တော့သည်။

ကဗျာရေးစား၍ ထမင်း မဝနိုင်ကြောင်း သိလာသောအခါ စာရေးအလုပ်တစ်ခု ကုတ်ကုတ်ကပ်ကပ် ကြိုးစားရှာဖွေခဲ့၏။ လူပျိုလူလွတ်ဘဝတွင် စာရေးလုပ်ရင်း ကဗျာတွေ ရေးခဲ့သည်။ ကဗျာလောက၊ စာပေလောက၌ မောင်ညိုပြာ ဟူသော အမည်ကလေး မှတ်မှတ်သားသား ရှိလာသည်။

ထိုအချိန်တွင် မသင်းသင်းနှင့် အိမ်ထောင်ကျခဲ့သည်။ ကဗျာ သည်သာ ဘဝ။ ဘဝသည်သာလျှင် ကဗျာအဖြစ် မသင်းသင်းကလည်း ကဗျာဆရာကတော်ဘဝကို ကျေနပ်စွာ ခံယူခဲ့သည်။ တဖြည်းဖြည်း အိမ်ထောင်သက်ရလာသောအခါ စာရေးအလုပ်တစ်ခုတည်းဖြင့် မလောက်င။ မသင်းသင်း၏ တောက်တိုမည်ရ ဝင်ငွေကလေးဖြင့်လည်း မလောက်တော့။ ကလေးရတော့ ပိုဆိုးသည်။ နောက်ဆုံး စာရေးကြီး ကဗျာဆရာ ဆိုက်ကား ဆရာဘွဲ့ကို ခံယူရတော့၏။

ဤကဲ့သို့ ရုန်းကန်လှုပ်ရှားရင်းမှ တဖြည်းဖြည်း လှုပင်ပန်း စိတ်ပင်ပန်း ဖြစ်လာသောအခါ မောင်ညိုပြာ ဒေါသဖြစ်လာသည်။ မည်သူ့ကို ဒေါသဖြစ်ရမည်လဲ မသိ။ ထို့ကြောင့် တစ်လောကလုံးကို ဒေါသဖြစ်လိုက် ရတော့သည်။ ဆိုက်ကားဆရာဖြစ်ပြီး မှားမကြာမီ အရက်သောက်တတ် လာသည်။ ပင်ပန်းမှုကို ဖြေဖျောက်နိုင်၍ အစပိုင်းတော့ မဆိုး။ တစ်ကိုယ်လုံး ကိုက်ခဲနေသည်များကို အရက်သောက်ခြင်းဖြင့် ပျောက်ကင်းစေနိုင်ခဲ့သည်။ နောက်ပိုင်းတော့ နည်းနည်းနှင့် မရ။ အဖြူတစ်ပိုင်းလောက်မှ ကျေနပ် လာ၏။ ဆိုက်ကားမှ ဝင်ငွေ၏ထက်ဝက်ခန့်သည် သောက်ခြင်းဖြင့် ကုန်၏။ ဤသို့ဖြစ်လာသည်ကိုလည်း သူ့ကိုယ်သူ မကျေနပ်။

မကျေနပ်ချက်များကို စုစည်းထားရဖန်များသောအခါ ပေါက်ကွဲလာ၏။

မောင်ညိုပြာတစ်ယောက် နိုင်သည်မှာ သူ့ဇနီးနှင့် သားသမီးများသာဖြစ်၏။ ဇနီး မသင်းသင်းသည် ရိုး၏။ အေး၏။ မောင်ညိုပြာ အနွံအတာခံ၏။ သားသမီးများကိုစွကို မညည်းမညူလုပ်ကိုင်၏။ ချက်ရေးပြုတ်ရေးအပြင် အိမ်တွင်းလုပ်ငန်းဖြင့် ငွေရှာရသ၌လည်း အလုပ်တစ်မျိုးမှ တစ်မျိုး ပြောင်းလုပ်ခြင်းဖြင့် ရှာနိုင်၏။ သို့သော် မောင်ညိုပြာ အရက်သောက်ခြင်းကိုစွကို သိပ်မကျေနပ်။ အစပိုင်းတော့ ပင်ပန်းလို့ နည်းနည်းပါးပါး သောက်တာပဲလေဟု ခွင့်လွှတ်နိုင်သော်လည်း တဖြည်းဖြည်း များများလာသောအခါ ငြူစူဆောင့်အောင့်လာ၏။ ထိုအခါ မောင်ညိုပြာက

"မင်းက ငါ့ကို ဘယ်တုန်းကများ ဆောင့်အောင့်ဖူးလို့လဲ ခွေးမ" ဟု မူးမူးနှင့် အပြစ်ရှာပြီး ရိုက်မောင်းပုတ်မောင်း လုပ်လာသည်။

မသင်းသင်းသည် ငြူစူဆောင့်အောင့်တတ်သော်လည်း လင်ယောကျ်ားကို ပြန်၍သတ်ပုတ်တတ်သော မိန်းမမျိုးမဟုတ်။

ထို့ကြောင့် အရိုက်အပုတ်ခံရသည့်တိုင် 'မူးလို့ပဲလေ' ဟု ခွင့်လွှတ်လိုက်၏။ ရန်ဖြစ်ပြီး နောက်တစ်နေ့ နံနက်မျိုးဆိုလျှင် မောင်ညိုပြာတစ်ယောက် မရွံ့မရဲ ဖြစ်နေတတ်သည်။ မသင်းသင်းနားလည်း မကပ်။ အိပ်ရာမှ စောစောထပြီး ဝတ္တရားအတိုင်း ရေခပ် ထမင်းချက်။ ကလေးများ ထမင်းကြမ်းကျွေး လုပ်နေတတ်သည်။ ပြီး ရုံးသွားခါနီးမှ

"သင်းရေ ကိုယ် ရုံးသွားဦးမယ်နော်" ဟု လေချိုသွေးတတ်သည်။ ထိုနေ့မျိုးတွင် ရုံးအပြန်၌ ကြက်ရိုးသုပ်ကလေး အစ၊ ဗယာကြော်သုပ်ကလေး အစ ပါလာတတ်သည်။ "သင်း ညနေ တို့ ကြက်သားသုပ်နဲ့ စားကြတာပေါ့နော်" ဟု ကြက်ခြေထောက်၊ လည်ချောင်း၊ ခေါင်း၊ အရေပြားတို့ သုပ်ထားသော 'ကြက်သား' သုပ်နှင့် ချော့တတ်သည်။

"ပြီးတော့လည်း ပြီးသွားတာပါ" ဟု မသင်းသင်း သဘောထား လိုက်ရသည့်အကြိမ်မှာ မနည်းတော့။

အခုတစ်ကြိမ်တော့ မောင်ညိုပြာ နည်းနည်းလွန်လာသည်။ တစ်စ တစ်စ ပေါက်ကွဲမှု အရှိန်မြင့်လာရာမှ မောင်ညိုပြာသည် ယခင်ကကဲ့သို့ တစ်ချက် နှစ်ချက်လောက် ခပ်စပ်စပ်ရိုက်ရုံနှင့် မပြီးတော့။ ကန်ကျောက် တတ်လာသည်။ လက်သီးနှင့် ထိုးတတ်လာသည်။

ဖြစ်ပုံကလည်း ဘာမှမထူးဆန်း။ မူးပြီးပြန်လာသည်။ အရက်ဖြူ ဆိုင်ရှေ့က ဘဲခေါင်း နှစ်ခေါင်း ဝယ်လာသည်။ ထမင်းစားမည်ဟု ပြောသည်။

မသင်းသင်းက ရှိသည့်ဟင်းနှင့် ထမင်းပြင်ပေးသည်။ မျက်နှာ ကတော့ ခပ်စူစူ။

ကန်စွန်းရွက်ချဉ်ရည်။ ငါးပိရည် တို့စရာ။

မောင်ညိုပြာ ဟင်းမကောင်းသဖြင့် ဒေါသမဖြစ်ပါ။ သို့သော် ချစ်ဇနီး၏ ပုပ်သိုးသိုးမျက်နှာကိုဖြင့် မမြင်ချင်။

"လုပ်ရကိုင်ရ ပင်ပန်းရတဲ့အထဲ မင်းမျက်နှာက ဘယ်လိုဖြစ်နေ တာလဲ" ဟူသော စကားဖြင့် စသည်။

"ဘာမှမဖြစ်ပါဘူး"

"မဖြစ်ဘဲနဲ့ မျက်နှာ ဘာဖြစ်လို့ ရှစ်ခေါက်ချိုးထားရသလဲ"

"ဘယ်မှာ ချိုးထားလို့လဲ"

"မင်းမျက်နှာ မင်းပြန်ကြည့်ပါဦး"

"ဘယ်လိုလုပ် ကြည့်လို့ရမလဲ"

"ငါ့ကို မငေါ့နဲ့"

"ဒါ ငေါ့တာမဟုတ်ဘူး"

"ပြန်ပြောမနေနဲ့"

"ရှင်က ဘာဖြစ်လို့ ပြောနေသေးလဲ"

"ငါပြောသင့်လို့ ပြောတာ၊ ပင်ပင်ပန်းပန်းပြန်လာရင် စိတ်ချမ်းသာမလား အောက်မေ့တယ်၊ မျက်နှာက ထမင်းခုနစ်ရက် မစားရတဲ့ မျက်နှာမျိုး"

"ဟုတ်ပတော်၊ ရှင်က ဝဝလင်လင် ကျွေးမွေးထားတာကိုး"

"မင်း ငါ့ကို ကျေးဇူးကန်းစကား မပြောနဲ့"

"ဟုတ်တာပြောတာ"

"ပြောဦးကွာ"

ပန်းကန်လုံးနှင့် ကောက်ပေါက်၏။ ငါးပိရည်တွေ ဖိတ်ကုန်သည်။

"ရှင် အရမ်းအရမ်းမလုပ်နဲ့။ ဒီငါးပိရည်က ကျန်ရင် မနက်ကလေးတွေ ကျွေးရမှာ"

"လုပ်တယ်ကွာ။ ဘာကန်စွန်းရွက်လဲ၊ သွားကွာ"

"ရှင် စားစရာသောက်စရာတွေကို မလုပ်ပစ်နဲ့နော်"

"လုပ်တော့ ဘာဖြစ်လဲကွာ"

ဘဲခေါင်းနှစ်ခေါင်းကို လွှင့်ပစ်သည်။

တို့စရာပန်းကန်ကို ကောက်ကိုင်မည်ပြု၏။

"ရှင့်ဘဲခေါင်းတွေ ဘာလုပ်လုပ်၊ ကျုပ် တို့စရာပန်းကန် မထိနဲ့"

"ထိတော့ ဘာဖြစ်လဲ"

တို့စရာထည့်ထားသော သံပန်းကန်ပြားကို အိမ်အပြင်ထိ လွှင့်ပစ်လိုက်သည်။

"ရှင်နော် ရှင်၊ ရှင်ရှာရသလောက် သောက်ပစ်ပြီး ကျုပ်ရှာလို့ရတဲ့ပိုက်ဆံနဲ့ ဒီည ဝယ်ချက်ထားတာတွေ မလုပ်နဲ့"

"ဘာ မင်းချက်ထားတာ ကောင်းလိုက်တဲ့ ဟင်း၊ ကန်စွန်းရွက်၊ ငါးပိရည်ဟင်း"

"ဒီလောက်ဟင်းကလေးဖြစ်အောင် ဘယ်လောက်ကုန်တယ် မှတ်သလဲ"

"ဘယ်လောက်ကုန်ကုန်ကွာ"

"ဩော် ရှင် ဈေးမဝယ်ရတော့ ရှင် ဘယ်သိမလဲ"

"တော်တော့နော်၊ မင်းပါးစပ်ပိတ်ထား"

"မပိတ်ဘူး"

"မပိတ်ဦးကွာ"

မောင်ညိုပြာ မသင်းသင်းကို ထကန်၏။

"လုပ်လုပ် သေအောင်လုပ်"

"လုပ်တယ်ကွာ လုပ်တယ်"

နားရင်း ရိုက်၏။

မသင်းသင်း ခွေကျသွား၏။ ပြန်ထ၏။ မောင်ညိုပြာ လက်သီးနှင့် ထိုးမည်ပြု၏။ မသင်းသင်း နောက်ဆုတ်နောက်ဆုတ် ရှောင်၏။ မောင်ညိုပြာ မူးမူးနှင့် ရှေ့ဆက်တိုးရင်း ယိမ်းယိုင်နေသည်။ မသင်းသင်း အိမ်ခန်းသို့ ဝင်ပြေးသည်။ မောင်ညိုပြာ နောက်မှ လိုက်၏။ အိမ်အတွင်းခန်းသို့ ဝင်သောနေရာမှာ အောက်၌ ခါးပန်းတစ်ချောင်း ရိုက်ထား၏။ ခါးပန်းကို မောင်ညိုပြာ ခလုတ်တိုက်မိ၍ မှောက်လျားထိုးကြီး လဲကျသည်။ လူက မူးနေသဖြင့် တော်တော်နှင့် ပြန်ထ၍မရ။ ပါးစပ်မှ ကြိမ်းမောင်းနေသည်။

"ခွေးမ၊ ငါ့ကို ခလုတ်တိုက်အောင် လုပ်တယ်။ နင် သေပေတော့"

ပြန်လူးလဲထသည်။ ညို့သကျည်းက နာနေသဖြင့် ထော့နင်းထော့နင်း ဖြစ်သွားသည်။ အခန်းထောင့် ထရံတွင် ထိုးထားသော ဓားရှည်ဆီ လှမ်းသည်။ ဓားကို ဆွဲထုတ်သည်။ မသင်းသင်း ကြောက်အားလန့်အားနှင့် မီးဖိုထဲ ဝင်ပြေးသည်။ ကလေးများမရှိတော့။ ထွက်ပြေးကြပြီ။ ခေါင်းရင်းခန်းကလည်း အသံဗလံများကြားသဖြင့် လှမ်းအော်၏။

"မောင်ညိုပြာ တော်တော့ကွယ်၊ အရပ်ထဲ ဆူညံဆူညံနဲ့၊ တစ်နေ့လဲ မဟုတ်၊ တစ်ညလဲ မဟုတ်"

"ခင်ဗျားတို့နဲ့ ဘာဆိုင်လဲ၊ ကိုယ့်မယား ကိုယ်ရိုက်တာ"

ပြောပြောဆိုဆို ဓားဆွဲ၍ မီးဖိုခန်းသို့ လှမ်းဝင်သည်။

မသင်းသင်းသည် ကြောက်အားလန့်အားနှင့် နောက်ဖေးပေါက်က ဆင်းပြေးမည်ပြုသည်။ နောက်ဖေးတွင် ရေကပြင်ရှိသည်။ ခနော်ခနဲ့။ စဉ့်အိုးပုံ တစ်လုံး တင်ထားသည်။ စဉ့်အိုးဘေးဘက်နေရာသည် ရေညှိဖြင့် ချောနေ၏။ ရေကပြင်အောက်တွင် ရွှံ့ဗွက် ထနေသည်။ မတတ်နိုင်တော့၊ ခုန်ဆင်းမည်ပြု၏။

မောင်ညိုပြာက ရေကပြင်ဆီ အရင်ခုန်တက်၍ ရောက်သွားသည်။ ချော်လဲပြန်သည်။

မသင်းသင်း အိမ်ရှေ့ ပြန်ထွက်မည်ပြု၏။

မောင်ညိုပြာ ထ၍လိုက်သည်။ လက်ထဲမှာ ဓားကြီးနှင့်မို့ အလစ် မပေးရဲ၊ မူးနေသည်မို့ ခုတ်ချင်ခုတ်မည်။ ဓားက မသွေးသည်မှာ ကြာပြီဖြစ်၍ ထက်တော့ မထက်။ သို့သော် ဓားနှင့်ခုတ်လျှင် တုတ်နှင့်ရိုက်သည်ထက်တော့ ဆိုးမည်။ မသင်းသင်းမှာ ပြေးပေါက်မရှိသလောက် ဖြစ်နေသည်။ အော်၏။

"လုပ်ကြပါဦး အရပ်ကတို့ရေ၊ ဓားနဲ့ခုတ်နေပါတယ်တော့"

ခေါင်းရင်းအိမ်၊ ခြေရင်းအိမ်မှ ထွက်လာကြသည်။

"ဟော့ ညိုပြာ ညိုပြာ၊ လွှန်မယ် လွှန်မယ်"

တကယ်တော့ မောင်ညိုပြာ ဤမျှ ဓားနှင့်ခုတ်သည်အထိ မရမ်း ရဲပါ။ ထို့ကြောင့်သာ လက်တစ်ကမ်းအကွာ၌ ဓားဆလျက် ကြိမ်းရုံသာ ကြိမ်းနေသည်။ တစ်နည်းအားဖြင့် ပြေးခွင့်ပေးခြင်းဖြစ်သည်။ ကဗျာဆရာမို့ လူဘယ်လောက်မူးနေနေ စိတ်က လက်ရဲဇက်ရဲ မဖြစ်။

မသင်းသင်းက မူးမူးရူးရူးနှင့် တကယ်လုပ်မည်ကို ကြောက်နေသည်။

မသင်းသင်းသည် အနီးအနားတွင် ကာကွယ်စရာရှာသည်။ မီးဖို ထဲသို့ ပြန်ဝင်သည်။ မီးဖိုဟု ဆိုရသော်လည်း သုံးလေးပေပတ်လည်မျှရှိသော နေရာကလေးသာဖြစ်သည်။

မောင်ညိုပြာ ဓားကြီးနှင့် ကြိမ်းနေသည်။

"မဆိုင်ရင် မလာကြနဲ့၊ အားလုံး ဇက်ပြုတ်ကုန်မယ်"

အိမ်ရှေ့ရောက်လာသူများလည်း တုံ့ဆိုင်းသွား၏။ ဓားကြီးတစ်ဖက်နှင့် မတော် တွက်လိုက်မှဖြင့်ဟု ခပ်ရွံ့ရွံ့ ဖြစ်သွားကြလေသည်။

မသင်းသင်း အနီးအနား လှည့်ကြည့်သည်။

ငါးပိထည့်သော စဉ့်အိုးငယ်ကို တွေ့၏။

ကောက်ကိုင်လိုက်သည်။

"ရှင် ရှေ့မတိုးနဲ့နော်၊ ကျုပ် ဒီတစ်ခါ သည်းခံမှာမဟုတ်ဘူး"

"အောင်မာ ကောင်မ သေချင်လို့ ဓားတောင်းတာပေါ့ ဟုတ်လား"

မောင်ညိုပြာ ရှေ့တစ်လှမ်းတိုး၏။ မသင်းသင်း ကြောက်အားလန့်အားနှင့် ငါးပိအိုးနှင့် ပေါက်လိုက်၏။ ရမ်းသမ်းပေါက်လိုက်သော်လည်း မောင်ညိုပြာ၏ထိပ်တည့်တည့်ကို ထိမှန်၏။ 'အားကျွတ်ကျွတ်' စုတ်သပ်ရင်း နဖူးကို လက်ဖြင့်ဖိ၏။ မသင်းသင်း အခွင့်ကောင်းယူပြီး အိမ်ရှေ့ခန်းသို့ ပြေးသည်။ မောင်ညိုပြာ ဒေါသတကြီး လိုက်ပြန်သည်။ ခါးပန်းနှင့် ဒုတိယမ္ဘိုက်မိပြန်၏။ မှောက်ထိုးကြီး လဲကျပြန်သည်။ ဓားလွတ်ထွက်သွားသည်။ ခေါင်းရင်းခန်းမှ မီးပြင်ဆရာ ကိုဘသာက ဓားကို ကောက်သိမ်းလိုက်သည်။ မောင်ညိုပြာ ဒေါသတကြီး ထရန် ကြိုးစားသည်။ အနည်းငယ်သာ ထရပ်နိုင်ပြီး ပြန်ခွေကျသွားသည်။

"သိမယ် သိမယ်၊ ငါ့အကြောင်း သိမယ်"

ထိပ်လည်း ဖူးသွားပြီ။ ခါးအရင်း နာသွားပြီ။ ညို့သကျည်းလည်း ရောင်နေပြီ။

မောင်ညိုပြာ နေရာမှ မထနိုင်တော့။

*

မသင်းသင်း ကလေးအငယ်ဆုံးကိုခေါ်၍ အိမ်မှဆင်းခဲ့သည်မှာ ခုနစ်ရက်တစ်ပတ်ကျော်သွားပြီ။ ညီမဝမ်းကွဲရှိရာ အင်းစိန်သို့ လာနေခြင်းဖြစ်သည်။

မောင်ညီပြာတို့နေသော သဃာန်းကျွန်းနှင့် အင်းစိန်သည် တောင်နှင့်မြောက်မို့ အတော်လှမ်းသည်။

မသင်းသင်း ကြောက်ကြောက်နှင့်မို့ ထွက်ပြေးခဲ့ရသော်လည်း အိမ်အတွက် စိတ်မဖြောင့်။ ပြန်သွားရန်လည်း မရဲ။ စိတ်လည်း နာသည်။

တစ်ရက်နှစ်ရက်အတွင်း ပြန်လာခေါ်မည်ထင်သဖြင့်သာ ဆင်းခဲ့ခြင်းဖြစ်သည်။ ညီမအိမ်ဆိုသော်လည်း တာရှည်ကပ်စားနေ၍ မသင့်လျော်။ ညီမတို့လည်း တစ်နေ့လုပ် တစ်နေ့စားမို့ အားနာသည်။

အိတ်ကပ်ထဲ ပါလာသော ငွေနှစ်ဆယ်လည်း ကုန်ပြီ။ မကောင်းတတ်သဖြင့် သုံးလေးရက် ဈေးဝယ်ပေးခြင်းဖြင့် ကုန်ခဲ့ပြီ။

ထိုအချိန်တွင်ပင် သားကြီး ရောက်လာသည်။ သားကို တွေ့လိုက်ရသဖြင့် အားတက်သွားလေသည်။

"အဖေက လွှတ်လိုက်လို့ အမေ"

"ဘာတဲ့တုံး နင့်အဖေ မူးတုန်းရူးတုန်းလား"

"မူးဖို့နေနေသာ ဒီမနက်မှ ရုံးတက်နိုင်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမလဲဗျ။ အမေ့လက်ချက်နဲ့ နဖူးရောင်ပြီး ခါးက မျက်သွားတာ သုံးရက်လုံးလုံး အိပ်ရာထဲ လဲနေရတယ်"

"ငါလုပ်တာ တော်တော်ရယ်၊ သူ့ဘာသာမူးပြီး လိမ့်ကျတာနဲ့ ခါးမျက်တာ နေမှာပေါ့"

"အဲဒါတော့ မသိဘူးဗျာ၊ အဖေတော့ တော်တော်အိပုံပဲ"

"ကောင်းတယ်၊ အခု ဘာကိစ္စလွှတ်လိုက်တာလဲ"

"စာပေးခိုင်းလိုက်တယ်"

"အောင်မာ ရေးကြီးခွင့်ကျယ်လုပ်လို့ စာတစ်တန် ပေတစ်တန်နဲ့၊ ပါးစပ်နဲ့မှာလည်း ရတာပဲဥစ္စာ"

ပြောမည့်သာ ပြောသည်။ သူ စာဖတ်ချင်လှပြီ။

သားကြီး လှမ်းပေးသော စာကိုယူရင်း

"မှန်းစမ်း ဘာတွေများ ကြီးကျယ်ထားသလဲလို့"

စာကို ဖတ်လိုက်သည်။

သင်း

ငါးပိအိုး ကွဲသွားတယ်။

ကိုယ့်နဖူးလည်း အရောင်လျော့သွားပြီ။

အိုးအသစ်တစ်လုံး ဝယ်ထားတယ်။

ငါးပိတွေ ပြန်ထည့်ထားပါတယ်။

ခါးက နာတုန်းပဲ။

ရုံးတက်ရတာ ကုန်းကုန်း ကုန်းကုန်းနဲ့မို့

ရုံးက ပိုင်းရယ်ကြသေးတယ်။

ဆိုက်ကားလည်း မနင်းနိုင်သေးဘူး။

ကလေးတွေချက်တဲ့ ထမင်းက နပ်တစ်လှည့်

မနပ်တစ်လှည့်နဲ့။

ကန်စွန်းရွက် ချဉ်ရည်ဟင်းနဲ့ ငါးပိထောင်း

စပ်စပ်ကလေး စားချင်လိုက်တာ။

ညို

မသင်းသင်း ကြည်နူးသွားသည်။

မောင်ညိုဖြာရေးသော ကဗျာများထဲတွင် ထို 'ကာရန်မဲ့ ကဗျာ'ကို အကောင်းဆုံးဟု သတ်မှတ်လိုက်လေသည်။

၁၉၈၄၊ မတ်၊ ပေဖူးလွှာမဂ္ဂဇင်း

၁

# အပြစ်မကင်း ခံစားခြင်း

မနှင်းရည်သည် မောင်စိန်သောင်းနားကပ်၍ တိုးတိုးပြော၏။

"ညနေ ရုပ်ရှင်သွားကြည့်ကြရအောင်နော်"

မောင်စိန်သောင်း မျက်လွှာလှန်ကြည့်သည်။ ပြီးတော့ ခဏမျှ စဉ်းစားသလို လုပ်လိုက်၏။ တကယ်တော့ မောင်စိန်သောင်း အိုက်တင် ခံလိုက်ခြင်းဖြစ်ပါသည်။ မောင်စိန်သောင်းလည်း အိမ်မှာ တစ်နေကုန်နေပြီး စာဖတ်လိုက် လဲလျောင်းလိုက် အိမ်ဘေးနား ပန်းရုံကလေးများကြားသို့ လျှောက်လိုက်နှင့် ငေါင်တောင်တောင်ဖြစ်နေရာမှ မနှင်းရည်က ရုပ်ရှင် သွားကြရအောင်ဟု ပြောလာသောအခါ မဆွတ်ခင်က ညှတ်ချင်သူဖြစ်သဖြင့် ချက်ချင်း ခေါင်းညိတ်လိုက်ချင်ပါသည်။

သို့သော် ယောကျ်ားများထုံးစံအရ စဉ်းစားသလိုလို ဘာလိုလို ညနေဘက် အလုပ်ရှိသလိုလို ဟိုလိုလို သည်လိုလို အိုက်တင်ကလေး ခံနေ လိုက်ခြင်းသာဖြစ်ပါသည်။

"မင်းကြည့်ချင်ရင် သွားတာပေါ့ကွာ"

ခပ်တည်တည်ပြန်ပြော၏။

မနှင်းရည် ပျော်သွားသည်။ အချိန်ကြည့်လိုက်၏။ သုံးနာရီခွဲပြီးပြီ။

"ညပွဲမှ ကြည့်မလား၊ ညနေပွဲ ကြည့်မလား"

မနှင်းရည်က မေး၏။

"ညနေပွဲ ကောင်းပါတယ်ကွာ။ စောစော အိမ်ပြန်ရောက်တာပေါ့"

သူ့ကိုယ်၌က ချက်ချင်းပင် သွားချင်လှပြီဖြစ်သည်ကို အိမ်ပြန်စောတာပေါ့ဟု အကြောင်းပြပြီး ခွင့်ပြုလေသည်။

"ရေချိုးလိုက်ဦးမယ်"

"အေး အေး"

"အစ်ကိုရော"

"မချိုးတော့ပါဘူးကွာ"

"ဩော် တိုးတိုးနော်။ ကလေးတွေ မသိစေနဲ့ဦး၊ တော်ကြာ လိုက်ချင်နေကြမယ်"

"သမီးကြီးတော့ ခေါ်သွားတာပေါ့"

"သမီးက ရုံထဲရောက်ရင် ဂျီကျမှာ၊ အစ်ကို တာဝန်ယူမလား"

မောင်စိန်သောင်း နည်းနည်းအင်သွားသည်။

"ရပါတယ်ကွာ"

မပွင့်တပွင့် ပြော၏။

"မရပါဘူး။ တော်ကြာ ရုံထဲမှာ ရန်ဖြစ်နေရဦးမယ်၊ အစ်ကို့သမီး အကြောင်းလည်း သိသားနဲ့"

"အေးလေ ဒါဆိုလည်း တိတ်တိတ်သွားတာပေါ့"

"တိတ်တိတ်တော့သွားလို့မရဘူး။ မြို့ထဲမှာ အလုပ်ကိစ္စတစ်ခု ရှိတယ်ဆိုပြီး သွားမှ"

"ကလေးကို ညာတာ မကောင်းပါဘူး"

"မညာလို့ ခေါ်သွားလို့မှ မဖြစ်တာ၊ ပြီးတော့"

"ဟုတ်ပါပြီ၊ မင်းပဲ သမီးကို ကြည့်ပြောပေတော့"

"အင်း အသာနေ"

မနှင်းရည် ရေချိုးရန် ထွက်သွား၏။

ရေတွင်းမှ ရေငင်သံ တကျွီကျွီကြားနေရသည်။ စက်သီးတော့ ပြင်ဦးမှဟု မောင်စိန်သောင်း စဉ်းစားနေသည်။ ဤသို့ စဉ်းစားသည့်အကြိမ်မှာ မရေတွက်နိုင်တော့။

စက်သီး၏ဘေးနံရံ သံပြားတစ်ဖက်မှာ ပွတ်တိုက်ဖန်များလွန်း၍ စားပြီး ချိုင့်ဝင်နေပြီ။

ဈေးမျှကြာလျှင် သမီးအကြီး အိမ်ထဲဝင်လာ၏။ ဆေးရာမှ ပြန်လာသည်လား၊ သို့မဟုတ် လျှောက်လည်နေရာမှ ပြန်လာသည်လား မသိ။ အင်္ဂလိပ်စာ အော်ကျက်နေသည်။

မနှင်းရည်က စာအကျက်နိုင်းလိုက်သည်ထင့်။

မောင်စိန်သောင်း ထိုင်ရာမှ ထ၏။ နောက်ဖေးစည်ပိုင်းသို့သွားပြီး မျက်နှာသစ်သည်။ တစ်နေကုန် အဆီပြန်နေသော မျက်နှာက ဆေးထန်းထန်း ဖြစ်နေသည်။

မောင်စိန်သောင်း၏ သမီးကြီး ဝါနုသည် သူ့အဖေ မျက်နှာသစ်သည်ကို လှမ်းကြည့်၏။ မျက်တောင်တစ်ချက်ခတ်မျှကြည့်ပြီး စာဆက်အံနေသည်။

"P.O.L.I.C.E.M.A.N. Postman ရဲသား"

ကလေး၏စိတ်အာရုံသည် စာထဲမရောက်ဘဲ ဖအေ မအေထံ ရောက်နေကြောင်း သိသာ၏။

မအေက ရေချိုးနေသည်။ ဖအေက မျက်နှာသစ်သည်။ အပြင်သွားကြတော့မည်မှန်း သိသာလှ၏။ လိုက်လည်း လိုက်ချင်သည်။ ကလေးဆိုတော့ ဘယ်သွားသွား လိုက်ချင်သည်။ နံနက်ပိုင်း မောင်စိန်သောင်း

အိမ်မှ လွယ်အိတ်လွယ်ပြီး ထွက်လျှင် အလုပ်သွားမည်ဟု ကလေးက သိသည်။ ညနေပိုင်း ထွက်ပြီဆိုလျှင် တစ်နေရာရာ အလည်အပတ်သွားမည်ဟု သိထားသည်။

ယခု သူ့အဖေနှင့် အမေက အပြင်ထွက်မည်။ ရေချိုးသူက ချိုးပြီး မျက်နှာသစ်သူက သစ်နေသည်။ ဧကန္တ ရုပ်ရှင် သို့မဟုတ် အိမ်လည် သွားကြမည်မှာ မုချ။

အရေးအကြောင်းကိစ္စတစ်ခုခု အရေးတကြီးရှိလျှင် ဤပုံစံ ဤဟန်ပန်မျိုး မဟုတ်။ ကလေးက ပါးလိုက်သည်မှာ လှစ်လို့။ သို့သော် မသိဟန်ဆောင်နေလိုက်သည်။ စာဆက်အံသည်။

"POSTMAN ရဲသား"

"POSTMAN က ရဲသားမဟုတ်ဘူး သမီးရဲ့၊ စာပို့သမား။ POLICEMAN ကမှ ရဲသား၊ ပြန်ဖတ်ပါဦး"

မောင်စိန်သောင်းက လေသံပျော့ဖြင့် ပြောသည်။

ကလေးက သူ့အမှားကို သူ ချက်ချင်းသိ၏။ အမှန်ပြန်ပြင် ဖတ်၏။

"POLICEMAN ရဲသား၊ He is a policeman"

မနှင်းရည်က ရေချိုးပြီး ပြန်ဝင်လာသည်။

"စာရအောင် ကျက်ထားနော် သမီး၊ မေမေတို့ အပြန်ကျရင် မုန့်ဝယ်ခဲ့မယ်"

"ဘယ်သွားမလို့လဲ မေမေ ဟို"

"ကိစ္စရှိလို့ မြို့ထဲသွားမလို့။ သမီး မလိုက်ရဘူး။ အပြန် မုန့်ဝယ် ခဲ့မယ်။ ဒါပဲ"

"မုန့်မစားချင်ဘူး မေမေ၊ ကလစ်လိုချင်တယ်"

"အေးအေး ကလစ်ဝယ်ခဲ့မယ်။ စာရအောင် ကျက်ထား"

"ရနေပြီ"

"ရနေလည်း ထပ်ကျက်၊ စာကြေအောင် ကျက်"

ကလေးက ဘာမျှပြန်မပြောတော့ဘဲ စာအုပ်ကို စိုက်ကြည့်ပြီး တအားကုန် ကျုံးအော်တော့သည်။ သူ့နည်းနှင့်သူ ဆန္ဒပြခြင်းပေပဲ။

မောင်စိန်သောင်း ပြုံးလိုက်၏။

မနှင်းရည် သနပ်ခါးသွေးရင်း နောက်ဖေးဘက် လှည့်အော်သည်။

"အမာစိုးရေ၊ မောင်လေးကို သူ့ဘွားညိုကြီးအိမ် ခဏခေါ် သွားစမ်း၊ ပဲလှော်တစ်ဆုပ် နှိုက်သွား၊ ဟိုရောက်မှ ကျွေး"

အငယ်ကောင်ကိုလည်း ပ ထုတ်လိုက်ပြန်သည်။

မောင်စိန်သောင်း ပြုံးပြန်သည်။

ရှက်တော့ ရှက်သား။ ကလေးတွေကို ပြန်ညာနေရတာ ရှက်စရာ တော့ အကောင်းသား။ သို့သော်လည်း သည်နည်းက အကောင်းဆုံးမို့ သည်နည်းပဲ သုံးရပေတော့မည်။

အမာစိုးသည် ကလေးကိုချော့၍ ခေါ်သွား၏။

"ဘွားညိုကြီးက ပဲလှော်စားရအောင် လာခဲ့ဦးတဲ့"

"ပဲလှော်မစားချင်ဘူး။ ညက်ညက် စားမယ်"

"ဟဲ့ ထန်းလျက်ခဲ သူ့အဘွားဆီမှာ ရှိတယ်။ ခေါ်သာသွား"

မနှင်းရည် သနပ်ခါးလူးရင်းက ပြော၏။

"ကလေး ချောင်းဆိုးနေဦးမယ်"

မောင်စိန်သောင်းက ဝင်စွက်၏။

"မဆိုးပါဘူး တစ်ခဲတလေ"

မောင်စိန်သောင်း ပြုံးလိုက်ပြန်၏။ မနေ့က ကလေးများ၏ အဘွားက သကြားလုံး ကျွေးလိုက်သောကြောင့် မနှင်းရည် ဗျစ်တောက် ဗျစ်တောက် လုပ်နေသည်ကို သတိရ၏။

"နှာစေး ချောင်းဆိုးတွေ ဖြစ်နေရတဲ့အထဲ အမေတစ်ယောက် ကလည်း ခက်တာပဲ။ ကလေးတွေ ငြိမ် ငြိမ်ပြီးရောဆိုပြီး သကြားလုံး ကျွေးလို ကျွေး၊ ကိတ်မုန့် ကျွေးလိုကျွေး၊ ထန်းလျက် ကျွေးလိုကျွေးနဲ့"

ခုတော့ သူကိုယ်တိုင်က 'တစ်ခဲတလေ' ပဲတဲ့။

မောင်စိန်သောင်းက ပြုံးမည့်သာ ပြုံး၏။ မနှင်းရည်မြင်အောင် လည်း မပြုံးရဲ။ မျက်နှာသုတ်ပဝါကို မျက်နှာမှာအုပ်လျက် ပြုံးသတည်း။

သမီး ဝါနုသည် သူ့အသံစူးစူးကလေးနှင့်အော်၍ စာအံနေသည်။

မနှင်းရည် မောင်စိန်သောင်းကို လှည့်ကြည့်၏။ ပြုံးပြသည်။ မေးငေါ့ပြသည်။ သမီး ဆန္ဒပြနေကြောင်း အသိအမှတ်ပြုလိုက်ခြင်းဖြစ်၏။

သို့သော် မနှင်းရည်လည်း သမီးကို ဘာမျှမပြော။ မဟန့်။ အော်ပေစေ။

မောင်စိန်သောင်း အကြံလဲ၏။

သမီးက မောင်စိန်သောင်းကို လှည့်ကြည့်သည်။ ပြီးတော့ နာရီ ကြည့်သည်။ လေးနာရီ။

"ဖေဖေ ခုနစ်နာရီလောက် ပြန်ရောက်မှာလား"

"အေးပေါ့ ခုနစ်နာရီ ခုနစ်နာရီခွဲပေါ့"

"အင်း အင်း သမီးဖို့ ကလစ်မမေ့နဲ့နော်"

"အေးပါ"

သမီးသည် စိတ်တုံးတုံးချလိုက်ဟန်ရှိသည်။ သူ့ စိတ်တွက် တွက်ပြီးသားဖြစ်မည်။

ယခု ညနေ လေးနာရီ။ လေးနာရီ[illegible]သာခန့်။ သူ့ဖေဖေနှင့် မေမေ အပြင်သွားကြမည်။ ငါးနာရီပွဲ ရုပ်ရှင် စကြည့်လျှင် ခုနစ်နာရီခန့် ပြီးမည်။ အိမ်ပြန်ရောက်လျှင် ခုနစ်နာရီခွဲလောက်ရှိမည်။ ထို့ကြောင့် 'ဖေဖေတို့ ခုနစ် နာရီလောက် ပြန်ရောက်မှာလား' ဟု မေးလိုက်ခြင်းဖြစ်သည်။ ဤသည်ကို

မောင်စိန်သောင်းက ချက်ချင်းမရိပ်မိ။ ခုနစ်နာရီခွဲလောက် ပြန်ရောက်မှာပေါ့ဟု ဖြေလိုက်သည်။

ထို့ကြောင့် သမီးသည် မောင်စိန်သောင်းတို့ ရုပ်ရှင်သွားကြည့်မည့် အကြောင်း သေချာပေါက် ခိုင်လုံစွာ သိရှိသွားလေ၏။ သို့သော် ကလေးက ဘာမျှမပြော။ မသိချင်ဟန် ဆောင်နေလိုက်သည်။

'သွားကြပါစေလေ၊ သူတို့လည်း တစ်ခါတလေ လွတ်လွတ် လပ်လပ် အပျိုလူပျိုလုပ်ပြီး သွားချင်ရှာမှာပေါ့'ဟု တွေးပြီး ခွင့်လွှတ်လိုက် လေသလား မသိ။

*

"ဘတ်စ်ကားနဲ့ဆို မီမှာမဟုတ်ဘူး။ နှစ်ကျပ်သုံးဘီးနဲ့ သွားကြရအောင်"

မောင်စိန်သောင်းက အချိန်တွက်၍ ပြောသည်။

"တစ်ကျပ် အမြန်ကား စီးတာပေါ့၊ ဒါမှမဟုတ် ၂ သီးသန့် စီးမယ်လေ။ ဒီအချိန် ချောင်ပါတယ်"

"သီးသန့်ကားက သိပ်မသီးသန့်တော့ဘူး ခင်ဗျ။ ပြွတ်သိပ်တင် နေတာ"

"ဒါဆိုလည်း အမြန်ကား စီးရအောင်"

"သဘောလေ"

အမြန်ကားနှစ်စင်း ဆက်တိုက်လာသဖြင့် ဘေးတန်းက ထိုင်၍ လိုက်ရသည်။

"ထိုင်လိုက်ရမယ်၊ ထိုင်လိုက်ရမယ် ဘေးတန်းရမယ်"ဟူသော စပယ်ယာ၏အသံသည် သာယာနာပျော်ဖွယ် ရှိ၏။

ယခုလို ညနေစောင်း မြို့ထဲဘက် အသွားဆိုလျှင် အမြန်ကား ဆရာများ သဘောကောင်းလေ့ရှိသည်။ မှတ်တိုင်မှာလည်း ရပ်၏။ လိုက်မည့် သူက တားလျှင် မှတ်တိုင်မဟုတ်ဘဲလည်း ရပ်ပေး၏။

"လိုက်သူမရှိရင် မောင်း ဆရာရေ့"

မြန်ပါပေသည်။

တာမွေဈေးမှာတော့ နည်းနည်းကြာမည်ထင်၏။ သို့သော် မကြာပါ။ တာမွေဈေးမှတ်တိုင်တွင် ရပ်သည်နှင့်တစ်ပြိုင်နက်

"ဆွဲ ဆရာရေ နောက်ကား ကပ်ပါလာတယ်။ တစ်နေကုန် ကပ်လိုက်နေတာပဲ"

လှစ်ခနဲ ကျောက်မြောင်းဈေး ရောက်လာသည်ထင်ရ၏။

ခရီးသည်တစ်ယောက် တား၏။ ရပ်၏။

"ဘယ်ရောက်မလဲ"

"ဩော် အရေးထဲ၊ ဘယ်မှမရောက်ဘူး။ ဆွဲဆရာ နောက်က ကောင် နှာလန်ထ လူနာအမဲခြောက်တောင်းသလို လိုက်နေတယ်။ အပြတ် နင်းထား"

ကားဆောင့်ထွက်၏။ ဘယ်ရောက်မလဲ သိချင်သော ခရီးသည် ခမျာ ပါးစပ်ဟောင်းလောင်းနှင့် ကျန်ခဲ့သည်။ နောက်ကားက တင်ခဲ့သည်ကို မြင်လိုက်ရသည်။

မြင်ကွင်းတို့သည် ရိပ်ခနဲရိပ်ခနဲ ကျန်ရစ်ကြသည်။

"နင်းထား၊ သန့်သန့်ကလေး ဆွဲမယ်ဆရာ၊ သန့်သန့်ကလေး၊ အမြန်မောင်း၊ အမြန်တင်၊ အမြန်ချ၊ အမြန်ဆွဲ"

မောင်စိန်သောင်း အမြန်ကားစီးတိုင်း စိတ်နည်းနည်းညစ်ရသည်။

သို့သော် သူတို့ခမျာမှာလည်း အချိန်လု၍ ငွေရှာနေရတာပဲလေ။ ဘာထူးသလဲ၊ မောင်စိန်သောင်းကိုယ်တိုင်လည်း ငွေလိုပြီဆိုလျှင် အမြန်နှုန်းနှင့် စာရေးဖြစ်သည်ပဲ။ မှားသည် မှန်သည် သိပ်တွေးမနေ။ စိတ်ထဲရှိရာကို ရေးပစ် လိုက်၏။ ပြီးလျှင် အယ်ဒီတာထံ ပို့၏။ အယ်ဒီတာက မသင့်လျော်သည်ကို ဖြုတ်လိမ့်မပေါ့။ သို့မဟုတ် ပယ်လိမ့်မပေါ့။

တစ်ခါတလေကျ မောင်စိန်သောင်း ထုတ်ဝေသူများထံမှ ငွေကြိုတင်တောင်းလေ့ရှိသည်။ ပြီးတော့ ရက်ချိန်းကပ်လာလျှင် စာတွန်းရေးတော့သည်။ ဘာထူးလို့လဲ၊ မောင်စိန်သောင်းလည်း အမြန်ယာဉ်တစ်စီးပဲ။

*

အမြန်ကားသည် မြန်စွာပင် မြို့ထဲသို့ရောက်၏။ ၃၈ လမ်းဈေးထိပ်တွင် ဆင်းလိုက်သည်။ ရှေ့ကျလျှင် ကားက လသာလမ်းကျမှ ရပ်တော့မည်။

၃၈ လမ်းဈေးထိပ်တွင် အဆောက်အအုံတစ်ခု ဆောက်နေသဖြင့် ကျောက်စရစ်ပုံ အုတ်ခဲကျိုးပုံ စသည့် ဆောက်လုပ်ရေးပစ္စည်းများသည် အနော်ရထာလမ်းပေါ်အထိ ရောက်နေ၏။

ဈေးသည်များက ကျောက်စရစ်ပုံကိုလွန် အနော်ရထာလမ်းပေါ် တက်ရောင်းနေကြသည်။

အများအားဖြင့်တော့ ပန်းသည်များ။

ဈေးသည်များကို ကွေ့ရှောင်ရသည်။ တစ်ဖက်က ကားများကိုလည်း သတိထားနေရသေးသည်။

အနော်ရထာလမ်းအတိုင်း လျှောက်လာသောအခါ လမ်းဘေး၌ ပုံရောင်းသော ပစ္စည်းမျိုးစုံကို တွေ့ရသည်။ မနှင်းရည် မိန်းမပီပီ ပစ္စည်းများကို ဟိုကြည့်သည်ကြည့်လုပ်ရင်း လျှောက်လာ၏။ တစ်ခါတစ်ရံ ဈေးဝင်မေး၏။ ဝယ်တော့မဝယ်။

သို့နှင့် ရုပ်ရှင်ရုံရောက်သောအခါ ရုပ်ရှင်ကားက ပြနေပြီ။ ဆေထူးတန်း လက်မှတ်ကို တိုးနေကြသည်။

တစ်စုံတစ်ယောက်က မောင်စိန်သောင်းတို့၏ပုံပန်းကို ခန့်မှန်းမိဟန်ဖြင့် အနားကပ်လာ၏။

"ဒီစီ နှစ်စောင်ရမယ်။ ဒါပဲ ကျန်တော့တယ်"

"ဘယ်လောက်လဲ"

"ရှစ်ကျပ်"

မောင်စိန်သောင်း လက်မှတ်တိုးကြည့်ဦးမည် စိတ်ကူးသည်။ သို့သော် မလွယ်တော့။

"နှစ်စောင် ဆယ့်လေးကျပ် ရမလား"

"နှစ်စောင် ဆယ့်ငါးကျပ် မလျှော့ဘူး"

*

ရုပ်ရှင်ရုံက ပြန်အထွက်ကျတော့ မောင်စိန်သောင်းနှင့် မနှင်းရည်တို့ လက်ဖက်ရည်ဆိုင်တစ်ဆိုင် ဝင်ထိုင်ကြသည်။ တစ်ကျပ်ခွဲတန် လက်ဖက်ရည် သောက်၏။ မနှင်းရည် နှမြောနေဟန်ရှိသည်။ မုန့်မစား။

ဘတ်စ်ကားပေါ်တော့ တိုး၍မရနိုင်တော့ကြောင်း နှစ်ယောက်စလုံး စဉ်းစားမိသည်။ တွဲလောင်းတွေ၊ အတွယ်အတာတွေ လက်ချင်း မြဲမြဲတွဲထားကြသည်။

အမြန်ကား စပယ်ယာ၏ အော်သံ ကြားရပြန်သည်။

"သံယောဇဉ်လေးတွေရှိရင် လိုက်လို့ရတယ်"

မောင်စိန်သောင်း ရုတ်တရက် နားမလည်။

နောက်မှ သဘောပေါက်သွားသည်။ သံယောဇဉ်ဆိုသည်မှာလည်း အတွယ်အတာသဘောပဲမဟုတ်လား။ စပယ်ယာတို့၏စိတ်ကူးကို မောင်စိန်သောင်း သဘောကျသွားသည်။

တစ်ကျပ် သုံးဘီးကားဂိတ်သို့ လျှောက်သွား၏။ မလွယ်။ သုံးဘီး တစ်စီးကို လူဆယ်ယောက်ခန့် စုပြုံတိုးတက်နေကြသည်။

မောင်စိန်သောင်းနှင့် မနှင်းရည်တို့သည် ဟိုပြေးသည်ပြေး ဖြစ်နေကြ၏။ ဘယ်နေရာကမှ ကားပေါ်တက်၍ မလွယ်။

ရုပ်မြင်သံကြား ရောင်းသောဆိုင်ကို အမှတ်တမဲ့ ကြည့်လိုက်မိသည်။

နှစ်ယောက်စလုံး ကြည့်မိကြခြင်းဖြစ်၏။

မနှင်းရည် မောင်စိန်သောင်းကို လှည့်ကြည့်သည်။

မောင်စိန်သောင်းကလည်း မနှင်းရည်ကို လှည့်ကြည့်သည်။

မနှင်းရည် ပြုံးစပ်စပ်နှင့် ပြော၏။

"တီဗွီတစ်လုံးလောက် ဝယ်ရအောင်လား"

"ကောင်းသားပဲ ကြည့်လေ၊ ဘယ်အလုံးကြိုက်သလဲ။ ဖောစစ္စတမ် နိပ်မယ်ထင်တယ်။ တွမ်တီးအင်းချက်စ်ပေါ့"

မောင်စိန်သောင်းကလည်း ခပ်တည်တည် ပြော၏။

မနှင်းရည်က

"ကလေးတွေနဲ့၊ အဖေနဲ့၊ နှင်းရည်တို့နှစ်ယောက်နဲ့ မိသားစု နည်းနည်းလေးပဲ။ ဖော်တင်းအင်းချက်စ်ဆို တော်ရောပေါ့"

"ဟီး ဟီး"

မောင်စိန်သောင်း စပ်ဖြဲဖြဲလုပ်ပြ၏။

"နေရှင်နယ်နဲ့ တိုရှီဘား ဘယ်ဟာကြိုက်သလဲ"

"တော်ပါတော့၊ ဟိုမှာ သုံးဘီးတစ်စီး လာနေပြန်ပြီ"

အနားကပ်သွား၏။ သူတို့ထက်လျင်သောသူများက ကားပေါ် တိုးတက်လိုက်ကြသည်။

မောင်စိန်သောင်းနှင့် မနှင်းရည်တို့ ကျန်ရစ်ပြန်သည်။

တီဗွီရောင်းသောဆိုင်ဘက် တစ်ချက်ပြန်လှည့်ကြည့်သည်။

တီဗွီဆိုင်ရှေ့မှ ကလစ်ကလေးများ ရောင်းနေသော ပလက်ဖောင်း ဈေးသည်ကို တွေ့ရသည်။

နှစ်ယောက်စလုံး ပြိုင်တူသတိရသည်။

"သမီးဖို့ ကလစ်ကလေးတစ်ချောင်း ဝယ်သွားရဦးမယ်လေ"

မောင်စိန်သောင်းက ဦးအောင်ပြော၏။

မနှင်းရည် ကလစ်ဆိုင်ရှေ့ ရောက်နေပြီ။

ငါးမတ်တန်ကလစ်တစ်ချောင်း ဈေးဆစ်၍ ဝယ်ခဲ့သည်။

*

အိမ်ပြန်ရောက်တော့ ညဥ့် ဆယ်နာရီထိုးခါနီးပြီ။

သမီး ဝါနုသည် အိမ်ရှေ့ ကွပ်ပျစ်ပေါ်၌ အိပ်နေသည်။

အဖေနှင့် အမေကို စောင့်ရင်း အိပ်ပျော်သွားဟန်ရှိသည်။

သူ့အဘိုးက ပြောသည်။

"အိပ်ရာထဲ သွားအိပ်ပါဆိုတာ မရဘူး။ ဒီနားမှာ ခြင်ကိုက်ခံပြီး စောင့်နေတယ်။ မင်းတို့ကလည်း စောစောပြန်ရောပေါ့"

"ကားက မလွယ်ဘူး အဖေရ"

"ကလေးအတွက် မုန့်ပါသလား"

"သူမှာလိုက်တဲ့ ကလစ်တော့ ပါတယ်"

"နိုးပြီး ပေးမနေနဲ့တော့၊ အိပ်ရေးပျက်မယ်။ မနက်ကျမှ ပေး"

မောင်စိန်သောင်းသည် သမီး ဝါနုကိုပွေ့၍ အိပ်ရာထဲ ပို့၏။ ဆံပင် ကျဲကျဲကလေးများကို အသာအယာစု၍ ဝယ်လာသော ကလစ်ကလေး ညှပ်ပေးလိုက်သည်။

အိပ်မောကျနေသော သားအငယ်ကို နမ်း၏။

"ပြည်ထောင်စုပွဲကျရင်တော့ သမီးတို့ကို ကွင်းထဲလိုက်ပို့ရအောင် အစ်ကိုရယ်" ဟု မနှင်းရည်က ပြောသည်။

၁၉၈၄၊ မေ၊ ရှုမဝမဂ္ဂဇင်း

၀

# အကြံအဖန်

ယနေ့သည် တနင်္ဂနွေနေ့ ဖြစ်ပါသည်။

စနေနှင့် တနင်္ဂနွေ နှစ်ရက်လုံးသည် အများပြည်သူတို့၏ အလုပ်ပိတ်ရက်များ ဖြစ်ကြပါသည်။

မောင်စိန်သောင်းသည် စာရေးသူဖြစ်သောကြောင့် တနင်္ဂနွေသောဘာသောညာသော ဘာနေ့သော နေ့ဓာနာမိ ငါမသိ ဟူသော အစားထဲကဖြစ်ပါသည်။ မောင်စိန်သောင်း အလုပ်နားရက်ဟူ၍ သတ်သတ်မှတ်မှတ်မရှိပါ။ သူနားချင်သောနေ့တွင် နားပစ်လိုက်ပြီး မနားချင်သောအခါဆက်တိုက် အလုပ်လုပ်လေ့ရှိပါသည်။

"စနစ်မကျကြောင်းသိသော်လည်း စနစ်ကျအောင် မကြိုးစားခဲ့ချေ။ သူ၏ ချွတ်ယွင်းချက်ဟု ဆိုချင်လျှင် ဆိုနိုင်ပါသည်။

ဤတနင်္ဂနွေနေ့၌ မောင်စိန်သောင်းသည် နံနက်ရှစ်နာရီခန့် အိပ်ရာမှနိုး၏။ သို့သော် အိပ်ရာထဲမှ မထွက်သေး။ လူးလွန့်လူးလွန့်လှုပ်ရှားလိုက်သည်။

မောင်စိန်သောင်း နိုးနေမှန်း သိပြီးဖြစ်သော မနှင်းရည်က ကလေးနှစ်ယောက်နှင့် အလုပ်ရှုပ်နေရာမှ ပြော၏။

"အစ်ကိုရေ သားက သန်ချပြီးစဖို့နဲ့တူပါရဲ့၊ နည်းနည်းနုံးနေတယ်"

"အေး အင်း အင်းလေ၊ အားဆေးတိုက်တယ်မဟုတ်လား"

"ဆရာဝန်ပေးတဲ့အားဆေးတော့ တိုက်ထားပါတယ်။ ဒါပေမဲ့ ကလေးက နည်းနည်းတော့ ပျော့သလိုပဲ အစ်ကိုရယ်"

"သန်ချထားတော့ နည်းနည်းတော့ ပျော့နေမှာပေါ့ကွာ"

"အင်း ဟိုဘက်အိမ်က အောင်အောင်ကြီးလည်း သန်ချပြီးမသည်လိုပဲတဲ့။ ဘားပလက်အရည် တိုက်ရသတဲ့"

"အေးပေါ့ကွာ၊ တော်ကြာ နေကောင်းသွားမှာပါ"

မောင်စိန်သောင်း၏သမီးအကြီး ဝါနုသည် ပဲပြုတ်နှင့် ထမင်းကြမ်း စားခြင်းကို လက်စသတ်နေ၏။

"ဖေဖေ ပဲပြုတ်ထမင်း ကောင်းတယ်၊ စားပါလား"

"အေးအေး"

မျက်နှာသစ်ပြီး သမီး၏ပန်းကန်ထဲ၌ပင် ပဲပြုတ်ထမင်း ထည့်၍ စားလိုက်သည်။

ပြီးတော့ သတင်းစာ ထိုင်ဖတ်နေသည်။ ခဏနေလျှင် စာကလေး တစ်ပုဒ်လောက် ရေးဦးမှဟု စိတ်ကူးနေ၏။

သူ့အလုပ်က စာရေးခြင်းမဟုတ်လား။ စာရေးဖို့ ဆိုတာက စိတ်ကူး ရသေးသည်။ ဤသည်ကိုပင် အကြောင်းပြ၍ စာရေးဖို့ စိတ်ကူးနေတာဆိုပြီး အိမ်အလုပ် မလုပ်ဘဲ ထိုင်ထိုင်နေတတ်သည်။ တစ်ခါတလေကျ လဲလျောင်း စိတ်ကူးရင်း အိပ်ပျော်သွားတတ်သည်။ သူ့အကြောင်းပြချက်ကတော့ စာရေးဖို့ စိတ်ကူးရင်း အိပ်ပျော်သွားတတ်တယ်ပေါ့။

မောင်စိန်သောင်း အရှေ့အလယ်ပိုင်းသတင်းကို စဖတ်၏။ ဒီမံကိန်းဝင်အကြောင်းအရာတစ်ခုခု အောင်မြင်ခြင်းကို ရေးသားရန် စဉ်းစား နေသည်။

"အစ်ကို သမီးဆံပင် ညှပ်ပေးရဦးမယ်လေ"

မနှင်းရည် သတိပေးမှ နွေနှောင်းကာလတုန်းက ဆံပင်ရိတ်ပေး ထားသဖြင့် ခေါင်တုံးပြောင်နေရာမှ ဆံပင်လက်မဝက်လောက် ပေါက်နေပြီ ဖြစ်သော သမီးကြီးကို ဆံပင်ညှပ်ပေးရန် သတိရ၏။

သမီးကို လက်ဆွဲလျက် ဆံသဆိုင်ဘက်သို့ ထွက်ခဲ့၏။

"သားကိုပါ ခေါ်သွားပါလား၊ ဒီမှာ ဟင်းချက်တုန်းတန်းလန်းနဲ့မို့"

မနှင်းရည်က သားကိုပါ ထည့်လိုက်သဖြင့် မောင်စိန်သောင်း သားငယ်ကိုပါ ခေါ်ခဲ့ရ၏။

"ဖေဖေ မုန့်စားမယ်"

သားငယ်က အော်၏။ အိတ်ကပ်ထဲမှာ ဆံပင်ညှပ်ခအပြင် အကြွေ နည်းနည်းသာ ပါ၏။

ဆီးယိုတစ်ထုပ် ဝယ်ကျွေးလိုက်သည်။

ပိုက်ဆံပေးလိုက်ပြီးမှ သူ့အိတ်ထဲမှာ အပိုသုံးငွေ နည်းနေပြီ ဖြစ်ကြောင်း သတိရ၏။

မနှင်းရည်က အသုံးအစွဲ ကျစ်လျစ်သဖြင့် မောင်စိန်သောင်းကို ငွေပိုငွေလျှံ သိပ်ပေးမထား။ လက်ဖက်ရည်ဖိုးလောက် ဆေးလိပ်ဖိုးလောက် သာ မောင်စိန်သောင်း၌ အပိုသုံးရှိ၏။

ခုတလော မောင်စိန်သောင်း အဖိုးတန်ကလေးများ စားချင် သောက်ချင်နေသည်။ ဘာက ဘယ်လို တောင့်တနေသည်မသိ။ ချောကလက် အကောင်းစား မြို့ပြီး လက်ဖက်ရည်ကျကျကလေး သောက်ချင်နေသည်။ ချောကလက်ဈေးကလည်း မသေး။ ပြီးတော့ လက်ဖက်ရည်ကောင်းကောင်း ဆိုလျှင် တစ်ခွက် နှစ်ကျပ်၊ လစ်ပတန်တီးဆိုလျှင် နှစ်ကျပ်ခွဲ။

စာမူခတွေလည်း မရသေး။ သည်တော့ အိတ်ကပ်ထဲမှာ အပိုသုံးငွေ နည်းပါးနေ၏။

ကလေးကို ဆံပင်ညှပ်ရန် စောင့်ရင်း မောင်စိန်သောင်းသည် ရပေါက် ရလမ်းများကို စဉ်းစားနေ၏။ သူ့ဇနီး မနှင်းရည်ထံမှ ဈေးဖိုးထဲက တောင်း တောင်းသုံးနေသည်မှာ ယခုတစ်ပတ် နှစ်ပတ်အတွင်း နည်းနည်းများနေပြီ ဖြစ်သောကြောင့် ထပ်တောင်း၍ ရနိုင်မည်မဟုတ်ကြောင်း သူသိထားသည်။ မနှင်းရည်သည် စီးပွားရေးဘွဲ့ရမို့ စာရင်းအင်း ပိုင်သည်။

အခြား ဘယ်နေရာမှာ ရစရာရှိပါလိမ့်။

စဉ်းစားစမ်း၊ စဉ်းစားစမ်း၊ ခေါင်းက ဒီနေရာမျိုးမှာ သိပ်မကောင်း။ ရပေါက်ရလမ်းကို တော်တော်နှင့် စဉ်းစား၍ မရ။

ထုတ်ဝေသူထံမှ ထပ်တောင်းလျှင် ရနိုင်ကောင်းသည်။ သို့သော် ထုတ်ဝေသူထံမှရသော ငွေသည် မနှင်းရည်၏ဝင်ငွေစာရင်း လယ်ဂျာထဲ ရောက်သွားပြီးလျှင် ပြန်အထွက် ခက်လှ၏။

ကြားပေါက်ဆိုသည်မှာလည်း မောင်စိန်သောင်းလို စာရေးစားသူ အဖို့ မရှိ။ မဂ္ဂဇင်း စာမူခများမှာလည်း လဆန်းမှ ရမည်။

လက်ငင်းငွေချေစနစ်အသုံးပြုသော စာအုပ်ထုတ်ဝေသူ တချို့တော့ ရှိသည်။ သူတို့က စာမူများကို စာပေစိစစ်ရေး တင်၊ စိစစ်ရေးက ခွင့်ပြုမှ ထုတ်သော မှုခင်း၊ သုတ အစရှိသော စာစောင်များဖြစ်သည်။ ပထမပိုင်းက လက်ငင်းငွေချေသော်လည်း နောက်ကျတော့ စိစစ်ရေးက စာမူကျမှ ငွေပေး တော့သည်။ တချို့လည်း စာအုပ်ထွက်မှ ပေးကြသည်။

သူငယ်ချင်းတွေဆီက နည်းနည်းပါးပါး ချေးလို့ရနိုင်မည်။ သို့သော် သူငယ်ချင်းအများစုမှာလည်း သူလိုကိုယ်လိုချည်း။ မောင်စိန်သောင်း ခေါင်း တကုတ်ကုတ်နှင့် စဉ်းစားနေစဉ်မှာပင် သမီးကို ဆံပင်ညှပ်၍ ပြီး၏။

*

အိမ်ပြန်ရောက်သောအခါ ဝမ်းမြောက်ဖွယ်သတင်းတစ်ခုက ကြိုဆိုနေ လေသည်။

"အစ်ကိုရေ အစည်းအဝေးသွားရမယ်နော်"

ဟု မနှင်းရည်က ပြောသောအခါ မောင်စိန်သောင်း နည်းနည်း အင်တင်တင်ဖြစ်သွားသေးသည်။

သို့ရာတွင် မနှင်းရည်က အစိတ်တန် လေးရွက်ကို ထုတ်၍ "ဒါ အစည်းအဝေးသွားရင် ယူသွားဖို့" ဟု ပြောလိုက်သောအခါ မောင်စိန်သောင်း ဝမ်းမြောက်သွားလေသည်။

ဟုတ်သားပဲ။ တမြန်နေ့က အရပ်ထဲမှ အစည်းအဝေးဖိတ်စာတစ်ခု ရောက်လာသည်။ 'ဖိတ်စာနှင့်အတူ ကုန်ပစ္စည်းဝယ်ခွင့်ပြုမည်' ဟူသော အကြောင်းကြားချက်လည်း ပါလာသည်။

"အစည်းအဝေး ဘယ်အချိန်လဲ"

"၁၂ နာရီမှပါ။ ဒါပေမဲ့ ထမင်းစား၊ စားပြီးရင် သွားတော့"

"စောပါသေးတယ်"

"အို ကိုယ်က ကြိုရောက်တော့ ကောင်းတာပေါ့"

"ရေလေး ချိုးပါရစေဦး"

"ချိုးချိုး၊ ချိုးပြီးရင် ထမင်းစား၊ အဝတ်အစားလဲ။ သပ်သပ်ရပ်ရပ် ဝတ်သွား။ လူကြီးတွေနဲ့ တွေ့ရမှာ"

"အေးပါ"

"ဒီမယ်၊ ဟိုကပေးတဲ့ပစ္စည်းအားလုံး ထုတ်ခဲ့နော်"

"အေးပါ"

"ဘောက်ချာပြန်ယူခဲ့"

"အေးပါ"

ဘောက်ချာပြန်ယူခဲ့ ဆိုသည်မှာ မနှင်းရည်က ပေးလိုက်သော ပိုက်ဆံနှင့် ကုန်ကျငွေ၊ ပြန်အပ်ငွေ အစရှိသည်တို့ကို စစ်ဆေးရန်ဖြစ်ကြောင်း မောင်စိန်သောင်းကလည်း သူ့အကွက်နှင့် သူ သိပြီးသား။

*

အိတ်ကပ်ထဲ၌ ပိုက်ဆံတစ်ရာရှိနေသဖြင့် မောင်စိန်သောင်း မြောက်ကြွ မြောက်ကြွ ဖြစ်နေသည်။

ဘတ်စ်ကားသည် တနင်္ဂနွေနေ့မို့ ချောင်မလား အောက်မေ့သည်။ မချောင်။ မောင်စိန်သောင်း အိတ်ကပ်ထဲက ပိုက်ဆံကို ဂရုတစိုက်ထိန်းသိမ်း၍ နှစ်မှတ်တိုင်မျှသာဝေးသော အစည်းအဝေး ကျင်းပရာသို့ လာခဲ့သည်။

အစည်းအဝေးခန်းမသို့ရောက်သောအခါ စောနေသေးကြောင်း သိရသည်။ လူကြီးတစ်ယောက်သာ ရောက်သေး၏။ မျက်မှန်ထူထူတပ်လျက် စာငုံ့ဖတ်နေသည်။

မောင်စိန်သောင်းသည် နီးရာ လက်ဖက်ရည်ဆိုင်တွင် ဝင်ထိုင် လိုက်သည်။ သက်သာလက်ဖက်ရည်ဆိုင်ဖြစ်သောကြောင့် လက်ဖက်ရည် တစ်ခွက် တစ်ကျပ်နှင့်ရသည်။

အစည်းအဝေးသို့ တဖွဲဖွဲရောက်ရှိလာကြသည်။ အရပ်ထဲမှ မျက်နှာသိများပင်ဖြစ်သောကြောင့် တစ်ယောက်ကိုတစ်ယောက် အပြုံး များဖြင့် နှုတ်ဆက်ကြသည်။

တစ်ယောက်သောမိတ်ဆွေက မောင်စိန်သောင်းနားသို့ လာထိုင်ပြီး တိုးတိုးကပ်မေးသည်။

"ဘာပေးမှာတဲ့လဲဗျ" တဲ့။

မောင်စိန်သောင်းလည်း ထိုကိစ္စကိုပင် သိချင်နေသည်။ သို့ရာတွင် သူလည်း မသိ၊ ခေါင်းခါလိုက်သည်။ အစည်းအဝေး စပြီ။ တာဝန်ရှိသော ပုဂ္ဂိုလ်များက အသီးသီး မိန့်ခွန်းပြောကြ၏။

အစည်းအဝေးတက်ကြောင်း လက်မှတ်ထိုးသောနေရာသို့ မောင် စိန်သောင်း မသွားဖြစ်။

တစ်ယောက်က လာပြောသည်။

"ကိုစိန်သောင်း၊ ခင်ဗျားလက်မှတ်ရေးပြီလား"

"ဟင့်အင်း ဘာလက်မှတ်လဲ"

"ဘားပလက်တို့ ဘာတို့လေ"

"ဘယ်မှာ ပေးနေလို့လဲ"

"ခင်ဗျား လက်မှတ်သွားထိုးလေဗျာ၊ ဟိုမှာ"

ထောင့်တစ်ထောင့်မှာ အသင်းလူကြီးတစ်ယောက်က စာရင်းစာရွက်နှင့် ထိုင်နေသည်။

မောင်စိန်သောင်း လက်မှတ်သွားထိုးသည်။ အစည်းအဝေးတက်သူများ လက်မှတ်ထိုးရန်ဖြစ်သည်။

မောင်စိန်သောင်းအတွက် ကုန်ဝယ်ခွင့်လက်မှတ်ကလေးနှစ်ခုပေးလိုက်သည်။ တစ်ခုက အိမ်သုံးဆေးပစ္စည်းဝယ်ရန် ခွင့်ပြုသော စာရွက်ကလေးဖြစ်သည်။ နောက်တစ်ခုက လုံချည်၊ ပိတ်စ၊ ထဘီ အစရှိသည့် အထည်အလိပ်များ ဝယ်ခွင့်ဖြစ်သည်။

အစည်းအဝေးတွင် လူကြီးများက လုပ်သင့်လုပ်အပ်သော ကိစ္စများကို ဆောင်ရွက်ကြသည်။ ပြောကြားကြသည်။ မောင်စိန်သောင်းနားထောင်နေသော်လည်း စိတ်က ဈေးစာရင်း တွက်နေသည်။

ဆေးပစ္စည်းများက ကျလှလျှင် အစိတ်ပေါ့။ အထည်အလိပ်များကအဲ မသိ။ နှစ်မျိုးပေါင်း ခုနစ်ဆယ်လောက်သာ ကျပါစေဟု ဆုတောင်းရသည်။

*

အစည်းအဝေး ပြီးပြီ။

မောင်စိန်သောင်းတို့တစ်တွေ ကုန်ပဒေသာဆိုင်သို့ ချီတက်ကြသည်။ ဆိုင်ပိတ်ထားသည်။ တနင်္ဂနွေနေ့ပေကိုး။

ဆေးဆိုင်သို့သွားသည်။ တော်ပါသေးရဲ့။ မောင်စိန်သောင်းတို့အရပ်ရှိ ဆေးပစ္စည်းဆိုင်က တနင်္ဂနွေနေ့ ဖွင့်သည်။

ဘားပလက်အရည် တစ်ပုလင်း၊ ကော်မိုင်သာဇင် ချောင်းဆိုးပျောက်ဆေး၊ ပရုတ်ဆီ အစရှိသည့် အိမ်သုံးဆေးဝါးပစ္စည်းများ ဝယ်ခွင့်ရသည်။ ဆယ့်လေးကျပ်ကျော်ကျော်လေး ကျသည်။

ဆိုင်နှင့်မလှမ်းမကမ်းရောက်တော့ "ရောင်းမလား အစ်ကိုကြီး"ဟု အမျိုးသမီးတစ်ယောက်က မေးသည်။

မောင်စိန်သောင်း ခေါင်းခါလိုက်သည်။ မြို့ထဲသို့ ထွက်ခဲ့၏။

မောင်စိန်သောင်း သူငယ်ချင်းတစ်ယောက်သည် 'ရောင်းတယ်၊ ဝယ်တယ်' လုပ်နေသည်။ သူ့ထံသွား၏။ မောင်စိန်သောင်း၏အကြံက သူ့ပစ္စည်းများကို သွားသွင်းရန် မဟုတ်ပါ။ ဝယ်ရန်ဖြစ်ပါသည်။ ပြည်သူ့ကုန်တိုက်များ၊ ပြည်သူ့ဆိုင်၊ သမဝါယမဆိုင်များမှ ထုတ်ပေးသော ရှားပါးကုန်ပစ္စည်းများနှင့်တွဲလျက် ရောင်းချပေးသည့် အရောင်းထိုင်း ကုန်ပစ္စည်းတချို့ကို အပြင်မှာ ဈေးလျှော့၍ ပြန်ရောင်းတတ်ကြသည်။

မောင်စိန်သောင်းက ပြည်သူ့ဆိုင်ဈေးထက် လျော့သော ပစ္စည်းအချို့ကို ဝယ်ပစ်လိုက်သည်။

*

"ဟင် အစ်ကို၊ ဒါတွေ ကုန်တိုက်မှာ ရသားနဲ့။ ပြီးတော့"

"နေပါဦးလေကွာ"

မောင်စိန်သောင်းသည် မနှင်းရည်အား ရှားပါးဆေးများကို မပြသေး၊ အထည်အလိပ်ဝယ်ခွင့် စာရင်းစာရွက်ကိုလည်း မပြသေး။ အထည်အလိပ်စာရင်းထဲတွင် ကံကောင်းထောက်မစွာ ကလေးအနီးလုပ်၍ ရနိုင်သော ပိတ်စ နှစ်ကိုက် ပါလာသည်။

မောင်စိန်သောင်းက ဘားပလက်အရည်နှင့် ကော်မိုင်သာဇင် ချောင်းဆိုးပျောက်ဆေးကို ထုတ်ပြလိုက်သည်။ ပြီးတော့ အထည်အလိပ်ဝယ်ခွင့်။

မနှင်းရည် ဝမ်းသာသွား၏။

ကလေးများကို ဘားပလက်ရည် မတိုက်ရသည်မှာ ကြာပြီ။ ထမင်းရည်ချည်း တိုက်နေ၏။ မောင်စိန်သောင်းကလည်း 'ဘားပလက်နဲ့ ထမင်းရည် အတူတူပဲ' ဟု ပညာပေးထားသည်။

'ကော်မိုင်သာဇင်နဲ့ ဘုန်းကြီးဘိုးလှျာပွတ်ဆေး အတူတူပဲ' ဟု ဖြီးထားသည်။

မနှင်းရည်သည် ရှားပါးဆေးနှစ်မျိုးကို တွေ့သည်နှင့် အခြား အခြားသော ပစ္စည်းများကို မေ့သွားသည်။

သို့ရာတွင် ခဏနေတော့ စာရင်းတွက်ကြည့်သည်။

မောင်စိန်သောင်းပြန်အပ်သော ငွေနှင့် ပစ္စည်းစာရင်းမှာ အံကိုက်ပင် ဖြစ်သည်။

သို့ရာတွင် မောင်စိန်သောင်းသည် သူငယ်ချင်းထံမှ ဈေးပေါပေါနှင့် ဝယ်လာပြီး သူ့မိန်းမကို သူ ပြန်၍ ဈေးတင် စာရင်းပြထားခြင်းကို မနှင်းရည် မသိပေ။

ထို့အပြင် ပိုထွက်လာသော ငွေထဲမှ မောင်စိန်သောင်း ကြက်ဥ ပေါင်းနှင့် လစ်ပတန်တီးနှင့်၊ ရွှေဒင်္ဂါး ချောကလက်နှင့်၊ ငါးသုံးလုံး စီးကရက် တစ်လိပ် တစ်ကျပ်ခွဲနှင့်၊ အိန္ဒိယ ဖာလာ ကွမ်းတစ်ရာ ငါးမူးဖိုးနှင့် သူဌေးဂိုက် ဖမ်းပြီး (သူငယ်ချင်းများကို ရှောင်၍) စားသောက်ခဲ့ခြင်းကို မနှင်းရည် မသိပေ။ သူရခဲ့သော စီးပွားရေးဘွဲ့တွင် စာရင်းလိမ်နည်း မပါဟု ထင်ရ၏။ သို့သော် မောင်စိန်သောင်းကား လိမ်စရာမရှိ ကိုယ့်ပေါင် ကိုယ်ပြန်လိမ် တတ်သော အမျိုးအစားပေတကား။

၁၉၈၄၊ အောက်တိုဘာ၊ ပန်မဂ္ဂဇင်း

ဝ

## ဘတ်စ်ကားမှတ်တိုင်

မောင်စိန်သောင်းသည် ဘတ်စ်ကားဂိတ်၌ စောင့်လျက်ရှိ၏။

ညနေ လေးနာရီခွဲခန့်ရှိပြီ။ အမှန်အတိုင်းဆိုမူ မောင်စိန်သောင်းသည် ဘတ်စ်ကားစီး၍မပြန်ဘဲ သုံးဘီးတစ်ကျပ်ကားကို တာမွေထိ စီး။ တာမွေမှ တစ်ဖန် သုံးဘီးထပ်စီးလျှင် သဃ်ာန်းကျွန်းသို့ ရောက်နိုင်၏။ သို့ရာတွင် တစ်ကျပ် သုံးဘီးတို့သည်လည်း ဤအချိန်မျိုး၌ သိပ်မချောင်။

ရုံးဆင်းချိန်မှစပြီး သွားရေးလာရေးသည် 'ခက်တော့ ခက်သား' ဖြစ်၏။

မောင်စိန်သောင်းလည်း ရုံးဆင်းချိန်အတိုင်း အိမ်ပြန်မည်ဟု ဆုံးဖြတ်ပြီး လေးနာရီခွဲခန့်တွင် ဘတ်စ်ကားမှတ်တိုင်သို့ ထွက်လာခဲ့ခြင်း ဖြစ်၏။

သုံးဘီးဂိတ်ကို ပထမ ကြည့်လိုက်သေးသည်။ သို့သော် သုံးဘီးကား စီးမည့်သူများမှာလည်း ထုနှင့် ထည်နှင့် စောင့်နေကြ၏။ သုံးဘီးကား ဆိုက်လာလျှင် အလုအယက် တိုးဝှေ့တက်ကြ၏။ ဘတ်စ်ကား တိုးတက်ရသည်နှင့် ဘာမျှမထူး။ ပြီးတော့ ယှဉ်၍ တိုးဝှေ့ရမည့်သူများမှာ မိန်းမသား

အသေးလေးပေါ်တွင် တွယ်ကပ်ထိုင်စီးနိုင်ရန် လူ လေးငါးယောက် ပြုံ၍တိုးနေကြရသည်။ လိုက်သွားရတော့ တစ်ယောက်။ ကျန်ရစ်ခဲ့သည်မှာ လေးငါးယောက်။ သည်ကြားထဲ တောင်းနှင့် ဆွဲခြင်းနှင့် အမျိုးသမီးတချို့မှာ မှိုင်တွေလျက် ရှိကြသည်။

အမျိုးသမီးတစ်ယောက်ကတော့ လက်ဆွဲခြင်းတောင်းနှစ်ခုနှင့် မှတ်တိုင်နှင့် မလှမ်းမကမ်းနေရာတွင် အခန့်သား စောင့်နေသည်။

မည်သည့်ကားကိုမှ တိုးတက်ရန် မကြိုးစား။

မောင်စိန်သောင်းသည် ထိုအမျိုးသမီးကို မှတ်မိသလိုလိုရှိ၏။

တဖြည်းဖြည်း စဉ်းစားကြည့်သောအခါ ရေးရေးပေါ်လာသည်။

လွန်ခဲ့သော သုံးလေးနှစ်က မောင်စိန်သောင်းသည် ထိုအမျိုးသမီးကို နောက်ယောင်ခံ၍ လိုက်ကြည့်ဖူးသည်။

အခြားအကြောင်း အထွေအထူးရှိ၍မဟုတ်ပါ။ အမျိုးသမီးက လှသည်။ အသက်တော့ နည်းနည်းကြီးပြီ။ မောင်စိန်သောင်းတို့အရွယ် အသက် လေးဆယ်ဝန်းကျင်ရှိပြီ။ သို့ရာတွင် အမျိုးသမီး၏အချိုးအဆက်က ကောင်း၏။ ဝတ်စားဆင်ယင်ပုံလည်း ခေတ်မီသည်။ ပြင်တတ်ဆင်တတ်သည်။

ဟိုးလွန်ခဲ့သော သုံးလေးနှစ်က မောင်စိန်သောင်းသည် ထိုအမျိုးသမီးအား ကြည့်ကောင်းကောင်းနှင့် လိုက်ကြည့်ဖူးသည်။ သူသွားလျှင် သွားခြင်း၊ ရပ်လျှင် ရပ်ခြင်း၊ စောင့်လျှင် စောင့်ခြင်း အစရှိသဖြင့် အရိပ်သဖွယ် လိုက်ကြည့်ခဲ့ဖူး၏။ အမျိုးသမီးကလည်း မောင်စိန်သောင်း သူ့နောက် လိုက်နေသည်ကို သိဟန်တူသည်။ ပထမ အစမ်းသဘော ဟိုကွေ့ဒီကောက် လျှောက်သွားသည်။

မှတ်မိပါသေးသည်၊ မောင်စိန်သောင်းက ပန်းဆိုးတန်း ဘတ်စ်ကားမှတ်တိုင်မှ သူ့ကို လိုက်ကြည့်ခဲ့သည်။ အမျိုးသမီးက ပန်းဆိုးတန်းမှတ်တိုင်တွင် ကားရပ်စောင့်နေသကဲ့သို့ ပြုသည်။ ပြီးတော့ လွှစ္စလမ်းထိပ်ကို လျှောက်၏။

အသေးလေးပေါ်တွင် တွယ်ကပ်ထိုင်စီးနိုင်ရန် လူ လေးငါးယောက် ပြုံ၍ တိုးနေကြရသည်။ လိုက်သွားရတော့ တစ်ယောက်။ ကျန်ရစ်ခဲ့သည်မှာ လေးငါးယောက်။ သည်ကြားထဲ တောင်းနှင့် ဆွဲခြင်းနှင့် အမျိုးသမီးတချို့မှာ မှိုင်တွေလျက် ရှိကြသည်။

အမျိုးသမီးတစ်ယောက်ကတော့ လက်ဆွဲခြင်းတောင်းနှစ်ခုနှင့် မှတ်တိုင်နှင့် မလှမ်းမကမ်းနေရာတွင် အခန့်သား စောင့်နေသည်။

မည်သည့်ကားကိုမှ တိုးတက်ရန် မကြိုးစား။

မောင်စိန်သောင်းသည် ထိုအမျိုးသမီးကို မှတ်မိသလိုလိုရှိ၏။

တဖြည်းဖြည်း စဉ်းစားကြည့်သောအခါ ရေးရေးပေါ်လာသည်။

လွန်ခဲ့သော သုံးလေးနှစ်က မောင်စိန်သောင်းသည် ထိုအမျိုးသမီးကို နောက်ယောင်ခံ၍ လိုက်ကြည့်ဖူးသည်။

အခြားအကြောင်း အထွေအထူးရှိ၍မဟုတ်ပါ။ အမျိုးသမီးက လှသည်။ အသက်တော့ နည်းနည်းကြီးပြီ။ မောင်စိန်သောင်းတို့အရွယ် အသက် လေးဆယ်ဝန်းကျင်ရှိပြီ။ သို့ရာတွင် အမျိုးသမီး၏အချိုးအဆက်က ကောင်း၏။ ဝတ်စားဆင်ယင်ပုံလည်း ခေတ်မီသည်။ ပြင်တတ်ဆင်တတ်သည်။

ဟိုးလွန်ခဲ့သော သုံးလေးနှစ်က မောင်စိန်သောင်းသည် ထိုအမျိုးသမီးအား ကြည့်ကောင်းကောင်းနှင့် လိုက်ကြည့်ဖူးသည်။ သူသွားလျှင် သွားခြင်း၊ ရပ်လျှင် ရပ်ခြင်း၊ စောင့်လျှင် စောင့်ခြင်း အစရှိသဖြင့် အရိပ်သဖွယ် လိုက်ကြည့်ခဲ့ဖူး၏။ အမျိုးသမီးကလည်း မောင်စိန်သောင်း သူ့နောက်လိုက်နေသည်ကို သိဟန်တူသည်။ ပထမ အစမ်းသဘော ဟိုကွေ့ဒီကောက် လျှောက်သွားသည်။

မှတ်မိပါသေးသည်၊ မောင်စိန်သောင်းက ပန်းဆိုးတန်း ဘတ်စ်ကားမှတ်တိုင်မှ သူ့ကို လိုက်ကြည့်ခဲ့သည်။ အမျိုးသမီးက ပန်းဆိုးတန်းမှတ်တိုင်တွင် ကားရပ်စောင့်နေသကဲ့သို့ ပြုသည်။ ပြီးတော့ လွှစ္စလမ်းထိပ်ကို လျှောက်၏။

ထို့နောက် လွှစ္စလမ်းထဲ ချိုးသည်။ ထိုမှတစ်ဖန် ကုန်သည်လမ်းကို ပြန်ကွေ့သည်။ ၎င်းနောက် ၃၈ လမ်းထဲသို့ ဝင်သည်။ ပြီးတော့ ပန်းဆိုးတန်း မှတ်တိုင်ဆီ ပြန်လျှောက်၏။

မောင်စိန်သောင်းကလည်း အမျိုးသမီးနောက် မလှမ်းမကမ်းမှ လိုက်၏။

တစ်နေရာတွင် အမျိုးသမီးသည် ရပ်၏။ ထိုနေရာနှင့်မနီးမဝေး၌ မောင်စိန်သောင်း ရပ်၏။

ကွမ်းယာဆိုင်တစ်ဆိုင်မှာ အမျိုးသမီးက သကြားလုံး ချိုချဉ်များ ဝယ်သည်။ မောင်စိန်သောင်းက ထိုကွမ်းယာဆိုင်သို့ဝင်ပြီး ဆေးပေါ့လိပ် ဝယ်သည်။

အမျိုးသမီးက ငဲ့ကြည့်၏။ မောင်စိန်သောင်း ဘာမှမဆိုင်သလို နေ၏။ အမျိုးသမီးသည် မျက်နှာထားကိုတင်းပြီး ဆက်ထွက်သွားသည်။ မောင်စိန်သောင်းကလည်း ဆက်လိုက်ခဲ့သည်။

ဤသို့နှင့် သူတို့နှစ်ယောက် ပန်းဆိုးတန်း ကားမှတ်တိုင်သို့ ပြန်ရောက်ကြသည်။

ထိုအချိန်တွင် ဘတ်စ်ကားသည် သိပ်မကျပ်တော့။ ထို့ကြောင့် နှစ်ယောက်စလုံး ဘတ်စ်ကားတစ်စီးပေါ် အတူတက်ကြ၏။ အမှန်ကမူ ထိုအမျိုးသမီးတက်သော ဘတ်စ်ကားကို မောင်စိန်သောင်းက လိုက်၍ တက်ခြင်းဖြစ်သည်။ ပြီးတော့ မောင်စိန်သောင်းသည် အမျိုးသမီးနားသို့ တိုးကပ်ခဲ့၏။ အမျိုးသမီးတစ်ယောက်တည်းမို့ မောင်စိန်သောင်းသည် နည်းနည်းသတ္တိရှိခဲ့၏။

လူက သိပ်မကျပ်သဖြင့် အမျိုးသမီးနားသို့ သိပ်မတိုးဖြစ်။ အမျိုးသမီးကလည်း မောင်စိန်သောင်း သူ့နောက် ကပ်လိုက်ခဲ့ကြောင်း သိသဖြင့် သတိနှင့် နေနေသည်ထင့်။

ဘတ်စ်ကားတို့၏ ထုံးစံအတိုင်း မကြာမီ လူကျပ်လာ၏။ မောင်စိန်သောင်း အမျိုးသမီးနားသို့ တိုးကပ်လိုက်သည်။ ဘယ်လိုမှ မတတ်နိုင်ပါ။ တမင်ဖန်တီးတာမဟုတ်ပေမဲ့ တမင်ဖန်တီးသကဲ့သို့ ဖြစ်သွားပါသည်။

မောင်စိန်သောင်းနှင့် ထိုအမျိုးသမီးတို့ ကိုယ်ခန္ဓာချင်း ပူးကပ်ထိတွေ့မိကြသည်။ မောင်စိန်သောင်းက သူ့ကိုယ်ကို တစောင်းအနေအထားဖြစ်အောင် ကြိုးစားရပ်၏။ အမျိုးသမီးနှင့် ဘေးချင်းယှဉ်လျက်ဖြစ်အောင် ကြိုးစားသည်။ သို့ရာတွင် လူက ကျပ်သထက် ကျပ်လာသဖြင့် ကိုယ်လုံးချင်း ဖိညှပ်နေကြတော့သည်။

အမျိုးသမီးက မောင်စိန်သောင်းဘက် လှည့်ကြည့်သည်။ မောင်စိန်သောင်းကလည်း အမျိုးသမီးကို ငုံ့ကြည့်၏။ အမျိုးသမီးက မျက်စောင်းလှည့်လှည့်ထိုးသည်။ မောင်စိန်သောင်းက မသိဟန်ဆောင်၏။ တံတောင်နှင့် မသိမသာ ထိုး၏။ မောင်စိန်သောင်း မသိချင်ဟန်ဆောင်၏။

လူတွေက တိုးသထက်တိုးလာကြသည်။ မောင်စိန်သောင်းလည်း မသိချင်ဟန်ဆောင်၍ ဆက်တိုးသည်။ အမျိုးသမီးကလည်း မောင်စိန်သောင်းဘက်သို့ ပြန်တိုးသည်။ တစ်ယောက်နှင့်တစ်ယောက် အသားချင်းထိလွန်းမက ထိနေကြပြီ။ မောင်စိန်သောင်း၏ရင်ခွင်ထဲတွင် အမျိုးသမီး၏ လက်မောင်းအိုးက ဖိကပ်နေ၏။

မကြာမီ အမျိုးသမီးသည် လူးလွန့်တိုးထွက်၏။ ရှေ့မှတ်တိုင်တွင် ဆင်းတော့မည်ဖြစ်ကြောင်း သေချာသွားသည်။

မောင်စိန်သောင်းလည်း တိုးထွက်ခဲ့သည်။

မှတ်တိုင်တစ်တိုင်မှာ အတူတူဆင်းသည်။

မအူကုန်းလမ်းကျယ်မှတ်တိုင်။

မှတ်တိုင်ဘေးနားပတ်ဝန်းကျင်တွင် လူပြတ်၏။ မှတ်တိုင်မှာတော့ လူတွေရှိသည်။

အမျိုးသမီးက တစ်ဖက်လမ်းသို့ ကူးသွား၏။

မောင်စိန်သောင်းလည်း လိုက်သွားသည်။ လမ်းတစ်လမ်းထဲ ချိုးဝင်သည်။ မောင်စိန်သောင်း လိုက်ဝင်၏။ လူပြတ်သော နေရာဟူ၍ မရှိ။ အကယ်၍များ လူပြတ်သော နေရာ တစ်နေရာသို့ရောက်လျှင် မောင်စိန်သောင်းသည် တစ်စုံတစ်ရာ ကပ်၍ မေးမိပြောမိမည်မှာ သေချာလှ၏။

သို့သော် လူက မပြတ်။

မောင်စိန်သောင်း အမျိုးသမီးနားသို့ ယှဉ်ကပ်လျှောက်လိုက်သည်။

"ဆောရီးပဲ၊ ကျွန်မ အပျင်းပြေ လျှောက်သွားနေတာ" ဟု မောင်စိန်သောင်းကို လှည့်ပြောလိုက်၏။

ဘာပြောရမှန်း မသိ၊ လှည့်ထွက်ခဲ့သည်။

အမျိုးသမီးသည် လှောင်ပြုံး ပြုံးရင်း ထွက်သွားသည်။

*

ထိုအမျိုးသမီးကို ယခု ပြန်၍ ဆုံနေရပြီ။

ကားများက မရပ်ကြ။

တချို့ကားများသည် လူအပြည့်အသိပ်တင်လျက် ဖြတ်မောင်းသွားကြသည်။ တချို့ကားများကတော့ ခရီးသည်များကို မထီမဲ့မြင်ပြုရင်း ဖြတ်မောင်းသွားကြသည်။ အကယ်၍ တင်မည်ဆိုလျှင် မှတ်တိုင်တွင် စုပုံနေသော ခရီးသည်စု၏ လေးပုံတစ်ပုံလောက်ကို တင်သွားနိုင်မည်ဖြစ်သည်။

သို့သော် ဘတ်စ်ကားများသည် လူချောင်လျက်နှင့် မရပ်ဘဲ မောင်းပြေးကြ၏။

မှတ်တိုင်တွင် ဆင်းမည့်သူ ပါလျှင်လည်း မှတ်တိုင်နှင့် အတော်လှမ်းလှမ်း ဝေးသည့်နေရာအထိ မောင်းပြီးမှ ရပ်၏။

ထိုသို့ မှတ်တိုင်လွန်၍ရပ်သော ဘတ်စ်ကားကို ယောကျ်ား ခရီးသည် အများစုသည် အပြေးအလွှား ပြေးလိုက်တက်ကြ၏။

တစ်ခါတစ်ရံ အရေးတကြီးဖြစ်ဟန်တူသော အမျိုးသမီးများလည်း ပြေးလိုက်ကြ၏။ တချို့က မီးပွိုင့်နားမှာ သွားစောင့်နေကြသည်။

ဘတ်စ်ကားမောင်းသူတို့သည် မီးပွိုင့်အစိမ်းကို ဖြတ်သန်းနိုင်ရန် မည်သို့တွက်ချက်ထားမှန်းမသိ။ သူတို့၏တွက်ကိန်းသည် အစဉ်သဖြင့် ဆိုသလို မှန်ကန်နေတတ်သည်။

ဘတ်စ်ကားမောင်းသူတို့သည် မီးပွိုင့်ကို အစိမ်း၌ ဖြတ်လိုသလား၊ အနီမိအောင် မောင်းချင်သလား ရသည်။

ခရီးသည်ကို မတင်ချင်သောအခါ မီးပွိုင့်အစိမ်းကို ဖြတ်နိုင်အောင် တွက်တတ်ကြ၏။ တချို့ဆိုလျှင် မှတ်တိုင်မရောက်မီ ခပ်လှမ်းလှမ်း ကတည်းက မှန်မှန်ဖြည်းဖြည်း မောင်းလာသည်။ မှတ်တိုင်မှာ ရပ်တော့ မလိုလို လုပ်သည်။ ပြီးတော့မှ မရပ်ဘဲ ဝီးခနဲ လီဗာနင်းကာ ဆက်မောင်း ကြသည်။ ကားပေါ်တက်ရန် တာစူနေကြသူများ ကြောင်အအနှင့် ကျန်ရစ် ခဲ့ကြ၏။ စိတ်ဆတ်သူတချို့က ကော်ဆဲကြသည်။

ကားဆရာတို့ မကြားချင်ယောင် ဆောင်သွားကြသည်။ ဆဲခြင်းမှာ ဘာမှမထူးခြားတော့၊ အဆဲခံရခြင်းမှာလည်း မထူးခြားတော့။ ရပ်၍ ရန်ဖြစ် နေလျှင် ဘတ်စ်ကားဆရာတို့အဖို့ အချိန်ကုန်ရုံသာ ရှိပေမည်။

ထို့ကြောင့် ရန်ပြန်ဖြစ်မနေခြင်းသာ ဖြစ်လိမ့်မည်။ ဆဲသူက ဘယ်လောက်ဆဲဆဲ အရေးမလုပ်ကြ။ ဆဲသူသာ မောလိမ့်မည်။ သည်တော့ ခရီးသည်များလည်း ဆဲဆိုခြင်းကိစ္စကို လက်လျှော့လိုက်ကြတော့သည် ထင်၏။ ခရီးသည်အများစုသည် ဟိုပြေးသည်ပြေး လုပ်နေခြင်းထက် မှတ်တိုင်၏ ရှေ့ဘက်၊ နောက်ဘက်၊ ဝဲယာဘက် လမ်းပေါ်၊ မီးပွိုင့် အစ ရှိသဖြင့် နေရာအနှံ့တွင် နေရာယူထားလိုက်ကြ၏။

ဘတ်စ်ကားသည် မီးပွိုင့်အစိမ်းကို ဖြတ်မောင်းပြေးနိုင်လျှင်သာ လွတ်မည်။ ထိုသို့ မောင်းမပြေးနိုင်ပါက တစ်နေရာမဟုတ် တစ်နေရာတွင်

ခရီးသည်နှင့် မိမည်။ ခရီးသည်တွေက မှတ်တိုင်နှင့် မှတ်တိုင် သုံးတိုင် လောက်အတွင်း အစီအရီ စောင့်ဆိုင်းနေကြ၏။

သည်တော့ ဘတ်စ်ကားဆရာတို့ကလည်း မီးပွိုင့်အစိမ်း ဖြတ်မောင်း နိုင်ရန်ကိုသာ ချိန်သားကိုက်၍ မောင်းနေကြတော့သည်။

အချို့ကားများကတော့ မီးပွိုင့်အနီအစိမ်းကိုပင် ဂရုမစိုက်ချင် ကြတော့။ လမ်းရှင်းသမျှ ဒုန်းစိုင်းပြီး ပြေးနေကြသည်။

အမြန်ကားများကလည်း စပယ်ယာအပြင် နောက်မှာ လူပိုတွယ်၍ မတင်ရတော့သဖြင့် ကားအတွင်းပိုင်းထဲသို့ ခရီးသည်များကို ပြွတ်သိပ် ထိုးတင်နေကြသည်။ 'ခရီးသည်ချင်း ကိုယ်ချင်းစာပါဗျာ' ဟူသော လက်သုံး စကားနှင့် ကုန်ပေါ်တင်ယာဉ်ငယ် ဒတ်ဆန်း၊ တိုယိုတာ အစရှိသည့် ပစ်ကပ် ကားများထဲသို့ လူများကို ငါးပိငါးချဉ် သိပ်နေကြတော့သည်။

သီးသန့်ကားများကလည်း ရိုးရိုးဘတ်စ်ကားများနှင့်အပြိုင် လူပြည့် တင်ကြ၏။ 'ကျောချင်း ကပ်ပေးကြပါ ခင်ဗျာ' 'အစ်ကိုကြီး အလယ်ထဲ နည်းနည်းတိုးပေးပါခင်ဗျာ' 'အားလုံး အိမ်ပြန်ချင်ကြတာချည်းပါပဲခင်ဗျာ' 'ကူညီပါခင်ဗျာ' အစရှိသော ယဉ်ကျေးသော စကားလုံးများသုံး၍ အပြည့် အသိပ် တင်ကြသည်။

ရိုးရိုးဘတ်စ်ကားမှာ တွဲလွဲလိုက်ရခြင်းထက် သီးသန့်ကားမှာ ကျုပ်ကျုပ်တောက်တောက် လိုက်ရခြင်းက နည်းနည်းပို၍သက်သာသေးသည် ဟူသော အယူအဆဖြင့် လိုက်ပါစီးနင်းနေကြလေသလား မသိ။

မောင်စိန်သောင်းသည် ဘတ်စ်ကား တစ်စင်းပြီး တစ်စင်း လိုက် ကြည့်နေ၏။ သူတစ်ကိုယ်တည်းမို့ အတင်းတိုးဝေ့တက်လျှင် တစ်စင်း မဟုတ် တစ်စင်းနှင့် လိုက်ပါသွားနိုင်မည်ဖြစ်သော်လည်း ဘတ်စ်ကားတွေကို ခရီးသည်များ မည်သို့မည်ပုံ စီးနင်းကြရသည့်အကြောင်း တတ်နိုင်သမျှ သိသာရန် စောင့်ကြည့်နေမိသည်။

သူ့အိတ်ထဲတွင် တစ်ကျပ် သုံးဘီးစီးရန် ပိုက်ဆံအလုံအလောက် ပါ ပါသည်။ သို့ရာတွင် ခုတင်က တစ်ကျပ် သုံးဘီးကို ကြည့်ရာတွင်လည်း သုံးဘီးတစ်စီးကို လူဆယ်ယောက်လောက် တိုးဝှေ့တက်နေကြသဖြင့် စိတ်ပျက်ခဲ့ရသည်။ ယခုအချိန်လောက်ဆိုလျှင်တော့ တစ်ကျပ် သုံးဘီး ဂိတ်တွင် လူချောင်စပြုပြီ ဖြစ်ပေတော့မည်။ မောင်စိန်သောင်း ပေကတ်၍ ဘတ်စ်ကားမှတ်တိုင်မှာပင် စောင့်နေလိုက်လေသည်။

မိုးဦးကျမို့ မိုးရွာကောင်း ရွာလိမ့်မည်။ လေသည် အေးလာ၏။ ချက်ချင်းဆိုသလို တိမ်တိုက်တို့ မည်းမည်းမှောင်လာသည်။ မိုးဦးလေဦး သည် သိပ်အချိန်မဆွဲတတ်။ မိုးရွာချလေသည်။

မောင်စိန်သောင်း၌ ထီးပါမလာ။

ပိတောက်ပင်ကြီးအောက်၌ မိုးခိုလိုက်သည်။ သူ့လိုပင် ခရီးသည် အများစုမှာ ထီးမပါ။ သစ်ပင်အောက်တို့၌ မိုးခိုကြ၏။ များမကြာမီပင် သူတို့ စို့ရွှဲကြတော့၏။

သတိရသဖြင့် တစ်ချိန်က တွေ့ခဲ့ဖူးသော 'ဆောရီးပဲ အပျင်းပြေ လျှောက်သွားနေတာ' ဆိုသော အမျိုးသမီးဆီ ကြည့်၏။

သူလည်း အထုပ်နှစ်ထုပ်နှင့် ရပ်နေဆဲ။ သူ့လက်ဆွဲထုပ်သည် ဘာတွေဖြစ်မည်ကို မောင်စိန်သောင်း ခန့်မှန်းကြည့်၏။ မစဉ်းစားတတ်။

ပလတ်စတစ်ဆွဲခြင်းတောင်းထဲတွင် အဝတ်တစ်ထုပ်၊ ပလတ် စတစ်တစ်ထုပ် ထုပ်ထားသည်။ အထဲမှာ အထည်တွေဖြစ်ကောင်းဖြစ်မည်၊ သို့မဟုတ် အချိုမှုန့်၊ ဆပ်ပြာ စသည့် ပစ္စည်းများ ဖြစ်ကောင်းဖြစ်မည်၊

အမျိုးသမီးသည် ထီးဖွင့်လျက် ဣန္ဒြေရရပင် ရပ်နေသည်။

မောင်စိန်သောင်းကို ကွက်ခနဲ တစ်ချက်ကြည့်၏။

မောင်စိန်သောင်းကလည်း မှတ်မိသည့် သဘောမျိုးဖြင့် စိုက်ကြည့် နေလိုက်သည်။

အမျိုးသမီးသည် လှောင်ပြုံးကိုပင် ပြုံး၏။

ခုမှ ဂရုပြုမိသည်။ အမျိုးသမီးသည် ဟိုးအရင်တစ်ခါတွေ့စဉ်ကနှင့် ဝတ်စားဆင်ယင်ပုံ မတူတော့။

သူဝတ်ထားသည်မှာ လက်ပြတ်စွပ်ကျယ်ဖြစ်၏။

လက်မောင်း၏အစိတ်အပိုင်းအားလုံး ပေါ်လွင်နေသည်။ လျော့ရဲသော ဘရာစီယာသည် စိတ်လှုပ်ရှားစရာကောင်း၏။

ထဘီက ပိုးပျော့ဟု ထင်ရသည်။

နည်းနည်းလေး မှောင်လာပြီမို့ အနီလား၊ အညိုလား ခွဲခြားမရတော့။ နှုတ်ခမ်းနီး ပါးနီ မိတ်ကပ်များကတော့ မိုးမှုန်များကြောင့်လား၊ လျှောက်သွားခဲ့ရ၍လား မသိ၊ ပျက်ပြယ်နေကြပြီ။

တစ်နေကုန် လျှောက်သွားလာခဲ့ကြောင်းကတော့ သေချာ၏။ သူသည် မည်သို့ပင် ဟန်နှင့်ပန်နှင့် ဣန္ဒြေဆောင်နေနေ၊ ပင်ပန်းနွမ်းနယ်နေခြင်းကတော့ ပေါ်လွင်နေ၏။

မောင်စိန်သောင်းသည် ထိုအမျိုးသမီးကို အမှတ်တမဲ့မဟုတ်ဘဲ ဂရုတစိုက်ကြည့်နေမိသည်။ ဘတ်စ်ကားတို့သည်လည်းကောင်း၊ အမြန်ကားတို့သည်လည်းကောင်း၊ သီးသန့်ကားတို့သည်လည်းကောင်း တစ်စင်းပြီး တစ်စင်း ဖြတ်သွားကြ၏။

မလှုပ်ရှားဘဲ ကိုယ့်နေရာကိုယ်ရပ်ရင်း ကားစောင့်နေသူဟူ၍ မောင်စိန်သောင်းနှင့် ထိုအမျိုးသမီးသာ ရှိ၏။

မောင်စိန်သောင်း၏စိတ်ထဲတွင် တစ်စုံတစ်ခုကို ကြံစည်စဉ်းစားလိုက်မိ၏။ အမျိုးသမီးကို သူ မျက်မှန်းတန်းမိပြီးသားဖြစ်သည်။

အမျိုးသမီးကလည်း သူ့ကို မျက်မှန်းတန်းမိပြီးသားဖြစ်သည်။

သည်အချိန် သည်နေရာမျိုးတွင် အခြားသူများသည် ဘတ်စ်ကားပေါ် ရောက်ရေး၌သာ အာရုံစူးစိုက်နေကြမည်ဖြစ်၏။

သည်တော့ မောင်စိန်သောင်း အမျိုးသမီးနားသို့ ကပ်သွားလိုက်သည်။ ထီးမပါသဖြင့် အခွင့်ကောင်းတစ်ခု ရနိုင်သည်ဟု သူထင်၏။ အမျိုးသမီးနှင့် ထီးအတူဝင်ဆောင်းခွင့်ရလျှင် နောက်ထပ် နောက်ထပ်သော အဆင့်များသည် လွယ်ကူချောမွေ့သွားပေလိမ့်မည်။

မောင်စိန်သောင်း နေရာမှ ရွေ့ရန်ဟန်ပြင်လိုက်၏။

မိုးက သိပ်မသည်းတော့။ ဖွဲဖွဲ ဖွဲဖွဲသာ ရွာနေသည်။

မောင်စိန်သောင်းသည် အမျိုးသမီး ရပ်နေရာသို့ ခပ်မှန်မှန် လျှောက်သွားလိုက်သည်။ အမျိုးသမီးသည် မောင်စိန်သောင်း သူ့ထံသို့ လျှောက်လာနေသည်ကို ဂရုပြုမိဟန်မတူ။ သူ့အာရုံသည် အမြန်ကားများဆီသို့သာ ရောက်နေသည်။

မောင်စိန်သောင်း အမျိုးသမီးနား ရောက်သွားသည်။ မိုးဖွားကလေးများက မျက်နှာကို ပက်ဖျန်းနေသည်။ မောင်စိန်သောင်း ဂရုမပြုမိ။ အမျိုးသမီးသည် သက်ပြင်းကို ချ၏။

'စောင့်ရတာ ကြာပေါ့' ဟု သူ့မျက်နှာ၌ စိတ်ဓာတ်ဟန် ဖြစ်လာသည်။

ကားမီးရောင်သည် သူ့မျက်နှာ၌ အထင်းသား ကျလာသည်။ အမျိုးသမီး၏မျက်နှာပေါ် အရေးအကြောင်းများကို မောင်စိန်သောင်း သတိထားမိသည်။ မငယ်တော့ပါလား၊ အေးလေ၊ မောင်စိန်သောင်းလည်း ငယ်တော့သည်မှမဟုတ်ဘဲ။

အမျိုးသမီး၏မျက်နက်လိုင်းသည် လျော့ရိလျော့ရဲနိုင်လှ၏။ မျက်ခမ်းဆိုးဆေးက အကောင်းစား ဟုတ်ဟန်မတူ။

အနားသို့ရောက်လာသော မောင်စိန်သောင်းကို အမျိုးသမီးက ပြူးကြောင်ကြောင်ကြည့်၏။

ပြီးတော့ မှတ်မိသောသဘောဖြင့် မသိမသာ မျက်စောင်းထိုးသည်။

မောင်စိန်သောင်းက မိုးဖွားထဲမှာရပ်ရင်း

"ကျွန်တော့်မှာ ထီးမပါလာဘူး" ဟု ပြောသည်။

အမျိုးသမီး မသိချင်ဟန်ဆောင်ပြီး တစ်ဖက်သို့ လှည့်သွားသည်။

"ဒီမှာ"

မောင်စိန်သောင်းက ထပ်ပြီး ကြိုးစားသည်။

အမျိုးသမီးသည် မောင်စိန်သောင်းဘက်သို့ လှည့်ပြီး စိုက်ကြည့်သည်။

"ကျွန်မ ကိစ္စတစ်ခုရှိတယ်၊ မနှောင့်ယှက်ပါနဲ့"

မောင်စိန်သောင်းသည် အခြေအနေကို ရိပ်စားမိလိုက်၏။ သူ ဆက်၍ ကြိုးစားရန် မသင့်ဟု ချက်ချင်းဆုံးဖြတ်လိုက်သည်။

"ဆောရီးပဲ၊ ကျွန်တော် ပျင်းလို့ပါ"

"ကျွန်မ အလုပ်ကိစ္စ စိတ်ရှုပ်နေတယ်၊ ဒါပဲ"

အပြတ်ပြောလိုက်သည်။

မောင်စိန်သောင်းသည် မိုးဖွဲဖွဲအောက်၌ ပိတောက်ပင်ရိပ်သို့ ပြန်လျှောက်လာ၏။

ဘတ်စ်ကား မရလဲ အမြန်ကား၊ အမြန်ကား မရလဲ သီးသန့်ကို ကျပ်ကျပ်တည်းတည်း လိုက်စီးတော့မည်ဟု မောင်စိန်သောင်း ဆုံးဖြတ်လိုက်သည်။

ဘတ်စ်ကားဂိတ်၌ စောင့်နေရသည်မှာ နှစ်နာရီနီးပါးတော့ ရှိပြီ။

တကယ်ဆို မောင်စိန်သောင်းမှာ လွယ်အိတ်တစ်လုံးသာ ပါ၏။ သည်လွယ်အိတ်ကို စလွယ်သိုင်းလျက်ဖြစ်ဖြစ်၊ ဒါမှမဟုတ် အကျအန လွယ်လျက်ဖြစ်ဖြစ်၊ ဘတ်စ်ကားတစ်စီးစီးနှင့် မရမကလိုက်ပါက မောင်စိန်သောင်း အိမ်ပြန်ရောက်နေတော့မည်။

သို့မဟုတ်လျှင်လည်း မောင်စိန်သောင်း တစ်ကျပ် သုံးဘီးနှင့် လိုက်သွားနိုင်၏။

တစ်ကျပ် သုံးဘီးက ကျပ်သည်ဆိုလျှင် နာရီဝက်ထက် မပို။ တစ်ယောက်တည်းသမားအဖို့ မိန်းကလေးနှင့်အပြိုင်တိုးလျှင် နာရီဝက်အတွင်း တစ်ကျပ်သုံးဘီးကားပေါ် ရောက်နိုင်၏။

ဒါနဲ့များ အဘယ်ကြောင့် ဘတ်စ်ကားဂိတ်မှာ မိုးစိုခံပြီး စောင့်နေမိပါလိမ့်ဟု မောင်စိန်သောင်း စဉ်းစားမိသည်။ တကယ်တော့ ဤမျှအထိ ဒုက္ခခံကာ စောင့်နေစရာမလိုပါ။ သူသည် ဘတ်စ်ကား စီးရန်မျှသာ ဝင်ငွေအခြေအနေမျိုး ရှိသူမဟုတ်။ အနည်းဆုံး တစ်ကျပ်ကား မြင်းပျံနှင့် ပြန်နိုင်သည်။ သို့မဟုတ် သုံးဘီး နှစ်ဆင့်စီး၍ နှစ်ကျပ်ဖိုးသုံးပြီး ပြန်နိုင်သည်။

သို့တည်းမဟုတ် တစ်ခါတစ်ရံ အငှားကား စင်းလုံးငှားပြီး အိမ်ပြန်နိုင်သည်။

သို့ပါလျက် အဘယ်ကြောင့်များ မောင်စိန်သောင်းတစ်ယောက် ဘတ်စ်ကားဂိတ်မှာ ရေစိုမိုးစိုခံပြီး ဘတ်စ်ကား တိုးတက်ရန် ကြိုးစားနေပါလိမ့်။ ခုနအမျိုးသမီးကြောင့်များလား။

ဒါလည်း သိပ်မဖြစ်နိုင်။ ဒီအမျိုးသမီးကို ဟိုးတစ်ခါက အပျင်းပြေလိုက်ကြည့်ဖူးပြီးပြီ။ အဲတုန်းက အမျိုးသမီးနှင့် သူ နှစ်ယောက်ချင်း ပူးပူးကပ်ကပ် ကားစီးခဲ့ရပြီးပြီ။ ဘာမှ သိပ်ထူးထူးခြားခြားလည်း မဖြစ်ခဲ့။ ကားပေါ်မှာ ချွေးစော် လူစော် အရက်စော် စသည့် အနံ့မျိုးစုံကြား၌ အမျိုးသမီးကို စိတ်ဝင်စားဖို့ဝေးစွ၊ အပျင်းပင် မပြေခဲ့။

ကားပေါ်က ဆင်းပြီး လမ်းသွယ်မှတ်တိုင်နားမှာ သွားကပ်တော့လည်း အမျိုးသမီးနှင့် ဘာမှအဆင်တပြေမဖြစ်ခဲ့။

ထို့ကြောင့် ထိုအမျိုးသမီးနှင့်ပတ်သက်ပြီး တစ်စုံတစ်ရာ ကြံစည်ကြိုးစားချင်သောကြောင့် ဘတ်စ်ကားဂိတ်မှာ မိုးရေစိုခံ စောင့်နေခြင်းလည်း မဖြစ်တန်ရာ။

ဒါဖြင့် ဘာကြောင့်ပါလိမ့်။

မောင်စိန်သောင်း သူ ဘာကြောင့် ဘတ်စ်ကားဂိတ်၌ အစွဲအလမ်းကြီးစွာ ရပ်စောင့်နေမိသည်ကို စဉ်းစား၍မရ ဖြစ်နေသည်။

မိုးသည် တစ်ဖျောက် နှစ်ဖျောက်လောက်သာ ရွာတော့၏။

မောင်စိန်သောင်းသည် ဘတ်စ်ကားစီးရန်ကို တော်တော်စိတ်ပျက်စပြုလာပြီဖြစ်၏။

သုံးဘီးကားနှင့် ပြန်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ တာမွေသို့ပြေးသည့် တစ်ကျပ် သုံးဘီးကားဆိပ်သည် အတန်ငယ်လှမ်း၏။

မိုးစက်မိုးပေါက်ကလေးများကြား၌ ဖြတ်လျှောက်ခဲ့သည်။

ခုန အမျိုးသမီးကို မေ့သွားပြီဖြစ်၏။ သို့သော် ကားလမ်းကိုဖြတ်အကူး ရှေ့တည့်တည့်တွင် အမျိုးသမီးကို တွေ့ရ၏။

သူသည် အငှားကားကို စောင့်နေဟန်တူသည်။ လေးဘီးကားတစ်စင်းသည် သူ့ရှေ့၌ ရပ်၏။ ဈေးမတည့် ဖြစ်လိမ့်မည်။ ကားထွက်သွား၏။

မောင်စိန်သောင်းသည် အကြံတစ်မျိုး ပေါ်လာပြန်သည်။ တစ်ကျပ်သုံးဘီးဂိတ်အထိ မသွားဘဲ ထိုအမျိုးသမီးနှင့် စပ်တူငှား၍ တာမွေအထိကားစီးကြရလျှင် အနည်းဆုံး အပျင်းတော့ ပြေမည် စိတ်ကူးရသည်။

အမျိုးသမီးနား သွားရပ်လိုက်ပြန်သည်။

အမျိုးသမီးသည် မသိကျိုးကျွံပြု၏။

အငှားကားတစ်စင်း လာနေသည်။

မောင်စိန်သောင်းက အလျင် လက်တားလိုက်၏။ အမျိုးသမီးလည်း လက်တားသည်။

ကားရပ်သည်။

"တာမွေသွားမယ်၊ ဘယ်လောက်ပေးရမလဲ" ဟု မောင်စိန်သောင်းမေး၏။

"ခါတ်ဆီ မလောက်ဘူး"

ဟု လေးဘီးဆရာ တရုတ်ကပြားက ပြောသည်။ ပြောပြီးပြီးချင်း ဆက်မောင်းသွား၏။

မောင်စိန်သောင်းက အမျိုးသမီးဘက် လှည့်ကြည့်၏။

အမျိုးသမီးက သူ့ကို မကြည့်သလို နေ၏။

"ခင်ဗျားကော အဲဒီဘက်ပဲလား"

အမျိုးသမီး မောင်စိန်သောင်းဘက် လှည့်၏။ ခေါင်းညိတ်သည်။

"လမ်းကျယ်သွားမှာမဟုတ်လား"

ခေါင်းခါသည်။

"စပ်တူ စီးတာပေါ့"

ခေါင်းခါပြန်သည်။

"ကျွန်မ စိတ်ရှုပ်နေတယ်"

လေသံက ပြတ်၏။

မောင်စိန်သောင်း ဆက်မပြောတော့။

အမျိုးသမီးဘေးမှ ဆွဲခြင်း နှစ်ခြင်းကို ကြည့်မိပြန်သည်။ ဘာမှ တွေး၍မရ။ ပလတ်စတစ်နှင့် အလုံထုပ်ထားသော အထုပ်များသာ။

မောင်စိန်သောင်းသည် အငှားကား စင်းလုံးငှား၍ ပြန်ရမည်လား။ တစ်ကျပ် သုံးဘီးပဲ သွားစီးရမလား ချီတုံချတုံဖြစ်နေပြန်သည်။

ဘတ်စ်ကားဂိတ်ကို ပြန်ကြည့်မိသည်။

ကားဂိတ်မှာ လူတွေက တိုးသထက် တိုးလာသည်။ ကားများလည်း ကျပ်သထက် ကျပ်လာ၏။

အချို့သည် ကော်ဆဲလျက်။ အချို့က ပြေးလွှားလျက်။

လျှပ်စစ်မီးက ဖျတ်ခနဲ ပြတ်သွားသည်။ လမ်းမတစ်ဖက်တွင် မီးလာသည်။ တစ်ဖက်က မီးမလာ။ မော်တော်ကား မီးရောင်များသည်

ပိုဍ်ပိုဍ် စူးရှလာသည် ထင်ရ၏။ အမြန်ကားများကမူ အရှိန်မလျှော့ကြ။ မှောင်မှောင်မည်းမည်းထဲတွင် တဝီဝီအမြန်မောင်းနေကြသည်။

ထိန်ထိန်လင်းနေသော သီးသန့်ကားများတွင်လည်း လူများ မြွတ်သိပ်လျက် ပြေးနေကြသည်။

ဘတ်စ်ကားတစ်စင်းသည် မှတ်တိုင်သို့ အပြင်းဝင်လာဆိုက်၏။

ကားပေါ်မှာ လူ လေးငါးယောက်သာ ပါလာသည်။

"လိုင်းကားနော်၊ လိုင်းကား။ အောက်ဆိုက်မဟုတ်ဘူး၊ မြန်မြန် တက်ကြ"

စပယ်ယာက အော်နေသည်။

မောင်စိန်သောင်းသည် ကားလမ်းကို အမြန်ကူးလိုက်၏။ အရှိန်နှင့် မောင်းလာသော ကားတစ်စီးကို မြင်၍ ရပ်စောင့်ပြီး ရှောင်လိုက်ရသည်။ ကားပေါ်မှ ကားမောင်းသမားသည် တစ်စုံတစ်ရာကို ရေရွတ်သွားသည်။

မောင်စိန်သောင်း ကားပေါ်သို့ အတက်တွင် နောက်မှ တစ်စုံ တစ်ယောက်၏ ဖမ်းအဆွဲကို ခံရ၏။

လှည့်ကြည့်တော့ ခုနအမျိုးသမီး။ သူ့လက်ထဲမှ ဆွဲခြင်းတစ်လုံးကို ကမ်းပေးနေ၏။

မောင်စိန်သောင်းက လှမ်းယူလိုက်ရ၏။

"ခင်ဗျားတို့က ရပ်ပေးရင် တစ်မျိုး၊ ရပ်မပေးရင် တစ်မျိုး၊ ထုတ်ထား၊ ထုတ်ထား၊ ပိုက်ဆံလေး ဆယ်ပြားတစ်မတ်နဲ့ အပြောအဆို မခံနဲ့"

စပယ်ယာ၏အသံကို ကြားရ၏။ အားလုံးကို ငေါက်နေပုံရသည်။ တချို့က ချောင်ထဲ ပိတ်တိုးနေကြသည်။

"ဟိုချောင်ထဲက လက်မှတ်ဝယ်၊ အဲဒီထဲမှာ ဆယ့်ငါးယောက် လောက် ရှိတယ်။ လက်မှတ်ဝယ်ထား၊ တစ်မတ်ဆယ်ပြားနဲ့ အပြော မခံချင်နဲ့။ ဘယ်လောက်လဲမေးရင်လည်း ပြောမှပေါ့ဗျ"

စပယ်ယာသည် ခရီးသည်များကို စိတ်ကြိုက်မာန်မဲနေ၏။

တချို့ခရီးသည်များကလည်း ပိုက်ဆံကို လျှော့ပေးကြ၏။ ဤမျှ အကြာကြီး စောင့်နေကြပြီး ကားလက်မှတ်ခပေးတော့ ဆယ်ပြားတဲ့။

ဆယ်ပြားခရီးလောက်များတော့ လမ်းလျှောက်သွားလျှင် အိမ်ရောက်လောက်ပြီ။

စပယ်ယာကမူ ဆယ်ပြားဆုတ်ဆုတ်၊ ဆယ့်ငါးပြားဆုတ်ဆုတ် လက်မှတ်ဆုတ်ဖို့သာ အရေးကြီးသည်။

မောင်စိန်သောင်းသည် လက်မှတ်ဆုတ်လိုက်၏။

"ပြားသုံးဆယ် နှစ်စောင်"

ဘယ့်နှယ် ဘယ့်နှယ် နှစ်စောင်ဆုတ်မိသနည်း။ ဟိုအမျိုးသမီး အတွက်ပါ အဘယ့်ကြောင့် လက်မှတ်ဆုတ်လိုက်သနည်း။

"နောက်တစ်ယောက် ဘယ်မှာလဲ"

စပယ်ယာက မေးသည်။

မောင်စိန်သောင်းသည် သူ့နောက်နားကပ်လျက် အမျိုးသမီးကို ညွှန်ပြလိုက်သည်။

အမျိုးသမီးက ဘာမှမပြော။

မောင်စိန်သောင်းလက်ထဲ၌ အမျိုးသမီး၏လက်ဆွဲခြင်းတစ်ခြင်းကို ကိုင်လျက်သား ရှိသေးသည်။

လက်ဆွဲခြင်းကို အမျိုးသမီးအား ပြန်ပေးရမလား၊ မပေးဘဲ ကိုင်ထားရဦးမလား မဆုံးဖြတ်နိုင်သေး။

ကားက မှတ်တိုင်ရှိ လူကုန် တင်လာခဲ့သလား မသိ။ ကျပ်တောက် နေပြီ။

အမျိုးသမီးသည် မောင်စိန်သောင်း၏ကျော၌ ကပ်လျက်ရှိ၏။ တိုးသည်ထက် တိုးလာ၏။

နွေးနွေးထွေးထွေး ဖြစ်လာသည်။ ခုနက ချမ်းစိမ့်စိမ့်ဖြစ်နေခြင်းများသည် လူငွေ့တို့ကြောင့် ပျောက်သွားပြီဖြစ်၏။

ခဏကြာတော့ ငြီးစီစီနှင့် အိုက်စပ်စပ်ဖြစ်လာသည်။

ဘတ်စ်ကားတစ်စင်းလုံး မိုးနှင့် ရွှဲရွှဲစိုနေသော်လည်း ချမ်းစိမ့်စိမ့် မဖြစ်တော့။

ကားသည် မှတ်တိုင်ပေါင်းများစွာကို ဖြတ်ခဲ့သည်။

မောင်စိန်သောင်းသည် လက်ထဲမှ ခြင်းကို အမျိုးသမီးကို ပြန်ပေးရန်လည်း မလွယ်တော့။ သည်အတိုင်း ဆွဲလာခဲ့ရသည်။

သည်အချိန်တွင် မောင်စိန်သောင်းသည် အိမ်ပြန်ရောက်ချင်စိတ်မှ တစ်ပါး အခြားမရှိတော့ပြီ။

ဘတ်စ်ကားပေါ်က မြန်မြန်ဆင်းချင်လှပြီ။

ဟိုးတစ်ခါတုန်းကလို အမျိုးသမီးနှင့် ပူးပူးကပ်ကပ်စီးပြီး သူဆင်းသောနေရာမှာ လိုက်ဆင်း၊ သူနှင့် အပျင်းပြေဖြစ်ဖြစ် စကားလေးဘာလေး ပြော စသဖြင့် လုပ်ရန် စိတ်ကူးမျှပင် မရှိတော့။

"ဘယ်မှာ ဆင်းမလဲ"

ဟူသော အသံသဲ့သဲ့ကို ကြားလိုက်ရသလို ထင်မိ၏။ လှည့်ကြည့်သည်။

သူ့ကိုကပ်ထားသော အမျိုးသမီးက မျက်လွှာလှန်ကြည့်ရင်း မေးနေသည်။

"အသင်းတိုက်ကျမှ"

ဟု ဖြေသည်။

အမျိုးသမီးက ဘာမျှပြန်မပြောသေး။ တွေသွား၏။ ပြီးတော့ မောင်စိန်သောင်းကို တိုး၍ကပ်လိုက်သည်။ သူ့ကိုယ်သည် မောင်စိန်သောင်း၏ ကျောပြင်၊ လက်မောင်း စသည်တို့နှင့် ဖိကပ်၍ နေပြီ။



ဘတ်စ်ကားလှုပ်လိုက်တိုင်း ယိမ်းထိုးသွားကြသော ခရီးသည်များနှင့်အတူ သူနှင့် မောင်စိန်သောင်းသည် ကိုယ်ချင်း ထိနေကြ၏။

မောင်စိန်သောင်း စိတ်အိုက်လာသည်။

စိုစိုစွတ်စွတ် အထိအတွေ့သည် သာယာဖွယ် မကောင်း။ ပြီးတော့ လူနံ့များက ငြီးစီစီနိုင်လှသည်။

မောင်စိန်သောင်း အမျိုးသမီးဘက် ခေါင်းလှည့်၏။

"ဘယ်မှာဆင်းမလဲ"

ဟု မေးမိသည်။

"တာမွေဆင်းရအောင်"

အမျိုးသမီးက တီးတိုးဖြေသည်။

မောင်စိန်သောင်း ခေါင်းညိတ်ပြလိုက်၏။

*

တကယ်ဆိုလျှင် တာမွေ၌ဆင်းပြီးနောက် ကားပေါ်ပြန်တက်ဖို့ အခက်အခဲတွေ ရှိသည်။ မတတ်နိုင်တော့။ မောင်စိန်သောင်း ဆင်းခဲ့မိပြီးပြီ။

အမျိုးသမီးသည် ရှုပ်ထွေးလှသော လူစုကြားမှ ဖြတ်လျှောက်နေ၏။ မောင်စိန်သောင်းသည် ခြင်းတောင်းကို အမျိုးသမီးအား ပေးလိုက်ပြီးဖြစ်သည်။

မောင်စိန်သောင်း စဉ်းစားသည်။ သူ့နောက်ကလိုက်လျှင် တစ်နေရာမဟုတ် တစ်နေရာသို့ ရောက်မည်။ ထိုနေရာသည် မောင်စိန်သောင်းအတွက် သင့်လျော်သောနေရာ ဖြစ်ကောင်းဖြစ်မည်။

တာမွေမှ သဃ်န်းကျွန်း၊ တောင်ဥက္ကလာ စသည်တို့ဘက်သို့ ပြေးသော တစ်ကျပ် သုံးဘီး ကားဂိတ်သို့ ရောက်သည်။ အမျိုးသမီးက ရပ်၏။ ဤနေရာတွင် သူတို့ကို မည်သူမျှ အထူးဂရုစိုက်နေကြမည် မဟုတ်။

မိုးက တိတ်သွားပြီ။

ဘတ်စ်ကားလှုပ်လိုက်တိုင်း ယိမ်းထိုးသွားကြသော ခရီးသည်များနှင့်အတူ သူနှင့် မောင်စိန်သောင်းသည် ကိုယ်ချင်း ထိနေကြ၏။

မောင်စိန်သောင်း စိတ်အိုက်လာသည်။

စိုစိုစွတ်စွတ် အထိအတွေ့သည် သာယာဖွယ် မကောင်း။ ပြီးတော့ လူနံ့များက ငြီးစီစီနိုင်လှသည်။

မောင်စိန်သောင်း အမျိုးသမီးဘက် ခေါင်းလှည့်၏။

"ဘယ်မှာဆင်းမလဲ"

ဟု မေးမိသည်။

"တာမွေဆင်းရအောင်"

အမျိုးသမီးက တီးတိုးဖြေသည်။

မောင်စိန်သောင်း ခေါင်းညိတ်ပြလိုက်၏။

*

တကယ်ဆိုလျှင် တာမွေ၌ဆင်းပြီးနောက် ကားပေါ်ပြန်တက်ဖို့ အခက်အခဲတွေ ရှိသည်။ မတတ်နိုင်တော့။ မောင်စိန်သောင်း ဆင်းခဲ့မိပြီးပြီ။

အမျိုးသမီးသည် ရှုပ်ထွေးလှသော လူစုကြားမှ ဖြတ်လျှောက်နေ၏။ မောင်စိန်သောင်းသည် ခြင်းတောင်းကို အမျိုးသမီးအား ပေးလိုက်ပြီး ဖြစ်သည်။

မောင်စိန်သောင်း စဉ်းစားသည်။ သူ့နောက်ကလိုက်လျှင် တစ်နေရာမဟုတ် တစ်နေရာသို့ ရောက်မည်။ ထိုနေရာသည် မောင်စိန်သောင်းအတွက် သင့်လျော်သောနေရာ ဖြစ်ကောင်းဖြစ်မည်။

တာမွေမှ သဃ်န်းကျွန်း၊ တောင်ဥက္ကလာ စသည်တို့ဘက်သို့ ပြေးသော တစ်ကျပ် သုံးဘီး ကားဂိတ်သို့ ရောက်သည်။ အမျိုးသမီးက ရပ်၏။ ဤနေရာတွင် သူတို့ကို မည်သူမျှ အထူးဂရုစိုက်နေကြမည် မဟုတ်။

မိုးက တိတ်သွားပြီ။

သည်ကားဂိတ်မှာလည်း ထုံးစံအတိုင်း ဆူညံရှုပ်ပွလျက်။

"ရှင် ဘယ်ပြန်ရမှာလဲ"

အမျိုးသမီးက မေးသည်။

"ကျွန်တော်က သဃ်္ဃန်းကျွန်း"

"ကျွန်မက တောင်ဥက္ကလာ"

"အင်း"

"ရှင် အချိန်ရသလား"

အမျိုးသမီးက ရယ်ယောင်ပြု၏။

မောင်စိန်သောင်းသည် လျှပ်တစ်ပြက်အတွင်း အတွေးများစွာကို တွေးလိုက်ရသည်။

"ကျွန်တော် ဒီနေ့ အပျင်းပြေ လျှောက်မသွားချင်ဘူးဗျ"

အမျိုးသမီးက ရယ်သည်။

"ကျွန်မလည်း အပျင်းပြေ လျှောက်မသွားချင်ဘူး။ တစ်နေရာရာ သွားချင်တယ်"

"ကျွန်တော်တော့ အိမ်ပဲ ပြန်ချင်တယ်ဗျာ။ ခင်ဗျားနဲ့ ခုလောက်ထိ လိုက်လာတာ ကျွန်တော့်ဘာသာ စဉ်းစားလို့မရဘူး"

"ရှင် ဟိုးတစ်ခါ လိုက်ဖူးသားပဲ"

"အဲဒီတုန်းက အပျင်းပြေပဲ"

"ကျွန်မလည်း အဲဒီတုန်းကတော့ အပျင်းပြေပဲ။ ခုတော့ အပျင်းပြေ တွေက အဓိပ္ပာယ်မရှိဘူး"

"ဘူတာ သုံးဘီး၊ သဃ်္ဃန်းကျွန်းဘူတာ"

သုံးဘီးကားတစ်စီး ဆိုက်လာသည်။ လူတချို့ တိုးတက်လိုက်ကြသည်။

မောင်စိန်သောင်း သုံးဘီးပေါ်သို့ တက်လိုက်ချင်ပြီ။

သို့သော် အမျိုးသမီးနှင့် ခဏတော့ စကားပြောချင်သေး၏။

"ခင်ဗျား ဘယ်မှာနေတာလဲ"

"အဲဒါ အရေးမကြီးပါဘူး။ ရှင်နဲ့ ကျွန်မနဲ့ တစ်နေရာရာ သွားမလား မသွားဘူးလား၊ ဒါပဲ အရေးကြီးတယ်"

"ကျွန်တော့်မှာ ပိုက်ဆံအစိတ်လောက်ပဲရှိတယ်"

အမျိုးသမီးက ရယ်၏။

"ကျွန်မမှာ ငါးဆယ်ရှိတယ်။ ရှင့်ထက် ပိုချမ်းသာပါတယ်။ အရေးကြီးတာက ရှင် ကျွန်မနဲ့ သွား မသွားပဲ"

မောင်စိန်သောင်း လန့်သွားသည်။

"ကျွန်တော် အချိန်မရဘူးဗျာ။ အိမ်ပြန်နောက်ကျနေပြီ"

"ဘီအိုစီ၊ သဃ်န်းကျွန်း ဘီအိုစီ"

သုံးဘီးတစ်စီး ဆိုက်လာပြန်သည်။

မောင်စိန်သောင်း ပြေးတက်လိုက်သည်။

အမျိုးသမီးသည် မောင်စိန်သောင်းကို လှောင်ကြည့် ကြည့်နေလိုက်သည်။

*

တကယ်တော့ မောင်စိန်သောင်းသည် ဘတ်စ်ကားဂိတ်တွင် နိစ္စဓူဝ လှုပ်ရှားနေကြသော လူများအကြောင်း တစ်စွန်းတစ်စ လေ့လာပြီး စာရေးမည်ဟု စိတ်ကူးရှိခဲ့ခြင်းဖြစ်သည်။

သို့သော် မောင်စိန်သောင်းသည် ဘတ်စ်ကားဂိတ်၌ နိစ္စဓူဝ ဘာတွေဖြစ်နေသည်ကို ဘယ်လိုနည်းနှင့် ခန့်မှန်းလေ့လာသိရှိနိုင်မည်ဟု မစဉ်းစားတတ်အောင် ရှိတော့၏။

၁၉၈၅၊ မေ၊ ပြောရေးပေါ်ကိုကိုရယ်နှင့် နဝရတ်ကိုးသွယ်စာအုပ်မှ

○

# လက်ဆောင်

မောင်စိန်သောင်း မန္တလေးမြို့သို့ ရောက်နေသည်။

အကြောင်းကတော့ ဝတ္ထုလေးဘာလေး ရေးဖို့ပါပဲ။

ရန်ကုန်မှာနေရသည်မှာ ငြီးငွေ့ငွေ့ဖြစ်လာသောကြောင့် မန္တလေး အနီးတစ်ဝိုက်သို့ ခရီးထွက်ခဲ့ခြင်းဖြစ်သည်။ သူ့စိတ်ကူးအစီအစဉ်အရတော့ အမရပူရမြို့ တောင်သမန်အင်းနားရှိ ဆရာတော် ဦးပညာ၏ ကျောင်းရိပ်ငြိမ်ကလေးသို့ သွားမည်။ စာရေးနိုင်သလောက် ရေးမည်။ ဘုန်းကြီးနှင့် အနီးအနားနေတော့ စိတ်အေးချမ်းသာမှုတော့ ရမည်။

ထိုမှတစ်ဆင့် ပြင်ဦးလွင်သို့ ခေတ္တသွားမည်။ နွေရာသီ အပန်းဖြေစခန်းမြို့ဆိုတော့ ပြင်ဦးလွင်မှာလည်း အေးအေးချမ်းချမ်း စာကလေးဘာလေး ရေးနိုင်မည်။ အချိန်ရလျှင် နောင်ချိုဘက်သို့လည်း သွားလိုက်ဦးမည်။

ထိုစိတ်ကူးနှင့် ထွက်လာခဲ့သော မောင်စိန်သောင်းသည် မန္တလေး ရောက်ရောက်ချင်း အရက်နှစ်ပက် သောက်လိုက်လေသည်။ ထို့နောက် တည်းခိုခန်းတစ်ခုမှာ တည်း၏။ မန္တလေးမှာ မိတ်ဆွေအများရှိပါလျက် မောင်စိန်သောင်းသည် တည်းခိုခန်းမှာ ရှည်ပြီး သွားတည်း၏။

နောက်တစ်နေ့တွင် ပြင်ဦးလွင်သို့ တက်ခဲ့လေသည်။ ပြင်ဦးလွင်မှာလည်း တည်းခိုခန်း၌ တည်းသည်။ စာရေးမည်ဟု စိတ်ကူးသည်။ မရေးဖြစ်။ ရာသီဥတုက အေးစိမ့်စိမ့်မို့ အရက်သောက်ဖြစ်ပြန်သည်။

တည်းခိုခန်းဆရာက မောင်စိန်သောင်းအမည်ကို မှတ်ပုံတင်ရင်း "စာရေးဆရာ မဟုတ်လား" ဟု မေးသည်။

မောင်စိန်သောင်း ခေါင်းညိတ်၏။

"သိပ်မသောက်နဲ့လေ ဆရာရဲ့၊ ဆရာ့အတွက် ပြောတာပါ။ တန်ရုံပဲ သောက်ပါ"

ဟု စေတနာစကားပြောသည်။

မောင်စိန်သောင်း နားဝေးသည်။ အရက် ထပ်မှာနိုင်းသည်။ တည်းခိုခန်းစောင့်သည့် မိန်းမကြီးကလည်း

"ဝယ်တော့ပေးပါ့မယ်။ ဒါပေမဲ့ ဒါတွေချည်း အရမ်းမသောက်နဲ့ပေါ့။ ဥပါဒ် ဖြစ်နေဦးမယ်"

ဟု ပြောရှာပါသေးသည်။ သို့သော် မောင်စိန်သောင်းကို ပြောမရ။ ဒါနှင့် ပြင်ဦးလွင်မှာ နှစ်ရက်လောက်နေ၍ မန္တလေးပြန်ဆင်းမည်ဟု ကြံပြီး ကားဂိတ်သို့ လာခဲ့သည်။

ဂျစ်ကားဂိတ်မှာ ကားတစ်စီး ဆိုက်ထားသည်။ ခရီးသည်က တစ်ဝက်လောက်ပဲရှိဦးမည်။ နောက်ထပ်ကြာကြာ စောင့်ရဦးမည်။ သည်တော့ မောင်စိန်သောင်းသည် ဂျစ်ကား စီးလုံးငှားပစ်လိုက်၏။ မောင်စိန်သောင်းကား ရမ်းကားချင်လျှင် ထိုသို့ ရမ်းကားတတ်သတည်း။

ပြင်ဦးလွင်က ထွက်ကတည်းက မောင်စိန်သောင်း သောက်လာခဲ့သည်။ မန္တလေး ရောက်ပြီ။

"ဘယ်ပို့ရမလဲ"

ဂျစ်ဆရာက မေးသည်။

မောင်စိန်သောင်း စဉ်းစားသည်။ မန္တလေး ဘယ်နားသွားမလဲ။ ရုတ်တရက် အကြံထွက်လာသည်။

"မာဃသက်န်းတိုက်ကို သိသလား"

"သိတယ်"

"အဲဒီပို့"

မာဃသက်န်းတိုက်မှာ ဦးတင်ထွန်းတို့ ရှိသည်။ သူတို့ဆီရောက်ပြီးမှ တခြားအစီအစဉ်လုပ်မည်ဟု ဦးနှောက်က လျှပ်တစ်ပြက် ဆုံးဖြတ်လိုက်သည်။

*

မာဃသက်န်းတိုက်ရှေ့ ကားရပ်သည်။

"ရောက်ပြီ"

ဂျစ်ဆရာက ဆင်းဆိုသောသဘော ပြောသည်။

"ဆင်းပြီ"

မောင်စိန်သောင်းလည်း ခပ်မြန်မြန်ပင် ဆင်းလိုက်သည်။

ကိုတင်ထွန်းတို့တိုက်ရှေ့ရောက်တော့ မောင်စိန်သောင်း လဲနေပြီ။ အရက်ကလည်း လူမှန်းမသိ မူးနေပြီ။

ကိုတင်ထွန်းမိန်းမ မခိုင်က ဆံပင်အလှပြင်သော သူ့အလုပ်ကို ခဏရပ်ပြီး မောင်စိန်သောင်းကို ပြုစုရသည်။ ပြီးတော့ ကာတွန်း ကံချွန်တို့၊ ဘိုမောင်တို့ကို ပြေးခေါ်သည်။ သူတို့ အလုပ်ရှုပ်သွားကြ၏။

ဆရာဝန်ခေါ်၊ ဆေးထိုး၊ ဆေးတိုက်။

*

နောက်တစ်ရက်တွင် မောင်စိန်သောင်း ထူထူထောင်ထောင် ဖြစ်သွား၏။

'အင်း ငါ စာရေးဖို့လာတာပဲ' ဟု စိတ်ကောင်းကလေး တစ်ချက် ဝင်လာ၏။ သို့နှင့် စာလေး ထိုင်ရေးဖြစ်သည်။ ညောင်းလာလျှင်တော့ အပြင် ထွက်မည်ဖြစ်သည်။

ခုမှ သူ သတိရသည်။ အိတ်ကပ်ထဲ ပိုက်ဆံ ပြောင်ပါရောလား။ ငါ ဘာတွေများ သုံးမိပါလိမ့်ဟု မောင်စိန်သောင်း ပြန်ဆန်းစစ်သည်။ ရောက်တဲ့နေ့ကတည်းက တည်းခိုခန်းအကောင်းစားမှာ တည်းသည်။ ပြီးတော့ အရက်သောက်သည်။ တရုတ်စားသောက်ဆိုင်မှာ ဟင်းတွေချည်းပဲ များများနှင့် ထမင်းနည်းနည်းစားသည်။ ပြင်ဦးလွင် တက်သည်။ တည်းခိုခန်း မှာပင် တည်းသည်။ ပြီးတော့ အရက်သောက်သည်။ ကြက်ကြော်တို့ဘာတို့ စားသည်။ ဂျစ်ကား စီးလုံးငှားစီးသည်။ မြင်းရထား စင်းလုံးငှားစီးသည်။

သည်လောက်လျှောက်သုံးမှတော့ ကုန်တော့မပေါ့။

မတတ်နိုင်တော့။ မောင်စိန်သောင်းသည် အကြံကောင်းဉာဏ်ကောင်း ထွက်လေ့ရှိသည့်အတိုင်း သူ့ကို ပြုစုစည့်ခံကျွေးမွေးထားသည့် ကိုစာင်ထွန်း မိန်းမ မခိုင်ဆီက ငွေချေး၏။ များများချေးလျှင် များများကုန်မည်မှန်းကိုတော့ သူ သိထားသည်။ ထို့ကြောင့် ငွေတစ်ရာသာ ချေးလိုက်သည်။

*

အပြင်ဘက် ထွက်ခဲ့သည်။ ဈေးထဲမှာ လျှောက်ကြည့်သည်။ အစုံပါပဲ။

မန္တလေး ဈေးချိုကား မြန်မာပြည်အရပ်ရပ်မှ ပစ္စည်းများသာမက နိုင်ငံတကာပစ္စည်းများပါ စုံလင်လှသည်။ ပစ္စည်းတွေလျှောက်ကြည့်ရင်း သွားရည်ကျရင်း မုန့်စား၊ လက်ဖက်ရည်သောက်လိုက်သည်။ ကွမ်းစား လိုက်သည်။ ပြီးတော့မှ သတိရသည်။ သမီးက ဖိနပ်ဝယ်ခဲ့ဖို့ မှာသည်။ သားကတော့ မုန့်တဲ့။ မောင်စိန်သောင်းမိန်းမ မနှင်းရည်ကတော့ ဘာမှမမှာ။ ဒါပေမဲ့ မန္တလေးဖိနပ် တစ်ရံလောက်တော့ ဝယ်သွားမှ။ ဟုတ်ပြီ ဒါကလေး တွေတော့ ဝယ်သွားမည်။

ထိုသို့ စိတ်ကူးနှင့် ဈေးမျက်နှာစာတန်းကို လျှောက်လာခဲ့သည်။

သူ့သမီးနှင့် သူ့ဇနီး မနှင်းရည်အတွက် ဖိနပ်ဝယ်ပစ်လိုက်သည်။ ငါးဆယ်ကျော် ထွက်သွားသည်။

အိတ်ကပ်ထဲ ပြန်စမ်းကြည့်၏။ သုံးဆယ်ကျော်ပဲ ကျန်ပါလား။ ဘာတွေများ သုံးလိုက်မိသေးလို့ ပါလိမ့်။

သြော် ဟုတ်သားပဲ၊ ဆိုက်ကားငှားစီးပြီး ဟိုသွားသည်သွား သွားခဲ့တာ၊ လက်ဖက်ရည်တို့ မုန့်တီတို့ စားပစ်လိုက်တာ တစ်ဆယ်ကျော် ထွက်သွားခဲ့ရောပေါ့။

ငွေသုံးဆယ်နှင့် ဘာဝယ်ရ ကောင်းမလဲ စဉ်းစားသည်။

အောင်ဒင်သရက်သီးတွေ တွေ့သည်။

မောင်စိန်သောင်းသည် အောင်ဒင်သရက်သီးများကို လျှောက်ကြည့်ရင်း ဈေးမေးသည်။ ရှစ်ကျပ်၊ တစ်ဆယ်။

ခုမှ သတိရ၏။ သူ့အဖေက အောင်ဒင်သရက်သီး ကြိုက်တတ်သည်။ အမေကတော့ မလိုင်ကရေကရာကြိုက်သည်။ အဖေ့ဖို့ အောင်ဒင်သရက်သီး ဝယ်မည်။ ဟာ ဒါဆို သားအတွက် ဘာဝယ်ရပါလိမ့်။ သားက မုန့်မှာလိုက်တာပဲလေ။

သရက်သီးကိုပင် မုန့်လို့ပြောပြီး ကျွေးလိုက်တာပေါ့။

အမေ့ဖို့ မလိုင်ကရေကရာ။

ရပါတယ်လေ၊ အမေ့ကိုလည်း အောင်ဒင်သရက်သီးပဲ ကျွေးလိုက်တာပေါ့။

မောင်စိန်သောင်းသည် သူ့အတွက် ငွေငါးရာကျော် သုံးပစ်ပြီး သကာလ သမီးနှင့် မယားဖို့ ငွေငါးဆယ်ကျပ်ဖိုး ဖိနပ်ဝယ်ကာ သူ့အဖေနှင့် အမေအတွက် အောင်ဒင်သရက်သီး ငါးကျပ်ဖိုးစီ ဝယ်လေသတည်း။

*

မောင်စိန်သောင်း၏အဖေသည်

"မစားရတာ ကြာလို့လား မသိဘူး၊ ငါ့သားဝယ်လာတဲ့ အောင်ဒင်သရက်သီးက ချိုလိုက်တာကွာ" ဟု ပြော၏။

မောင်စိန်သောင်း၏မိခင်က

"ဟဲ့ ငါ့သား မန္တလေးက ဝယ်လာတာ စားကြည့်စမ်း၊ ချိုဆိမ့်နေတာပဲ" ဟု သူ့မိတ်ဆွေ အဘွားကြီးများကို ကျွေး၏။

သားငယ်သည် သရက်သီးကို မုန့်တစ်မျိုးပဲဟု စား၏။

သမီးကတော့ ဒေါက်ဖိနပ်ကို သဘောကျနေသည်။

မနှင်းရည် ငွေစာရင်း စစ်ဆေးသည်။

"သုံးလှချည်လား အရမ်းပဲ" ဟု ပြောသည်။

မောင်စိန်သောင်းက

"ဒါလောက်ကလေးများကွာ" ဟု သူ့ဒွေးဂိုက်နှင့် ပြော၏။

ပြီးတော့ စဉ်းစားသည်။

သူ ငါးရာကျော် သုံးသည်။ ဒါတောင် သူ့မိတ်ဆွေ ကိုတင်ထွန်းက ကျွေးမွေးထားသေးပေလို့။

ဇနီးနှင့် သမီးအတွက် ငါးဆယ်ကျော်ဖိုး ဝယ်သည်။

အဖေနှင့် အမေအတွက် သရက်သီး ငါးကျပ်ဖိုးစီ ဝယ်ခဲ့သည်။

သူ့ကိုယ်သူ အဖေနှင့် အမေအတွက်၊ မိသားစုအတွက် သိတတ်သားပဲဟု ဂုဏ်ယူနေပြန်သည်။

၁၉၈၅၊ ဇူလိုင်၊ ငွေမှုတ်သမဂ္ဂဇင်း

၀

## နေရာ

သူထိုင်နေသော ကုလားထိုင်သည် အနည်းငယ် ကျယ်နေကြောင်း မောင်စိန်သောင်း သတိပြုမိ၏။

လက်ရန်းနှစ်ခုပေါ်တွင် တံတောင်တင်၍ စာဖတ်နေခြင်းဖြစ်ရာ သူ့တံတောင်နှစ်ဖက်သည် အနည်းငယ်ကား၍ ထောက်ထားရ၏။

သူ့အိမ်မှ ဧည့်ခံကုလားထိုင်များကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်သည်။ ကြီးနေကြကြောင်း သတိထားမိသည်။

ယခုအခါ အများစုသည် အိမ်နေရာ၊ အိမ်ခန်းနေရာများ ကျဉ်းမှု ကြောင့် ဧည့်ခံစားပွဲကုလားထိုင်များကို ခပ်သေးသေးသာ ထားကြတော့၏။ လူဝဝတစ်ယောက်ထိုင်လျှင် ကွက်တိနေရုံမျှသော ဧည့်ခံကုလားထိုင်များ ကိုသာ အသုံးများကြ၏။

အိမ်ခန်းနေရာများကလည်း ယခင်က နှစ်စိတ် စိတ်သည့် အခန်းကို သုံးလေးစိတ် စိတ်ပိုင်း၍ ငှားရမ်းနေကြပြီဖြစ်သောကြောင့် နေစရာနေရာသည် ကျဉ်းသည်ထက် ကျဉ်းလာပြီဖြစ်၏။ ရန်ကုန်မြို့ကြီးတွင် လူဦးရေ ထူထပ် သိပ်သည်းလာသဖြင့် နေရာသည်လည်း ကျပ်သိပ်လာ၏။

ဧည့်ခန်းဟူ၍ ကျယ်ကျယ်ပြန့်ပြန့် တခမ်းတနား မထားနိုင်ကြတော့။ အိမ်ခန်းတွေက ကျဉ်းလာသဖြင့် ဧည့်ခန်းကလည်း ကျဉ်းလာသည်။ ထို့ကြောင့် ကုလားထိုင်များလည်း သေးလာသည်။

အိမ်ကျယ်ကျယ်လွင့်လွင့်ရှိသူများသာ ဧည့်ခန်းဟူ၍ သတ်သတ်ထားကြသည်။ အများအားဖြင့်တော့ ဧည့်ခန်းသတ်သတ်မထားတော့။ အိမ်ရှေ့ခန်းမှာပင် ကုလားထိုင် လေးလုံးလောက် ချထားကြသည်။ အချို့ကမူ ကုလားထိုင်များပင် မထားတော့ဘဲ သင်ဖြူးဖျာနှစ်ချပ်လောက်သာ ထားကြသည်။ ပက်လက်ကုလားထိုင် တစ်လုံး နှစ်လုံး ထားတတ်ကြသည်များလည်း ရှိ၏။

မောင်စိန်သောင်းတို့အိမ်မှာမူ အနည်းငယ်ကျယ်၏။

မောင်စိန်သောင်းတို့၏ မိသားစုလေးယောက်နှင့် မောင်စိန်သောင်း၏ ယောက္ခမနှစ်ယောက်၊ တစ်ခါတစ်ရံ မောင်စိန်သောင်း၏ သူငယ်ချင်းများ၊ ညီ ညီမများ ခေတ္တလာနေလေ့ရှိသဖြင့် လွန်ရောက်ျရောမှ သူတို့အိမ်မှာ ဆယ်ယောက်ထက် ပိုမအိပ်ကြ။

မောင်စိန်သောင်း၏ တူမကလေးတစ်ယောက်၊ နှမကလေး တစ်ယောက်တို့သည် အဖော်အဖြစ်နှင့် လာရောက်နေထိုင်ကြသောကြောင့် သူတို့အိမ်တွင် ယခုအချိန်၌ လူခြောက်ယောက်သာ အိပ်၏။

မောင်စိန်သောင်း၏ ယောက္ခမနှစ်ယောက်မှာ တရားကျောင်းသို့ သွားချည်လာလည့် ပြုနေကြသဖြင့် ယခုအခါ အိမ်မှာ သူတို့ အမြဲမရှိကြ။

လူခြောက်ယောက်အတွက် လိုအပ်သော အကျယ်အဝန်းကို မောင်စိန်သောင်း စဉ်းစားကြည့်သည်။

အိပ်ခန်း ခြောက်ခန်း မလိုပါ။ မောင်စိန်သောင်းနှင့် မနှင်းရည်၊ သူတို့၏ သားနှင့် သမီးတို့အတွက် အိပ်ခန်းတစ်ခန်း။ အပျိုမလေးနှစ်ယောက်အတွက် အိပ်ခန်းတစ်ခန်း။ ဒါဆို လုံလောက်ပြီ။

ညေ့်သည်အတွက် ကွပ်ပျစ်တစ်လုံး ချထားသည်။ ညဥ့်အိပ် ညဥ့်နေ ဧည့်သည်ရောက်လာလျှင် အိမ်ရှေ့ခန်းကွပ်ပျစ်မှာ သိပ်နိုင်သည်။

ဧည့်ခန်း။ ဧည့်ခန်းကျတော့ အလျား ဆယ့်ငါးပေ၊ အနံ ဆယ်ပေခန့် ရှိသည်။ ကျယ်နေသည်ထင်၏။

မောင်စိန်သောင်း၏အိမ်က အလျား ပေလေးဆယ်နှင့် အနံ ပေနှစ်ဆယ်ခန့် ရှိသည်။ ထို့ကြောင့် ဧည့်ခန်းကျယ်ကျယ်ထားနိုင်သည်။

ဧည့်ခံစားပွဲနှင့် ကုလားထိုင်များမှာလည်း လိုအပ်သည်ထက် ပို၍ ကြီးနေသည်။ ထိုင်ရတာ သက်သောင့်သက်သာတော့ ရှိသပေါ့။ ဒါပေမဲ့ မောင်စိန်သောင်းစိတ်ထဲမှာ ကျယ်လွင့်လွင့် ဟာတာတာကြီး ဖြစ်နေ တတ်သည်။ ပြီးတော့ ဧည့်ခန်းကို ရှင်းရလင်းရသည်မှာလည်း ပင်ပန်း၏။ တကယ်တော့ မနှင်းရည်နှင့် အပျိုမလေး နှစ်ယောက်သာ တံမြက် လှည်းကျင်း၊ သန့်ရှင်းကြခြင်းဖြစ်ပါသည်။

မောင်စိန်သောင်းကတော့ တစ်ခါတစ်ရံ စိတ်လိုလက်ရရှိမှ တံမြက် စည်းကလေး တစ်ချက်နှစ်ချက် ခတ်လေ့ရှိသည်။ သူသည် အိမ်အလုပ်ဟူ၍ မည်မည်ရရ ဘာမှမလုပ်။ မှိုယောင်ယောင်၊ သည်ယောင်ယောင်သာ။

ယနေ့လည်း အိပ်ရာထ မျက်နှာသစ်ပြီး ဆေးပေါ့လိပ်ခဲကာ သတင်းစာ ထိုင်ဖတ်နေသည်။ ကုလားထိုင်ကျယ်ကျယ်ဖြင့် ထိုင်ရသဖြင့် နောက်မှီကို မှီလိုက်သောအခါ ခြေထောက်နှစ်ချောင်းကို ဆန့်ရသည်မှာ ကသိကအောက် ဖြစ်နေ၏။

ထို့ကြောင့် မနှင်းရည်၏ အလှပြင်မှန်ခုံမှ ထိုင်ခုံသေးသေးလေးကို ဆွဲယူပြီး ခြေထောက်တင်ထားလိုက်သည်။ သတင်းစာဖတ်ပြီးနောက် မနှင်းရည် အဆင်သင့်ဖျော်ပေးထားသော လက်ဖက်ရည်ကို သောက်သည်။

ထမင်းစားပွဲကို ကြည့်မိပြန်သည်။ သူတို့မိသားစု ခြောက်ယောက် အတွက် ထမင်းစားပွဲသည် ကွက်တိဖြစ်၏။ ခြောက်ယောက်စားပွဲဖြစ်သည်။

တစ်ဖန် မောင်စိန်သောင်း၏ ကိုယ်ပိုင်ရှုပ်ပွခန်းကို လှည့်ကြည့်မိပြန်သည်။

ကိုယ်ပိုင်ရှုပ်ပွခန်းဆိုသည်မှာ ရှင်းပါ၏။ မောင်စိန်သောင်း၏ စာအုပ်စာတမ်း၊ စာရွက်စက္ကူ၊ ဖလင်လိပ်၊ ဓာတ်ပုံပစ္စည်း၊ ကင်မရာ၊ စာတိုမယ်နအစုံကို စုပြုံထည့်ထားသော အခန်းဖြစ်ပါသည်။ စည်းစနစ်တကျမဟုတ်ပါ။ ဘောလ်ပင်အကောင်းသည် ဖလင်လိပ်များအကြား ရောက်ချင်ရောက်နေတတ်ပြီး အမှတ်တရ ပေးပို့လက်ခံရရှိသော ပို့စကတ်များသည်လည်း ပင့်ကူအိမ်များကြား ရောက်ချင်ရောက်နေတတ်ပါသည်။ ပုလင်းလွတ်များသည်လည်း ထောင့်တစ်ထောင့်မှာ တန်းစီလျက်ရှိပြီး ထိုပုလင်းများကြားန္တိ အကြွေတစ်မတ် ငါးမူး ကျချင် ကျနေတတ်သည်။

ထို့ကြောင့် ကိုယ်ပိုင်ရှုပ်ပွခန်းဟု ဆိုရပါသည်။ မောင်စိန်သောင်း၏ ကိုယ်ပိုင်ရှုပ်ပွခန်းသည် အလျား ဆယ်ပေ၊ အနံ ဆယ်ပေခန့် ရှိပါသည်။

*

ထမင်းမစားရသေးမီ အပြင်ထွက်သည်ကို မနှင်းရည် သဘောမကျပါ။ မောင်စိန်သောင်းသည် အိမ်မှာ ထမင်းမစားဘဲ အပြင်ထွက်သောနေ့များဆိုလျှင် တွေ့ရာကြုံရာမှာ ဖြစ်သလို စားတတ်ပါသည်။ တစ်ခါတစ်ရံ အဝစား သုံးကျပ်ခွဲဆိုင်မှာ တွယ်ပစ်လိုက်ပြီး စိတ်ရှုးပေါက်သည့်အခါမျိုးကျတော့ တရုတ်စားသောက်ဆိုင်သွား၍ တစ်ယောက်တည်း ငွေ အစိတ်သုံးဆယ်ဖိုးလောက် စားပစ်တတ်ပါသည်။ ထို့ကြောင့် မောင်စိန်သောင်းကို သူ့ဇနီး မနှင်းရည်က နံနက်စာ စားပြီးမှ အိမ်က ထွက်စေချင်၏။

မောင်စိန်သောင်းကလည်း လူပါး။ နံနက် ဆယ်နာရီ ဆယ့်တစ်နာရီအချိန်ကျလျှင် ဆာသည်ဖြစ်စေ မဆာသည်ဖြစ်စေ ထမင်းတစ်ပန်းကန်လောက် အုပ်လိုက်၏။ ပြီးလျှင် မြို့ထဲထွက်၏။ မြို့ထဲရောက်မှ မနှင်းရည်မသိအောင် ဝှက်ထားသော ပိုက်ဆံနှင့် ကိုယ်ကြိုက်ရာ ကိုယ်ဝယ်စား၏။

ယနေ့လည်း ထိုသို့သောအကြံနှင့် ထမင်း တစ်လုတ်တစ်ဆုပ်လောက် စားပြီး ထွက်ခဲ့၏။

*

သီးသန့် အမြန်ကားကလေးများသည် လူပိုမတင်ကြတော့။ အဖမ်းခံရမှာ စိုးသောကြောင့်ဖြစ်သည်။ သို့ရာတွင် လစ်လျှင် လစ်သလို တင်ကြသည်။

မောင်စိန်သောင်း တက်စီးသော သီးသန့်ကားကလေးမှာ တစ်ယောက်စာသာ ဆံ့တော့သဖြင့် မောင်စိန်သောင်းတစ်ယောက်အတွက် နေရာရလေသည်။ ကားနောက်ပိုင်းအစွန်မှာ ခွေးခြေသေးသေးကလေးနှင့်။

ပြုတ်မကျအောင် အပေါ်က လက်ကိုင်တန်းကို ဆွဲထားရသည်။ ခြေနှစ်ချောင်းကား နောက်က ခြေနင်းခုံသေးသေးပေါ်မှာ။

မောင်စိန်သောင်းသည် နံနက်ပိုင်းက ကုလားထိုင်အကျယ်ကြီးနှင့် ခြေတင်ခုံနှင့်ဘာနှင့် အကျအနထိုင်ပြီး သတင်းစာ ဖိမ်နှင့် ဖတ်နေခဲ့ခြင်းကို သတိရ၏။ ခုတော့ ဖင်တစ်ခြမ်းပင် ထိုင်စရာမလုံလောက်သော ခွေးခြေခုံသေးသေးလေးမှာ စောင်းတော့ထိုင်နေရသည်။ သူ့နောက်က ပုဂ္ဂိုလ်ကလည်း ဘာထုပ်ကြီးမှန်းမသိ၊ ပေါင်ပေါ်တင်ထားသဖြင့် ကားယိမ်းတိုင်း မောင်စိန်သောင်း၏ကျောကို လာလာဆောင့်၏။ ခြေနှစ်ဖက်ကိုလည်း ကား နောက်နင်းခုံပေါ် မပြတ်မြဲ တင်ထားရသည်။ စိတ်အိုက်စရာ ကောင်းလှသည်။

သို့သော် ကြာကြာစိတ်မအိုက်လိုက်ရပါ။ ကားသည် ဝုစ်ခနဲဝုစ်ခနဲ နေအောင် အရှောင်အတိမ်းများနှင့် အမြန်မောင်းနေသဖြင့် လက်ကိုင်တန်းကို မိမိရရ ကိုင်ရင်း သတိနှင့် လိုက်ပါနေရသည်။

ပစ်ကပ်ကားသေးသေးလေး နောက်တွဲပေါ်မှာ ဘေးတန်း ခုနစ်ယောက်စီ၊ အလယ်တန်း ခွေးခြေနှင့် ငါးယောက်၊ ပေါင်း ဆယ့်ကိုးယောက်၊ ကျပ်ကျပ်သိပ်သိပ် လိုက်ပါခဲ့ရခြင်းကို ခေတ္တမေ့ပြီး လိုရာခရီး အမြန်ရောက်စေရန်သာ ဆန္ဒစောနေရတော့သည်။

ရောက်ပါသည်။ အမြန်ပါပဲ။

လမ်းမတော်ရောက်တော့ ဂိတ်ဆုံးခါနီးမို့ လူချောင်သွားပြီ။ ချောင်ချောင်ချိချိစီးရသောအချိန်မှာ သုံးမိနစ်လောက်သာရှိပေလိမ့်မည်။

*

ဂေါ်ဒွင်လမ်း လဟာပြင်ဇာတ်ရုံကို ရောက်သည်။ အိန္ဒိယယဉ်ကျေးမှု ကပွဲ လက်မှတ်ဝယ်သည်။ နှစ်နေရာစာ။

လမ်းပြန်လျှောက်လာပြီး လမ်းမတော်မှ အမှတ် (၁) ကားကို စီးသည်။ ကားပေါ်မှာ လူပြည့်နေပြီ။ မတ်တတ်တော့ ချောင်ချောင်ချိချိ ရပ်နိုင်ပါသည်။

ပန်းဆိုးတန်းမှာ ဆင်းသည်။ ကုန်တိုက်ကို မရောက်သည်မှာ ကြာပြီမို့ ကုန်တိုက်ပေါ် တက်ခဲ့သည်။ တိုးနေကြ၏။ ကလေးအနီးပိတ်တွေ ပေးနေလို့တဲ့။ အဲသည့်ကောင်တာမှာတော့ ရောင်းကောင်းလိုက်သည့်ဖြစ်ခြင်း။

လူတန်းကြီးသည် နှစ်ရစ်သုံးရစ် လိမ်ကောက်လျက် ကုန်တိုက် အလယ်ထပ် ပြည့်လုခမန်း နေရာယူထားကြသည်။ သည်လူစုကြီးကို ပတ်၍ လူချောင်ရာ ကောင်တာများကို လျှောက်ကြည့်သည်။ စာရေးကိရိယာ ရောင်းသောနေရာမှာတော့ ချောင်သည်။ ကော် တစ်ဘူး နှစ်ကျပ်တစ်မတ်နှင့် ဝယ်လိုက်၏။ ကော် ဆိုသည်မှာ တစ်ခါတစ်ရံ လိုအပ်သည်မဟုတ်ပါလား။

အမျိုးသမီးတစ်ယောက်သည် သက်သာဆပ်ပြာမှုန့်ထုပ်များကို ပြားချော်ကြာဆယ်တန် ကြွပ်ကြွပ်အိတ်တစ်လုံးနှင့်အပြည့်သယ်လျက် သူ့ရှေ့က ဆင်း၏။ အပေါ်ထပ်မှာ ဆပ်ပြာမှုန့် ပေးနေလေသလား။ တန်းတော့ စီနေကြတာပဲ။ အညာစောင်တွေလည်း ပွေ့ပိုက်၍ ဆင်းကြ တက်ကြသည်။

မောင်စိန်သောင်းသည် သူ့သားနှင့် သမီးအတွက် အနီးပိတ် လျှောက်ထားခဲ့ဖူးကြောင်းတော့ မှတ်မိ၏။ ရသလား၊ မရသလား မမှတ်မိတော့။ အဲ လုံချည်ဟောင်း သုံးလေးထည် အနီးဖြစ်သွားသည်ကိုတော့ မှတ်မိ၏။

မနှင်းရည် ဆပ်ပြာမှုန့်ကို ချွေတာသုံးစွဲနေသည်ကို နံနက်က မြင်ခဲ့ရ၏။ ဆပ်ပြာမှုန့်များ ရမလားမသိ။

ကုန်တိုက်ကို ပြန်တက်သည်။ ဘယ်နားမှာ ဆပ်ပြာမှုန့် ရှိလေမှန်းတောင် မသိ။ ပြန်ဆင်းခဲ့သည်။ ကော်တစ်ဘူးရ တော်ရောပေါ့။

*

အလုပ်ခန်းမှာ ထိုင်သည်။ အလုပ်ခန်းဟုဆိုရသော်လည်း မြို့လယ်ရှိ အခန်းများ ထုံးစံအတိုင်း စားပွဲတစ်လုံးနှင့် ကုလားထိုင်နှစ်လုံးလောက်သာ ဆံ့သော အလျားအနံရှိသည့် အခန်းကလေး။

သို့ရာတွင် မောင်စိန်သောင်းအဖို့ စာရေးရန် နေရာလေး တစ်ကွက်လောက် ရလျှင် ပြီးပြီ။ သူ့သူငယ်ချင်းများနှင့်သော်လည်းကောင်း၊ မိတ်ဆွေများနှင့် အလုပ်စကားပြောရန်သော်လည်းကောင်း တွေ့ဆုံပြောဆိုလိုလျှင် လမ်းဘေး လက်ဖက်ရည်ဆိုင် ချိန်းလိုက်ရုံပါပဲ။

လက်ဖက်ရည်လည်း သောက်ရ၊ အလုပ်အကြောင်းလည်း ပြောလို့ရ။ လမ်းသွားလမ်းလာ ကောင်မလေးများကိုလည်း ကြည့်လို့ရသည်။

လမ်းဘေးလက်ဖက်ရည်ဆိုင် ဘယ်လောက်ကောင်းသလဲ။ ခွေးခြေကလေး တစ်လုံးစာနေရာနှင့် အလုပ်တော်တော်ဖြစ်သည်။

*

ညနေစောင်းကျတော့ သူငယ်ချင်းမိတ်ဆွေများနှင့် ဟေးလားဝါးလား စကားများ ပြောဆိုပြီး အိမ်ပြန်သည်။ ည ရှစ်နာရီလောက်ကျလျှင် တစ်ကျပ်ဘတ်စ်ကား ချောင်တတ်၏။

*

မိုးချုပ်ပြီ။

မီးမလာ။

ရေနံဆီမီးခွက်ထဲ ခတ်ဆီထည့် ဆားခတ်၍ ထွန်းထားသော အလင်းရောင် မှိန်ဝါဝါတွင် ထမင်းစားသည်။ မှောင်နေသောကြောင့် အိမ်ကျယ်မှန်း စိတ်ထဲ သိပ်သတိမရ။ တစ်ခုတော့ရှိသည်၊ အိမ်က နည်းနည်းကျယ်တော့ မီးခွက် သုံးလေးခု ထွန်းရသည်။ အိမ်ကျဉ်းလျှင် မီးခွက် နှစ်ခုလောက်နှင့် လုံလောက်လိမ့်မည်။ အိမ်ကို ကျဉ်းပစ်ဖို့ဆိုတာက ပိုက်ဆံကုန်ဦးမှာ။

မှောင်ထဲမှာထိုင်နေရသည်ကို ပျင်းလာ၏။

အပြင်ဘက် ထွက်ခဲ့သည်။

လဆုတ်ရက်မို့ ကြယ်များစုံညီစွာ ထွန်းလင်းနေကြသည်။

'အင်း အာကာသဟင်းလင်းပြင်ကြီးဟာ အကျယ်ကြီးပါလား'ဟု ကြီးကြီးကျယ်ကျယ် တွေးခေါ်ပစ်လိုက်သည်။

ကြယ်တွေမှာ ကိုယ်ပိုင်အလင်းရောင် ရှိသတဲ့။ တကယ်တော့ ကြယ်အများစုဟာ နေမင်းကြီးထက်ကြီးပြီး နေမင်းကြီးထက် ပိုလို့တောက်ပသတဲ့။ ဝေးလွန်းလို့သာ သေးသေးလေး မြင်နေရတာတဲ့။

ခဏမျှကြာသောအခါ ချမ်းလာ၏။ မောင်စိန်သောင်း အိမ်ထဲပြန်ဝင်လာ၏။ မနှင်းရည်သည် အိမ်ရှေ့ဈေးဆိုင်တွင် အရောင်းပါးသဖြင့် ခပ်ငိုင်ငိုင်ထိုင်နေသည်။

မနှင်းရည်သည် အိမ်ရှေ့မှာ လက်ဖက် ချင်းသုပ်ဆိုင်ကလေး ထွက်ထားသည်မှာ မကြာလှသေး။

"ကိုက်သားပဲ" ဟု မောင်စိန်သောင်းကို မနှင်းရည်က ပြောဖူးသည်။

*

နေရာဟူသည်မှာ ကျဉ်းသည်ဟုထင်လျှင် ကျဉ်း၏။ ကျယ်သည်ဟုထင်လျှင် ကျယ်၏။

၁၉၈၅၊ ဇူလိုင်၊ သည်းဦးပန်းမဂ္ဂဇင်း

○

## ဟုတ်မေ့များ

ပန်းချီဆရာ ကိုမင်းညိုအဖြစ်က သနားစရာလိုလို ရယ်စရာလိုလို။ ဒီလိုပါ။

ကိုမင်းညိုဟာ ကနေ့ စာနယ်ဇင်းလောကမှာ နာမည်ကြီး ပန်းချီကျော် တစ်ယောက်ပါပဲ။ သူ့လက်ရာတွေကို မဂ္ဂဇင်းတိုက်တွေ၊ ထုတ်ဝေရေးတိုက်တွေက လိုချင်ကြတာအမှန်ပါပဲ။ ဒါပေမဲ့ ဆရာကိုမင်းညိုက စိတ်ပါလက်ပါဆိုလျှင် အမြန်ပြီးတယ်။ သိပ်စိတ်မပါရင် ကြာတတ်တယ်။

ဒါကတော့ အနုပညာသမားတိုင်း ဖြစ်လေ့ဖြစ်ထရှိတာပါပဲ။ တစ်ခုရှိတာက ဆရာကိုမင်းညိုက စိတ်မပါဘူး။ စိတ်မဝင်စားဘူး။ ဘာ ဖြစ်တယ် ညာဖြစ်တယ်နဲ့ အချိန်တွေ ဆွဲဆွဲနေတတ်တယ်။ ဒီတော့ ဆရာကိုမင်းညိုကို ကြည်ညိုကြသော်လည်း ကြောက်ကြတယ်။

ခုအချိန်မှာက အားလုံးအားလုံး အမြန်တွေချည်းပဲမဟုတ်လား။ ဘတ်စ်ကားစီးတာတောင် မိန်းကလေးရယ်၊ အဘွားကြီးရယ်၊ ကလေးရယ် စသဖြင့် ညာမနေနိုင်တော့ဘူး။ အမြန်တက်၊ အမြန်ထွက်၊ အမြန်ဆင်းပဲ။

ဒါနဲ့ပတ်သက်လို့ စာရေးဆရာအယ်ဒီတာတစ်ယောက် ပြောတာ သွားသတိရတယ်။

"ခုအချိန်က သုတ်သုတ်မှ သွားသုတ်သုတ်၊ လာသုတ်သုတ်၊ စားသုတ်သုတ်။ အဲ သေလည်း သုတ်သုတ်ပဲ။ ကြံတောမှာ မီးသဂြိုဟ်တာ ကြည့်ပါလား။ နိဗ္ဗာန်ယာဉ်ပေါ်က ခေါင်းကို သုတ်သုတ်ချ။ တွန်းလှည်းပေါ် သုတ်သုတ်တင်။ အလောင်းကို ရှိခိုးမယ့် သားသမီး ဆွေမျိုးများလည်း ပုဆိန်ပေါက် သုတ်သုတ်ရှိခိုး။ ပြီးတော့ မီးသဂြိုဟ်စက်ထဲ သုတ်သုတ်ထည့်။ ဖြုတ်၊ ရှူး၊ ဝူးခနဲ အငွေ့ဖြစ် အမြန်ပြီးသွားရတာပဲ"

သည်တော့ ခုလို သုတ်သုတ်မြန်မြန်လုပ်နေရတဲ့အချိန်မှာ ဆရာမင်းညိုတစ်ယောက် တုံ့နှေးတုံ့နှေးနဲ့ အနုပညာယုံကြည်ချက်တွေ၊ ခံစားချက်တွေ၊ စီးပွားရေးပုံစံတွေ၊ အကြောင်းအရာတွေ၊ စနစ်တွေ၊ နည်းတွေ စသဖြင့်ပေါ့လေ။ အဲဒါတွေနဲ့ နပန်းလုံးပြီး ပုံတစ်ပုံကို အချိန်ယူဆွဲနေလေတော့ ခွကျတာပေါ့။

ဆရာမင်းညိုဘက်က ကြည့်တော့လည်း အမှန်သား။ သည်လိုသာ အပေါစားတွေ မြန်မြန်ထုတ်ပစ်နေရင် ညံ့သထက် ညံ့လာမှာပေါ့တဲ့။

အဲဒါဟာ ဆရာမင်းညိုရဲ့ ပြဿနာအစပါပဲ။

ပန်းချီဆွဲခ ဝင်ငွေနည်းလာတော့ အိမ်က မိန်းမက နားပူ၊ ပြီးတော့ ကလေးတွေစရိတ်၊ ကျောင်းစရိတ်၊ နေစရိတ်၊ စားစရိတ်။ ဒီကြားထဲ အကြီးကောင်က မိန်းမခိုးလာတော့ ပိုရှုပ်ကုန်တာပေါ့။

ဒါနဲ့ ဆရာမင်းညို အစီအစဉ်တစ်ခု ဆွဲလိုက်တယ်။ သူ့စကားအရ ဆိုရင်တော့ စီမံကိန်းချလိုက်တယ်။

သူပိုင် မြေကလေးထဲက တစ်စိတ်ကို ခွဲရောင်းလိုက်တယ်။ ပြီးတော့ ကားတစ်စင်းဝယ်တယ်။ ကားဝယ်တယ်ဆိုလို့ အထင်မကြီးလိုက်ပါနဲ့။ ဓာတ်ဆီဆိုင်နဲ့ အိမ်နဲ့ မောင်းလို့ရရုံလောက် ကားမစုတ်တစုတ် တစ်စင်းပါ။

အဲဒီကားနဲ့ သားအကြီးကို ဓာတ်ဆီထုတ်စေတယ်။

ကားမစီးရ။ ကားမစီးတော့ ခတ်ဆီ အပိုထွက်လာတယ်။ အဲဒီ ခတ်ဆီကို ထမင်းဖြစ်အောင်လုပ်။ ဒါက ဆရာမင်းညိုရဲ့ အစီအစဉ် စီမံကိန်း။ သို့သော်လည်းပေါ့လေ၊ အစီအစဉ်တို့ဘာတို့ဆိုတာက မှန်းတဲ့ အတိုင်း ဖြစ်ချင်မှ ဖြစ်လာတာမဟုတ်လား။

ကားက ပျက်ရောဗျ၊ ပြင်ရရောဗျ၊ ဟိုက လို၊ သည်က လို လိုလာ ရောဗျ။ ကားပြင်စရိတ်က တက်လာရောဗျ။ ဒီကြားထဲက ကားကို တာဝန် ယူထားရတဲ့ ကလေးတွေအနေနဲ့လည်း ခတ်ဆီဆိုင်မှာ တန်းစီစောင့်ရင်း လက်ဖက်ရည်သောက်၊ ဒူးယားစီးကရက်ကလေး ခဲ၊ ခေါက်ဆွဲကြော်လေး ဝယ်စား စသဖြင့်ပေါ့။ အဲဒါတွေက စီမံကိန်းထဲ ထည့်တွက်မထားတာတွေ။ ငွေယိုပေါက်တွေ ဆိုပါစို့ဗျာ။

ဒါနဲ့ ဆရာမင်းညိုလည်း ကိုယ်တိုင် ခတ်ဆီတန်းစီဖို့ ကြိုးစား ကြည့်သတဲ့ဗျ။ ဘယ်လွယ်လိမ့်မတုံး၊ ပန်းချီဆရာပဲဥစ္စာ။ ကားဆရာမှ မဟုတ်ပဲ။ သူ မခံနိုင်ပါဘူး။ သားတွေကိုပဲ ပြန်လွှဲပေးလိုက်ရတယ်။

အဲ တစ်နေ့တော့ ဆရာမင်းညိုကတော် ဒေါ်တင်သောင်းက ဆရာမင်းညိုကို စီးပွားရေးကိစ္စ ချပြပါလေရော။

ဝင်ငွေနဲ့ ထွက်ငွေ မကာမိတဲ့အကြောင်းကစပြီး ကလေးတွေ မလိမ္မာတဲ့အကြောင်း အစုံပေါ့ဗျာ။

ခက်တာက ခု အသက်လေးဆယ်ကျော် ငါးဆယ်တွင်း ရောက်နေတဲ့ ပုဂ္ဂိုလ်တွေက အသက်နှစ်ဆယ်ဝန်းကျင် လူငယ်တွေရဲ့ အတွေးအခေါ် အကျင့်စရိုက်ကို လိုက်မမီတော့ဘူးဗျ။ ငွေဆိုတာ စားသုံးကုန်ပစ္စည်းအဖြစ် မပြောင်းလဲသမျှ ဘာမျှတန်ဖိုးမရှိတဲ့ စက္ကူပဲဆိုတာကို လူငယ်တွေက သဘောပေါက်နေကြပြီ။ ရွှေစု ငွေစု ဆိုတဲ့ ကိစ္စထက် ရောင်းတယ် ဝယ်တယ် ဆိုတဲ့ ကိစ္စက သူတို့အတွက် ပိုကောင်းနေပြီ။ ဒါပေမဲ့ လူကြီးဆိုတဲ့ လူတွေ ကတော့ ကလေးတွေ မလိမ္မာဘူး၊ ရသမျှ သုံးပစ်တယ်လို့ ဆိုကြတယ်။

ကလေးတွေဆိုတဲ့ လူငယ်တွေကတော့ ပိုက်ဆံဆိုတာ စက္ကူပဲ။ ပိုက်ဆံကို စားလို့မရဘူး။ သောက်လို့မရဘူး။ ဝတ်လို့လည်း မရဘူးလို့ သဘောပိုက်ကြတယ်။

တိုတိုဆိုရလျှင် ဆရာမင်းညိုနဲ့ သူ့သားတွေ ပြဿနာတက်တာပေါ့။ ဆရာမင်းညိုက

"မင်းတို့ အရွယ်ရောက်ပြီ၊ လုပ်စားကြပေတော့"

သားတွေက

"ဟုတ်ကဲ့"

ဆရာကတော်က

"ကလေးတွေ လွှတ်ထားလို့ရမလား။ ရှင်က အိမ်ထောင်ဦးစီး မဟုတ်လား"

ဆရာမင်းညိုက

"မင်းတို့ကိစ္စတွေပဲ လိုက်လုပ်ပေးနေရတယ်။ ငါ ပန်းချီမဆွဲရဘူး"

"တော် ဘာလို့မွေးထားသေးလဲ"

"............"

"............"

"မင်းလည်း အသုံးမကျဘူး၊ ဘယ်သူမှ အသုံးမကျဘူး။ အေး မင်းတို့ဘာသာ ကြည့်ရှင်းကြပေတော့။ ငါကတော့ အကောင်းဆုံး စီစဉ်ပြီးပြီ။ ဒါပဲ တတ်နိုင်တယ်။ ဒါပဲ ငါသွားမယ်"

ဆရာမင်းညို အိမ်ပေါ်က ဆင်းခဲ့ပစ်လိုက်တယ်။

အမှန်ကတော့ ပြဿနာကို အပြေလည်ဆုံးဖြစ်အောင် မဖြေရှင်းတတ်လို့ အနိုင်နှင့် ပိုင်းခဲ့တာပါပဲ။

*

သည်နေ့ စိတ်နည်းနည်းတွေတယ်။ သိပ်မလှမ်းမကမ်းနေရာမှာ ကဗျာဆရာ ကိုသန်းမြင့်ရှိတယ်။ ကလောင်နာမည်က 'မြင့်မိုသူ' တဲ့။ နာမည်ကသာ မြင့်မိုသူ။ မြင့်လည်း မမြင့်ပါဘူး။ မိုလည်း မမိုပါဘူး။ သူငယ်ချင်းတွေက "မင်းဟာ မြင့်မိုတော့ မဖြစ်နိုင်ဘူး။ အဝီစိပဲ ဖြစ်လိမ့်မယ်" လို့ ချီးကျူး ဩဘာ ပေးထားကြတယ်။ ကဗျာဆရာ မြင့်မိုသူအိမ်ရောက်တော့ ဆရာကတော်က "အပြင်ထွက်သွားလေရဲ့" လို့ ပြောတယ်။ ဒါနဲ့ လမ်းထိပ် ထွက်ရှာတော့ မြင့်မိုသူကို လမ်းထောင့် အုတ်ခုံမှာ ကုပ်ကုပ်ကလေး ထိုင်လျက်သား တွေ့ရတယ်။

"ဘာဖြစ်နေတာလဲဗျ"

"ဒီလိုပါပဲဗျာ"

"အင်း ကျုပ်လည်း ဒီလိုပါပဲဗျာ"

သူတို့ချင်းတော့ မျက်နှာရိပ် မျက်နှာကဲ နားလည်လိုက်ကြပါတယ်။ သည်လိုနှင့် နှစ်ယောက်သား အရက်ဖြူဆိုင်ဘက် ရောက်ကရော ဆိုပါစို့။

တစ်ခွက်လောက်မှာ စိတ်ဓာတ်ကျစရာတွေ ပြောဖြစ်ကြတယ်။ နှစ်ခွက်လောက်ကျတော့ ရိုးရိုးစကားတွေ ပြောကြတယ်။ သုံးလေးငါးခွက် ကျတော့ မြောက်ကြွလာကြပါလေရော။

"အလကားမိန်းမတွေ၊ ယောကျ်ားတွေကို နားမလည်ဘူး။ အနုပညာသမားဆိုတာ ခေါင်းကြည်မှ၊ မကြည်ရင် ဘာမှလုပ်လို့မရဘူး။ ဒါကို ဒီမိန်းမတွေ နားမလည်ဘူး"

"ဟုတ်တယ်၊ မိန်းမတွေက ပေသီးတွက်ဖို့ပဲ စဉ်းစားနေကြတာ။ ကျုပ်တို့အလုပ်က ပေသီးနဲ့လုပ်နေတာမှမဟုတ်ဘဲ။ နှလုံးသားနဲ့၊ ဦးနှောက်နဲ့၊ ဝေဒနာနဲ့"

"အစစ်ပေါ့။ ဒီမယ် ဝေဒနာဆိုတာ ဘဝအတွေ့အကြုံတွေအများကြီး ရင်းနှီးရတာ သင်းတို့ မသိဘူး"

"ဟုတ်ပ၊ သင်းတို့သိတာ ဆီဈေး ဆန်ဈေး တွက်တာလောက်ပဲ။ ကျုပ်တို့ကို ဖြစ်စေသတည်း ဆရာတွေများ အောက်မေ့နေသလားမသိဘူး။ ညှံ့ကို ညှံ့ပါတယ်ဗျာ"

"ညှံ့ရုံမကဘူး၊ အတုံးတွေ၊ သင်းတို့ဦးနှောက်ထဲမှာ ပုစွန်ခေါင်းလို ချေးပဲရှိတယ်"

သည်လိုသည်လိုနည်းတွေနဲ့ ကိုယ့်မိန်းမကိုယ် အပုပ်ချ၊ ဝေဖန်၊ ပုတ်ခတ်၊ စွပ်စွဲ၊ ရှုတ်ချ၊ ဆန့်ကျင်၊ ကန့်ကွက်ပြီး တစ်ဖက်သတ် စွဲချက်တင် အပြစ်ဒဏ် ချလိုက်ကြတယ်။

ကိုယ့်မိန်းမကိုယ် ဝေဖန်ပုတ်ခတ်ရုံနဲ့ အားမရနိုင်ဘဲ တစ်လောကလုံးကို ဝေဖန်စွဲချက်တင်လိုက်ကြတာ ည ဆယ့်နှစ်နာရီ ထိုးသွားရော ဆိုပါတော့။ အမြည်းဆိုင်ရှင် အဒေါ်ကြီးကလည်း ဟိုဟာလေး သိမ်း၊ သည်ဟာလေး သိမ်းနဲ့ နှင်ရိပ်နှင်ယောင် ပြနေပြီ။

ဒါနဲ့ သူတို့နှစ်ယောက် ထပြန်ခဲ့ကြတယ်။ လမ်းပေါ်မှာ ယိုင်ထိုး ယိုင်ထိုးပါပဲ။

အဲ ကိုမြင့်မိုသူတို့ လမ်းထိပ်ရောက်တော့ နှစ်ယောက်သား ဣန္ဒြေဆောင်လိုက်ကြတယ်။ ကိုယ်ကို မတ်မတ်ရပ်၊ ခြေလှမ်း မှန်မှန်လျှောက်။

"ကျုပ် ခင်ဗျားအိမ် လိုက်ပို့ပေးမယ်"

"ရပါတယ် ရပါတယ်"

"ခင်ဗျာ့မိန်းမက ဒီအချိန်မှ ပြန်ရသလားဆိုပြီး အော်ဟစ်နေဦးမယ်"

"ရားပါတယ် ရားပါတယ်"

(ရပါတယ်ကို မပီမသ ပြောတာပါ)

"ဒီလိုရှိတယ်ဗျ"

"ဆိုပါဦး"

"ဖြစ်နိုင်ရင် ဒီည ကျုပ် အိမ်မပြန်တော့ဘူး"

"အယ်"

"ဆရာမြင့်မိုသူရဲ့ မေးတေးတေးမျက်လုံးတွေ ပွင့်သွားတယ်။

"အိမ်မပြန်ရင် ခင်ဗျား ဘယ်သွားမှာလဲ"

"ခင်ဗျားအိမ်လိုက်အိပ်လို့ ဖြစ်ပါ့မလား"

"အင်း အဲ ဖြစ်မယ်တော့ ထင်တာပဲ"

"အေးလေ အင်း အေးလေ"

*

ဆရာမြင့်မိုသူ တံခါးခေါက်တယ်။

"ထွေးထွေး"

ဆရာကတော် ကြားလျက်နဲ့ တံခါးမဖွင့်။

ဆရာမင်းညိုက "ကျွန်တော်ခေါ်မယ်ဗျာ" ဟု ကီးသွင်းပြီး

"ဗျို့ ဒေါ်သောင်းထွေး၊ ကျွန်တော်ပါဗျ"

"ဘယ်က ကျွန်တော်လဲ"

ဒေါ်သောင်းထွေး လေသံက ပြတ်တယ်ခင်ဗျ။

"မင်းညိုပါ"

ဆရာမင်းညိုလေသံက ပျော့သဗျ။

"ဩော် အင်း"

ဒေါ်သောင်းထွေး အားနာလို့ တံခါးထဖွင့်ပေးလိုက်တယ်။

နှစ်ယောက်သား ကုပ်ကုပ်ကုပ်ကုပ်နဲ့ အိမ်ထဲဝင်လိုက်ကြတယ်။

မိန်းမအပုပ်ချရေး၊ ရှုတ်ချရေးတွေ ဘယ်ရောက်ကုန်မှန်း မသိကြတော့။

ဆရာမင်းညိုက တိုင်းမ်မဂ္ဂဇင်းဟောင်းကြီး ကောက်ကိုင်လိုက်တယ်။

"အင်း မာဂရက်သက်ချာကတော့ ပြတ်သဗျို့" လို့ လေသံပြောင်းပြီး ပြောတယ်။

"ဒါပေ့ ဒါပေ့"

ဆရာ မြင့်မိုသူက ဘာမှန်းမသိဘဲ ထောက်ခံတယ်။

ဒီအချိန်မှာ ဒေါ်သောင်းထွေး ဒေါသတွေ အရမ်းဖြစ်နေပြီ။ စဉ်းစားကြည့်ပါ၊ နေ့လယ်က သူ့ယောက်ျား ကိုမြင့်မိုသူကို ဆန်အရှာခိုင်းလိုက်တယ်။ အိုးထဲ ဆန်နည်းနေလို့။ ပြန်တော့ သန်းခေါင်။ မူးလို့။

ဒေါသမဖြစ် ခံနိုင်ရိုးလား။ မျိုသိပ်ထားရတာကို ဒေါ်သောင်းထွေး မကြိုက်။ ဟောဆို ဒိုင်းလိုက်ချင်သည်။ ဒါနဲ့ ကိုမြင့်မိုသူရဲ့ လေးစုံမျှသော အဝတ်အစားတွေကို စုထုပ်လိုက်တယ်။

ပြီးတော့ အပြင်ခန်းကို လွှင့်ပေါက်ရင်း

"ရှင် နက်ဖြန်ကစပြီး ဒီအိမ်မှာ မနေနဲ့တော့။ ကျုပ်တို့သားအမိ ဘာသာ ရှာစားမယ်။ ဒါပဲ"

"ဟာ"

ဆရာမင်းညို ပြင်းစွာသော အာမေဍိတ်ကို ပြုလိုက်မိတယ်။ ဆရာ မြင့်မိုသူလည်း မျက်စိသူငယ်လေးနဲ့။

"ဟဲ့ မြင့်မို ပြောနေတာ ကြားသလား"

ဆရာမြင့်မို ဘာမှပြန်မပြောရဲ။

"နင့်လိုဟာမျိုး လင်လုပ်ရတာ"

ဘာတွေဖြစ်ကျန်ခဲ့တယ်ဆိုတာ ဆရာမင်းညို မသိတော့။ ဆရာ မြင့်မို တုန်လှုပ်ချောက်ချားနေတာကို မကြည့်ရက်တော့သလိုလိုနဲ့ ပြန်ထွက်ခဲ့တယ်။ အမှန်တော့ သူလည်း ဒေါ်သောင်းထွေးကိုကြောက်ပြီး လစ်ခဲ့တာပါပဲ။

ကိုင်း ဘယ့်နှယ်လုပ်မလဲ၊ အိမ်ကလည်း ဆင်းခဲ့ပြီ။ ဒီည ဘယ်သွားအိပ်မလဲ။ အဲ သတိရပြီ၊ ဒီနားမှာ ဆရာမောင်စိန်သောင်းရှိတယ်။ စာရေးဆရာ မောင်စိန်သောင်း ဒီအချိန် အိပ်လေ့မရှိသေး။ စာရေးရင်လည်း

ရေးနေမယ်။ ဒါမှမဟုတ် သူ့မိန်းမ မနှင်းရည်ရဲ့ လက်ဖက်ဆိုင် ဝိုင်းသိမ်းပေးနေမယ်။ ဖြစ်ဖို့ပိုများတာက ဆိုင်ဝိုင်းသိမ်းပေးနေမှာပါပဲ။

ဒါနဲ့ မောင်စိန်သောင်းတို့အိမ်ဘက် ခြေဦးလှည့်ခဲ့တယ်။ ညဉ့်တစ်နာရီ။

မောင်စိန်သောင်းကို ယောင်နနနဲ့ လှမ်းမြင်ရတယ်။

မောင်စိန်သောင်းကတော့ မနှင်းရည်ရဲ့အရိပ်အခြည်ကို အကဲခတ်နေတယ်။ စားပွဲကလေးတွေ မ ရတော့မလိုလို၊ ခွေးခြေကလေးတွေ သယ်ရတော့မလိုလို။ အောက်လင်းမီးအိမ်ကြီး လေထပ်ထိုးတော့မလိုလို။ မလိုလိုကြီး ရပ်နေတယ်။ မနှင်းရည်ကတော့ သူ့အလုပ်သူ သွက်သွက်လုပ်နေလေရဲ့။ ဖန်ပုလင်းတွေ သိမ်း၊ ပန်းကန်တွေ ဆေး။

"ကိုစိန်သောင်း၊ အဲဒီခုံတွေကို ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတာလား၊ အိမ်ထဲထည့်တော့လေ"

မနှင်းရည်ရဲ့အမိန့်ကို မောင်စိန်သောင်း လိုက်နာသည်ပ။

ဆရာမင်းညို မောင်စိန်သောင်းတို့ရဲ့အခြေအနေကို မိုးလေဝသခန့်မှန်းရင်း မှောင်ရိပ်က ကြည့်နေလိုက်တယ်။

ခဏကြာတော့ မောင်စိန်သောင်းတို့ ဆိုင်သိမ်းပြီးသွားတယ်။

အောက်လင်းမီးအိမ်ကြီးကို သူတို့အိမ်ထဲ ထည့်လိုက်တယ်။

ဒီအချိန်မှာ မောင်စိန်သောင်းက စွပ်ကျယ်လက်ပြတ် ချောင်ပွပွကြီးဝတ်ပြီး ဆေးပေါ့လိပ်ခဲလျက်က မနှင်းရည်ကို လှမ်းမေးသံ ကြားရတယ်၊

"ရည် ဟို ကိုသီရဲ့ ပန်းချီကားလေးရော"

"ဘာလုပ်ဖို့လဲ၊ ဒီအချိန်ကြီးကျမှ"

"ဟို ဘောင်လေး ဘာလေး ပြန်ကျက်ဖို့"

"အို တောင်ခြစ်မြောက်ခြစ်နဲ့ မော်ဒန်လို့ လျှောက်ပြောနေတဲ့ဟာကြီး၊ ကျုပ်တော့ မော်ဒန်ကာတွန်းပဲသိတယ်"

"မဟုတ်ဘူးလေ ရည်ရဲ့"

"အို မသိဘူး၊ တော့်ဘာသာ ရှာ။ တစ်နေ့လုံး တစ်ညလုံး ဆိုင်ရောင်းနေရတာ ကိုက်ခဲနေပြီ။ လှုပ်တောင် မလှုပ်ချင်တော့ဘူး"

"ဒီလိုရှိတယ်လေ ဟို"

"ဘယ်လိုရှိရှိ ရှင့်သူငယ်ချင်းတွေက အရှုးတွေချည်းပဲ။ ရှင်လည်း အရှုးပဲ"

. "မဟုတ်ပါဘူး"

"ဟုတ်ဟုတ် မဟုတ်ဟုတ်၊ ကျုပ် အိပ်တော့မယ်နော်။ ရှင့်မောင်သီပန်းချီနဲ့ ရှင်ပဲနှစ်ပါးသွား"

မနှင်းရည်၏လေသံက မနိုပ်ပါကလား။

မောင်စိန်သောင်းတို့၏ မိုးလေဝသအခြေအနေကို ဆရာမင်းညိုနားလည်လိုက်ပြီ။

လစ်မှ။

မောင်စိန်သောင်းတို့အိမ်ထဲဝင်မိရင် တော်ကြာ မနှင်းရည်က အဝတ်ထုပ် လွှင့်မထုတ်ဘဲ ချင်းသုပ် ဖန်ပုလင်းကြီးနှင့်ပေါက်လျှင် မစဉ်းစားဝံ့စရာ။

အင်း ဒီတစ်ညတော့ 'အငယ်လေး'တို့ ဆိုက်ကားဂိတ် တစ်ဖက်ရပ်တဲမှာ နားခိုရတော့မှာပ။

အိမ်က ဆင်းတယ်ဆိုပြီး ညတွင်းချင်း ပြန်တက်လို့ကလည်း မဖြစ်။ သိက္ခာကျမခံနိုင်။

ဒါနဲ့ပဲ ဆိုက်ကားဂိတ် တစ်ဖက်ရပ်တဲမှာ ပုဆိုးခြုံပြီး လင်းလိုက်ရတော့တာပါပဲ။ အိပ်လို့တော့ မပျော်ပါဘူး။ တစ်ခုခုတော့ မှားနေပြီထင်တယ်။ အဲ ဘာမှားနေသလဲသာ မသိတာလို့ စဉ်းစားရင်း မိုးလင်းခဲ့ရ ရှာပါတယ်။ အဲဒါ သနားစရာလား။ ရယ်စရာလား။

စာကြွင်း

(နောက်တစ်နေ့တွင် ဆရာမြင့်မိုသူသည် ဆရာမင်းညို၏အလုပ်ခန်းသို့ရောက်လာပြီး ယမန်နေ့ညက ဘယ်နားမှာ ကျပျောက်ခဲ့မှန်းမသိသော သူ့မိန်းမ ဒေါ်သောင်းထွေး ဝယ်ပေးထားသည့် ဂတ်စ်မီးခြစ်အား အစားဝယ်ပေးဖို့ အလျော်လာတောင်းပါသတည်း။

"အဲဒါ ပျောက်တယ်ဆိုလို့ကတော့ မိုးမီးလောင်လိမ့်မဗျ" ဟု ပြောသည်။

"မိုးမကလို့ စကြဝဠာပဲလောင်လောင်ဗျာ၊ ခင်ဗျား ဂတ်စ်မီးခြစ်ဖိုးတော့ မလျော်နိုင်ဘူး။ ဆီချက်ပဲစားသွား" ဟု ဆရာမင်းညိုက ဆီချက်ကျွေးလိုက်ရသည်။

"ဆာနေတာနဲ့ အတော်ပဲဗျာ" ဟု အားမနာပါးမနာ နှစ်ခွက်ဆင့် စားသွားသတေး။)

၁၉၈၅၊ နိုဝင်ဘာ၊ ဒဂုန်မဂ္ဂဇင်း

၀

## ဒီနှားမထော

"ဟုတ်ပတော်၊ သူတို့တစ်တွေကတော့ ပြော မပြောချင်ဘူး"

"အစစ်ပဲ မမရဲ့"

"အင်း သူငယ်ငယ်တုန်းကလည်း အဲဒီအတိုင်းပဲ"

"ဟုတ်လား၊ ဟုတ်မှာပါ"

"ဟုတ်ပ၊ မယားက နည်းနည်းနေမကောင်းလို့ ဆန်ပြုတ်သွားဝယ်မိုင်းတာ၊ ည ဆယ်နာရီကျော်မှ ပြန်လာတယ်လေ"

"ဘယ်အချိန်က ထွက်သွားတာလဲ"

"အမယ်လေး မနက် ခုနစ်နာရီလောက်ကပေါ့"

"ဒီအတိုင်းပဲ၊ ဒီအတိုင်းပဲ"

မောင်စိန်သောင်းဇနီး မနှင်းရည်နှင့် ဦးစံတုတ်ကတော် ဒေါ်မြမြတို့ စကားလက်ဆုံ ကျနေခြင်း ဖြစ်ပါသည်။

တစ်နေ့သ၌ မောင်စိန်သောင်းသည် မနှင်းရည်အား သူ့အစ်ကိုကြီး တစ်ယောက်ကဲ့သို့ချစ်ခင်သော ဦးစံတုတ်အိမ်သို့ အလည်ခေါ်သွားလေသည်။

မောင်စိန်သောင်းသည် နေ့စဉ်နှင့်အမျှ မြို့ထဲသို့ထွက်၍ စာရေး၏

"အိမ်မှာရေးလို့ မရဘူးလား" ဟု မေးသော် "ရပါသော်ကော" ဟု ဖြေရပေမည်။

မောင်စိန်သောင်း အိမ်တွင် စာရေးမည်ဆိုလျှင် မနှင်းရည်က ၁။ ကလေးများ မဆူညံစေရ ၂။ ရေနွေးကြမ်း၊ လက်ဖက်သုပ်၊ ကော်ဖီကြမ်း၊ ပေါင်မုန့် စသည်တို့ကို ပြင်ဆင်ပေးခြင်း ၃။ စကားကျယ်ကျယ်ပင် မပြောခြင်း ၄။ ညနေ သောက်ချိန်ကျလျှင် ပုလင်းထောင်ပေးခြင်း၊ အမြည်းလုပ်ပေးခြင်း စသည်တို့ကို မညည်းမညူ လုပ်ကိုင်ပေးလေ့ရှိပါသည်။ သို့ရာတွင် မောင်စိန်သောင်းသည် အိမ်တွင် စာရေးလေ့ နည်းလေသည်။

တစ်ခါတစ်ရံ မနှင်းရည်အား သူ့ အလုပ်လုပ်ကြောင်း ဟန်ပြလိုလျှင်သာ အတည်ပေါက်နှင့် စာရေးသလိုလို၊ ရေးရန် စဉ်းစားနေသလိုလို လုပ်လေ့ရှိပါသည်။ ထိုသို့ပြုပြီးနောက် မောင်စိန်သောင်းသည် အပြင်ထွက်ရန် အကြောင်းတစ်ခုခုရှာလေသည်။

ဥပမာအားဖြင့် သမီးအကြီးမသည် တစ်စုံတစ်ခု ဆော့ကစားရင်း ကြမ်းပေါ်သို့ တစ်စုံတစ်ခုကို ပြုတ်ကျစေအံ့။

မောင်စိန်သောင်းသည် "ဟာ စိတ်ကူးပျက်လိုက်တာ" ဟု ကလေးဆော့ခြင်းကို အကြောင်းပြု၍ အပြင်ထွက်လေသည်။ ထို့အပြင် နောက်အကြောင်းတစ်ကြောင်းကိုလည်း ပြောထား၏။ ၎င်းကား မနှင်းရည် ငြင်းချက်ထုတ်ရန်ခက်ခဲသော အကြောင်းဖြစ်ပေသည်။ အကြောင်းပြပုံပြနည်းမှာ

"ဒီမယ်ကွ၊ စာရေးတယ်ဆိုတာ ဘယ်လောက်ဆူညံနေနေ ကိုယ်နဲ့ မဆိုင်ရင် အာရုံမပြန့်ဘူး။ ကိုယ်နဲ့ဆိုင်တဲ့ကိစ္စဆိုရင် အာရုံပြန့်တယ်၊ ဒီအိမ်မှာ ငါက အိမ်ထောင်ဦးစီး။ ပြီးတော့ မင်းက ငါ့မယား။ ပြီးတော့ ကလေးတွေ။ ကဲ အားလုံး ငါနဲ့ဆိုင်မနေဘူးလား။ အငယ်ကောင်က အဲခနဲ ငိုရင် ငါ စာရေးရတာ ဖြောင့်တော့မလား။ ကလေးများ ခြင်ထိုးသလားဟဲ့လို့ စိတ်က ရောက်သွားရောမဟုတ်လား။ ဒီတော့ အာရုံက ဘယ်လိုလုပ်

စစည်းလို့ရမှာလဲ။ ဒါကြောင့် ငါ မြို့ထဲသွားပြီး စာရေးတာ။ နောက်တစ်ခု ရှိသေးတယ်၊ စာရေးတဲ့လူဆိုတာ လူများစုနဲ့ တွေ့ထိဆက်ဆံနေရမယ်။ ဒါမှ ခေတ်ပြိုင်လူနေမှုစနစ်တို့၊ ခေတ်ပြိုင်အယူအဆရေးရာတို့ ဘာတို့ သိမှာပေါ့။ ဒါမှလည်း စာရေးလို့ရမှာပေါ့"

ဟု အာလူးကြီးကြီးနှင့် ပေါက်ထားပါသည်။

မနှင်းရည်ကလည်း အပြင်ထွက်လည်ချင်၍ မောင်စိန်သောင်း အကြောင်းရှာသည်ကို သိလျက်နှင့် မသိဟန်ဆောင်နေလိုက်၏။ တန်ရုံ ကတော့ သွားပါစေဟု မိန်းမတို့၏ ခွင့်လွှတ်တတ်ခြင်းလက္ခဏာ ပြလိုက်၏။

မောင်စိန်သောင်းက သူ့ကိုယ်သူ လျင်လှသည်ဟု တွက်နေလေ သတည်း။ ယခုလည်း မောင်စိန်သောင်းသည် မနှင်းရည်အား မျက်နှာလို မျက်နှာရသဘောဖြင့် အလည်ခေါ်ခဲ့၏။

"မင်းကွာ နေ့တိုင်း ဈေးဝယ်၊ ချက်ပြုတ်၊ ကလေးတွေကိစ္စလုပ်နဲ့ အိမ်ထဲကအိမ်ပြင် ထွက်ရတယ်မရှိဘူး။ ဦးစံတုတ်တို့လင်မယားကလည်း မင်းကို အလည်ခေါ်ခဲ့ပါဦးတဲ့။ တို့ သွားကြရအောင်ပါ။ မင်းလည်း အပြင်ထွက် လည်ရင်းပတ်ရင်း စိတ်ရှင်းတာပေါ့" ဟု လေပြည်ထိုးခဲ့သည်။

မနှင်းရည်က မောင်စိန်သောင်းထွင်သော အကွက်ကို သိပြီးသား ဖြစ်၏။ သူ့ကို တစ်ရက်လောက် အပြင်ဘက် အလည်အပတ်ပို့ပြီးလျှင် တစ်လ နှစ်လတော့ မောင်စိန်သောင်း လျှောက်လည်နေပေလိမ့်မည်။

ကိစ္စမရှိ။ ဒီအတိုင်းလည်း ဟိုအကြောင်းပြ သည်အကြောင်းပြနှင့် လျှောက်သွားနေမည့်အတူတူ လည်ဖို့ပတ်ဖို့ အခွင့်ကလေးကြိုတုန်း လည်လိုက်ဦးမည်ဟူသောသဘောနှင့် အိမ်လည်လိုက်ခဲ့ခြင်းဖြစ်ပါသည်။

ဦးစံတုတ်တို့အိမ်သို့ရောက်သောအခါ ဘုန်းကြီးများ ဆွမ်းစားပြီးစ အချိုပွဲ ဘုဉ်းပေးနေစဉ်ဖြစ်၏။ ဦးစံတုတ်သည် သူ၏ မွေးနေ့ မွေးရက် တိုက်တိုက်ဆိုင်ဆိုင် ဆုံနေသဖြင့် ထိုနေ့က ဘုန်းကြီးဆွမ်းကပ်၏။

ဦးစံတုတ်သည် အင်္ဂါသား ဖြစ်၏။ သူ့မွေးရက်နှင့် မွေးနေ့သည် ထိုရက်နေ့၌ တစ်ထပ်တည်း ကျ၏။ ဦးစံတုတ်ကို လူပေကြီးဟုခေါ်လျှင်လည်း ရ၏။ လူ့ခွစာ၊ လူ့ကန့်လန့်ကြီးဟုခေါ်လျှင်လည်း ရ၏။ သူ့ကို နားလည်ရန်မှာ မလွယ်။ ဦးစံတုတ်ကို လမ်းပေါ်မှာတွေ့လျှင် ဘယ်က တောသားကြီးပါလိမ့်ဟု ထင်မည်။ သို့မဟုတ် မရှူးတရှူး လူကြီးတစ်ယောက်ဟုလည်း ထင်နိုင်၏။

သူ့ပုံကို ကြည့်ပါ။ တစ်ခါတစ်ရံ သူသည် ရှေးတုန်းကလူများ ဝတ်လေ့ဝတ်ထရှိသော အဖြူရောင်ဟု ခေါ်၍မရတော့သော အဖြူညစ်ညစ် ရောင် လက်တိုအင်္ကျီ ရှည်ရှည်ပွပွကြီးနှင့် အကွက်အဆင်း မပေါ်တော့သော လုံချည်ဝတ်၊ ဆံပင်က ကတုံးဆံတောက် မကျ၊ ဘိုကေ မကျ။ မျက်နှာ ပေါက်က ခပ်အစ်အစ်။ ခပ်တစ်တစ်။ လုံချည်တိုတိုနှင့် ဂျပန်ဖိနပ်ပြတ် စီးလျက်နှင့် တွေ့ရတတ်၏။

တစ်ခါတစ်ရံ၌မူ တက်ထရက်အပေါ်အင်္ကျီ မီးခိုးရောင်၊ ပလေကတ် ပုဆိုးအပြာရောင်၊ ကတ္တီပါဖိနပ် အသစ်ကျပ်ချွတ်၊ ဆံပင်တိုနံ့နံ့ကို ဗယ်စလင် နှင့် ပိပိပြားပြား ဖြီးသင်လျက်၊ လက်ထဲ၌လည်း သားရေအိတ် အမည်းကြီး ဆွဲလျက်၊ မော်တော်ကားကြီးစီးလျက် တွေ့ရတတ်ပြန်သည်။

သူ၏အလုပ်အကိုင်ကိုတော့ မည်သူမျှ အတိအကျ ခန့်မှန်း၍ မရ။ သူ၏ ထူးခြားချက်မှာ ရိုးရိုးနေတတ်ခြင်းဖြစ်၏။ ရိုးရိုးမြင်တတ်ခြင်း ဖြစ်၏။ လောကကြီးကို သူမြင်သည့်အတိုင်းနေပြီး သူထင်ရာကို လုပ်နေ တတ်သူတည်း။ ထို့ကြောင့် သူ့ကို ခန့်မှန်းရ ခက်၏။

မောင်စိန်သောင်းသည် ထိုဦးစံတုတ်ကို အားကျ၏။ ဦးစံတုတ်၏ စာအုပ်ပုံကြီးကိုကြည့်၍ သဘောကျ၏။ ဦးစံတုတ်၏ ထူးဆန်းသော စကား များကို နားကြားလို၏။ ဦးစံတုတ်ကို အထင်ကြီး၏။ ဦးစံတုတ်ကဲ့သို့ နေချင်၏။

သို့သော် မောင်စိန်သောင်းသည် ဦးစံတုတ်အား မည်သို့မျှ လိုက်၍ မမီနိုင်ပါပေ။ အဘယ့်ကြောင့်ဆိုသော် ဦးစံတုတ် လျှောက်နေသော ဘင

လမ်းနှင့် မောင်စိန်သောင်း လျှောက်နေသော ဘဝလမ်းသည် မတူညီသောကြောင့် ဖြစ်၏။

တူညီခြင်းတစ်ချက်တော့ ရှိပါသည်။ အကြောင်းကြောင်းနိုင်ခြင်း၌ တူညီကြပေသည်။

ဦးစံတုတ်နှင့် မောင်စိန်သောင်းတို့ စကားအပေးအယူ တည့်တတ်၏။ မည်သည့်နည်းနှင့် တည့်သနည်းဆိုသော် ဦးစံတုတ်ပြောသမျှ မောင်စိန်သောင်းက လက်ခံပြီး၊ မောင်စိန်သောင်းပြောသမျှကိုလည်း ဦးစံတုတ်က မငြင်းဆိုခြင်းဖြင့် တည့်ကြလေသည်။ တစ်နည်းအားဖြင့်ဆိုသော် အငြင်းပွားစရာများကို မပြောကြခြင်း ဖြစ်ပေသည်။ အကြောင်းကြောင်းဟု အများသူငါက ထင်မြင်ကြသော်လည်း သူတို့သည် သူတို့ကိုယ်သူတို့ အကြောင်းကြောင်းဖြစ်နေပါကလားဟု လက်မခံကြပေ။

"ငါတို့ မကြောင်ပါဘူး၊ ငါတို့ကို ကြောင်တယ်လို့ ထင်တဲ့လူတွေကသာ ကြောင်နေတာပါ" ဟု သူတို့ဘာသာ ဆုံးဖြတ်ကြ၏။

အရူးများက မရူးသူများကို ထင်သကဲ့သို့၊ သို့မဟုတ် မရူးဘူးဟု မိမိကိုယ်မိမိ ထင်သူများက အရူးဟု ထင်ရသူများကို ထင်သကဲ့သို့ပင် ဖြစ်လေသတည်း။

ရှုပ်သွားသလား မသိပါ။ ထို့ထက်ရှင်းအောင်လည်း မရေးပြတတ်ပါ။ ဦးစံတုတ်တို့အိမ်သို့ မောင်စိန်သောင်းတို့ ရောက်ပြီး ခဏမျှကြာသောအခါ ဘုန်းကြီးများ ပြန်ကြွသွား၏။

မောင်စိန်သောင်းနှင့် ဦးစံတုတ်တို့သည် သူတို့စိတ်ဝင်စားစရာ အကြောင်းများကို ပြောကြလေသည်။

....... ....... .......

"တကယ်တော့ စာရေးဆရာဆိုတာ ကိုယ့်အသက်အရွယ် အတွေ့အကြုံအလျောက်ပဲဗျ။ ရည်းစားနဲ့ ကွဲခါစက ရေးတဲ့စာနဲ့ မြေးရတော့မှ

ရေးတဲ့စာ မတူသလိုပေါ့ဗျာ" ဟု မောင်စိန်သောင်းက ပြော၏။

"အဲဒါ ဟုတ်တာပေါ့" ဟု ဦးစံတုတ်က ထောက်ခံ၏။

"ဒီတော့ ဖတ်တဲ့လူတွေအနေနဲ့လည်း ဒီသဘောပေါ့ဗျာ။ အသက် ဆယ့်လေးငါးခြောက်နှစ်အရွယ်မှာ ဖတ်ရပြီး ကြိုက်တဲ့စာနဲ့ အသက် လေးဆယ်ကျော်ကျမှ ဖတ်ပြီး ကြိုက်တဲ့စာ ဘယ်တူတော့မလဲ"

"ဟုတ်ပါ့ဗျာ၊ ကျုပ်တို့ ခုဖတ်နေတဲ့စာတွေကို ကျုပ်သမီးတွေ သားတွေ ဘယ်ကြိုက်နိုင်ပါ့မတုံး"

"ဒါပေါ့ ဒါပေါ့"

ဤသို့လျှင် တစ်ယောက်ကိုတစ်ယောက် ထောက်ခံနေခြင်းဖြင့် သူတို့သည် ဝေနာလကာရကို ဆက်လက်ဖွင့်ကျူးနေကြ၏။

အမျိုးသမီး နှစ်ယောက်ကမူ

"စဉ်းစားကြည့်စမ်းပါဦးကွယ်၊ တို့လင်မယား ညားခါစက အဲ မမမိဘတွေက သူနဲ့သဘောမတူဘူး၊ ဒါနဲ့ ခိုးပြေးကြရောဆိုပါတို့၊ အိမ်ခန်း ကလေး တစ်ခန်းငှားပြီး သတ်သတ်နေတယ်။ အိမ်မှာက သူ အပြင်သွားရင် မမတစ်ယောက်တည်းရယ်၊ အဲဒါ သူက သူ့သူငယ်ချင်းတွေနဲ့ တွေ့ပလား ဆိုမှဖြင့် ထမင်းမေ့ ဟင်းမေ့ မိန်းမမေ့ အကုန်မေ့တော့တာပဲ။ ခုန ပြောသလိုပေါ့။ နေမကောင်းလို့ ဆန်ပြုတ်ကလေး သွားဝယ်ပေးပါဆိုတာ တစ်နေကုန်ကြာတယ်။ ဒေါသမဖြစ် ခံနိုင်ပါ့မလား၊ ဘယ်သွားနေသလဲ မေးတော့ မြောက်ပိုင်းက ခင်မောင်နဲ့ စကားကောင်းနေလို့တဲ့ ကဲ"

"သူလည်း ဒီအတိုင်းပါပဲ။ အိမ်မှာ ကလေးက မွေးခါစ၊ မီးတောင် မထွက်ရသေးဘူး၊ အပြင်ခဏဆိုပြီး မနက် ကိုးနာရီလောက်က ထွက်သွားတာ သန်းခေါင်မှ ပြန်လာတယ်။ ဘယ်သွားတာလဲမေးတော့ လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ ထိုင်တာပါကွာတဲ့။ လက်ဖက်ရည်ဆိုင်မှာ တစ်နေ့နဲ့ တစ်ညနီးနီး ထိုင်ရတယ်လို့"

"အစစ်ပဲ အစစ်ပဲ။ ဒီတစ်ယောက်လည်း အဲသလိုမျိုး ခဏခဏ ဖြစ်တယ်။ သောက်တုန်းကဆို ပိုဆိုးသေးတယ်"

"ခု မသောက်တော့ဘူး မဟုတ်လား"

"အင်း လျှော့သွားပါပြီ"

"ကိုစိန်သောင်းလည်း ခုတလောတော့ ငြိမ်နေလေရဲ့။ ဒါပေမဲ့ ဘယ်အချိန် ပြန်ဖောက်မလဲမသိဘူး၊ တထိတ်ထိတ်ပဲ၊ သူတို့က ကံသေ ကံမ ပြောလို့ရတဲ့အစားတွေမဟုတ်ဘူး"

"အေး ဟုတ်တယ် မနှင်းရည်ရဲ့၊ သူတို့ကို ဘယ်တော့မှ ကျိန်းသေ တွက်လို့မရဘူး"

မောင်စိန်သောင်းတို့နှစ်ယောက်သည် သူတို့ပြောလက်စ စကားကို လေကြောဆက်နေ၏။ အကြောင်းအရာကတော့ တစ်မျိုးပြောင်းသွားပြီဖြစ်သည်။

"ဂီတဆိုတာ ဆူညံသံဖြစ်ဖို့ သိပ်နီးစပ်တာဗျ"

ဦးစံတုတ်က ဂီတအကြောင်း သူတွေးထားသည်ကို ပြောပြ၏။

"ဒါပေါ့ ဦးစံတုတ်ရဲ့၊ ဆူညံသံကနေ ဂီတဖြစ်အောင် ရှေးလူကြီးတွေ လုပ်ခဲ့တာပဲဥစ္စာ"

"သိပ်ဟုတ်သဗျို့၊ ကျုပ်တို့ ဝန်ကြီးပဒေသရာဇာ ကြည့်ပါ လားဗျာ။ ပုစဉ်းတောင်သံကြိုးဆိုတာ ပုစဉ်းပျံတဲ့ တဝီဝီတကျည်ကျည်သံကို ဂီတဖြစ်အောင် လုပ်တာပဲ။ 'သီတာ – သီတာမြသား' ဆိုတာ စဉ်းစားကြည့် ပါလား၊ ကျည်ဆိုတဲ့ ပုစဉ်းသံဟာ ဆူသံညံသံ မဟုတ်လား။ အဲဒါကို သီတာ – သီတာမြသား ဆိုတော့ ဂီတဖြစ်ကရောပေါ့"

"အဲဒါပေါ့ဗျ၊ ခု ဒရမ်တွေ ခေါက်နေတာလည်း အချက်ကျကျ နရီစည်းဝါးကိုက်တော့ နားထောင်ကောင်းတာပေါ့။ ဒီအတိုင်း တဒုန်းဒုန်း ခေါက်ထုကြည့်ပါလား၊ ဘယ်လောက်နားညည်းလိုက်မလဲ"

"ဟုတ်ပဗျာ"

သူတို့ တစ်ယောက်နှင့်တစ်ယောက် ဆက်လက်ထောက်ခံနေကြလေသည်။ မှန် မမှန်၊ ဟုတ် မဟုတ်တော့ သူတို့ကိုယ်တိုင်လည်း ရေရေရာရာ မသိလေ။

"ဒီမယ် အဖေကြီးရဲ့၊ ရှင် ဆေးလိပ်မီးသွားညှိတာ တစ်လကြာတဲ့အကြောင်း ပြောပြလိုက်ပါဦး"

ဦးစံတုတ်ကတော် ဒေါ်မြမြက လှမ်းအော်ပြောလိုက်သည်။

သူတို့စုံတွဲနှစ်တွဲသည် အဲ ယောက်ျားနှစ်ယောက် တစ်တွဲနှင့် မိန်းမနှစ်ယောက် တစ်တွဲတို့သည် အိမ်ရှေ့ဧည့်ခန်း၏ ထောင့် တစ်ထောင့်စီ၌ထိုင်၍ ပြောနေကြခြင်းဖြစ်သည်။ ထို့ကြောင့် ဒေါ်မြမြက ဦးစံတုတ်ထံ လှမ်းအော်၍ စကားဆက်ခိုင်းခြင်းဖြစ်သည်။

မနှင်းရည်က ခပ်ပြုံးပြုံးဖြစ်နေသည်။ သူလည်း မောင်စိန်သောင်း၏ 'ဒီနှားခဏ' သဘောတရားကို ကျေညက်နေသူမဟုတ်ပါလား။

"အင်း ဘာဖြစ်လို့လဲ"

ဦးစံတုတ်က ပြန်မေးသည်။

"ဩော် မြမြတို့ လှည်းကူးမှာနေတုန်းက ရှင် ဆေးပေါ့လိပ်မီးသွားညှိတာလေ"

ဦးစံတုတ်က ပြုံးသည်။

"အဲ ငါလည်း ဆေးပေါ့လိပ် မီးညှိဖို့ သွားတာပဲဥစ္စာ"

"မီးညှိတာ တစ်လကြာတဲ့အကြောင်း ပြောတာ"

"အဲဒါက မီးညှိနေလို့မှမဟုတ်ဘဲ။ သံခဲနဲ့တွေ့လို့ ရှမ်းပြည်နယ်အပြန် အလည်လိုက်ခဲ့ပါလားဆိုတာနဲ့ ပါသွားတာဥစ္စာ"

"ကဲ ကြည့်၊ အဲဒါပဲ နှင်းရည်ရေ့၊ အဲဒီတုန်းက အိမ်မှာ မီးခြစ်ကျောက် ကုန်နေတာနဲ့ မီးခြစ်က ခြစ်လို့မရဘူး၊ အဲဒါ ခေါင်းရင်းအိမ်သွားမီးညှိလိုက်ဦးမယ်ဆိုပြီး စွပ်ကျယ်လက်ပြတ်ကလေးနဲ့ ရေလဲပိုင်းလေးနဲ့

ထွက်သွားတာ၊ ခဏနေလည်း ပေါ်မလာ၊ ထမင်းစားချိန်လည်း ပြန်ရောက်မလာနဲ့၊ မမြကတော့ သူ့ထုံးစံအတိုင်း သူငယ်ချင်းတစ်ယောက်နဲ့ စကားကောင်းနေပြီ မှတ်ပြီး ညကျပြန်လာမယ်ထင်တာ။ သူကတော့ ရှမ်းပြည်နယ်လိုက်သွားသတဲ့"

"ငါ သံခဲနဲ့လိုက်သွားမယ်လို့ ဦးဘကြီးကို မှာခဲ့သားပဲကွာ"

"အင်းလေ ဦးဘကြီးကတော့ ပြောသပေါ့။ သံခဲနဲ့ ခဏလိုက်သွားတယ်လို့၊ ဒါပေမဲ့ ရှမ်းပြည်နယ်လိုက်သွားတယ်လို့မှ မပြောဘဲ"

"ငါလည်း ပထမတော့ ဘူတာရုံလောက်ပဲ လိုက်ပို့မယ်ဆိုပြီး လိုက်သွားတာပါကွာ၊ ဘူတာရုံရောက်မှ သံခဲက ပျင်းရင် ရှမ်းပြည်နယ်အလည်လိုက်ခဲ့ပါလားဆိုတာနဲ့ ငါလည်း တက်လိုက်သွားတာ"

"အဲဒါကြည့်တော့ နှင်းရည်ရေ့"

"ဘာမှမထူးပါဘူး မမြရယ်"

မနှင်းရည်က မောင်စိန်သောင်းဘက် မေးငေါ့ရင်း ဝင်ပြော၏။

မနှင်းရည်ကလည်း အားကျမခံ၊ သူ့ယောကျ်ား မောင်စိန်သောင်းအငုံ့အကြောင်း ပြောပြချင်လေသည်။

"ကိုစိန်သောင်းရယ်ပေါ့၊ မိန်းမကို ဘတ်စ်ကားပေါ် မေ့ကျန်ထားခဲ့တယ်လေ"

"ဟင် ဟုတ်လား၊ ဟောတော့်"

မမြက သူ့ယောကျ်ား ဦးစံတုတ်ထက် မောင်စိန်သောင်း၏အငုံ့က ပိုသွားသဖြင့် အာမေဋိတ် ပြုမိလေသည်။ မနှင်းရည်က သူ့ယောကျ်ားနှင့် ကိုယ့်ယောကျ်ား အကြောင်းကြောင်းနိုင်ပုံ ပြိုင်ပွဲ၌ အနိုင်ရသကဲ့သို့သော မျက်နှာထားကို ပြု၏။

"ထားခဲ့ပုံလည်း ကြည့်ပါဦး၊ မီးပွိုင့်မှာ ဘတ်စ်ကားရပ်နေတုန်းကြီး"

"ဟင်"

မောင်စိန်သောင်းလည်း ပြုံးမိ၏။ ထိုစဉ်က အဖြစ်အပျက်ကိုလည်း ပြန်လည်မြင်ယောင်မိသည်။

တစ်နေ့သ၌ မောင်စိန်သောင်းသည် မနှင်းရည်နှင့် အတူ ခရီးသွားလေသည်။ သွားရမည့်နေရာမှာ ရန်ကုန်အနောက်ပိုင်းက ဆွေမျိုးအိမ်တစ်အိမ်သို့ ဖြစ်၏။ ဆူးလေဘုရားလမ်း မီးပွိုင့်ရောက်သောအခါ ကားတန်းကြီးသည် တအိအိ ရပ်သွား၏။

မောင်စိန်သောင်းသည် ဘတ်စ်ကား၏အနောက်ဘက် ထိုင်ခုံတစ်ခုံ၌ နေရာရ၏။ မနှင်းရည်က အရှေ့ဘက်နားက ထိုင်ခုံတွင် နေရာရသည်။ လူများကျပ်ချိန်၌ မည်သည့်နေရာပင်ရရ ဝင်ထိုင်ရမည် မဟုတ်ပါလား။

ဤနေရာ၌ လင်မယား တွဲထိုင်ချင်နေလျှင် ခေတ်နောက်သို့ များစွာ ကျန်ရစ်ခဲ့နိုင်လေသည်။

ဘတ်စ်ကားသည် မီးပွိုင့်၌ အတန်ကြာကြာရပ်၏။ ထိုအချိန်တွင် မောင်စိန်သောင်း၏စိတ်ကူးသည် လွင့်ချင်ရာ လွင့်နေ၏။

မောင်စိန်သောင်းသည် အနော်ရထာလမ်း စင်္ကြံပေါ်တွင် ဥဒဟို သွားလာနေကြသော လူအများကို ကြည့်နေမိသည်။ ထိုလူအုပ်ထဲ၌ မောင်စိန်သောင်း၏ ငယ်သူငယ်ချင်းကို တွေ့လိုက်မိသည်။

ထိုသူငယ်ချင်းကို တွေ့ချင်နေသည်မှာလည်း ကြာပြီ။ ငယ်ငယ်ကတည်းက ကွဲသွားကြပြီး ထိုရက်အတွင်း ထိုသူငယ်ချင်းကို မောင်စိန်သောင်း အမှတ်တရ ဖြစ်နေခဲ့သည်။

မောင်စိန်သောင်းသည် လက်ငင်းအခြေအနေအားလုံးကို ရုတ်တရက် သတိမထားတော့ဘဲ ဘတ်စ်ကားပေါ်မှ ဖျတ်ခနဲ ဆင်းလိုက်သည်။

"ဟေ့ ဟေ့ တင်အောင်ကြီး၊ တင်အောင်ကြီး"

မြို့လယ်ခေါင် ဆူညံရှုပ်ပွလွန်းသောနေရာ၌ မောင်စိန်သောင်း၏ အော်သံသည် ဘာမျှအရာမရောက်။ သူငယ်ချင်းတင်အောင်ကလည်း မကြား။

သို့သော် မနှင်းရည်သည် သူ့ခင်ပွန်း၏အသံကို သဲ့သဲ့ကြားလိုက်သည်။ လှည့်ကြည့်သောအခါ မောင်စိန်သောင်း အနော်ရထာလမ်းကြီးကို ကားတွေကြားက အတင်းဖြတ်ကူးနေသည်ကို တွေ့ရ၏။

မနှင်းရည်သည် ရုတ်တရက် ဘာလုပ်ရမည်မသိဘဲ ကြောင်သွားပြီးမှ သတိရ၍ လိုက်ဆင်းမည်ပြုသောအခါ ဘတ်စ်ကားက ထွက်လေသည်။

"မဆင်းနဲ့ မဆင်းနဲ့၊ ကားထွက်နေပြီ" ဟု စပယ်ယာက သတိပေး၏။ ထို့ကြောင့် ကားပေါ်တွင် ရပ်၍ လိုက်ပါသွားရသည်။ မနှင်းရည် ဒေါသကြီးမိပေပြီ။ မောင်စိန်သောင်းကမူ တင်အောင်ကြီး၊ တင်အောင်ကြီးနှင့် အော်ရင်း သူငယ်ချင်းနောက်ကို လိုက်လေသည်။

တင်အောင်ကြီးက မောင်စိန်သောင်းကို တွေ့သွားသောအခါ

"ဟာ ခွေးကောင်ကြီး၊ ဘယ်ကလာလဲ"

"မင်းကိုတွေ့လို့ ဘတ်စ်ကားပေါ်က ဆင်းလာတာကွ"

"ဟုတ်လား၊ လာကွာ လက်ဖက်ရည်သောက်ရအောင်။ မတွေ့တာကြာလှပြီ။ ဆယ့်ငါးနှစ်လောက် ရှိရောမယ်"

"အေးကွ၊ ငါလည်း မင်းကို အမှတ်ရနေတာ အတော်ပဲ"

သို့နှင့် နီးရာ လက်ဖက်ရည်ဆိုင်ထဲ ဝင်လိုက်သည်။

"လက်ဖက်ရည်နှစ်ခွက်၊ ချိုကျ"

မောင်စိန်သောင်း စားပွဲထိုးကို လှမ်းမှာသည်။

"အင်း ထိုင်ဦး၊ ဘာတွေလုပ်နေသလဲ"

တင်အောင်က ထိုင်ရင်း မေး၏။

"ဒီလိုပေါ့ကွာ"

"မိန်းမရပြီလား"

"အေး၊ ဟာ"

ယခုမှ မောင်စိန်သောင်း မနှင်းရည်ကို သတိရသွားသည်။

"ဟာ ဒုက္ခပဲ"

ပြောရင်း လက်ဖက်ရည်ဆိုင်ထဲမှ ထထွက်၏။

တင်အောင်က နောက်မှလိုက်ဆွဲရင်း မေး၏။

"ဘာဖြစ်လို့လဲ"

"မိန်းမ ကားပေါ်ပါသွားတယ်ကွာ"

"ဘယ်ကားလဲ"

"ဘတ်စ်ကား"

"ရှေ့မှတ်တိုင်ကျတော့ ဆင်းပြီး ပြန်လျှောက်လာမှာပေါ့ကွာ။ ဆိုင်ထဲကပဲ စောင့်ကြည့်ရအောင်ပါ"

တင်အောင်သည်လည်း ဘာကိုမျှ သိပ်အရေးတကြီးသဘော မထားတတ်သူတစ်ယောက် ဖြစ်၏။ ထို့ကြောင့်လည်း မောင်စိန်သောင်းနှင့် ချစ်စွာသော သူငယ်ချင်း ဖြစ်ခဲ့ကြ၏။

သို့နှင့် လက်ဖက်ရည်ဆိုင်ထဲ ပြန်ထိုင်ရင်း စောင့်ကြ၏။

"မင်းက ငါ့ကို မိန်းမထက် ပိုချစ်ပါလားကွ၊ ဟေ"

မောင်စိန်သောင်းသည် တင်အောင်၏စကား၌ သဘောခွေ့သွား၏။

"ဟီး ဟီး"

"ဒါနဲ့ နေပါဦး၊ မင်းမိန်းမက ဘယ်ကလဲ"

"အီကိုတ"

"ဟာ ကျောင်းမေးတာ မဟုတ်ပါဘူး။ ဘယ်အရပ်ကလဲလို့"

"ဩော် သာဂရဘက်က"

"အဲ ဘယ်လိုလုပ်တွေ့ကြလဲ"

"ဒီလိုပေါ့ကွာ"

"ထားပါ၊ ဒါနဲ့ မင်းဟာမကြီးကော"

"ဘယ်ဟာမကြီး ပြောတာလဲ"

"မင်းမှာ ဘယ်နှဟာမ ရှိလို့လဲ"

"မဟုတ်ဘူးလေကွာ၊ ရီရီတို့ ကြည်ကြည်တို့ ပြောတာလား၊ မြင့်မြင့်စမ်း ပြောတာလား"

"အောင်မာ ခွေးဝင်စားပျ မင်း တကယ်ပြေလည်ခဲ့တာ မိမိ တစ်ယောက်တည်း ရှိတာများ"

"ဟာ မိမိနဲ့ ငါနဲ့က မပြေလည်ပါဘူး။ တွဲရုံ တွဲခဲ့တဲ့ဥစ္စာ"

"ထားပါ၊ အဲဒီ မိမိ ပြောတာ"

"အညာမှာ အခြေကျနေပြီတဲ့ကွ"

"အေး ကုသိုလ်ကောင်းသွားတာပေါ့။ မတော်တဆများ မင်းနဲ့ ညားခဲ့ရင် မိမိတစ်ယောက် ဒုက္ခ"

"ဟဲဟဲ ငါလည်း ကုသိုလ်ကောင်းတာပါပဲ။ မိမိနဲ့သာဆို"

"ဘယ်လိုလဲ အစ်ကို၊ ဘယ်လိုလုပ်လိုက်တာလဲ"

မနှင်းရည်သည် တောင်တောင်မြောက်မြောက် လည်တငင်ငင် ရှာရင်း လက်ဖက်ရည်ဆိုင်ထိုင်၍ စကားကောင်းနေသော မောင်စိန်သောင်းကို တွေ့ရသဖြင့် ဒေါသမထိန်းနိုင်ဘဲ ခပ်ငေါက်ငေါက် ပြောမိလေသည်။

မောင်စိန်သောင်းသည် ရှူးသလိုလို ပေါသလိုလို မျက်နှာထားနှင့်

"ဟဲဟဲ ဒါ သူငယ်ချင်းလေ၊ တင်အောင်တဲ့။ ဟောကောင် ဒါ ငါ့မိန်းမ မနှင်းရည်တဲ့၊ မလှဘူးလား"

"အေး မင်းနဲ့တောင် မတန်ဘူး၊ ဩော် စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော် တို့က ပြောမနာ ဆိုမနာမို့"

မနှင်းရည် နည်းနည်းစိတ်ပြေသွား၏။

မနှင်းရည်ကို ဤနည်းဖြင့် ချွေးသိပ်ခဲ့ပေသည်။ မနှင်းရည်လည်း လူကြားသူကြားမို့ မျိုသိပ်ခဲ့သည်။

သို့သော် အိမ်ပြန်ရောက်သောအခါ

"ဘတ်စ်ကားပေါ်မှာ မိန်းမ မေ့ကျန်ခဲ့ရတယ်လို့"

ဟူသော စကားဖြင့် အစချီပြီး မနှင်းရည်က ပြုံးဟ်ထောင်လေသည်။ ဤတွင် မောင်စိန်သောင်းသည် လွန်စွာ မှားယွင်းသော အသုံးအနှုန်း ဥပမာကို ယောင်၍ ပေးလိုက်မိခဲ့သည်။

"ဟာကွာ မင်းကလဲ တစ်ခါတလေ ထီးတွေဘာတွေလည်း ဘတ်စ်ကားပေါ် မေ့ကျန်တာပဲဥစ္စာ"

"ဘာ ဘာပြောတယ်၊ ထီးမေ့သလို မိန်းမမေ့တယ် ဟုတ်လား။ ဟင် အရပ်ကတို့ရေ၊ ကြားဖူးကြရဲ့လား"နှင့်စ၍ နှောင်ကြိုးတစ်ပွဲ နွှဲခဲ့ရလေသည်။

ထိုပွဲ၌ မောင်စိန်သောင်းအား မနှင်းရည်က ထု၏။ မောင်စိန် သောင်းက မနှင်းရည်ကို ရိုက်၏။ တစ်ချက်မျှ ရိုက်ရရုံရှိသေး။ မနှင်းရည်က မောင်စိန်သောင်းကို ပုဆိုးဆွဲချွတ်လိုက်သည်။ ဒိုင်ပွဲရပ်ဖြင့် မောင်စိန်သောင်း ရှုံးနိမ့်သွားသည်။

ဇဝ် – ဤသို့၊ ဟေတု – ဖြစ်ခဲ့ခြင်းအကြောင်းကိုမူ မနှင်းရည် ကလည်း ဒေါ်မြမြကို ပြောမပြ။ မောင်စိန်သောင်းကလည်း ထိုအဖြစ်ကို မပြောဘဲ ချန်ထားလိုက်၏။

"ဟီးဟီး ကျွန်တော်ကလဲဗျာ၊ အဲဒီ တင်အောင်ဆိုတဲ့ကောင်ကို တွေ့ချင် နေတာနဲ့ ရုတ်တရက် သတိလစ်ပြီး ဘတ်စ်ကားပေါ်က ဆင်းသွားမိတာ"

"အေးဗျ၊ ဖြစ်တတ်တာပဲ"

ဦးစံတုတ်က ထောက်ခံသည်။

"ဘာဖြစ်တတ်တာလဲ၊ သူတို့ဘာသာ တွေးချင်ရာ တွေး၊ မေ့ချင်ရာ မေ့ပြီး"

"ဟုတ်တယ် မမရဲ့၊ ဘယ့်နှယ် မိန်းမတစ်ယောက်လုံး မေ့ပစ်တာ လွန်တာပေါ့"

"ဟုတ်ပတော်"

"ငယ်ငယ်ကပါကွာ"

ဦးစံတုတ် ရယ်ကျဲကျဲနှင့် ပြောသည်။

"ကြီးတော့ကော ဘာထူးလဲ"

"ငယ်ငယ်ကလောက်တော့ မဆိုးတော့ပါဘူးကွာ"

"သြော် ဆိုးချင်သေးလို့လား"

ဒေါ်မြမြက ရယ်သလိုမောသလိုနှင့် ငေါက်၏။ ဦးစံတုတ်ကလည်း ရယ်ကျဲကျဲနှင့်

"ရမှ မရတော့ဘဲ၊ မဟုတ်ဘူးလား"

ဟု မောင်စိန်သောင်းဘက်လှည့်၍ ထောက်ခံချက် တောင်း၏။ မောင်စိန်သောင်းကလည်း "ဟဲ ဟဲ ဒါပေါ့" ဟု ထောက်ခံလိုက်၏။ ထို့အပြင် ထောက်ခံချက်ပြည့်ဝစေရန် မယားမေ့ပုံပြင်တစ်ခုကို မောင်စိန်သောင်းက ဆက်ပြောလိုက်ပြန်သည်။

"ကျွန်တော်တို့က တော်သေးတယ်။ အစ်ကို မောင်တိုးဆို ဒီထက်ဆိုးသေး"

"ဘယ် ကိုမောင်တိုးလဲ"

"ဂီတစာဆို စန္ဒရား မောင်တိုး လေဗျာ"

"သြော် သြော်"

"ဒီလိုတဲ့ဗျာ၊ အစ်ကို မောင်တိုးက အသက်ကြီးမှ အိမ်ထောင်ကျတာ"

"မိန်းမက ငယ်ငယ်လေးလား"

ဒေါ်မြမြက ဝင်မေးသည်။

"မဟုတ်ပါဘူး၊ သူတို့ချင်း ငယ်ရည်းစားဗျ။ ဇာတ်လမ်းက လွမ်းစရာတော့ အကောင်းသား"

"ပြောပါဦး"

"အစ်ကို မောင်တိုးနဲ့ မကြျနဲ့က တစ်မြို့တည်းသားတွေလေဗျာ။

ဆကာကြီး အဖျောက်ဘက်က။ သူတို့နှစ်ယောက်က ကျောင်းနေဖက်လည်း ကျောင်းနေဖက်"

"သူငယ်ချင်း ရည်းစားပေါ့"

"အင်း မမကြူကလည်း လှသဗျ။ အစ်ကိုမောင်တိုးကလည်း လူချောတစ်ယောက်ပါပဲ။ သူတို့ချင်း ကြိုက်ကြရော ဆိုပါတော့ဗျာ။ အဲဒါ အစ်ကို မောင်တိုးက ငယ်ငယ်ကတည်းက တဒေါင်ဒေါင် တဒင်ဒင်နဲ့ ဆိုဟယ် တီးဟယ် နေတာကိုး။ အရပ်ထဲမတော့ လူပေလူတေစာရင်းဝင်ပေါ့ဗျာ။ ပြီးတော့ သူက ရန်ကုန်တက်မယ်၊ ဂီတသမားလုပ်မယ်လို့ ကြုံးဝါးသတဲ့။ အဲဒီကြုံးဝါးသံကြောင့် မမကြူမိဘများက မမကြူကို ချုပ်ချယ်တော့တာပဲ။ ဒီ 'ဂေါင်တကြီ ဂီတကြောင်' နဲ့ဆိုရင်တော့ ငါ့သမီး စိတ်၏ ဆင်းရဲခြင်း၊ ကိုယ်၏ ဒုက္ခရောက်ခြင်းနဲ့ ကြုံရတော့မှာပဲဆိုပြီး ခွဲကြသတဲ့"

"ဒီတော့"

"ထုံးစံအတိုင်းပေါ့ဗျာ၊ မမကြူနဲ့ အစ်ကိုမောင်တိုးနဲ့ မတွေ့ရ၊ စကားမပြောရ။ အောင်သွယ်နဲ့ စာပေးခိုင်းတာ မိရင် မမကြူကို ရိုက်၊ အခန်းထဲ ပိတ်ထား၊ ကျောင်းက နုတ် စသဖြင့်ပေါ့ဗျာ"

"နေစမ်းပါဦး၊ အဲဒီမမကြူရဲ့မိဘများက ဘာတွေတုံး"

"မြန်မာတွေပါပဲ"

"မဟုတ်ပါဘူး၊ အရာရှိတို့ သူဌေးတို့လား"

"အဲ ဟုတ်တယ်၊ အဲဒါပြောဖို့ မေ့သွားတယ်။ မမကြူအဖေက ရာဇဝတ်ဝန်ထောက်ဗျ။ အဲဒါဗျာ သမီးကို လော်ထားရုံနဲ့ အားမရဘူး၊ အစ်ကို မောင်တိုးကို ၁၀၉-၁၁၀ နဲ့ ဖမ်းချုပ်ခိုင်းသတဲ့"

"အင်း ဇာတ်က နာသားပဲ"

"အေးဗျ၊ ရေးက အကျင့်ဆိုးပေါ့ဗျာ ဟား ဟား၊ အဲဒါပေါ့ဗျာ ရိုးရိုးလေးပါပဲ၊ မမကြူက ခိုးရာလိုက်မယ်လို့ ချိန်း၊ လူကြီးတွေမိသွား၊

မမကြူကို ဆွေမျိုးတွေရှိရာ တခြားမြို့ပို့၊ အစ်ကိုမောင်တိုးက အရက်သောက်မူးရူးနေ၊ သူ့ဂီတဆရာက ရန်ကုန်ပို့၊ ရန်ကုန် ဂီတလောကမှာ ပေတေလေလွင့် မူးရူးရင်း အလွမ်းသီချင်းတွေရေး၊ အောင်မြင်လာတာပေါ့"

"အဲ မမကြူနဲ့ ဘယ်လိုပြန်တွေ့တာလဲတဲ့"

"ရန်ကုန်မှာပေါ့ဗျာ၊ အစ်ကိုမောင်တိုးက မူးရူးနေ၊ မမကြူကလည်း အိမ်ထောင်ဆုံးပြီး ရန်ကုန်ပြောင်းလာ"

"ဩ မမကြူက အိမ်ထောင်ကျသေးသကိုး"

"အင်းတဲ့ဗျ၊ လူကြီးတွေစီမံတဲ့အတိုင်း ဆိုပါတော့ဗျာ။ အဲဒါပြန်တွေ့ကြတော့ အသက်လေးဆယ်လောက် ရှိနေကြပြီ"

"တယ်နိပ်တဲ့ ဇာတ်လမ်းပါလားဗျ"

"အင်း ငယ်ကချစ် အနှစ်တစ်ရာ ဆိုသလို ဟဲဟဲ ဒါနဲ့ ညားကြလေသတည်းပေါ့ဗျာ"

အဲဒါနဲ့ မိန်းမကို မေ့တာနဲ့ ဘာဆိုင်လို့လဲ"

"လာမယ်လေဗျာ၊ အဲသလို ညားပြီးစ တစ်နေ့ပေါ့ဗျာ၊ သူတို့နှစ်ယောက် ဗိုလ်ချုပ်ဈေးကို ဈေးဝယ်ထွက်ခဲ့သတဲ့"

"ဗိုလ်ချုပ်ဈေးရောက်တော့ မိန်းမဈေးဝယ်တဲ့နောက် လျှောက်လိုက်နေရတာ ညောင်းလာတော့ ဈေးရှေ့က ဆေးရောင်စုံ ကျောက်ပြားလေးတွေခင်းထားတဲ့နားမှာ သွားစောင့်နေတယ်။ ဈေးလျှောက်ဝယ်ပြီးမှ လာခဲ့ပေတော့လို့ မှာပြီး ထွက်လာခဲ့တာဗျ။ အဲ ဗိုလ်ချုပ်ဈေးအဝလည်း ရောက်ရောသူ့သူငယ်ချင်း သီချင်းရေးဆရာတစ်ယောက်နဲ့တွေ့တော့ လက်ဖက်ရည်ဆိုင်ထိုင်ဖြစ်ရော ဆိုပါတော့ဗျာ"

"အင်း အဲဒီမှာ မိန်းမမေ့သွားတယ်ပေါ့"

"ဟုတ်တယ်၊ ဒါပေမဲ့ သူက ပိုထူးခြားတာရှိတယ်"

"ဘာတုံး"

"ခုနပြောသလို လက်ဖက်ရည်ဆိုင်ထိုင်မိပြီး မိန်းမကို မေ့သွားရုံ မကဘူးဗျာ၊ အဲဒီကနေ သူငယ်ချင်းနဲ့ လိုက်သွားသတဲ့"

"ရှမ်းပြည်နယ်ကပဲလား"

ဒေါ်မြမြက ဝင်နှောက်၏။

"မဟုတ်ဘူးဗျ။ သူ့သူငယ်ချင်းနဲ့ သူနဲ့ လမ်းလျှောက်ရင်း စကား ပြောသွားကြတာပေါ့ဗျာ။ အဲ သိမ်ကြီးဈေး ဘတ်စ်ကားဂိတ်နားရောက်တော့ အိမ်ပြန်ဦးမယ်ကွာ၊ မိန်းမ မျှော်နေဦးမယ်ဆိုပြီး အိမ်ပြန်သွားသတဲ့ဗျ"

"ဟောတော့၊ သူ့မိန်းမက ဈေးဝယ်နေတုန်းမဟုတ်လား"

"အေးပေါ့ဗျာ၊ သူ့မိန်းမက ဈေးဝယ်၊ ဈေးဝယ်ပြီးတော့ အစ်ကို မောင်တိုး မှာထားတဲ့အတိုင်း ဗိုလ်ချုပ်ဈေးရှေ့ ရောင်စုံကျောက်ပြားလေးတွေ ခင်းထားတဲ့အနား သွားစောင့်နေရှာတာပေါ့။ အဲဒီအချိန်မှာ သူက လက်ဖက်ရည် ဆိုင် ထိုင်တုန်း၊ ဒါနဲ့ မမကြူလည်း ခဏစောင့်လိုက်ဦးမယ်လေ ဆိုပြီး စောင့်တာပေါ့။ ဒီအချိန်မှာ သူက သိမ်ကြီးဈေးရောက်သွားပြီး ဘတ်စ် ကား မြင်တာနဲ့ အိမ်ပြန်မယ်ဆိုပြီး ပြန်သွားတာကိုး"

"ကျပ်ပေါ့တော်၊ မင်းတို့အပေါင်းအသင်းတွေကလဲ"

"ဟင်း ဟင်း ဒီလိုပေါ့ဗျာ၊ အဲဒါ မမကြူက အစ်ကိုမောင်တိုး မလာ မလာနဲ့ တစ်နာရီလောက်တော့ စောင့်သေးတာပေါ့။ နောက်တော့ ဒေါသဖြစ်ဖြစ်နဲ့ တစ်ယောက်တည်း အိမ်ပြန်လာတာပေါ့"

"လင်မယား ရန်ဖြစ်ရောလား"

"ဖြစ်ပေါ့ဗျာ၊ ဖြစ်ပုံက ဒီလိုတဲ့။ မမကြူလည်း အိမ်ဝရောက်ရော အစ်ကိုမောင်တိုးက မျက်ထောက်နီကြီးနဲ့ ဆီးပြီး ဆူသတဲ့။ 'မင်း တစ်နေကုန် ဘယ်သွားနေတာလဲ၊ ငါဖြင့် ငါ့သူငယ်ချင်းနဲ့ စကားကောင်းနေတာတောင် ဖြတ်ပြီး အိမ်စောစောပြန်ခဲ့တာ' လို့ ငေါက်သတဲ့"

"ဟင်း သူကပဲ တစ်ပြန်"

"သူ့စိတ်ထဲမှာ သူ့မိန်းမနဲ့ ဗိုလ်ချုပ်ဈေးမှာ ဈေးသွားဝယ်တာကိုပါ မေ့သွားတာကိုး"

"ဒီတော့ မိန်းမက သူ့ မတီးဘူးလား"

"မတီးပါဘူး။ ငိုအားထက် ရယ်အားသန်ပေါ့ဗျာ။ ရှင့်နှယ် ဗိုလ်ချုပ်ဈေးရှေ့မှာ စောင့်နေမယ်ဆိုပြီး အိမ်ပြန်လာရသလားလို့ ပြောသတဲ့။ အဲဒီတော့ အစ်ကိုမောင်တိုးက ဟင် မင်း ဗိုလ်ချုပ်ဈေးသွားတယ် ဟုတ်လား။ ငါမပါဘဲ ဒီဗိုလ်ချုပ်ဈေးကို မသွားရဘူးဆိုတာ ဘယ်နှခါပြောရမလဲ။ ဗိုလ်ချုပ်ဈေးနားမှာ ငနဲလေးတွေက မိန်းမဆို ကြီးကြီး ငယ်ငယ် ချမ်းသာ ပေးတာမဟုတ်ဘူး။ ငမ်းတာချည်းပဲ။ ဒါကြောင့်ပြောတာ၊ မင်းကို ငါမပါဘဲ ဗိုလ်ချုပ်ဈေး မသွားပါနဲ့ဆိုတာ။ ဟိုတလောက ငါ ဘေးကပါတာတောင် ကောင်ကလေးတွေက ငမ်းသေးတယ်မဟုတ်လား။ ဒီမိန်းမ အသက်ရနေမှ တယ်ထချင်တယ် ဘာညာဆိုပြီး ရိုက်မယ်ပုတ်မယ် လုပ်သတဲ့ဗျ"

"ဟား ဟား ဟား ငယ်ရည်းစား ကွဲပြီးမှ ပြန်ရတော့ တယ်လည်း ချစ်လိုက်ပါလားဗျ"

"အင်းဗျ၊ သူတို့နှစ်ယောက်က တော်တော်ချစ်ကြတာ"

"ချစ်လို့လား ဗိုလ်ချုပ်ဈေးမှာ မေ့ထားခဲ့တာ"

မနှင်းရည်က စကားဝင်ထောက်၏။

"ဒါကတော့ကွာ အဲ"

"အတူတူပါပဲ၊ သူတို့အပေါင်းအသင်းတွေ"

မနှင်းရည်က စကားအဆက်မခံဘဲ သူလိုရာ ဆွဲပြော၏။

"ဟုတ်ပတော်၊ ဟုတ်ပ"

ဒေါ်မြမြက ထောက်ခံ၏။

"ဒါမျိုးက ဖြစ်တတ်တာပဲဥစ္စာ"

ဦးစံတုတ်က မောင်စိန်သောင်းဘက်မှ မဲတင်း၏။

"ထားပါတော့။ ခုနဇာတ်လမ်းလေး ဆက်ပါဦး လင်မယား ဘာဆက်ဖြစ်ကြသလဲ"

ဒေါ်မြမြက သူသိချင်သော ဇာတ်သိမ်းပိုင်းကို မေး၏။

"အဲ မမကြူကလည်း ဒီလောက်မေ့ရကောင်းလားဆိုပြီး မယား တစ်ယောက်လုံး မေ့ပစ်တတ်တဲ့လူရဲ့ ဘာညာဆိုပြီး နပန်းပွဲကျင်းပတော့တာ ပေါ့ဗျာ။ မမကြူက ဗလကောင်းတယ်ဗျ။ အစ်ကိုမောင်တိုး အီတာပေါ့။ နောက်ဆုံးတော့ အစ်ကိုမောင်တိုးက မင်းကို မမေ့နိုင်လို့ ငါ ဒီအသက် အရွယ်ထိ စောင့်နေတာပေါ့ကွ ဆိုမှ နပန်းပွဲရပ်သွားတယ်တဲ့"

"ဟဲ ဟဲ ဟုတ်သားပဲ။ သူ့ခမျာ ငယ်ချစ်ကို နှစ်ပေါင်းများစွာ စောင့်နေခဲ့ရရှာတာ"

"အင်း ဒါပေမဲ့ ဒီလောက်ချစ်လျက်နဲ့ ဘာလို့များ ဈေးထဲမှာ မေ့ထားခဲ့သလဲမသိဘူး"

"တကယ်ချစ်ရင် မေ့တတ်တယ်ကွ ဟီး ဟီး"

ဦးစံတုတ်က သွားဖြီးနှင့် ပြောသည်။

"ဒါပေါ့ ဒါပေါ့" ဟု မောင်စိန်သောင်း ထောက်ခံသည်။

"အဲဒါတော့ မဖြစ်နိုင်ပါဘူး။ သူတို့က အပေါင်းအသင်းကို အိမ်က မိန်းမထက် ပိုခင်ကြတာ"

မနှင်းရည်က အယုံအကြည်မရှိ အဆိုပြု၏။

"ဟုတ်ပ ဟုတ်ပ"

ဒေါ်မြမြက ထောက်ခံ၏။ ထိုအချိန်တွင် ဆရာကို ရောက်လာ လေသည်။ တံခါးခေါက်သံကြား၍ ထဖွင့်သောအခါ တံခါးဝ၌ ဦးကိုကို သည် ပတ္တူလက်ဆွဲအိတ်လေးတစ်လုံးနှင့် ပြုံးစပ်စပ် ရပ်နေလေသည်။

ဦးကိုကိုအား မောင်စိန်သောင်းက 'ဆရာကို' ဟုခေါ်သည်။ ဆရာကို သည်လည်း မောင်စိန်သောင်းတို့နှင့် စိတ်တူသဘောတူ လူကြီးဖြစ်၏။

အခြားအချက်များ၌ မောင်စိန်သောင်းတို့နှင့် တူချင်မှတူမည်ဖြစ်သော်လည်း ခပ်တောတော နေပုံထိုင်ပုံ၌တော့ တူ၏။ ဘဝ တော်တော်များများ၌လည်း ကျင်လည်ဖူးသည်။ စုံသည်ဆိုပါစို့။ လေပစ်၍ ကောင်းမိပြီဆိုလျှင် မထတော့။ အရှိန်ကလေးရလျှင် ပိုသွက်၏။ ဘာသာရပ်တော်တော်များများကိုလည်း ကျွမ်းကျင်၏။ ဆရာကိုသည် ကျန်းမာရေးဌာနအရာရှိတစ်ယောက် ဖြစ်၏။

မနှင်းရည်သည် ဆရာကို့ကို တွေ့သောအခါ မျက်လုံးနည်းနည်း ဝိုင်းသွား၏။ ဦးစံတုတ်၊ ဆရာကိုနှင့် မောင်စိန်သောင်းတို့ စကားဝိုင်း ဆက်မိသွားလျှင် တော်တော်နှင့် လေကြောပြတ်မည်မဟုတ်ကြောင်း မနှင်းရည် သိထားသည်။ ထိုနည်းလည်းကောင်းပင် ဒေါ်မြမြလည်း နားလည်ထား၏။

ဆရာကို ဝင်လာလျှင်ဝင်လာချင်း

"ဟား မောင်စိန်သောင်းလေး၊ မောင်ရင့်အိမ်တောင် ရောက်ခဲ့သေးသကွ။ မနှင်းရည်ပါခေါ်ပြီး ဦးစံတုတ်အိမ် သွားတယ်ဆိုလို့ တအံ့တသြ လိုက်လာတာ။ ဒီတစ်ခါတော့ ကိုယ့်လူ တယ်ဟုတ်ပါလား။ သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းတတ်လာပြီနဲ့တူတယ်"

ဆရာကို အာရှင်ပုံထောက်၍ ယမကာ နည်းနည်း မှီဝဲလာကြောင်း ရိပ်မိလိုက်သည်။

"ဟား ဟား ဆရာကိုကလဲ ချွန်မပေးပါနဲ့ဗျာ၊ နဂိုကမှ ဂြိုဟ်ကျချင်နေရတဲ့အထဲ"

"ဟဲ့ ဟဲ ဟုတ်ပါတယ်။ ကိုယ့်လူက မနှင်းရည်ကို သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းတာ ဘာကြာသေးတာမှတ်လို့"

"ဟာ ဒီလူကြီး မန်းလေ ပြဲလေပါလား"

"ဟေးဟေး နောက်တာပါ။ နှင်းရည်ကလည်း သဘောပေါက်လာပြီ ဟုတ်တယ်မဟုတ်လား"

မနှင်းရည်ဘက် လှည့်၍ ပြောသည်။

မနှင်းရည်က ပြုံး၍
"ဆရာကိုကြီး မှန်လာလား"
"လိုနေသေးတယ်ဗျ။ ဒါကြောင့် ကိုစံတုတ်ဆီလာတာ"
"အမယ်လေး ဒီနေ့ ကိုစံတုတ် ဥပုသ်ရပါတယ်တော်"
ဒေါ်မြမြက ကမန်းကတန်း ဝင်ပြောသည်။
"ကျွန်တော်တော့ ဥပုသ်ယူမထားဘူးဗျ"
မောင်စိန်သောင်းက ကိုယ့်ဘက်ကိုယ်ယက်စကား ပြော၏။
"ကလေးတွေ အမေနဲ့ထားခဲ့ရတာနော် အစ်ကို"
မနှင်းရည်က သတိပေးသည်။
"အဝါကတ်ပြပြီဟေ့"
ဆရာကိုက နောက်သည်။
"ကဲပါကွာ ငါ မလုပ်ပါဘူး။ ဆရာကို့ကို ပေးလိုက်ပါ၊ လက်ကျန် ကလေး"
ဦးစံတုတ်က အကွက်ထွင်လိုက်သည်။ ဒေါ်မြမြက သိပြီးဖြစ်သည်။
"ဆရာကို့ကို တရားခံလုပ်ပြီး ခဏနေ သူပါ ဝင်သောက်တော့မှာ မဟုတ်လား"
"ဟား ဟား ကျုပ်ကိုတော့ ချောက်မချပါနဲ့ ဗျာတို့ရယ်၊ ကျုပ် ဘာသာကျုပ် တော်ကြာမှ တစ်နေရာ သွားလုပ်ပါ့မယ်။ ရောက်ရောက်ချင်း မပြန်ပါရစေနဲ့ဦး"
ဆရာကို ထိုင်၍ စကားဝိုင်း ဆက်ကြပြန်၏။
"ဆိုပါဦးဗျ၊ ဘာတွေ စကားကောင်းနေလဲ"
"ဟဲဟဲ မိန်းမမေ့တတ်တဲ့ ကျုပ်တို့မိတ်ဆွေတွေအကြောင်းပေါ့ဗျာ"
"ဟား ဒါ အဆန်းမှ မဟုတ်တာ"
"ဒို့ထက်ဆန်းတာလေးများရှိရင် လုပ်ပါဦး"

"ရှိပါဗျ"

"အင်း ဆရာကို့ဆီက မှတ်သားစရာလေးတွေ ကြားရတာတ်တယ်။ လုပ်ပါဦး၊ ဆရာကိုရဲ့ ပုံပြင်လေးတစ်ပုဒ်လောက်"

"ပုံပြင်ကလေးကတော့ ဒါပါပဲကွယ်လို့ စရမလိုပဲဗျ"

"ခင်ဗျားဟာက စမှ မစရသေးဘူး။ ဒါပါပဲကွယ်လားဗျ"

"အေးဗျာ၊ ဒါပါပဲကပဲ စရမှာ"

"လုပ်ပြီ၊ ကဲ စတော့ဗျာ ခင်ဗျာ့ ဒါပါပဲ ပုံပြင်"

"ကျွန်တော့်ဦးလေးတစ်ယောက်ရှိသဗျ။ ဦးစံမတူတဲ့။ စံမတူ ဆိုတဲ့ အတိုင်း တော်တော့်ကို စံမတူအောင် နေထိုင်တတ်တယ်ဗျ။ သူငယ်ငယ်က အကြောင်းတွေက စရင် အရှည်ကြီးပဲဗျ"

"တိုတိုနဲ့ လိုရင်း ကောင်းပါတယ်ဗျာ"

"အင်း ငယ်ငယ်က ကိစ္စတွေထဲက လိုရင်းတစ်ချက်ပဲ ပြောမယ်ဗျာ။ သူတို့ခေတ်က ခုနစ်တန်းအောင်ရင် ရာဇဝတ်အုပ် ဖြစ်တာကလားဗျ။ ဒီတော့ သူ့သူငယ်ချင်းတစ်ယောက်က သူ့ကို စာမေးပွဲ အငှားဖြေခိုင်းသတဲ့ဗျ"

"ဟ ရလို့လား"

"ဘာခက်တာမှတ်လို့ဗျာ၊ သူနဲ့အတူတူ ခုနစ်တန်းဖြေမယ့် သူငယ်ချင်းရဲ့ ခုံနံပါတ်နဲ့ သူက ဖြေပေးတာပေါ့"

"မရှင်းဘူးဗျ"

"ဒီလိုဗျာ၊ သူ့သူငယ်ချင်းက စာမတော်ဘူး။ ကျိန်းသေပေါက် ကျမယ့်အခြေအနေမှာ ရှိတယ်။ ဦးစံမတူက ကျိန်းသေပေါက် အောင်မှာ။ အဲဒါကို သူ့သူငယ်ချင်းက စာမေးပွဲအောင်ချင်တော့ သူ့ကို ကိုယ်စား ဖြေခိုင်းတယ်။ ဦးစံမတူ ခုံနံပါတ်က ၁၀၊ သူငယ်ချင်းရဲ့ နံပါတ်က ၂၆ ဆိုပါတော့၊ ဦးစံမတူက ခုံနံပါတ် ၂၆ နဲ့ ဖြေတယ်။ သည်တော့ အောင်တော့ သူ့သူငယ်ချင်းက အောင်ပြီး ဦးစံမတူက ကျတော့တာပေါ့"

"အဲဒါနဲ့ မယားမေ့တာနဲ့ ဘာဆိုင်လို့လဲဗျ"

"လာမှာပေါ့ဗျာ၊ ဒါက နိဒါန်းရှိသေးတယ်။ သူငယ်ငယ်က ဒီလို အဖြစ်မျိုးတွေ အများကြီးဗျ။ အဲဒီသူငယ်ချင်းအတွက် စာမေးပွဲဖြေပေးခက ဘယ်လောက်မှတ်လဲ"

"ဘယ်လောက်လဲ"

"ဝီစကီတစ်လုံးတည်းဗျ"

"ခုနစ်တန်းနဲ့ အရက်သောက်နေပြီလား"

ဒေါ်မြမြက မေးသည်။

"သူတို့ခေတ်က အသက်ကြီးမှ ခုနစ်တန်း ဖြေတာဗျ။ အောင်ရင် ရာဇဝတ်အုပ်တန်းခန့်ပါတယ်ဆို အသက်နှစ်ဆယ်လောက် ရှိကြရောပေါ့"

"အင်း ဒါနဲ့"

"ဒါနဲ့ ခုနစ်တန်းကို ခုနစ်နှစ်နေသဗျ။ နှစ်တိုင်းလည်း သူက အငှား ဖြေတာ။ နောက်တော့ မြို့နယ်က ပုဂ္ဂိုလ်တွေပါသိသွားပြီး နောက်တစ်ချီ လုပ်ရင် စာမေးပွဲဖြေခွင့် မပေးတော့ဘူးဆိုတာနဲ့ သူကိုယ်တိုင်ဖြေရတော့တာ။ ငယ်ငယ်ကတည်းက အဲဒီလို အကျင့်ရှိတာဗျ။ နောက်တော့ အိမ်ထောင် ကျရော ဆိုပါတော့။ ကျတာကလည်း ဆွေမျိုးနီးစပ်ထဲကပဲ။ အကြောင်း သိပြီးသား။ အဲဒါ မင်္ဂလာဆောင်တဲ့ည၊ သူငယ်ချင်းတွေနဲ့ ဘက်ချဲလာနိုက် လုပ်လိုက်ကြတာ ခုနစ်ရက် ခုနစ်လီ ကြာသဗျ"

"အိုး ဟိုး ဟိုး ဒီကြားထဲ သတို့သမီးကကော"

"သတို့သမီးက သူ့အကြောင်း သိပြီးသားပဲ။ လက်ထပ်ပြီးတာနဲ့ ညနေစောင်းကျတော့ သတို့သမီးက သူ့အိမ်သူ ပြန်စောင့်နေလိုက်တာပေါ့"

"သူတို့ကကော"

"ပြောပါပကော၊ လက်ထပ်ပြီးတာနဲ့ သောက်လိုက်ကြတာ ခုနစ်ရက် ခုနစ်လီပါဆို"

"ခုနစ်ရက်ပြည့်ပြီးမှ သတို့သမီးဆီသွားတာပေါ့၊ ဟုတ်လား"

"ဘယ်သွားလိမ့်ဦးမလဲ၊ မြို့မှာ ခုနစ်ရက်ကျင်းပပြီး သူ့သူငယ်ချင်းတွေနဲ့ တောကို ဆက်လိုက်သွားသတဲ့ဗျ"

"ဟင် သတို့သမီး ထားခဲ့ပြီးတော့"

"ဟုတ်ပဗျာ၊ အဲဒီမှာ သတို့သမီးနဲ့ ဦးစံမတူအကြောင်းကလေး ပြောဦးမယ်။ အဟမ်း အာနည်းနည်းခြောက်သဗျာ"

"ထုတ်ပေးလိုက်ပါ မြရယ်"

"ရှင် မပါရဘူးနော်"

"အေးပါ"

ဒေါ်မြမြသည် အရက်လက်ကျန် နည်းနည်းသွားယူလာ၏။

"ကျုပ်ကို တရားခံမလုပ်နဲ့နော် ဒါပဲ။ ခင်ဗျားတို့စေတနာနဲ့ ခင်ဗျားတို့ တိုက်တာ"

"အင်းပါ ဆရာကိုရယ်၊ ထူးတော့ မထူးပါဘူး။ ကိုစံတုတ်က သူ့သောက်ချင်လဲ ပြောလို့ရမှာမှမဟုတ်တာ"

"ဒီလိုနားလည်မှုရှိထားဖို့ လိုတာပေါ့"

ဆရာကိုသည် အနည်းငယ် ငှဲ့၍သောက်၏။ အာခေါင်ရှင်းလိုက်ပြီး ဆေးပေါ့လိပ်ကောက်၍ မီးညှိ ဖွာရှိုက်လိုက်သည်။

"ဒီလိုဗျ၊ ဦးလေးစံမတူနဲ့ ဒေါ်လေးနဲ့က အသက်ချင်း တော်တော်လေး ကွာတယ်။ ဆယ်နှစ်ကျော်ကျော်လောက်ပေါ့။ အဲ ငယ်ငယ်ကတည်းက သံယောဇဉ် ရှိပြီးသားပေါ့ဗျာ။ ဦးစံမတူက မြို့ကနေ လေးငါးမိုင်ဝေးတဲ့ ဒေါ်လေးတို့ရွာ သွားသွားပြီး သောက်လေ့စားလေ့ ရှိခဲ့တယ်။ အဲသောက်ရင်လည်း ပျော်ပျော်ပါးပါးပဲ။ ဦးစံမတူက အချက်အပြုတ်ကောင်းသဗျ။ သူ့ဘာသာ အမဲပစ် ချက်ပြုတ်စားသောက်ရင်းနဲ့ တကယ့်ကို လွတ်လွတ်လပ်လပ် နေခဲ့တာကိုး။ ပြီးတော့ ခဏလေး သွားလိုက်ဦးမယ်

ဆိုရင်လည်း တစ်မေ့ပဲ။ တစ်ခါတလေ နှစ်နဲ့ချီ ကြာချင်ကြာတတ်တာ။ တစ်ခါက ဒေါ်လေး အပျိုပေါက်အရွယ်၊ ဦးစံမတူက ဒေါ်လေးတို့အိမ် ရောက်လာရောဗျ။ ခဏဝင်လည်တာဆိုကိုး။ ခဏဆိုပြီး အလည်လာနေ လိုက်တာ နှစ်လကြာသွားသတဲ့။ ဒီကတည်းက ဦးစံမတူက ဒေါ်လေးကို ကြိုက်နေပြီနဲ့တူပါရဲ့။ အင်း ဒီလိုပဲ ဟိုဘက်ရွာ ထန်းရည်သွားသောက် လိုက်ဦးမယ်ဆိုပြီး ထွက်သွားတာ သုံးနှစ်ကြာမှ ပြန်လာပြီး ကျန်ခဲ့တဲ့ သူ့ဆေးတံကလေး လာယူသတဲ့ဗျ"

"လွန်ပါရောတော်"

"အဲသလိုပေါ့ဗျာ။ ဒေါ်လေးနဲ့ ဦးစံမတူက အတွင်းသိ အစင်းသိ ဖြစ်ခဲ့ကြတာကလား"

"ခုနစကား ဆက်ပါဦး၊ လက်ထပ်ပြီးပြီးချင်း မိန်းမထားခဲ့ပြီး တောလိုက်သွားတယ်ဆိုလား"

"အင်း တောလိုက်သွားပြီး တောမှာ ဆက်ပြီး ပျော်ပွဲရွှင်ပွဲ ကျင်းပ လိုက်ကြတာ အမဲလိုက်လိုက်၊ စားလိုက်သောက်လိုက်နဲ့ပေါ့ဗျာ။ ဒီကြားထဲ ကျားပစ်သွားကြမယ်ဆိုပြီး ရိုးမဘက် ဆက်တက်ကရောတဲ့ဗျ"

"သတို့သမီးကကော"

"မြို့မှာ စောင့်မျှော်လျက်ပေါ့ဗျာ။ ရိုးမဘက် ကျားပစ်သွားတာ ကျားရသတဲ့ဗျ။ အဲဒီအနီးအနား ကျားရေရောင်းလို့ ဈေးမကောင်းဘူး။ ရန်ကုန်မှာမှ ဈေးကောင်းမှာဆိုပြီး ရန်ကုန်ဘက် ထွက်လာသတဲ့ဗျ"

"ဟောတော်"

"အဲ ရန်ကုန်မှာ ကျားရေကလည်း တော်တော်နဲ့ ရောင်းမထွက်တော့ စရိတ်စက ကုန်၊ စရိတ်ကုန်တော့ ဒီက သူ့ဘကြီး ပွဲစားတစ်ယောက်ဆီ သွား၊ ပွဲစားကြီးက မြစ်ဝကျွန်းပေါ်မှာ စပါးတွေ လိုက်ဝယ်နိုင်း၊ ဒါနဲ့ စပါး အဝယ်တော်ဖြစ်၊ တစ်ရာသီကုန်ရော ဆိုပါတော့ဗျာ"

"ဟုတ်ရဲ့လား ဆရာကိုရယ်"

မနှင်းရည် မယုံသကဲ့သို့ မေးသည်။

"တို့လည်း အစက မယုံဘူးဗျ။ ကိုယ်တွေ့မှ ယုံတော့တယ်"

"သူ့မိန်းမက စောင့်နေသေးလား"

"စောင့်ပါ့ဗျာ။ သူနဲ့ ပေးစားတာကလည်း လူကြီးတွေက ဒီကောင် ခြေငြိမ်အောင်ဆိုပြီး ဆွေမျိုးနီးစပ်ထဲက အတွင်းသိ အစင်းသိ မိန်းကလေး ပေကိုး။ ဒီတော့ ဒီသတို့သမီးက ကျွန်တော့်ဒေါ်လေးပေါ့ဗျာ။ သူကလည်း ဒီအတိုင်း စောင့်နေတာပဲ။ တစ်နေ့တော့ မောင်ပြန်လာမည်ပေါ့"

"ရှားပါ့တော် ဒီမိန်းမမျိုး"

"အင်းပေါ့ဗျာ၊ အချစ်စစ် အချစ်မှန်ကိုး"

"ဘယ်ကလာ၊ ချစ်မှ မချစ်ရသေးဘူး။ ရှေးတုန်းက လူကြီးတွေ ပေးစားရင် ယူလိုက်ကြတာဗျ။ ရည်းစားရယ်ဘာရယ် သိပ်ဖြစ်ရတာမဟုတ်ဘူး"

"အင်း ဒါနဲ့"

"ဒါနဲ့ သူ့မိန်းမဆီ ပြန်သွားရောဗျာ။ ပြန်ရောက်ရောက်ချင်း သူ့မိန်းမက သူ့မေးသတဲ့။ တစ်ယောက်တည်း ပြန်လာသလား လို့။ သူက အေးပါကွ၊ ငါတစ်ယောက်တည်းပါ ဆိုတော့ သိပါဘူးတော်၊ ကလေးနဲ့ မိန်းမများ ပါလာလေမလားလို့ မျှော်နေတာလို့ ပြန်ပြောသတဲ့။ ဟဲ ဟဲ ဘယ်လောက်ကောင်းတဲ့ အချစ်ဇာတ်လမ်းလဲ"

"ကောင်းပါ့ဗျာ၊ အဲဒါလေး ဝတ္ထုတစ်ပုဒ်လောက် ရေးစမ်းပါ မောင်စိန်သောင်းရယ်"

"ဟုတ်သဗျ ရေးရဦးမယ်၊ ဒါနဲ့ ဆက်ပါဦး"

"ဒီလိုနဲ့ပေါင်းသင်းနေထိုင်လာလိုက်ကြတာ တစ်ယောက်အကြောင်း တစ်ယောက် ပိုပိုသိလာကြသပေါ့။ 'ဒီနှားခဏ' ဆိုရင် အနည်းဆုံး တစ်လ လောက်လို့ မှန်းတတ်လာတာပေါ့"

"ကိုစံတုတ် မီးညှိသလိုပေါ့"

"အင်း ဟီးဟီး"

"ဒါပေမဲ့ ဦးလေးဦးစံမတူကတော့ သူ့မိန်းမကို သိပ်ချစ်သဗျ"

"အဲဒါ ကျုပ်ပြောတာပေါ့။ တကယ်ချစ်ရင် မေ့တတ်တယ်လို့ ဟဲဟဲ"

"မချစ်ချင်နေပါတော့ တော်၊ မေ့ မေ့နိုင်လွန်း"

"ချစ်ပုံလေး ပြောပြစမ်းပါဦး"

"တစ်ခါတော့ သူ့မိန်းမ ဖျားရောဗျ၊ ဦးစံမတူက လူတစ်မျိုးဗျ။ လူစုံခေါ်မှာပေါ့။ ဆေးတို့ ဗေဒင်တို့ ဓာတ်တို့လည်း တတ်တယ်။ အင်္ဂလိပ် ဆေးစာအုပ်တွေလည်း ဖတ်ထားတယ်။ အဲဒါ သူ့မိန်းမရောဂါ သူ့ဘာသာသူ ကုသဗျ"

"ဆရာဝန် မခေါ်ဘူးလား"

"အဲဒီခေတ်က ကျုပ်တို့ အညာတောရွာမှာ ဆရာဝန်ဆိုတာ မကြားဖူးဘူးဗျ။ အင်္ဂလိပ်ဆေးဆိုလို့လည်း ဆားခါးနဲ့ ကွီနိုင်လောက်ပဲ ရှိတာ။ အများအားဖြင့်တော့ ဗိန္ဓောနဲ့ ကုကြတာပေါ့။ ကျုပ်တို့ ဦးစံမတူက သူ့မိန်းမဖြစ်တဲ့ ရောဂါအခြေအနေကိုကြည့်ပြီး တိုက်ဖွိုက်လို့ သတ်မှတ် လိုက်တော့တာကိုး"

"ဟုတ်ကော ဟုတ်လို့လား"

"ဟုတ်နိုင်တယ်ဗျ။ ရောဂါလက္ခဏာက ဒီတိုက်ဖွိုက်လက္ခဏာပဲ၊ သူပြောတာလေ"

"အင်း ဆက်ပါဦး"

"ဒါနဲ့ ဆရာဝန်သွားပင့်ဖို့ရာက မိုင်တစ်ရာလောက် ဝေးတာကိုး။ သူ့ဘာသာသူ ကုတော့တာပေါ့။ အစာမကျွေးဘူးဗျ။ ငြိမ်ငြိမ်နေခိုင်း တယ်ဗျာ။ သစ်သီးဖျော်ရည်ကို ပိတ်စိမ်းပါးနဲ့ စစ်ပြီး တိုက်တယ်ဗျာ။ မြန်မာဆေးဆိုလို့ ကွမ်းရွက်ပြုတ်ရည်နဲ့ ချွေးထုတ်ဆေးလောက်ပဲ တိုက်တယ်။

ဆေးကြမ်းကြမ်း တစ်ခုမှမတိုက်ဘူး။ နေ့ရော ညရော စောင့်ပြီး ပြုစုသဗျ"

"ဒါကျတော့လည်း တော်ရှာသားပဲ"

ဒေါ်မြမြက အမှတ်ပေးလိုက်သည်။

"အင်း ဒီလိုနဲ့ သက်သာလာရောဗျ။ အဲဒီအချိန်က တိုက်ဖွိုက်မှန်း မသိလို့ သေကုန်တဲ့လူနာတွေ အများကြီးပေါ့ဗျာ။ မြန်မာဆေးကြမ်းကြီး တွေနဲ့တွေ့ပြီး ရောကုန်တာလည်း ပါသပေါ့။ တချို့က ဓာတ်ကြမ်းနည်း တိုက်တယ်မဟုတ်လား"

"အင်း ဓာတ်ကြမ်းက စွမ်းတဲ့အခါကျ စွမ်းတာကလား"

"သူ့နေရာနဲ့ သူပေါ့ဗျာ။ သမားဆိုတာက ချိန်ချိန်ဆဆ လုပ်ရသ မဟုတ်လား။ ဒါကြောင့် သမားဆို အိုစေလို့ စကားထားခဲ့တာပေါ့"

"ဆက်ပါဦး"

"နေကောင်းရောဆိုပါတော့ဗျာ။ အဲ နေကောင်းစ နာလန်ထ ဆိုတော့ အစားအစာ သိပ်တောင်းတာပေါ့။ တစ်နေ့တော့ သူ့မိန်းမက သဘော်သီးလေး စားချင်တယ်ဆိုသကိုး"

"အင်း"

"ဒီတော့ သူက သဘော်သီးပဲလား၊ ဒို့ပြင် တခြား ဘာစားချင် သေးလဲ လို့ မေးသတဲ့။ ဒီတော့ မိန်းမက ဒါပါပဲကွယ် လို့ ပြောသတဲ့"

"အင်း"

"အဲဒါနဲ့ ဦးစံမတူလည်း ရှပ်အင်္ကျီလေး ကောက်စွပ်၊ ဒင်္ဂါးတစ်ပြား အိတ်ထဲထည့်ပြီး သဘော်သီး အဝယ်ထွက်သွားလိုက်တာ"

"ဘယ်နနှစ်ကြာလဲ"

ဆရာကိုသည် မျက်နှာတည်လိုက်၏။ ပြီးတော့ လေအေးနှင့် ပြောသည်။

"ပြန်မလာတော့ဘူးဗျ"

"အို ဦးစံမတူကြီးကလဲ လွန်လိုက်တာ။ ဘယ်လိုက်သဝေထိုးနေပြန်သလဲ"

မနှင်းရည်၏ ထင်မြင်ချက်။

"နောက်အိမ်ထောင်တွေဘာတွေ ကျသွားလို့လား"

ဒေါ်မြမြ၏အမေး။

"မဟုတ်ဘူးဗျ၊ ဦးစံမတူက တကယ်ပဲ သင်္ဘောသီး သွားဝယ်တယ်။ အဲဒါ ဈေးမှာမရှိတော့ဘူး။ ဈေးသည်က တစ်ဖက်ကမ်းကို ပြန်သွားပြီ။ ကျွန်တော်တို့ အညာမှာက အနောက်ဘက်ကမ်းကနေ အရှေ့ဘက်ကမ်း ကူးကူးပြီး ဈေးလာရောင်းလေ့ရှိတာကိုး။ အဲသည်တော့ ဦးစံမတူလည်း အနောက်ဘက်ကမ်းအထိ လိုက်သွားပြီး သင်္ဘောသီးလေး ဝယ်ခဲ့ရှာသဗျ"

"ဒါနဲ့ ဘာလို့ ပြန်မရောက်တာလဲ"

"သူတို့က ငှက်နဲ့ပြန်အလာ၊ ကျွဲနှစ်ကောင်က ရမ်းသမ်းပစ်သွားလိုက်တော့"

"ကျွဲနှစ်ကောင်က ဘာဖြစ်တာလဲ"

"ကျွန်တော်ပြောတာ နည်းနည်းကျန်သွားသဗျာ၊ သူ့မိန်းမ နေမကောင်းတဲ့အချိန်က ဒုတိယကမ္ဘာစစ်ဖြစ်နေတာ။ ဒါကြောင့် ဆရာဝန်တွေ ဘာတွေ ဘယ်ရှာနိုင်ပါ့မလဲဗျာ။ ကျွဲနှစ်ကောင်ဆိုတာက နှင်းရည်တို့တော့ ကြားဖူးရုံရှိမှာပေါ့။ ဗြိတိသျှ ဘုရင့်လေတပ်မတော်က ဗုံးကြဲလေယာဉ် နှစ်စီးဗျ၊ အမည်းကြီးတွေ။ ဂျပန်ကို ပြန်အတိုက်မှာ ကျွဲနှစ်ကောင်လို့ နာမည်ပေးထားတဲ့ အဲဒီ ဗုံးကြဲလေယာဉ် မည်းမည်းကြီး နှစ်စင်းက တယ်နာမည်ကြီးခဲ့တာပဲ။ မြင်မြင်ကရာ စွတ်ပစ်ပစ်သွားတတ်တဲ့ကောင်တွေဗျ"

"ဒါနဲ့ ဦးစံမတူက"

"ကျွဲနှစ်ကောင်လက်ချက်နဲ့ စက်သေနတ် မှန်သွားတာပေါ့ဗျာ၊ သင်္ဘောသီးလေး လက်ကဆုပ်လို့တဲ့"

"အို"

မနှင်းရည်အသံက တုန်ယင်စွာ

ဒေါ်မြမြက သက်ပြင်းချ၏။

ဦးစံတုတ် သက်ပြင်းချရင်း မျက်မှောင်ကြုတ်၏။

မောင်စိန်သောင်း ငိုင်သွား၏။

"အင်း"

ဆရာကိုက ဆက်မပြောသေးဘဲ ခဏနားလိုက်သည်။

"ဦးစံမတူဟာ အင်္ဂလိပ်ကို သိပ်အထင်ကြီးတာ။ အင်္ဂလိပ်ဆေးနည်းနဲ့ သူ့မိန်းမကို ကုခဲ့တာပေါ့။ ပြီးတော့ အင်္ဂလိပ်စက်သေနတ်နဲ့ပဲ သေသွားရှာလေရဲ့"

"ဦးစံမတူ ကတော်တော့ တော်တော်စိတ်ထိခိုက်ရှာမှာပဲနော်"

"ဦးစံမတူရဲ့မိန်းမက သူ့ယောကျ်ားကို တစ်နေ့ ပြန်လာမှာပဲ ဆိုပြီး စောင့်နေတယ်"

"ဘယ်တော့မှ သိသွားလဲ"

"ခုထိ စောင့်နေတုန်းပဲ"

*

"အစ်ကို ညမိုးချုပ်မယ်ဆိုရင် ဖုန်းဆက်နော်၊ မမေ့နဲ့နော်"

နောက်တစ်နေ့မှစ၍ မနှင်းရည်သည် မောင်စိန်သောင်းအား အထက်ပါအတိုင်း နေ့စဉ်နှင့်အမျှ မှာရှာလေသည်။

၁၉၈၅၊ ရွှေမဝမဂ္ဂဇင်း

○

## တိုရှိဘားကို စားပစ်ခြင်း

ယခုတလော မနှင်းရည် တယ်လီဗေးရှင်းတောင့်တခြင်းရောဂါ ထလျက်ရှိ၏။

မနှင်းရည်သည် တယ်လီဗေးရှင်းကို ဖိမ်ခံပစ္စည်းအဖြစ် သဘော မပိုက်ပါ။ အမှန်ကတော့ တယ်လီဗေးရှင်းသည် ဖိမ်ခံပစ္စည်းစာရင်း၌ ပါဝင် ပါသည်။ သို့ရာတွင် မနှင်းရည်အဖို့ တယ်လီဗေးရှင်းကို ဖိမ်ခံပြီး ကြည့်နေ နိုင်ရန် အခြေအနေ မပေးသေးပါ။

ပြီးတော့ ခုခေတ်မှာက တယ်လီဗေးရှင်းကို ပြန်ကြားဆက်သွယ်ရေး လက်နက်ကိရိယာအဖြစ် သုံးနေပြီပဲ။ ဥပမာ ဂြိုဟ်တုသတင်းပေါ့။

လက်ဖက်ချင်းသုပ်ရောင်းနေသော မနှင်းရည်သည် အဘယ်မှာလျှင် ထိုသို့သော ဖိမ်ခံပစ္စည်းကို ဖိမ်ခံ၍ ကြည့်နိုင်ပါအံ့နည်း။

တယ်လီဗေးရှင်းပြချိန်ဖြစ်သော ညဦး ခုနစ်နာရီခွဲမှ ညဦး ဆယ်နာရီခန့် အချိန်သည် မနှင်းရည် လက်ဖက်ချင်းသုပ် ရောင်း၍ကောင်းနေသောအချိန် ဖြစ်ပါသည်။ ပြီးတော့ မနှင်းရည်တို့နေသော ရပ်ကွက်တွင် ထိုအချိန်မျိုး၌ ညစဉ်နှင့် အမျှဆိုသလို မီး မလာပါ။ တစ်ခါတစ်ရံဆိုမှ တကယ့် တစ်ခါ တစ်ရံသာ လျှပ်စစ်မီးလာပါသည်။

ဒါနဲ့များ ဘာဖြစ်လို့ ဒီပစ္စည်းကြီးကို မနှင်းရည် တောင့်တနေရပါသနည်း။

ရှင်းပါသည်။ သူလည်း ကြည့်ချင်သည်ပေါ့။ ပြီးတော့ အရပ်ထဲက ကလေးများ (လူကြီးများ အပါအဝင်) ကို တစ်မတ် ငါးမူး ယူ၍ ပြချင်နေပါသည်။ အရပ်ထဲမှာ တချို့အိမ်တွေက အဲသလို ပြပေးနေကြသည် မဟုတ်လား။

ကဲ ဒါဖြင့် တယ်လီဗေးရှင်းဝယ်နိုင်အောင် ကြိုးစားကြစို့ရဲ့။

မနှင်းရည်သည် သူ့လင်တော်မောင် မောင်စိန်သောင်းကို ထိုကိစ္စ တိုင်ပင်၏။

"တီဗွီတစ်လုံးလောက် ဝယ်ရအောင်လား အစ်ကို"

"ဟာ မင်းက၊ ဘယ်မလဲပိုက်ဆံ"

"နှင်းရည်စုထားတာ နည်းနည်းပါးပါး ရှိတယ်။ အစ်ကို့စာမူခတွေလည်း စုပေါ့"

"ငါ့စာမူခတွေက အဲသလောက်သုံးနိုင်အောင် ပိုပိုလျှံလျှံ ဖြစ်ပါ့မလား"

"ခြစ်ခြစ်ခြုတ်ခြုတ်သုံးရင် ဖြစ်နိုင်ပါတယ်။ အစ်ကို လက်ဖက်ရည်လျှော့သောက်၊ ဆေးလိပ်လျှော့သောက်၊ ဟို အကျီ လုံချည် ဆိုတာက ဟောပြောပွဲတွေက လက်ဆောင်ရမှာပဲ။ နှင်းရည်လည်း အဝတ်အစားသစ် မဝယ်ဘူး"

"စားတာကျတော့ကော"

"အစ်ကိုက ချဉ်ရည်ဟင်းနဲ့ ငရုတ်သီးထောင်း ကြိုက်တာပဲဟာ"

ဤနေရာ၌ မောင်စိန်သောင်း စတွန့်ဖြစ်သွား၏။

မောင်စိန်သောင်းနှင့် ညားခါစတုန်းက မနှင်းရည်ချက်ကျွေးသမျှ အကောင်းစားချည်းပဲဟု မောင်စိန်သောင်း အာချောင်မိ၏။

"ငါ့မိန်းမချက်တဲ့ ချဉ်ရည်ဟင်းနဲ့ ငရုတ်သီးထောင်းကတော့ စပယ်ရှယ်ပဲကွာ"

ဟု ပြောပြီး အားရပါးရ စားပြ၏။

သို့သော် ပြောမိပြီးနောက် ချဉ်ရည်ဟင်းများ ဆက်တိုက်ထွက်လာခဲ့သည်။ ငရုတ်သီးထောင်း ထုတ်ကုန်လည်း လွန်စွာ တိုးတက်လာလေ၏။

"သိပ်ကောင်းတာပဲ၊ စပယ်ရှယ်ပဲ" လို့ ပြောပြီးမှ "တော်ပါတော့ကွာ" လို့ ပြောရမှာလည်း ခပ်ခက်ခက်ဖြစ်နေသဖြင့် "ဟင်းပြောင်းဟင်းလွှဲလေးလည်း လုပ်ပါဦး" ဟု လေပြေထိုးခဲ့ရသည်။

ထိုအခါ အစားထိုးအဖြစ် ကန်စွန်းရွက်ကြော်ကို မီးဖိုချောင်မှ ထုတ်လုပ်လိုက်လေသည်။

သည်တစ်ခါလည်း မောင်စိန်သောင်း မမှတ်။

"တရုတ်ဟိုတယ်တွေမှာ ဒီလိုကန်စွန်းရွက်ကြော်မျိုးကို တစ်ပွဲလေးငါးခြောက်ကျပ် ပေးရတာကွ။ မင်းလက်ရာက တရုတ် ဟိုတယ်လက်ရာထက် ကောင်းသေး"

ဟု ယောင်ပြီး ဖားမိပြန်သည်။

ထိုရောအခါ၌တုန်းကလည်း ကန်စွန်းရွက်ကြော် အထွက်တိုးခဲ့ပြန်လေသည်။

နောက်နောင် မောင်စိန်သောင်းသည် မနှင်းရည်၏ဟင်း ကောင်းကြောင်းကို ချင့်ချိန်၍ ပြောတော့၏။ ဆီပြန်ဟင်း တစ်ခါတလေ ချက်လျှင် "ကောင်းသကွာ" ဟု ပြော၏။

ထိုအခါ မနှင်းရည်က "ဆီပြန်ဟင်းပဲ ကောင်းမှာပေါ့" ဟု ဆိုလေသတည်း။ ဆီပြန်ဟင်းထွက်ကုန် တိုးတက်၍ မလာပါချေ။

ယခု တယ်လီဗေးရှင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးသောအခါ၌မူ တစ်ပတ် တစ်ခါလောက် ဆီပြန်ဟင်းလေး စားနိုင်နေပြီဖြစ်၏။ သို့ရာတွင်

တယ်လီဖေးရှင်းကြီးဝယ်ရန် စုဆောင်းမည်ဆိုပါက အိမ်နောက်ဘက်တွင် ဟည်းထနေသော ချဉ်ပေါင်တောကြီး ပြုတ်ပြုတ်ပြုန်းသွားနိုင်သည်။

ကင်ပွန်းပင်ကလေးများလည်း နေ့စဉ်နှင့်အမျှ အဆိတ်ခံရမည်မှာ မြေကြီးလက်ခတ်မလွဲ။

ရေနေသတ္တဝါ အသေးအမွှားကလေးများလည်း ယခုအချိန်၌ မျက်ခုံးလှုပ်နေကြရော့မည်။

သားကြီးငါးကြီးများကတော့ ပြုံးစိစိ ဖြစ်နေပေလိမ့်မည်။

မောင်စိန်သောင်းသည် မနင်းရည်၏ စီမံကိန်းကြီးကို ကြားရသောအခါ သွားများပင် ကျိန်းမိ၏။ ချဉ်ရည်ဟင်းနှင့် နှစ်ပါးသွားရပေတော့မည်။ ကန်စွန်းရွက်နှင့်လည်း ရွှေလည်တွဲရပေဦးတော့မည်။

"နေပါဦး၊ မင်း တယ်လီဖေးရှင်းဝယ်ဖို့ စုလို့ရပြီဆိုပါတော့၊ မီး မလာတဲ့ဟာ ဘာနဲ့ သွားပြမတုံး။ ဒီဇယ်နဲ့ ဓာတ်ဆီနဲ့ ထည့်ပြလို့ရတဲ့ ပစ္စည်းမှ မဟုတ်တာ"

"အို သူများတွေလုပ်သလိုပေါ့၊ ဟိုလူကြီးကို ငွေငါးဆယ်လောက်ပေးပြီး ဓာတ်တိုင်က မီးသွယ်ရင် ရတာပဲ"

"ဟာ သွားမလုပ်နဲ့၊ မီတာဘောက်ပါ လာဖြုတ်သွားလို့ ဒုက္ခရောက်နေမယ်"

"ဖြုတ်လည်း ဖြုတ်ဖြုတ်ပေါ့။ ခုကော ရှင့်မီးက လာနေလို့လား"

"တစ်ရက်ခြား ညဆယ်နာရီထိုးကျတော့ လာတာပဲဥစ္စာ"

"အဲဒါ လူအိပ်ချိန်ရှင့်"

"ငါ မအိပ်သေးဘူးလေကွာ၊ အဲဒီအချိန်လောက် စာထိုင်ရေးရရင် ဘယ်လောက်ကောင်းလဲ"

"ရှင့်အတွက်တော့ ဟုတ်မှာပေါ့၊ ကျုပ်တို့က ဆယ့်တစ်နာရီလောက် ဆိုင်သိမ်းပြီးရင် မလှုပ်ချင်တော့ဘူး။ ခေါင်းချတာနဲ့ အိပ်ပျော်တာပဲ"

"အေးလေ ဘာပဲဖြစ်ဖြစ် လျှပ်စစ်မီး မလာဘဲနဲ့တော့ မင်း တယ်လီဗေးရှင်းကြီး ပြလို့ရမှာမဟုတ်ဘူး"

"ဒါ ကျုပ်ဘာသာကျုပ် ကြည့်စီစဉ်ပါ့မယ်"

"ခဏနေပါဦး၊ ပိုက်ဆံစုမိပြီထား၊ မင်းက ကြည့်နိုင်မှာလား၊ ဆိုင်ကတစ်ဖက်နဲ့"

"အို ရတယ်၊ ဆိုင်နောက်ဘက်ခြမ်းကို ထရံနှစ်ချပ် ကာလိုက်၊ အဲဒီမှာ တယ်လီဗေးရှင်း ထောင်ပြီးတော့ ကလေးတွေ တစ်မတ် ငါးမူးနဲ့ပြ၊ ကျုပ် ကြည့်ချင်တဲ့အချိန် ဝင်ကြည့်လိုက်၊ ဝယ်သူလာ ထွက်ရောင်းလိုက် လုပ်ရမှာပဲ"

"မဖြစ်နိုင်တာကြီးကွာ၊ အဲဒီပစ္စည်းကြီး အပြင်ထုတ် အထဲသယ် မလွယ်ပါဘူး"

"ရှင့်ပြောလိုက်ရင် မလွယ်တာချည်းပဲ။ ဒီမယ် ဘာမှမခက်ဘူး။ သံတိုသံစပစ္စည်းအဟောင်းတွေ လိုက်ဝယ်တဲ့လူတွေလုပ်သလို ဗိုလ်အုန်းသီး ကလေးတွန်း ပုခက်လှည်း အဟောင်းတစ်ခုနဲ့ တွန်းလှည်းပေါ်မှာ စင်ကလေး တစ်ခုလုပ်၊ အဲဒီအပေါ် တယ်လီဗေးရှင်းတင်၊ ပြခါနီး အပြင်ထုတ်၊ ပြပြီး အိမ်ထဲ ပြန်တွန်းထည့်၊ ဘာခက်လဲ"

"မင်းပြောတော့ လွယ်တာပေါ့။ ဒါပေမဲ့ အဲဒီလိုပစ္စည်းမျိုးက ရွှေ့ဟယ်ပြောင်းဟယ်၊ သယ်ဟယ်ပိုးဟယ် သိပ်လုပ်လို့မကောင်းဘူးထင်တယ်"

"အို လိုက်ငှားစားနေတဲ့ စက်တွေ ဘယ်လိုလုပ်မလဲ၊ လှည်းကြမ်း နဲ့တောင် သယ်သေးသတဲ့"

"ဟုတ်ပါပြီ၊ ဟုတ်ပါပြီ။ လောလောဆယ် စဉ်းစားဖို့က ပိုက်ဆံ ဘယ်လိုစုမလဲ"

"တော် ယောက်ျားလုပ်နေပြီး ဒီလောက်ကလေးမှ မရှာနိုင် ဘူးလား။ ကျုပ်စုထားတာလည်း ရှိပါတယ်ဆို"

"အေးလေ၊ ကြိုးစားကြည့်တာပေါ့ကွာ"

*

သို့နှင့် မောင်စိန်သောင်းနှင့် မနှင်းရည်တို့ ဖနီးမောင်နံ့ တီဗွီဝယ်ရန် ငွေစုကြလေ၏။

မောင်စိန်သောင်းသည် တီဗွီကိစ္စ ဈေးနှုန်းစုံစမ်းခြင်း၊ ဘယ်အမျိုးအစား၊ ဘယ်ပုံစံ ဘယ်နှလက်မ ဘယ်ရွှေ့ဘယ်မျှ စသည်တို့ကို မေးမြန်းခြင်းစသော အမှုများကို ပြုရလေသည်။ ထိုသို့ပြုနေစဉ်မှာပင် တီဗွီ၊ ဗီဒီယိုနှင့်ပတ်သက်သော ဥပဒေ အမိန့်များ ထုတ်ပြန်၏။

မနှင်းရည်၏ တီဗွီပြသ၍ ကလေးများထံမှ တစ်မတ် ငါးမူး ယူရေးစီမံကိန်းမှာ ပျက်လုပျက်ခင် ဖြစ်သွားသေးသည်။ သို့သော် မနှင်းရည်ကားအားမလျှော့။

"တရားဥပဒေနဲ့ ပြခွင့်ရရင် ပိုတောင်ကောင်းသေး"

ဟု ဆိုလေသည်။

မောင်စိန်သောင်းလည်း တီဗွီကိစ္စ စုံစမ်း ထောက်လှမ်းရေးဆက်လက်ပြုနေရပြန်သည်။

"တိုရှိုဘား တူးဝမ်းနိုင်း သရီးအမ် ကောင်းတယ်။ အောက်စက်ဘာဖြစ်ဖြစ် တွဲလို့ရတယ်"

"ဗီဒီယိုဆိုလည်း ဘယ်စနစ်တန်ဖြစ်ဖြစ်၊ ဘယ်အခွေဖြစ်ဖြစ်ပြနိုင်တယ်။ ထူထူ ပါးပါး ရတယ်"

တီဗွီ ဗီဒီယိုလုပ်ငန်းလုပ်သော သူငယ်ချင်းတစ်ယောက်က အကြံပေး၏။

ထိုအကြံပေးချက်ကို မောင်စိန်သောင်းက မနှင်းရည်အား တင်ပြ၏။ ဈေး မေးခိုင်းသည်။

"နှစ်ဆယ့်ရှစ်လောက်တဲ့"

မောင်စိန်သောင်း ထပ်မံ အစီရင်ခံပြန်သည်။

"ဆယ့်တစ် ဆယ့်နှစ်လောက်ဟာမျိုး မရဘူးလား"

"ရတော့ရမယ်။ အဲဒါမျိုးက ဇီဒီယိုနဲ့ တွဲလို့ သိပ်မကောင်းဘူးတဲ့။ အခွေ အထူ အပါး စကားပြောသတဲ့"

"အင်း"

မနှင်းရည် စဉ်းစားသည်။

"ဝယ်မယ့်ဝယ် ကောင်းကောင်းဝယ်တာပေါ့။ ဒါပေမဲ့ နှစ်ဆယ့်ရှစ်အထိတော့ မနိုင်သေးဘူးထင်တယ်"

"အေးလေ၊ အဲဒါပြောတာပေါ့။ ဒီကိစ္စ ခဏဆိုင်းထားတာ ကောင်းမယ်ထင်တယ်"

"အလုပ်ဆိုတာ ဆိုင်းထားတာတို့၊ ရက်ရွှေ့တာတို့ မကောင်းဘူးလေ။ သမီး အော်အော်ဆိုနေတာ မကြားဘူးလား။ ပျင်းရိခြင်း ခြောက်ပါးဆိုတာ 'အေးသည်၊ ပူသည်၊ မိုးချုပ်သည်၊ စောသည်၊ ဆာသည်၊ ပြည့်အင့်သည်' ဆိုလား"

"အေးလေ ခုဟာက ပြည့်မှမပြည့်သေးဘဲ ပိုက်ဆံ"

"အလုပ်လုပ်ပေါ့၊ ရှာပေါ့၊ စုပေါ့။ တော့်ဟာက လုပ်တာထက် ထိုင်စဉ်းစားနေတာက များနေတဲ့ဥစ္စာ"

"ငါ့အတွက် စဉ်းစားတာ အလုပ်ပဲလေကွာ"

"ဖြီးမနေနဲ့၊ ရှင်နဲ့ပေါင်းလာတာ ကြာလှပြီ။ ပိုက်ဆံပြည့်အောင်ရှာ"

"အေးပါကွာ"

*

သို့နှင့်ပဲဆိုပါတော့

တီဗွီနှင့် မောင်စိန်သောင်းတို့ တော်တော်နှင့် မကာပ်မိ။ မောင်ပန်းမွှေး ယုန်လိုက်တယ်။ တောကျောင်းဘုန်းကြီး မြင်လိုက်တယ်။ လိုက်ကြပါလား ဘပည့်များ။ လိုက်လို့မမိ ပြေးပြန်ပြီ ဆိုသကဲ့သို့ မောင်စိန်သောင်းလည်း တီဗွီကို လိုက်လို့မမိ ပြေးပြန်ပြီ ဖြစ်နေလေသည်။

*

တစ်နေ့သ၌ မောင်စိန်သောင်းသည် အိတ်ကပ်ထဲ၌ ငွေငါးကျပ်လောက် အပို ပါလာသဖြင့် ကလေးတွေအတွက် မုန့်အကောင်းစားတစ်ခုခု ဝယ်ရန် ဆုံးဖြတ်လိုက်သည်။

စတိုးဆိုင်ကလေးတွေ လျှောက်ကြည့်၏။ ချောကလက်၊ သကြားလုံး၊ သကြားလုံးတောင့်၊ ပြီးတော့ မောင်စိန်သောင်း မခေါ်ဝေါ် တတ်သော သရေစာများ။

စတိုးဆိုင်ကလေးတစ်ခုမှာ ဂျယ်လီတောင့် အရှည်ကလေးများ တွေ့၏။ ဂျယ်လီကိုတော့ မောင်စိန်သောင်း ကြားဖူးသည်။ ကျောက်ကျော ပျော့ပျော့ဟာမျိုး။

မောင်စိန်သောင်း၏သားသမီးများ ဂျယ်လီ မစားဖူးပါ။ မကြားဖူးပါ။

ကိုင်း တစ်ခါတလေ ဈေးကြီးကြီး သရေစာကလေးတော့ ဝယ်ကျွေး လိုက်ဦးမယ်။ အဲ တစ်ခုတော့ စဉ်းစား၏။ တော်ကြာ ကလေးတွေက ဂျယ်လီမှ ဂျယ်လီပဲ စားချင်သည်ဆိုလျှင် ခက်ပေမည်။

အေးလေ နောင်ခါလာ နောင်ခါချေးပေါ့။ ပိုက်ဆံနည်းနည်းရှိတုန်း ကလေးတွေ ဂျယ်လီစားပါစေ။

*

မောင်စိန်သောင်း အိမ်ပြန်ရောက်တော့ သမီးကြီးက တခြားအိမ်မှာ တီဗွီ သွားကြည့်နေသည်။ သားက သူ့အမေဆိုင်မှာ ဆော့နေသည်။

ဂျယ်လီတောင့်ရှည်ကလေး ထုတ်ပေး၏။ သမီးအတွက် တစ်ဝက် ချန်ခိုင်း၏။ ဂျယ်လီတောင့်ရှည်ကို မောင်စိန်သောင်း၏သားခမျာ ဘယ်လို ဖွင့်ရမည် မသိရှာ။ မောင်စိန်သောင်းကို ဖွင့်ပေးဟု ပြော၏။ မောင်စိန်သောင်း လည်း သေသေချာချာ မဖွင့်တတ်။ ဒါနဲ့ ကြက်သွန်လှီးတဲ့ဓား ယူပြီး ဂျယ်လီ တောင့် ထိပ်ပိုင်းကို ဖွင့်သည်ဆိုရုံ လှီးချလိုက်သည်။ ဂျယ်လီရည်ကလေးတွေ စိမ့်ထွက်လာ၏။

မောင်စိန်သောင်း၏သားငယ်သည် ဂျယ်လီတောင့်ကို စုပ်ရင်း ပျော်နေသည်။

မနှင်းရည်က "သမီးဖို့ကော" ဟု မေးသည်။

"တစ်ဝက်စီပေါ့"

"ရမယ်မထင်ဘူး။ အေးလေ သမီး တီဗွီကြည့်ပြီး ပြန်လာလို့ ဂျယ်လီမတွေ့ရင်လဲ မကျေးနဲ့တော့ပေါ့။ အင်း တီဗွီဆိုလို့ ခု ဈေးတွေ ကျတယ်ဆို"

"မကျပါဘူးကွာ၊ အရင်ဈေးနဲ့ မတိမ်းမယိမ်းပါပဲ"

"အင်း ပိုက်ဆံကလည်း ရှာရခက်လိုက်တာနော်။ ပိုက်ဆံပေါတဲ့ လူတွေကျတော့လည်း ပေါလိုက်တာ လွန်ပါရော"

"ညည်းနေလို့ မပြီးပါဘူးကွာ။ တစ်ချိန်ချိန်တော့ ဖြစ်လာမှာပေါ့။ ကိုယ်လုပ်စရာရှိတာ လုပ်နေရုံပါပဲ"

"ရှင် အပျင်းမထူဖို့ပဲ အရေးကြီးတာပါ"

"အေးပါ"

ထိုအချိန်၌ သားသည် ဂျယ်လီတစ်တောင့်လုံး စားပြီးလေပြီ။

*

ည ဆယ်နာရီလောက်ကျတော့ မောင်စိန်သောင်း၏သမီး တီဗွီကြည့်ပြီး ပြန်လာ၏။

"မင်းသမီးလေးတွေ ခေါင်းကိုလှုပ်ပြီး ကတာ သိပ်ကြည့်ကောင်းတာပဲ"

မောင်စိန်သောင်းက မေးထိုး မေးလှုပ်ပြရင်း "ဒီလိုကတာလား" ဟု မေးသည်။

"ဟင်း ဖေဖေ့ဟာက ခေါင်းကြီး ဟိုယမ်း ဒီယမ်းနဲ့ အဲဒါမျိုး မဟုတ်ပါဘူး။ မင်းသမီးလေး က တာက မျက်စလည်း ပစ်သေးတယ်"

"ဖေဖေတော့ မလုပ်တတ်ဘူး။ သမီးအမေ့ လုပ်ပြခိုင်း"

"အို မဟုတ်တရုတ်တွေ"

"အိမ်မှာ တီဗွီရှိရင် ကောင်းမယ်နော်"

ဟု သမီးက ပြောသည်။

"အေး နင့်အဖေ တီဗွီဝယ်လာတယ်။ အခန်းထဲမှာ သေတ္တာကြီးနဲ့၊ သွားကြည့်ချေ"

မနှင်းရည်က ခပ်တည်တည် ငေါ့၏။

"ဟား ဟား ဟား"

"မယုံရင် သွားကြည့်ချေ။ တီဗွီမှ အကြီးကြီး။ တွမ်တီဝမ်း အင်းချက်စ် တိုရှိဘား တီဗွီ"

"အိုး ရယ်ချင်တယ် ဟီဟိ"

သမီးက အယ်လ်ခွန်းရီ၏သီချင်းကို ဆိုရင်း လှောင်ပြန်သည်။

ထိုအချိန်တွင် သားက ထပြောသည်။

"ဟုတ်တယ် ဖေဖေဝယ်လာတာ မောင်မောင် စားရတယ်"

"ဟားဟား တီဗွီကို စားရတယ် ဟုတ်လား"

"ဟုတ်တယ်၊ စုပ်ပြီးစားရတာ ချိုတယ်ဟ"

သားသည် ဂျယ်လီနှင့် တီဗွီကို နားကြားလွဲခြင်း ဖြစ်ကောင်း ဖြစ်မည်။ ဂျယ်လီကို တီဗွီဟုလည်း ခေါ်သည်ဟု ထင်ကောင်း ထင်မည်။

"အေး စားပြီးပြီ။ အဲဒီတိုရှီးဘားက ရှည်ရှည်အတောင့်၊ ထိပ်က ဖောက်ပြီး စုပ်စားရတာ။ သိပ်ကောင်းတာ"

သားသည် အမှန်တကယ်စားရသော ဂျယ်လီတောင့်ကို ရည်ညွှန်းနေခြင်းဖြစ်သဖြင့် ခပ်တည်တည်ပင် ယုံကြည်စွာ ပြောနေသည်။ သမီးကလည်း တိုရှီးဘားတီဗွီကို စားခြင်း ဟူသော သူ့မောင်လေး၏ဟာသကို သဘောကျစွာ ရယ်မောနေ၏။

သို့ရာတွင် မောင်စိန်သောင်း မရယ်နိုင်ပါ။ နောက်တစ်နေ့ကျလျှင်တော့ ဂျယ်လီတစ်တောင့် နှစ်ကျပ်ခွဲနှင့် ဝယ်ကျွေးဦးမှ။ တီဗွီမတတ်နိုင်သေးပေမဲ့ ဂျယ်လီလောက်တော့ တတ်နိုင်ပါသေးတယ် သမီးရယ်ဟု စိတ်ထဲက ပြော၏။

သားပြောတဲ့ စားလို့ကောင်းတဲ့ တိုရှိဘား၊ သမီးလည်း စားကြည့်ဦးပေါ့။ ဒါပေမဲ့ တစ်ခါတလေဆိုမှ တစ်ခါတလေပဲ စားရမှာ သမီး။ ဆီပြန်ဟင်းလိုပေါ့ကွယ်။

၁၉၈၆၊ ဇန်နဝါရီ၊ ချယ်ရီမဂ္ဂဇင်း

o

## မော်ဒန်မောင်စိန်သောင်း

မောင်စိန်သောင်းသည် နည်းနည်းပါးပါး ကြီးကြီးကျယ်ကျယ်ကလေး ပြောချင်စိတ် ပေါက်နေပါသည်။ အဲသလိုပြောလို့ အထင်တွေတော့ မကြီးလိုက်ပါနဲ့။ ဟိုဖတ် သည်ဖတ်၊ ဟိုစပ်စပ် သည်စပ်စပ် လုပ်လေ့ရှိသည့် မောင်စိန်သောင်း၏ အလေ့အတိုင်း ကြားဖူးနားဝရှိသည်များကို လေဖမ်းဒန်းစီး အီးစားနဲ့ ခုတ်တာပါ။

မောင်စိန်သောင်းဟာ မော်ဒန်အတတ်ကို စိတ်ဝင်စားတဲ့ စာရေးဆရာတစ်ယောက်ပါပဲ။ သူငယ်ငယ်က မော်ဒန်ကာတွန်းကို စွဲစွဲမြဲမြဲဖတ်ခဲ့လို့ပဲ ဖြစ်နိုင်ပါတယ်။

တက္ကသိုလ်ရောက်လို့ 'အက်စသက်တစ်' ခေါ်တဲ့ ရသပညာကို သင်ရပြန်တော့လည်း အဲဒီဘာသာရပ်မှာ ဂရိတ်ဖိုးလောက်ရတော့ သူက မြောက်သွားပုံရပါတယ်။

ဒါနဲ့ မောင်စိန်သောင်းဟာ အင်မတေးရှင်းတို့၊ ကျူဗစ်ဇင်တို့၊ အိတ်စပရက်ရှင်းတို့၊ အင်ပရက်ရှင်းတို့၊ ရိုမန်တစ်ဇင်းတို့၊ ဒါဒါအစ်ဇင်းတို့၊ အက်စ်ထရက်တို့၊ ဂရပ်ဖစ်အတ်တို့၊ အန်တိုက်တဲလ်ဒ်တို့၊ ဆိုက်ကယ်

ဒလစ်တို့၊ အက်ခရိုင်းလစ်တို့၊ အော်ပတစ်ကယ်အတ်တို့၊ ပေါ့အတ်တို့ ဘာတို့ညာတို့ လျှောက်ပြောလေ့ရှိပါတယ်။ သို့သော်လည်း အဲဒီ ဥရောပ စကားလုံးတွေကို မောင်စိန်သောင်း တိတိကျကျ ရေရေရာရာ နားမလည် ပါဘူး။ ကြားရတဲ့လူ တစ်ဖက်သား အထင်ကြီးအောင် စကားလုံးကြီးကြီးတွေ လျှောက်ပြောတာလောက်ပါပဲ။ တကယ် သိကျွမ်းနားလည်တဲ့လူတွေနဲ့ တွေ့ရင်တော့ မောင်စိန်သောင်း ဖြီးတာတွေ အကုန်ပေါ်တော့တာပါပဲ။

"အက်ခရိုင်းလစ်ကာလာတွေဟာ ၁၉၆၀ ပြည့်လွန် နိုင်တင်း ဆစ်တီးစ်မှာ ဒီဇလို့ပ် ဖြစ်လာတာပေါ့ဗျ။ ပြင်ပသဘောနဲ့ သဟာဇာတမျှတဲ့ အရောင်တွေဟာ ရဲပ်ရထိန်ဗျူတီကို ဖော်ပြတာပဲ။ ဒါဟာ မော်ဒန်အတ်ပေါ့။ ပေါ့အတ်ရဲ့ မဟာဗျူဟာသဘောကို ဆောင်တယ်။ အရောင်ဟာ အရေးကြီး တယ်ဗျ" ဟု လူနည်းနည်းစုံသည့်ဝိုင်းတွင် ကြိတ်ပစ်လေ့ရှိသည်။

တစ်စုံတစ်ယောက်က "နေပါဦး၊ အက်ခရိုင်းလစ်ကာလာ ဆိုတာ ဘာလဲဗျ" ဟု မေးလာလျှင်

"ဒီ အက်ခရိုင်းလစ်ဟာဆိုလို့ရှိရင် ကျွန်တော်တို့ မြန်မာလို ရှင်းပြရတာ နည်းနည်းခက်တယ်ဗျ။ အက်ခရိုင်းလစ်ဟာ တာပင်တိုင်ထက် ရေထဲမှာ ပိုပြီးဆိုလျူ အဲ ပျော်ဝင်နိုင်သဗျ။ အမှန်ကတော့ ကင်းဗတ်စ် ပတ္တူဖျင်မှာ ရိုးသားစွာ ထင်ဟပ်လာတာပါပဲ။ ဟဲ ဟဲ နည်းနည်းတော့ လေးနက်ရှုပ်ထွေးပြီး ကွန်ပလီကေးတစ် ဖြစ်သဗျ" ဟု ဆက်ဖြီး၏။

အမှန်ကတော့ သူကိုယ်တိုင် ရေရေရာရာ သဘောမပေါက်ခြင်းပင် ဖြစ်ပါသည်။

"အက်ဘစရက်ဆိုတာ တရားကိုယ်သဘောကို ဆောင်တာပေါ့ဗျ အတွင်းသဘော အစ္ဆတ္တသဏ္ဌာန်တွေကို အင်းမေ့ဂျ်နဲ့ ဖော်ပြတာပေါ့"

သိသော်လည်း မသိချင်ယောင်ဆောင်သူများ၊ သို့တည်းမဟုတ် မသိပါဟု ရိုးရိုးသားသားပြောလျှင် သိက္ခာကျမည်ထင်ပြီး ဆေးပေါ့လိပ်ကြီး

ခဲလျက် ခေါင်းတညိတ်ညိတ် လုပ်နေတတ်သူများနှင့်တော့ လိုက်သပေါ့ဗျာ။ သို့သော်လည်း တကယ်တမ်း ဝါသနာကြီးပြီး လေးလေးနက်နက် လိုက်စားသူများနှင့် တွေ့လျှင်တော့ မောင်စိန်သောင်း ကွဲတော့တာပါပဲ။

"ဒီလိုရှိတယ်ဗျ၊ မော်ဒန်အတ်၊ ပေါ့အတ် စတဲ့ ပညာရပ်တွေဟာ အနာဂတ်ရဲ့လှုပ်ခါမှုကို ပြသရာရောက်စေတယ်"

ဟု အာလူးကြီးကြီးနှင့် ပေါက်မိသောအခိုက်နှင့်

"အတိတ်ဖြစ်ဖြစ်၊ အနာဂတ်ဖြစ်ဖြစ်၊ ပစ္စုပ္ပန်ဖြစ်ဖြစ် အားလုံး လှုပ်ခါနေတာပဲ။ မလှုပ်မခါဘဲ ငြိမ်နေတာဆိုလို့ စကြဝဠာ အနန္တ ဘယ်မှာမှ မရှိဘူးဗျ"

ဟု တစ်စုံတစ်ယောက်က ပြန်ပြောသောအခိုက် ကြုံကြိုက်လေသောအခါ မောင်စိန်သောင်းသည်

"ဒါက ဒီလိုရှိတယ်ဗျ။ အိုင်ဴ့အိုင်" နှင့် ခွေးအကြီး လှည်းနင်းသကဲ့သို့ ဖြစ်သွားလေသည်။

မောင်စိန်သောင်းသည် သူ၏စာရေးဟန်ကိုလည်း ဆန်းသစ်ရန် ကြိုးစား၏။

မတ်တတ်ရပ်နေသော ဓာတ်တိုင်သည် သူ့ထံသို့ မာရသွန်လာနေသော မိုးစက်လေးများကို မဖြို။ မတုန် 'မငြိ'၊ စသည်ဖြင့် စမ်းရေးကြည့်၏။

သူငယ်ချင်းများက "မင့်အမေလင်ဓာတ်တိုင် ဆောင့်ကြောင့်ထိုင်တာ မင်းတွေ့လို့ ဓာတ်တိုင် မတ်တတ်ရပ်နေတယ်လို့ ရေးရတာလား" ဟု မေးတော့မှ သူ့ 'လက်သစ်' သည် နည်းနည်းတွန့်သွားတတ်၏။ သို့ရာတွင် သူသည် အားမလျှော့။ ဆက်လက်ကြိုးစားကြည့်ပြန်သည်။

'ကြက်ဥနှစ်ရောင် နေ့နှောင်းသည် လေးတွဲ့သော အစိမ်းရောင်သီချင်းကို ဆိုရင်း အပြတ်ဆွေးနေ၏။ သူ့အသည်းနှလုံးသည် ဖျာစုတ်ကို

ခွေးကိုက်ထားသည်သို့။ ထိုအခိုက် ၃၀ ဒီဂရီ စင်တီဂရိတ်ရှိသော မီးကျွမ်း ခံထားရသည့် လေသည် ဗြင်းလိုက်၏။ ခွေ၏ ထုခြေခြင်းခံရသော ရွက်ရော် သည် လေထဲ၌ ဘဲလေး က၏။ ဩော် ခွေး'

ဤသို့နှင်နှင်သော စာများကို ရေးပြန်၏။ ရေးရုံနှင့် အားမရဘဲ

"ဒါဟာ နိမိတ်ပုံတွေကို အလင်္ကာနဲ့ထပ်ပြီး တရားကိုယ်သဘောကို ဖော်ထုတ်တာ"

ဟု လျှောက်ပြောတတ်ပြန်သည်။

တချို့က အထင်ကြီးချင်ယောင် ဆောင်ကြသည်။ တချို့က သနားစရာ သတ္တဝါတစ်ကောင်အနေနှင့် ကြည့်ကြ၏။ တချို့က စုတ်သပ် ကြသည်။ တချို့က မဲ့ပြုံး ပြုံးသည်။ တချို့ကတော့ ခေါင်းတညိတ်ညိတ်နှင့် ဘာမှန်းမသိရသော အဓိပ္ပာယ်ကို ဖော်ဆောင်ကြလေ၏။

ဒါလည်း မောင်စိန်သောင်း မမှတ်။

ထင်ရာမြင်ရာတွေ စွတ်စွတ်ရေးနေတတ်ပြန်သည်။

တတ်ကျွမ်းနားလည်သော ဆရာများ၏ စာပေသဘောတရား ဆိုင်ရာ စာပေသဘောတရားများကို ဖတ်ခဲ့၍ သူလည်း ခေတ်သစ်လမ်း ထွင်သူ၊ ရှေ့ဆောင်ရှေ့ရွက်ပြုသူ၊ ခေတ်သစ်အနုပညာ၏ ရှေ့တန်းတပ်ဦးမှ ပါဝင်သူအဖြစ် သူ့ဘာသာသူ ယုံကြည်နေလေသည်။

နားလည်တတ်ကျွမ်းသော ဆရာများကတော့ တတ်ကျွမ်းသည့် အတိုင်း ရေးကြပါ၏။ သို့ရာတွင် မောင်စိန်သောင်းသည် ကောင်းစွာ ပညာ ခံယူတတ်သူမဟုတ်လေသောကြောင့် တတ်ယောင်ကား ယောင်စိန်ဘဝ၌သာ ကျင်လည်နေလေသည်။

သူ့အထင်များသည်လည်း သူ့ဘာသာသူ ကြီးလျက် ရှိလေသည်။

သူ့ကို ဆရာများက စေတနာထားလျက် ဆုံးမသွန်သင်ကြပါ သေးသည်။

"မော်ဒန်ဆိုတာ အမြဲပဲရှိနေတယ် မောင်စိန်သောင်းရဲ့။ ပမာဆိုရင် 'မြကန်သာ၊ တောင်ကျချောင်းတေး၊ ရေဝင်ပြေးလွှဲ၊ ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်' စတဲ့ ကဗျာဟာ ပုဂံနှောင်းခေတ်ရဲ့ မော်ဒန်ပဲ။ ရှင်မဟာရဋ္ဌသာရရဲ့ တောင့်တဲတွန့်ရတုတွေဟာလည်း အင်းဝခေတ်မှာ မော်ဒန်ပဲ။ ဒီလိုပဲ ခေတ်စမ်းကဗျာတွေ၊ စကားပြေတွေဟာလည်း အဲဒီခေတ်မှာ မော်ဒန်၊ ဒီလိုပဲ ခုခေတ်လည်း မော်ဒန်သဘောတရားကို အခြေအမြစ်ကျကျ နားလည်ပြီးမှ ဆန်းသစ်တီထွင်တဲ့ လူငယ်တွေရဲ့ အနုပညာလုပ်ရပ်တွေဟာလည်း ခုခေတ် မော်ဒန်ပဲပေါ့။ မော်ဒန်ဆိုတာ ခေတ်တစ်ခေတ်မှာ ခေတ်အလျောက်ပေါ်လာတာပါပဲ။ ဒါကို ဆန့်ကျင်စရာ မလိုပါဘူး။ ဒါပေမဲ့ ဖြတ်လမ်းတော့ မလိုက်သင့်ဘူးထင်သကွ။ ဆိုစို့ရဲ့ ပီကာဆိုဟာ သရုပ်မှန်လို့ခေါ်တဲ့ ပန်းချီသဘောကို သေသေချာချာ နားလည်ပြီး သေသေချာချာ ရေးခဲ့တာပဲ။ နောက်မှ သူ့အတွေးနဲ့သူ ဆန်းသစ်တီထွင်လာတာ။ ဒါလောက်ဆို မင်းသဘောပေါက်လောက်ပါတယ်"

စသည်ဖြင့် အရိပ်အမြွက် ပြောပြတတ်ပါသည်။ သို့ရာတွင် မောင်စိန်သောင်းကား စကားပြေပင် ဖြောင့်အောင် ချောအောင် မရေးတတ်သေးဘဲ တွန့်တွန့်ပြီး ခေတ်သစ်တွေ၊ အတွေးသစ်တွေ လျှောက်လျှောက်ရေးလေသည်။ အဲဒါကိုပဲ သူ့ဘာသာသူ အဟုတ်မှတ်ပြီး အကျေနပ်ကြီးကျေနပ်နေလေသည်။ 'ငါတကား' ဟု စိတ်ထဲ၌ ကြုံးဝါးနေလေသည်။

*

ညနေခင်းတစ်ခင်း၌ လျှပ်စစ်မီးလာသဖြင့် မောင်စိန်သောင်းသည် ပျော်ရွှင်လှစွာဖြင့် ကက်ဆက်ဖွင့်လေ၏။

မောင်စိန်သောင်းသည် သူ့ကိုယ်သူ မော်ဒန်သမားဟု ကြွေးကြော်သော်ငြားလည်း ခေတ်ပေါ်သီချင်းများကို ဆူညံသည်၊ နားငြီးသည်ဟု ရွတ်ချလေ့ရှိသည်။ "ဟိုအော်သည်အော်နဲ့ ဒါတဲ့လား သီချင်း" ဟု ပြောလေ့ရှိ၏။

သူ့နားထောင်လေ့ရှိသော သီချင်းများမှာ 'ခေတ်ဟောင်းပြန်ဆိုတေး' များ ဖြစ်သည်။

သည်ကတည်းက မောင်စိန်သောင်းသည် ဂယောင်တစ်ကောင်ဖြစ်ကြောင်း ရှင်းနေလေသည်။

ယခုလည်း ခေတ်ဟောင်းပြန်ဆိုတေးတစ်ခွေကို ဖွင့်လိုက်၏။

ချစ်ဒုက္ခ။

ချစ်ဒုက္ခ ဦးဘညွန့်ဟု ဦးဘညွန့်၏ရှေ့၌ ချစ်ဒုက္ခ ဟူ၍ပင် ထည့်ပြီး ပြောဆိုကြရအောင် ကျော်ကြားလှသော တေးတစ်ပုဒ်ဖြစ်သည်။

သူမောင်က ထိုသီချင်းကို ပြန်ဆိုသည်။

"ခင်ရယ်၊ မောင့်စိတ်ထဲ တစ်ဖက်သတ်စွဲလို့ မှုံပုံပွားတယ်၊ သနားပါကွယ်၊ အသည်းစွဲချစ်မိပါတယ် ရွှေဖူးစာကံရယ်၊ ရေးမှရေးတတ်တယ်၊ တစ်ပါးခင်ရယ်၊ တကယ်မုန်းရင် အဆုံးစီရင်တော့ကွယ်"

ဦးဘညွန့် သီဆိုခဲ့စဉ်တုန်းက ထိုအပိုဒ်က လေးတွဲ့တွဲ့ဖြစ်၏။ ဆွဲဆွဲငင်ငင်ဆို၏။

တယောကလေးက ချွဲ၏။ ဂစ်တာက နွဲ့ပေးသည်။ စာသားကလည်း သနားစရာ စာသား။ လွမ်းစရာစာသား။ တီးလုံးကလည်း ချွဲချွဲနွဲ့နွဲ့ကလေး။ အဆိုကလည်း လွမ်းလောက်အောင် နင့်လောက်အောင်။

ခုတော့ ခုပြန်ဆိုလိုက်တော့

"ခင်ရယ် မောင့်စိတ်ထဲ" ဟု စသည်နှင့် ဒရမ်သံကြီးက ထိုးဖောက်ဝင်ရောက်လာသည်။ ခင်ရယ် ဂျိမ်းတတ်တတ်၊ မောင့်စိတ်ထဲ ဂျိမ်းတတ်တတ်။

မောင်စိန်သောင်း၏ စိတ်ထဲတွင် နားထောင်ကောင်းသယောင်ရှိသော်လည်း ဂျိမ်းတတ်တတ် ဒရမ်သံက အနှောင့်အယှက်တစ်ခုလိုဖြစ်နေ၏။

ထိုစဉ်တွင် မောင်စိန်သောင်း၏သား ဂျူနီယာ စိန်သောင်းသည် ဒရမ်သံကို ကြားသောကြောင့် ဆိတ်ရေနှင့် ကြက်လုပ်ထားသော ကြိမ်

ကုလားထိုင်ပုလေးကို ယူလာပြီး ပေတံနှစ်ချောင်းနှင့် ဆိတ်ရေကြက်ခုံကို ဒရမ်လုပ်၍ တီးလေသည်။

ထိုအခါ ချစ်ဒုက္ခသီချင်းကြီး၏ စာသားများကြားတွင် ဂျိမ်းတတ်တတ် ဖုန်းဖုန်းခွပ်ခွပ်အသံများ ရောစွက်လာ၏။

ထိုစဉ်ခိုက်မှာပင် မောင်စိန်သောင်း၏သမီးသည် ပုဖောင်းကို ဝါးလျှာခင်တပ်ထားသော သူတို့၏ တူရိယာတစ်မျိုးကို မှုတ်လေသည်။

"ဗြိ ဗြိ" ဟူသော အသံမျိုးထွက်၏။

ထိုအခါ

"ခင်တကယ်ချစ်လျက်သားနဲ့ ဂျိမ်းတတ်တတ် ဖုန်းဗြိဗြိ တစ်ဖက်သား ရှုးအောင် ဗြိဗြိ ဖုန်းခွပ်ခွပ် ပြုရက်လေတယ်"

စသည်ဖြင့် မြည်သံကြားရလေ၏။

မောင်စိန်သောင်းသည် ဂျူနီယာစိန်သောင်းတို့၏ခေတ်တွင် ဘယ်လိုမော်ဒန်တွေ ပေါ်လာမည်ကို မမှန်းဆတတ်အောင် ရှိလေ၏။

ဆရာတစ်ယောက်၏အဆိုကိုလည်း ကြားယောင်၏။

"မော်ဒန်ကိုတိုက်ခိုက်ရင် ကျောက်နံရံကို ခေါင်းနဲ့ ပြေးဆောင့်တာနဲ့ တူနေလိမ့်မယ်"

ထိုအဆိုအမိန့်ကြောင့် မောင်စိန်သောင်းသည် ဂျူနီယာ စိန်သောင်းတို့၏ ဖုန်းခွပ်ခွပ် ဗြိဗြိ ဟူသော မြည်သံစွဲအလင်္ကာကို မဟန့်တားရဲအောင် ဖြစ်နေရှာသတေး။

၁၉၈၆၊ ဖေဖော်ဝါရီ၊ ချယ်ရီမဂ္ဂဇင်း

၀

## မောင်စိန်သောင်းနှင့် အင်တာဗျူးခြင်း

(ကျွန်တော်သည် ကျွန်တော့်ဓာတ်ဆောင် စာရေးဆရာ မောင်စိန်သောင်းနှင့် အင်တာဗျူးချင်စိတ် ပေါက်လာသဖြင့် ဗျူးလိုက်ရပါသည်။)

*

ဆရာမောင်စိန်သောင်း၏ အိမ်သို့ ကျွန်တော်ရောက်သောအခါ ဆရာသည် စည်ကုလားထိုင် လက်တန်းပေါ်တွင် သုံးထပ်သားပြားတင်၍ စာရေးနေသည်ကို (သို့မဟုတ် စာရေးချင်ယောင် ဆောင်နေသည်ကို) တွေ့ရပါ၏။ ကျွန်တော်တို့ အင်တာဗျူးလာမည်ဟု ကြိုတင်အကြောင်းကြားထားသဖြင့် ဟန်လုပ်နေခြင်းဖြစ်ပါလိမ့်မည်။

ကျွန်တော့်ကိုတွေ့သောအခါ ဆရာသည် မျက်မှန်ကြားမှ မျက်လွှာလှန်၍ ကြောင်တောင်တောင် ကြည့်ပါသည်။ ပြီးမှ ထိုင်ပါဟု ပြောလေသည်။

ဆရာ့ကိုကြည့်ရသည်မှာ အလုပ်အင်မတန်ရှုပ်နေပုံ ပေါက်၏။ (တကယ် အလုပ်ရှုပ် မရှုပ်တော့ မသိပါ)။

ကျွန်တော်နှင့်အတူပါလာသော ဓာတ်ပုံဆရာ အောင်ကြော်မြင့်သည်လည်း ကင်မရာဖလက်ရှ်ဂန်းမှန်ဘီလူးအိတ်များ တိုးလိုးတွဲလောင်းဖြင့်

ဓာတ်ပုံရိုက်ရန် ဟန်ပြင်၏။ ကျွန်တော်က ဆရာ မောင်စိန်သောင်းအား အင်္ကျီလဲရန်ပြောသည်။ ဆရာသည် ဝါကြန့်ကြန့်ဖြစ်နေသော လက်မောင်း ကျတွဲတွဲနှင့် အင်းဝစွပ်ကျယ် ဝတ်ထား၏။ ဆရာက "အရှိ အရှိအတိုင်း ပေါ့ဗျာ ဟဲဟဲ" ဟု ပြောသော်လည်း ဆရာ့မျက်နှာတွင် သူ၏အကောင်းဆုံး ဝတ်စုံကို ဝတ်ဆင်ရန် ဆန္ဒပြင်းပြစွာ ဖြစ်ပေါ်နေကြောင်း သိသာနေလေ၏။ ကျွန်တော်က အလိုက်သိစွာပင်

"တစ်စုံ နှစ်စုံလောက်တော့ လဲလိုက်ပါ ဆရာရယ်၊ သပ်ရပ်သွား တာပေါ့"

ဟု ဆိုလိုက်သဖြင့် ခုတော့ မသပ်ရပ်ဘူးဟု ဆိုလိုရာရောက်သွား ကြောင်း ဆရာ မရိပ်မိလိုက်သောကြောင့် တော်ပါသေးသည်။ တကယ်လည်း မသပ်ရပ်ပါ။

ဆရာသည် ဟီးဟီးဟုမြည်ရင်း အင်္ကျီ ထလဲ၏။ ဆရာကတော် ကလည်း အပြာကလေး ဝတ်ပါလား၊ အသားရောင်ကလေး ကောင်းတယ် စသဖြင့် ညွှန်ကြားပေး၏။

အဝတ်အစားလဲပြီးနောက် ခေါင်းဖြီး၏။ မကောင်းတတ်လို့ မပြောတာပါ။ ခေါင်းဖြီးလည်း ဖြီးဖြီးပါပဲ။ ဆရာမောင်စိန်သောင်းရဲ့ပုံက တိုးပြီး ပြောင်မလာပါဘူး။

ကြိုတင်၍ ဖွထားဟန်တူသော စာအုပ်ပုံဘေး၌ ဆရာ ထိုင်ပါသည်။

ရုတ်တရက်ကြည့်လျှင်တော့ ဆရာမောင်စိန်သောင်း စာအလွန် ဖတ်သည်ဟု ထင်စရာရှိပါသည်။

အင်္ကျီ မီးပူကျနှင့် ဆံပင်ကလည်း ဖြီးထားသဖြင့် ဆရာ၏ပုံမှာ ပြောင်စပ်စပ်နှင့် ခပ်တောင့်တောင့် ဖြစ်နေပါသည်။

ဓာတ်ပုံအောင်ကျော်မြင့်ကလည်း တဗုန်းဗုန်းရိုက်၏။ ဆရာ ကလည်း အိုက်တင်အမျိုးမျိုးပေးနေ၏။

ခေါင်းကို လက်နှင့် ထောက်၍ စဉ်းစားနေပုံ၊ စီးကရက် ခဲနေပုံ၊ ဒူးခေါင်း ထောင်နေပုံ၊ မျက်မှန်ကြီး တပ်ထားပုံ အစုံပါပဲ။ ပုံပေါင်း နှစ်ဆယ်ကျော်လောက် ရိုက်ပစ်လိုက်သည်။

ဆရာသည် ဓာတ်ပုံအရိုက်ခံရ၍ သဘောခွေ့နေဟန်တူပါ၏။ အင်တာဗျူးခြင်းကိစ္စကို မေ့နေရှာသည်။

"ကျွန်တော်တို့ စကြရအောင်လား ဆရာ"

ဟု ပြောမှ ဆရာက "ဟုတ်ကဲ့၊ ဟုတ်ကဲ့ စတာပေါ့"

ဟု အိပ်ရာမှ လန့်နိုးပုံနှင့် ပြောပါသည်။

"ဟုတ်ကဲ့ ဆရာ၊ ဆရာက ဝတ္ထုတိုတွေရေးတာများတော့ ဝတ္ထုတိုအကြောင်း စ ဆွေးနွေးတာပေါ့။ ဝတ္ထုတို ဆိုတာ ဘယ်လိုသဘောရှိပါသလဲ ဆရာ"

"တိုတဲ့သဘော ရှိပါတယ်"

"ဟုတ်ကဲ့ ရှင်းပါတယ် ဆရာ၊ ပညာရှိများကျတော့ စကားလုံးအနည်းဆုံးနဲ့ အဓိပ္ပာယ်ပေါ်အောင် ပြောတတ်ပါပေတယ်"

ဆရာက ဟီးဟီး ဟု သွားဖြီးပြသည်။

"ဆရာ့ဝတ္ထုတိုတွေဟာ ဘဝသရုပ်ဖော်တွေ များပါတယ်။ ဆရာက ဘဝသရုပ်ဖော်ဘက် အားသန်တယ်လို့ ထင်ပါတယ်။

ဆရာက ဟဲဟဲ ဟု မြည်ပြန်သည်။ ဟုတ်ပ ဟုတ်ပ ဟု အဓိပ္ပာယ်ဆောင်ပါသည်။

"အဲဒီဘဝသရုပ်ဖော်ဝတ္ထုတိုတွေ ရေးတဲ့အခါ ဆရာ့အနေနဲ့ ကွင်းဆင်းလေ့လာပြီး ရေးပါသလား။ ဒါမှမဟုတ် ခံစား စာနာပြီး ရေးပါသလား။ စိတ်ကူးယဉ်ပြီး ရေးပါသလား"

"အားလုံးပါပဲ"

ဆရာ မဖြေတတ်သဖြင့် လုံးချလိုက်ဟန် တူပါသည်။

"ဆရာ အချစ်ဝတ္ထုလေးတွေလည်း ရေးပါတယ်။ အဲဒီ အချစ်ဝတ္ထုကလေးတွေလည်း ရင်ငြိမ့်ခုန် ခံစားလို့ကောင်းပါတယ်။ အဲဒါတွေက ဆရာ ကိုယ်တွေ့ပါလား"

"အင်း အင် ဒီလိုပါပဲ၊ မဟုတ်ပါဘူး"

ထိုသို့ဖြေစဉ် ဆရာကတော်အား မျက်ကလဲဆန်ပျာဖြင့် လှမ်းလှမ်းကြည့်၏။ ကျွန်တော့်မေးခွန်း ဖောင်းဖြစ်သွားကြောင်းသိရ၍ ဘရိတ်အုပ်လိုက်ရပါသည်။

"အချစ် စိတ်ကူးယဉ်တို့ သရုပ်ဖော်တို့ဆိုတာ ရေးတုန်းကပဲ ငြင်းသင့်တာ။ ခု မလိုတော့ဘူးဆိုတာ ဟုတ်ပါသလား ဆရာ"

"ကျွန်တော် မသိပါဘူး"

ပိုင်ပါပေတယ်။

"ဝတ္ထုတိုအကြောင်း လုံလောက်ပါပြီ ဆရာ၊ ဆောင်းပါးလေးအကြောင်း ဆက်ရအောင်ပါ။ ဆရာ့ဆောင်းပါးတွေဟာ ကိုယ်တွေ့ဆောင်းပါးတွေ များပါတယ်။ ဗဟုသုတတွေလည်း ပါပါတယ်။ အဲဒါတွေ ရေးတော့ ဆရာ တော်တော်စဉ်းစားရမှာပေါ့နော်"

"ဟုတ်ကဲ့ စဉ်းစားရပါတယ်။ ဦးနှောက်တွေဘာတွေ ကိုက်သွားတတ်ပါတယ်"

"ဆရာ အကိုက်အခဲပျောက်ဆေး သောက်ပါလား"

"ခင်ဗျာ၊ ဩော် ဟုတ်ကဲ့၊ သောက်ရပါတယ်"

"ဦးနှောက်အလုပ်ပေကိုး ဆရာရဲ့၊ တချို့ ကျမ်းကိုး ကျမ်းကားတွေကိုရော ဆရာ ဘယ်လိုယူပါသလဲ"

"ကြံသလိုပါပဲ"

"ရှင်းပါပြီဆရာ၊ ဆရာကတော့ သုတ ရသ စွယ်စုံရပါပေတယ်"

"ဟီးဟီး"

"ဝဏ္ဏရှည်နဲ့ပတ်သက်လို့"

"ဟုတ်ကဲ့၊ ဒီနေရာမှာ မိုဒန်ဆင်စဘီလီတီအကြောင်း ပြောချင်ပါတယ်"

စွယ်စုံရ ပုဂ္ဂိုလ်ဟု ပင့်ပေးလိုက်သဖြင့် နည်းနည်းလွတ်သွားပုံရပါသည်။

"ပြောသာပြောပါ၊ အားမနာပါနဲ့"

"ကျွန်တော်တို့ ဒီ မိုဒန်ဆင်စဘီလီတီဟာ ခု ကွန်တင်ပရာရီမှာဖလော်ဆော်ဖီပေးတဲ့နေရာမယ် ကွန်ပလီကေးတစ်မက်ဆေ့ မဖြစ်အောင်ဗေးဗစ်သီဝရီနဲ့ အပလိုင်းလုပ်တဲ့အခါ သီးမ်တို့၊ ကွန်တင့်နဲ့ ဖောင်တို့၊ စတိုင်နဲ့ ကာရိုက်တာတွေကို ဒရိုင်ဗေးရှင်းကောင်းကောင်းနဲ့ ကွန်ဖလစ်လုပ်ပေးရပါတယ်။ ဒါမှ ဝိရောဓိနဲ့ သမ္မုဟာသဘောဆောင်ပြီး ယေဘုယျကျသပ်ဟာဓာတ ဖြစ်မှာပါ"

"ဟုတ်ကဲ့ ဆရာ၊ ဝုတ်ပါတယ် ဝုတ်ပါတယ်"

"ခုန ကျွန်တော်ပြောတဲ့ အင်္ဂလိပ်စကားတွေကို အင်္ဂလိပ်လိုပဲဖော်ပြပေးပါ"

"ဟုတ်ကဲ့၊ ကျွန်တော့်ကို အင်္ဂလိပ်စာလုံးပေါင်းလေး ရေးပေးလိုက်ပါ ဆရာ"

ဆရာသည် မြဝတီဘောလ်ပင်ကို ကောက်ကိုင်ပြီး စာရွက်တစ်ရွက်ပေါ်မှာ အင်္ဂလိပ်စာလုံးပေါင်းတွေ လျှောက်ရေးပါသည်။ တလွဲချည်းဖြစ်ပါသည်။

"ဟုတ်ကဲ့၊ ဆက်ပါဦး ဆရာ"

"ကျွန်တော်တို့ဆီမှာ ရိုမန်တစ်တောင် မရောက်သေးပေမဲ့ ဆာရီယာလစ်ဇင်တို့၊ အက်ဘာစထရက်ရှင်တို့ နီယိုရီယာလစ်ဇင်တို့ကို လေ့လာသင့်ပါပြီ။ ဒါတွေဟာ အရိုတရားတွေပဲ။ အလှဒဿနမှာ ဒါတွေ လိုအပ်ပါတယ်"

တော်တော်လေး လွတ်လာပါပြီ။ စကားပြောင်းမေးရပြန်ပါသည်။

"ဟုတ်ပါတယ် ဆရာ၊ ကျွန်တော်တို့ လုံးချင်းနဲ့ ဝတ္ထုတို ကွာခြားပုံလေး"

"လုံးချင်းကတော့ တစ်အုပ်လုံးကို တစ်ယောက်တည်း ရေးတာပေါ့။ ဝတ္ထုတိုကတော့ ခုနပြောတဲ့အတိုင်း အတိုပါပဲ။ မဂ္ဂဇင်းထဲမှာ ပါတာပေါ့"

"ရှင်းသွားပြန်ပါပြီ ဆရာ၊ ဆရာ့ အချစ်လုံးချင်းဝတ္ထုတွေ အကြောင်း"

"ဒါက ဒီလိုရှိပါတယ်။ ကျွန်တော့်လုံးချင်းဝတ္ထုတွေဟာ အချစ်ချည်း သက်သက်လို့ ပြောလို့မရပါဘူး။ အချစ်နဲ့တန်ဆာဆင်ပြီး လူ့ဘဝ အဖြစ်အပျက်တွေကို အရင်းအတိုင်း ခြယ်မှုန်းပုံဖော်တယ်လို့ ပြောနိုင်ပါတယ်"

ဆရာ မောင်စိန်သောင်းသည် သူ့အချစ်ဝတ္ထုတွေကို အချစ်ဝတ္ထုတွေပါပဲဟု ဝန်ခံချင်ပုံ မပေါ်။ ဇေလည်ချောင်ပတ်နှင့် အဆင့်အတန်းမြင့် ဝတ္ထုများလိုလို ဘာလိုလို ပြောချင်ဟန်တူပါသည်။

သို့သော်လည်း ကျွန်တော်က ဝုတ်ပါတယ် ဝုတ်ပါတယ် ဟု ပြောလိုက်ရ၏။ ဆက်ပြောလျှင် မဟုတ်က ဟုတ်က သက်သေပြချက်တွေနှင့် သူ့အညံ့စားဝတ္ထုတွေကို အကောင်းစားဖြစ်အောင် ပြောနေဦးမည်မှန်း သိသဖြင့် စကားလမ်းကြောင်း ပြောင်းလိုက်ရပါသည်။

"စာပေဝေဖန်ရေးကို ဆရာ ဘယ်လိုသဘောထားပါသလဲ"

ဝေဖန်တာလို့ သဘောထားပါတယ်လို့များ ဆိုလေမလားဟု တထိတ်ထိတ်နှင့် နားစွင့်နေမိပါသည်။

သို့ရာတွင် ဆရာက

"ဝေဖန်ရေးဟာ လိုအပ်ပါတယ်။ ပုဂ္ဂလိက ဝေဖန်ရေးထက် ဓမ္မဓိဋ္ဌာန်ဝေဖန်ရေးက ပိုကောင်းပါတယ်"

ဟု ခုတင်ပြားအဟောင်းအကွဲကြီးကို အပ်တုံးတုံးနှင့် ပြန်ဖွင့်သကဲ့သို့ ပြောပါသည်။ ဓမ္မမိဋ္ဌာန်နှင့် ပုဂ္ဂလမိဋ္ဌာန်ကိုတော့ အဓိပ္ပာယ်သေသေချာချာ သိပုံမရ။

"စာပေဟာ ကြွေးကြော်သံလား၊ ပုဂ္ဂလိက ခံစားချက်လား ဆရာ"

"နှစ်ခုစလုံးပါပဲ"

လုံး၍ အဖြေပေးသည်။

"ဆရာ စာရေးတာ ရည်ရွယ်ချက်နဲ့ ရေးပါသလား၊ မနေနိုင်မထိုင်နိုင် ရေးပါသလား"

"မနေနိုင်မထိုင်နိုင်ဖြစ်နေတာ ပျောက်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ရေးပါတယ်"

ဟုတ်ပေဗျားဟု အော်လိုက်ချင်ပါသည်။

"ဩော် ဩော်၊ ဆရာ စာရေးဖို့ ထမင်းစားပါသလား၊ ထမင်းစားဖို့စာရေးပါသလား"

"ထမင်းစားဖို့ စာရေးရင်း စာရေးဖို့ ထမင်းစားပါတယ်"

"အန်"

တော်တော်စားပါကလားဟု တွေးမိသည်။

ကျွန်တော် ခဏမျှ ငြိမ်သက်သွားပြီး ရရာစကား ကောက်ဆက်လိုက်ပါသည်။

"ဆရာ ထမင်းစားပြီးပြီလား"

"မစားရသေးဘူး။ တော်ကြာမှ စားမှာပါ"

ခင်ဗျားတို့ပြန်မှ စားမယ်ဟု အဓိပ္ပာယ်ရပါသည်။

ယခုအချိန် ထမင်းထစားလျှင် မြန်မာလူမျိုးတို့ထုံးစံအရ ထမင်းစားပါဦးဟု ခေါ်နေရမှာစိုး၍ တော်ကြာမှ စားမည်ဟု ပြောခြင်း ဖြစ်ပါလိမ့်မည်။

"ဟုတ်ကဲ့ ဆရာ၊ ဆရာ စာတော်တော်ဖတ်မှာပေါ့နော်။ ဘယ်လို စာပေတွေ ဖတ်ပါသလဲ"

"ရုပ်ပြကနေ ပိဋကတ်မြန်မာပြန်အထိ ဖတ်ပါတယ်"

ဆရာခေါင်းဟာ အရူးလွယ်အိတ်နဲ့ တူမှာပဲနော်ဟု ပြောလိုက်ချင်သော်လည်း

"တော်တော်ဗဟုသုတကြွယ်ဝမှာပဲနော်" ဟုသာ ပြောလိုက်ပါသည်။

"ဒီလောက်လည်း မဟုတ်ပါဘူးဗျာ၊ ဟဲ ဟဲ" ဟု ဂုဏ်ယူသောလေသံနှင့် ခပ်မြင့်မြင့်ပြောပါသည်။

"အင်္ဂလိပ်စာအုပ်တွေလည်း ဖတ်မှာပေါ့နော်။ ဘာတွေများ ဖတ်ပါသလဲ"

"ကာလပ်ဖစ်တွေ၊ အဘရစ်ချ်အင် ဆင်ပလီဖိုင်း လုပ်ထားတာတွေ ဖတ်ပါတယ်။ တိုင်း၊ နယူးစ်ဝိ ဖတ်ပါတယ်။ လိုက်ဖ် ဖတ်ပါတယ်။ ပလေးဘွိုင်း၊ ပင့်ဟောက်စ် အဲ ဟဲ ဟဲ တစ်ခါတလေပေါ့ ဟီး ဟီး။ ပလေးဘွိုင်းထဲမှာလည်း အတည်အခံ့စာတွေ ပါတတ်ပါတယ်။ နောက် မော်ဒန်ကလပ်ဖစ်တွေ၊ နန်း ဖစ်ရှင်တွေ၊ နေရှင်နယ် ဂျီအိုဂရပ်ဖစ်တို့၊ ဟာရဲလ်ဒ် ထရီဗျူန်းတို့ ပေါ်ပြူလာ ဆိုင်းယင့်စ်တို့၊ ရီဒါးစ် ဒိုင်ဂျက်စ်တို့၊ ဘန်ကောက်ပို့စ်တို့၊ စနီးပ္ပိုက်တို့၊ ကပ္ပတိန် မားဘဲလ်တို့၊ မစ်ကီး မောက်စ်တို့"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ဆရာ လုံလောက်ပါပြီ"

သူကြားဖူးသောနာမည်တွေ လျှောက်ရွတ်နေကြောင်း သိသာသဖြင့် စကားဖြတ်ပြောလိုက်ရပါသည်။ ကြာလျှင် အင်္ဂလိရှ် ရီဒါါဝမ်းတို့ ဘာတို့ ပါလာနိုင်ပါသည်။

"သမိုင်းနောက်ခံဝတ္ထုတွေနဲ့ပတ်သက်လို့ကော ဆရာ"

"သမိုင်းဆိုတာ လူပေါ်စ ခေတ်ကတည်းက ရှိနေတာပဲ။ ကျောက်ခေတ်တို့၊ ကြေးနီခေတ်တို့၊ သံခေတ်တို့၊ မြေရှင်ပဒေသရာဇ်ခေတ်တို့"

"ဟုတ်ကဲ့ပါဆရာ၊ ဟုတ်ကဲ့ပါ၊ သမိုင်းနောက်ခံဝတ္ထုနဲ့ပတ်သက်တဲ့ ဆရာ့သဘောထားလေး သိပါရစေ"

"ဒီ သမိုင်းနောက်ခံ ဝတ္ထုပုံစံကတော့ ရှိတ်စပီးယားတောင် ဂျူလိယက်ဆီဇာ ပြဇာတ်တို့ ဘာတို့ ရေးသေးတာပဲ။ ကျွန်တော်လည်း ရေးချင်ပါတယ်"

ရော ကိုယ့်ဆရာ သူ့ကိုယ်သူ တော်တော်အထင်ကြီးထားပုံ ရပါသည်။ ရှိတ်စပီးယားနဲ့ နှိုင်းနေပြန်ပါသည်။ ချေးစိမ်းတွေ ပန်းတော့မှာပဲ။

"ဟုတ်ကဲ့ ဆရာ၊ ဆရာရေးရင် ပြောင်မြောက်မှာပါပဲ"

"ဟဲဟဲ"

"ဆရာ သိပ္ပံဝတ္ထုလည်း ရေးတယ်နော်"

"ဟုတ်ကဲ့ ဟဲ ဟဲ ကျွန်တော်က သိပ္ပံစာပေတွေလည်း လေ့လာပါတယ်။ ညူကလီယားဝတ်ဆန်ကို ဖောက်ခွဲလိုက်ရင် ကြီးမားတဲ့စွမ်းအင် ဖြစ်လာနိုင်တယ်မဟုတ်လား။ ပြီးတော့ ဟိုက်ပါစပေ့စ်ထဲမှာ အက်တမ်တွေရဲ့ လှုပ်ရှားမှု နည်းပါးသွားပြီး"

"ဟုတ်ပါတယ် ဆရာ၊ ဟုတ်ပါတယ်။ ဆရာ့လိုပုဂ္ဂိုလ်တွေ ဖန်ဆင်းရင် ဝတ္ထုကောင်း ဖြစ်လာနိုင်ပါတယ်"

လေမရှည်အောင် စကားဖြတ်ရသည်မှာ ပင်ပန်းလှပါ၏။ စကား မဖြတ်လျှင်လည်း ကလေးတွေကအစ သိပြီးသားကိစ္စတွေကို ပြောနေပေဦးမည်။

"ဘာသာပြန်စာပေတွေကော ဆရာ"

"လိုအပ်တာပေါ့၊ နိုင်ငံခြားဘာသာစကားမတတ်တဲ့လူတွေ အတွက် ဘာသာပြန်စာအုပ်တွေ လိုအပ်ပါတယ်"

သူကတော့ အင်္ဂလိပ်စာ တကယ်တတ်သလိုလို ပုံဖမ်း၍ ပြောပါသည်။

"ဆရာ့အနေနဲ့ ဘာသာပြန်ရေးဖို့ အစီအစဉ်ရှိပါသလား"

"အင်း ကြုံကြိုက်လို့ အခွင့်အရေးပေးရင် ရေးချင်ပါတယ်။ အပျော်ဖတ်တွေတော့ မဟုတ်ဘူးပေါ့။ တကယ့်အဆီအနှစ်တွေ"

တလွဲတွေတော့ ဖြစ်ဦးမှာပဲဟု တွေးမိပါသည်။

"အပျော်ဖတ်နဲ့ အကျိုးပြုစာပေကိစ္စ ဆရာ့သဘောထားလေး"

"အကျိုးပြုစာပေတွေကို ပျော်ပျော်ရွှင်ရွှင်ဖတ်ရရင် ကောင်းပါတယ်။ ပျော်ပျော်ရွှင်ရွှင်ဖတ်ရအောင် ပျော်ပျော်ပါးပါးရေးဖို့ လိုပါတယ်။ ရေးရင်း ပျင်းပြီး၊ ပျင်းပျင်းကြီးနဲ့ ရေးနေရရင် မကောင်းပါဘူး။ ကျွန်တော်တို့ဟာ အကျိုးပြုစာပေတွေ ရေးရမှာပါပဲ။ ဟဲဟဲ ပျော်စရာလည်းကောင်းအောင်ပေါ့"

ဘာကိုဆိုလိုမှန်းပင် မသိရပါ။ ကဗျာအကြောင်းဆက်လျှင် ပိုမိုရှုပ်ထွေးကုန်မည်စိုးသဖြင့် အတင်းဖြတ်ရပါတော့သည်။

"ဟုတ်ကဲ့ဆရာ၊ အခုလို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဆရာ့လို လိုင်းပေါင်းစုံ မ–ထ–သ အဲကျွမ်းကျင်တဲ့ပုဂ္ဂိုလ် မရှိသလောက် ရှားပါတယ်။ ဆရာ့အနေနဲ့လဲ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ နောက် ကြုံရင်လည်း အားပေးပါ"

"ခင်ဗျာ"

ဆရာကတော်၏ လက်ဖက်သုပ်ဆိုင်မှာ ပြောနေကျစကားဖြစ်ပါလိမ့်မည်။

သို့သော် မသိဟန်ဆောင်လိုက်ရပါ၏။

"မဟုတ်ပါဘူး၊ ဟိုဟာ"

"ဟုတ်ကဲ့ဆရာ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ဟုတ်ကဲ့ ဟဲ ဟဲ"

"သွားမယ်နော်"

"ကျေးဇူးတင်ပါတယ်"

"ခင်ဗျာ"

"ဟဲ ဟဲ"

"ဟီး ဟီး"

မှတ်ချက် ။ ။ *(ဓာတ်ပုံဆရာ အောင်ကျော်မြင့်သည် အမြင်သစ်သမား ဖြစ်သောကြောင့် ဆရာမောင်စိန်သောင်းကို ဓာတ်ပုံရိုက်ရာတွင်၊ မျက်နှာမပါဘဲ ခြေကားယား လက်ကားယားများသာ ရိုက်ယူလာသဖြင့် ဆရာ့ဓာတ်ပုံကို မဖော်ပြနိုင်ခြင်းအတွက် ခွင့်လွှတ်ပါရန်)*

၁၉၈၆၊ ဩဂုတ်၊ ပေဖူးလွှာမဂ္ဂဇင်း

○

## ဆေးချက်

မနှင်းရည် မူးမေ့၍ လဲသွားသည်။ ဘာကြောင့် မူးမေ့သွားမှန်း မသိရ။

မောင်စိန်သောင်းသည် သူ့မိန်းမ မူးလဲသည်ကိုကြည့်ကာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်လေသည်။ ခြေကို ကိုင်ရမည်လား သို့မဟုတ် လက်ကိုကိုင်ရမည်လားဟူ၍ သူမသိ။ အကြောင်းသားသာ ငေးကြည့်နေမိသည်။ စက္ကန့်ပိုင်းလောက်ကြာမှ သတိဝင်လာပြီး မနှင်းရည်ကို ပွေ့လိုက်၏။

မနှင်းရည်သည် သံမံတလင်းပေါ်၌ စန့်စန့်ကြီးလဲနေသဖြင့် မောင်စိန်သောင်း ပွေ့ထူခြင်းငှာ မစွမ်း။

မောင်စိန်သောင်းသည် ခွန်အားဗလနှင့် ပြည့်စုံသူ မဟုတ်ရကား မနှင်းရည်၏ ကိုယ်လုံးဖိုင့်ဖိုင့်ကို ပွေ့နိုင်ဖို့ဝေးစွ၊ ခေါင်းမတ်လာအောင်ပင် မနည်းကြီး အားယူနေရသည်။

မနှင်းရည်သည် အံကို တင်းတင်းကြိတ်ထား၏။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား၏။ ခန္ဓာကိုယ်သည် တောင့်လျက်ရှိ၏။

"နှင်းရည် နှင်းရည် နှင်းရည်"

မနှင်းရည် ပြန်မထူး။ အံကြိတ်မြဲသာ ကြိတ်ထား၏။

"နှင်းရည် ရည် ရည်"

မနှင်းရည် အံ့ပို၍ကြိတ်လာ၏။

"ရည်ရေ ရည်ရေ ရေ ရေ"

ဘာမှ အကြောင်းထူးမလာ။

မောင်စိန်သောင်း စိုးရိမ်လာပြီ။ မနှင်းရည်၏မေးစေ့ကို ကိုင်၏။ လှုပ်၏။ ထပ်ခေါ်၏။

"ရေ ရေ"

ရေခေါ်လည်း မရ၊ မီးခေါ်လည်း မရ။ မနှင်းရည် အံ့ကြိတ်သည် ထက်သာ ကြိတ်လာ၏။ သွားချင်းကြိတ်သံများပင် တကြွပ်ကြွပ် တဂျစ်ဂျစ် မြည်လာ၏။ ဒုက္ခပဲ။ ဘာလုပ်ရမလဲ မသိ။ မောင်စိန်သောင်းသည် မနှင်းရည်ကို ဖေးလျက်နှင့် ကြံရာမရ ဖြစ်နေ၏။

"ဟဲ့ သမီး ရေတစ်ခွက်နဲ့ သွေးဆေးပုလင်း ယူခဲ့။ ဟိုဟာ ဘာလဲ အဲဒါပါ ယူခဲ့၊ ဘာလဲ ဟို ပရုတ်ဆီဘူး"

မောင်စိန်သောင်းသည် စိတ်ထင်ရာတွေ လျှောက်ပြောနေ၏။ သူ့သမီးက ရေတစ်ခွက်နှင့် သွေးဆေးပုလင်း ယူလာသည်။ ထိုစဉ်မှာပင် အိမ်နီးချင်း ဒေါ်မြင့်တို့တစ်တွေ ရောက်လာသည်။

"နှင်းရည် နှင်းရည် ဟဲ့ နှင်းရည်"

ဒေါ်မြင့်က ခေါ်သည်။ ခြေထောက်ကို ဆုပ်နယ်သည်။ မနှင်းရည် အံ့ကြိတ်မြဲ။

ဒေါ်မြင့်က မနှင်းရည်ခြေမကို ချိုးပေး၏။ မနှင်းရည် နည်းနည်း လွန့်လူးသည်။ "အင်း အင်း" ဟု ညည်းသည်။

"တက်နေတာဟဲ့ တက်နေတာ"

ဒေါ်အေးကြိုင်က ပြောသည်။

"ဟဲ့ လုလုရွှေ၊ ဘွားညိုတို့အိမ်နားမှာ မာလကာရွက် သွားခူးချည်စမ်း"

အမျိုးသမီးတစ်တွေသည် မနှင်းရည်အား ဝိုင်းဝန်းပြုစုနေကြသည်။

"စောင်ယူပေးစမ်းပါဟဲ့၊ ဟို အိုးစုမ တက်နှင်းစမ်း"

အများစုက အိုးစုမဟုခေါ်သော မိန်းကလေးသည် မနှင်းရည်အား တက်နှင်း၏။

"ပေါင်တွင်းကြောကို နှင်း"

မနှင်းရည်သည် ညည်းညူပြန်၏။

"ဟဲ့ နှင်းရည် သတိရသလား၊ သတိရပြီလား"

မနှင်းရည် မျက်လုံးမဖွင့်ဘဲ ဆက်၍ ညည်းညူနေပြန်သည်။ ဒေါ်မြင့်သည် မနှင်းရည် လက်ဖဝါးကို တံတောင်နှင့် ကြိတ်၏။ မနှင်းရည်၏ မျက်နှာ ရှုံ့မဲ့သွားသည်။

"ဟာ ဒေါ်မြင့် နာမှာပေါ့"

မောင်စိန်သောင်း ဝင်ပြောသည်။

"ဟဲ့ တက်ရင် ဒီလိုပဲလုပ်ရတယ်။ နာမှ မြန်မြန်သတိရမှာ"

"သိပ်မလုပ်ကြပါနဲ့ဗျာ"

"ဩော် အရေးထဲ သူ့မယား နာမှာစိုးနေသေးတယ်"

"ဆရာဝန်သွားခေါ်ထားသလား"

မိန်းကလေးတစ်ယောက်က သတိပေး၏။

"ဟုတ်သားပဲ"

မောင်စိန်သောင်း ခေါင်းကုတ်ရင်း ပြောသည်။

"ကဲ ကဲ သွားခေါ်လိုက်ဦး"

ဒေါ်အေးကြိုင်က ပြောသည်။ မောင်စိန်သောင်း ထုပ္ပရာခြင်း ထရပ်၏။ သွားခါနီး မှာသွားသေးသည်။

"သိပ်အရမ်းတွေ မနှိပ်ကြပါနဲ့ဗျာ နော်"

"အမယ်လေး နင့်မယား ဘာမှမဖြစ်စေရဘူး"

"ဟဲ့ တစ်ယောက်ယောက် ကြက်သွန်နီယူပေးစမ်း"

"ဟာ မလုပ်နဲ့၊ မွန်သွားလိမ့်မယ်"

"မွန်အောင်လုပ်တာဥစ္စာ"

မောင်စိန်သောင်း ဘာမှဆက်ပြောမနေတော့ဘဲ အမြန်နည်းနှင့် ဆရာဝန်ဆီ ပြေးခဲ့၏။

"ကိုကျော်စိုး ကိုကျော်စိုး"

မောင်စိန်သောင်း၏အသံ နည်းနည်းကျယ်သွားဟန်တူသည်။ ဆရာဝန်အိမ်နှင့်ကပ်လျက် အိမ်ထဲကပင် လှုပ်ရှားသံ ကြားရသည်။ ဆရာဝန် အိမ်နားနေရတာ မနိပ်ပါဘူးဟု သူတို့ ထင်ကောင်း ထင်ပေလိမ့်မည်။

ဒေါက်တာကျော်စိုးတို့၏အိမ်ရှေ့မှ မီးတစ်ပွင့် လင်းလာသည်။

ဒေါက်တာကျော်စိုး ခြံဝင်းဝသို့ ထွက်လာ၏။

"ဘာဖြစ်လို့လဲ"

ဒေါက်တာက မေးသည်။

"မနှင်းရည် တက်နေလို့"

"ဟုတ်လား၊ လိုက်ခဲ့မယ်လေ လာ ထိုင်ဦး"

"မထိုင်တော့ဘူး ကိုကျော်စိုး၊ မြန်မြန်လုပ်ပါ"

ဒေါက်တာ ရယ်၏။

"အသက်နဲ့ အဝေးကြီးပါဗျ၊ မိန်းမဆိုတာ တက်တတ်တာပဲ။ ဟဲဟဲ"

ရင်းနှီးနေသော ဒေါက်တာကျော်စိုးက မောင်စိန်သောင်း အစိုးရိမ်ကြီးနေပုံကိုကြည့်ရင်း နောက်သည်။

*

"ဆရာလာပြီ၊ ဆရာလာပြီ"

မနှင်းရည်ကို ပြုစုနေသော မိန်းမတစ်စု နေရာဖယ်ပေးကြသည်။

"ဟဲ့ ခုနတည်ထားတဲ့ ရေနွေးအိုး ဆူပြီလား"

"ဆူလောက်ရောပေါ့"

"လုပ် လုပ် ယူချေ"

မြန်မာအိမ်နီးနားချင်းတို့ဓလေ့အတိုင်း သူတို့သည် မောင်စိန်သောင်းအား ကူညီလျက်ရှိသည်။

"နှင်းရည် နှင်းရည် ဆရာလာပြီ၊ ကိုကျော်စိုး ရောက်နေပြီ"

မနှင်းရည်က တအင်းအင်း လုပ်နေဆဲ။

ဆရာဝန်သည် မနှင်းရည်အား စမ်းသပ်ရင်း မေးသည်။

"မနှင်းရည် ဘယ်လိုဖြစ်တာလဲ။ ကိုစိန်သောင်းနဲ့ ရန်ဖြစ်လား"

"မဖြစ်ပါဘူး"

မောင်စိန်သောင်းက ဝင်ဖြေသည်။

"ဘယ်လိုက စဖြစ်တာလဲ"

"မသိဘူး။ ကျွန်တော် စာဖတ်နေရင်း သူ မူးတယ် မူးတယ်နဲ့ လဲကျသွားတယ်။ ပြီးတော့ တက်တာပဲ"

ဆရာဝန် နည်းနည်းပြုံးသည်။

"ဘာမှမဖြစ်ပါဘူး။ ဆေးထိုးပေးမယ် ဟုတ်လား၊ မနှင်းရည် ခဏနေရင် ကောင်းသွားမယ်"

ဆေးတစ်လုံး ထိုးသည်။ မနှင်းရည် အတက်ကျသွားပြီ။

"ဆေးလိုက်ယူဦး"

ဆရာဝန်အိမ်သို့ မောင်စိန်သောင်း လိုက်၍ ဆေးယူသည်။ လမ်းမှာ ဆရာဝန်က မေးသည်။

"ဒီလိုပဲ ခဏခဏဖြစ်သလား"

"တစ်ခါတစ်ခါ အဲသလိုပဲဖြစ်တယ်"

ဆရာဝန်က ဘာမှဆက်မပြောတော့၊ ဆေးဆေးလိုက်သည်။

မောင်စိန်သောင်း အိမ်ပြန်ရောက်သောအခါ မနှင်းရည် မှိန်းနေသည်။

"နှင်းရည် ဆေးတစ်ခွက်သောက်လိုက်ဦး"

*

မနှင်းရည်သည် မကြာခဏဆိုသလိုပင် နှလုံးတုန် ရင်ခုန်၍ မူးမေ့လဲကျသွားတတ်သည်။ လဲကျပြီးလျှင် သတိလစ်သွားတတ်၏။ အံတွေကို တဂျစ်ဂျစ်ကြိတ်၏။ လက်သီးတွေ ကျစ်ကျစ်ပါအောင်ဆုပ်၏။ ပြီးတော့ တဟင်းဟင်း ညည်း၏။ နောက် စကားမေး မရတော့။

ထိုသို့သော အချိန်တိုင်းမှာ မောင်စိန်သောင်း ပျာယာခတ်၏။ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်၏။ အိမ်နီးနားချင်းများ ရောက်လာတတ်၏။ ဝိုင်းဝန်းပြုစုကြ၏။ ဆရာဝန်ရောက်လာလျှင် အေးဆေးငြိမ်သက်သွားပြီး နောက်တစ်ရက်တွင် ပြန်ကောင်းသွားသည်။

မနှင်းရည် စိုးရိမ်ပူပန်စရာ များလျှင်သော်လည်းကောင်း၊ ဒေါသကြီးလျှင်သော်လည်းကောင်း ထိုသို့ တက်တက်သွားတတ်သည်။

နေ့လယ်ခင်း တစ်ခင်းတွင် မနှင်းရည် မူးမေ့လဲကျ သတိလစ်ပြီး တက်ပြန်လေသည်။ နေ့ခင်းမို့ အနီးအနား ဆေးခန်းများလည်း မဖွင့်သေး။ အရပ်ထဲက ဆရာဝန်များလည်း သူတို့အိမ်မှာ မရှိ။ မောင်စိန်သောင်း ထုံးစံအတိုင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

အိမ်နီးနားချင်းများလည်း ထုံးစံအတိုင်း နင်းသူ နင်း၊ နှိပ်သူ နှိပ်၊ ခြေမ ချိုးသူ ချိုး၊ နှာဝမှာ မာလကာရွက် ခြေပြီး ကပ်သူ ကပ်၊ ငယ်ထိပ်ပေါ် လက်တင်ပြီး ဂါထာရွတ်သူ ရွတ်နှင့် အလုပ်ရှုပ်နေကြသည်။

"ဟဲ့ ဒီအချိန် မြို့နယ်ဆေးခန်းဖွင့်တယ်မဟုတ်လား။ သမဆေးခန်းကော"

"အင်း"

မောင်စိန်သောင်း ငူလျက်ဖြေ၏။

"ဒါဆို သွားပါလား"

"ဆိုက်ကားသွားခေါ်လေ။ တစ်ယောက်က"

"တယ်လီဖုန်း ဆက်ရင်ကော"

"ဟုတ်သားပဲ"

မောင်စိန်သောင်း သတိရသွားသည်။ သူ့မိတ်ဆွေ အမျိုးသမီး ဆရာဝန်တစ်ယောက် ဆေးရုံကြီးမှာ တာဝန်ကျနေသည်။ နှလုံးရောဂါ ဌာနတဲ့။ အကိုက်ပဲ။ တယ်လီဖုန်းနံပါတ်လည်း ရှိသည်။

တယ်လီဖုန်း ဆက်လိုက်သည်။

"....."

"သူ ဒေါသဖြစ်စရာရှိသလား"

ဆရာဝန်က မေးသည်။

"အင်း မနက်ကတော့ ကလေးတွေကို ငေါက်နေတာပဲ"

"ကိုစိန်သောင်းနဲ့ကော"

"ထုံးစံအတိုင်းပါပဲ"

"ရန်ဖြစ်သေးသလား"

"နည်းနည်းပါ"

"အေးလေ၊ ညနေကျရင် ကျွန်မ ဝင်လာခဲ့မယ်။ ကျွန်မပေးထားတဲ့ ဆေးပြားလေးတွေ ရှိသေးလား"

"ဟုတ်ကဲ့"

"တစ်ပြားလောက် တိုက်ထား။ ညနေ ကျွန်မ ဝင်ကြည့်မယ်"

ဒေါက်တာ ခင်မာအေး ဖုန်းချလိုက်သည်။

ဒေါ်ခင်မာအေး စဉ်းစားသည်။ မောင်စိန်သောင်းတို့ လင်မယားနှင့် ရင်းနှီးတာ ကြာပြီ။ မနှင်းရည် ဒေါသကြီးတတ်သည်။ တစ်ခါတလေ သွေးတိုးတတ်သည်။ တစ်ခါတလေ သွေးကျတတ်သည်။ မနှင်းရည်သည်

စိုးရိမ်ပူပန်တတ်၏။ ဒေါသကြီးတတ်၏။ တစ်ခါတလေ စိတ်အားငယ်တတ်သည်။

မောင်စိန်သောင်းက ခပ်ပေပေနေတတ်သည်။ သွားချင်ရာ သွား၊ လာချင်ရာ လာ၊ ညဥ့်နက်သန်းခေါင် လျှောက်လည်လို လည်။ အရက်သောက်ချင်တဲ့အခါ လျှောက်သောက်၊ ဘုရားပေါ်တက်ချင်တဲ့အခါ တက်၊ ဘယ်လိုအမျိုးအစားလဲ မသိဘူး။ တစ်ရက်နှစ်ရက်လောက် ခရီးသွားလိုက်ဦးမယ်ဆိုပြီး တစ်လ နှစ်လလောက် ပျောက်ချင်ပျောက်သွားတာ။ အိမ်မှာနေပြီဆိုလျှင်လည်း တစ်လကိုးသီတင်း ဘယ်ဆိုဘယ်မှမထွက်ဘဲ စာထိုင်ဖတ်နေတာ။ အိမ်အလုပ်တော့ ဘာတစ်ခုမှ ကူတာမဟုတ်ဘူးတဲ့။ သူ့ဆိုးမျိုးကို ခံနိုင်ဖို့မလွယ်။

အင်း မောင်စိန်သောင်းဟာ ပျော့ပျော့နဲ့ နံတဲ့ ကြောင်ချေးပဲ။

သည်ကြောင်ချေးကြောင့် မနှင်းရည် မကြာခဏ စိတ်ညစ်ရသည်။ မိန်းမချင်းဆိုတော့ ကိုယ်ချင်းစာသည်။ ဒေါက်တာ ခင်မာအေးသည် မောင်စိန်သောင်းနှင့် မနှင်းရည်တို့အကြောင်း စဉ်းစားနေ၏။

အရင်တစ်ခါ မနှင်းရည်ကို စမ်းသပ်ကြည့်ကတည်းက မနှင်းရည်မှာ ကြီးကြီးကျယ်ကျယ်ရောဂါ တစ်ခုမှမရှိကြောင်း သိခဲ့ရပါသည်။

အင်း ခဏနေရင်တော့ ဖုန်းဆက်ပြီး အကျိုးအကြောင်း ထပ်မေးကြည့်ဦးမှ။ တစ်ရေးလောက်တော့ အိပ်ပျော်သွားမှာပါလေ။

*

မောင်စိန်သောင်းသည် မှိန်းနေသော မနှင်းရည်အနားသို့ထိုင်၍ စာဖတ်နေသည်။ မောင်စိန်သောင်း စာဖတ်လျှင် မကြာမတင်ဘဲ စာထဲသို့ စိတ်ဝင်စားသွားတတ်သည်။ ထိုသို့စိတ်ဝင်စားမိပြီဆိုလျှင် ဘေးနားကကိစ္စများကို စတင်၍ မေ့သွား၏။ ပြီးနောက် ကမ္ဘာလောကကြီးတစ်ခုလုံးကိုလည်း သတိမထားမိတော့။ စာအုပ်နှင့်သူနှင့် နှစ်မျိုးတည်းသာ ရှိတော့သကဲ့သို့ ဖြစ်သွား

တတ်သည်။ ယခုလည်း စာအုပ်ထဲ စိတ်ဝင်စားနေသဖြင့် မနှင်းရည် အနည်းငယ် နေမကောင်းခြင်းကို သူ မေ့သွား၏။ စာဖတ်ရင်းနှင့် ရယ်စရာတွေ့သဖြင့် တခွိခွိရယ်လိုက်သည်။

မှေးမှေးမှေးမှေးဖြစ်နေသော မနှင်းရည်သည် မောင်စိန်သောင်း၏ တခွိခွိရယ်သံကိုကြားသဖြင့် မှိန်းနေရာမှ မျက်စိမပွင့်တပွင့် ဖွင့်ကြည့်သည်။ မောင်စိန်သောင်းကား စာအုပ်နှင့် မျက်နှာ အပ်လျက် သဘော ခွေ့နေသည်။

မနှင်းရည် ဒေါသဖြစ်သွားသည်။

'မိန်းမနေမကောင်းတာကို သူက စာဖတ်ပြီး ရယ်နေနိုင်တယ်'ဟု တွေးမိ၏။

အံတစ်ချက် ကြိတ်လိုက်သည်။ သက်ပြင်းတစ်ချက် တမင် မှုတ်ထုတ်သည်။ မောင်စိန်သောင်း မနှင်းရည်ကို သတိမပြုမိသေး။ မနှင်းရည်သည် အံကြိတ်သံကို မြည်အောင် ပြုလိုက်၏။

ဂျစ်ခနဲ အသံကြားသောအခါ မောင်စိန်သောင်း တုန်လှုပ်သွားသည်။ မနှင်းရည် တက်လျှင် ဤသို့ သွားကြိတ်သံ ကြားရတတ်သည်။

မောင်စိန်သောင်း မျက်ကလဲဆန်ပျာနှင့် မနှင်းရည်ကို လှည့်ကြည့်သည်။

"နှင်းရည် နှင်းရည် ဘာဖြစ်လို့လဲ"

မနှင်းရည်သည် မောင်စိန်သောင်းကို မျက်စောင်းကြီး တစ်ချက် ထိုးကြည့်၏။ မောင်စိန်သောင်းက

"ဘာဖြစ်လို့လဲဟင်၊ မူးလို့လား"

ဟု မေးသည်။

မနှင်းရည်က လေသံဖြင့် ပြောသည်။

မောင်စိန်သောင်း မကြား။

"ဘာရယ်" ဟု ထပ်မေး၏။

"မိန်းမ နေမကောင်းဖြစ်နေတာကို ဂရုမစိုက်ဘူး။ ရယ်နေနိုင်တယ်"

မနှင်းရည်လေသံ နည်းနည်းမာသည်။

"ဒါက ဟို စာအုပ်ထဲ ရယ်စရာတွေ့လို့ပါ"

မောင်စိန်သောင်း ရယ်ကျဲကျဲနှင့် ပြော၏။

"အစ်ကိုဟာ အဲသလိုပဲ။ သူ နေမကောင်းရင် နှင်းရည်က ဂရုစိုက်လိုက်ရတာ။ နှင်းရည် နေမကောင်းတော့ ဂရုမစိုက်ချင်ဘူး"

"မဟုတ်ပါဘူး၊ ဂရုစိုက်ပါတယ်"

"တော်တော့ ဆက်မပြောနဲ့၊ နှင်းရည် ဒေါသမဖြစ်ချင်ဘူး"

"မဖြစ်ပါနဲ့ကွာ၊ ဟဲ ဟဲ"

မနှင်းရည် မျက်စောင်းကြီးကြီး ထပ်ထိုးပြန်သည်။

သည်အတိုင်းဆို နေကောင်းသွားပြီဟု သူ သတိထားမိသည်။ မနှင်းရည်သည်လည်း သူ့ကိုယ်သူ နေကောင်းပြီဖြစ်ကြောင်း သတိထားမိလိုက်ပါသည်။

ခဏကြာတော့ မနှင်းရည် အိပ်ပျော်သွားသည်။

*

သည်တစ်ခါတော့ နည်းနည်းပြင်းထန်သည်။

မနှင်းရည်သည် အတန်ကြာ ဒေါင်ဒေါင်မြည် နေကောင်းလျက်ရှိ၏။ သို့ရာတွင် တစ်ခုသောညနေခင်းတွင်မူ အိမ်ရှေ့ထွက်လိုက် နောက်ဖေးဝင်လိုက်လုပ်နေရင်း မူးမေ့လဲကျသွားလေသည်။ အပြင်ဘက်မှာ လဲကျသွားသည်ဆိုတော့ တော်တော်လေး မဟန်နိုင်လို့ပင် ဖြစ်လိမ့်မည်။

ထုံးစံအတိုင်း အိမ်နီးနားချင်းများ လာရောက်ကူညီကြသည်။ ဆရာဝန်ခေါ်သည်။ ဆရာဝန်က သွေးအားသိပ်နည်းနေသည်ဟုပြောသည်။ နှလုံးရောဂါကု သမားတော်ကြီးနှင့် ပြကြည့်လျှင် ကောင်းမည်ဟု ပြောသည်။

သမားတော်ကြီးထံသို့ ရောက်၏။

စက်မျိုးစုံနှင့် စမ်းသပ်သည်။ ဓာတ်မှန်ရိုက်သည်။ ဆီး၊ ဝမ်း၊ သွေး၊ သလိပ် စစ်ဆေးသည်။ တော်ပါသေးသည်။ ရန်ကုန်ဆေးရုံကြီးသို့ သွားပြီး စမ်းသပ်စစ်ဆေးသဖြင့် ဓာတ်မှန်ခ၊ သွေးစစ်ခ စသည်တို့ မကုန်။ မိတ်ဆွေ သူငယ်ချင်း ဆရာဝန်များ၊ ဓာတ်ခွဲခန်းဆရာများ၊ ဓာတ်မှန် ဆရာများ ကျေးဇူးကြောင့် မနှင်းရည် ရောဂါရှာဖွေရေးကိစ္စ အဆင်ပြေစွာ ပြီးစီးသွား၏။

နောက်ဆုံးအဆင့် စမ်းသပ်မှုအဖြစ် နှလုံးကို ပုံတင်သံ စမ်းသပ် စက်ဖြင့် စမ်းသပ်သည်။

ဘာမှမဖြစ်။ ဘာမှမရှိ။ မနှင်းရည်မှာ နှလုံးရောဂါ ကြီးကြီး ကျယ်ကျယ် မရှိ။

သမားတော်ကြီးသည် မနှင်းရည်၏ နှလုံးရောဂါကို ရေဆုံးရေဖျား ရှာဖွေပေးပြီးနောက် မှတ်ချက်ချသည်။

နှလုံးရောဂါ မဖြစ်ပါ။ ဆေးပြားတစ်မျိုးသောက်မှလွဲ၍ အခြား ဆေးများ သောက်ရန်မလို။

သို့သော် နောက်တစ်ခေါက် အစစ်ဆေးခံရန် သမားတော်ကြီးထံ သွားသောအခါ မနှင်းရည်သည် သမားတော်ကြီး၏အခန်းရှေ့မှာပင် မူးမေ့ သွားပြန်လေသည်။

သမားတော်ကြီးသည် အခြားလူနာများ ခဏထားပြီး မနှင်းရည်ကို အလျင်အမြန် စမ်းသပ်ရပြန်၏။

ဘာမှမတွေ့။ ကြီးကျယ်သော နှလုံးရောဂါ တစ်စုံတစ်ရာ မရှိ။ ဒါဖြင့် ဘာဖြစ်လို့များ မနှင်းရည် နှလုံးတုန်၊ ရင်ခုန်၊ မူးဝေ၊ မောပန်း သတိ လစ်လေ့ရှိရသလဲ။

သမားတော်ကြီးသည် မနှင်းရည်အား အခန်းအပြင်သို့ ထွက်ခဲ့၏။ မောင်စိန်သောင်းကို စမ်းသပ်ခန်းထဲ ခေါ်၏။ ဆေးတစ်မျိုး သွားသယ်ခိုင်း၏။ ပြီးတော့ မောင်စိန်သောင်းကို သမားတော်ကြီးက မေးသည်။

"ခင်ဗျားနဲ့ ခင်ဗျားမိန်းမ ရန်ဖြစ်သလား"

"မဖြစ်ပါဘူးဆရာ"

"ဘယ်တုန်းက ဖြစ်သလဲ"

"တစ်ခါတလေ ဖြစ်ပါတယ်"

"အင်း လင်မယားပဲ၊ တစ်ခါတလေဖြစ်မှာပေါ့။ အင်း ဒါနဲ့ ခင်ဗျား အိမ်ကို စောစောပြန်ရဲ့လား"

"ခင်ဗျာ အင်း အဲဒါတော့ ကျွန်တော့်အလုပ်က အချိန် အကန့် အသတ် မရှိပါဘူး"

"ခင်ဗျား ဘာအလုပ်လုပ်သလဲ"

"စာရေးပါတယ်"

"အိမ်ပြန်နောက်ကျသလား"

"ဟုတ်ကဲ့၊ နောက်ကျလေ့ရှိပါတယ်"

"အင်း စောစောပြန်ပါ။ ဒီဆေး တစ်ည တစ်လုံး တိုက်ပါ"

"ဟုတ်ကဲ့"

"ဩော်"

သမားတော်ကြီးသည် တစ်ခုခု သတိရသလိုလိုနှင့် ထပ်၍ ပြောသည်။

"ခင်ဗျား အိမ်ကို စောစောပြန်ပါ။ ဒါပါပဲ"

မောင်စိန်သောင်း အူတူတူနှင့် ထွက်လာခဲ့သည်။ မနှင်းရည်က စိုးရိမ်သောမျက်နှာနှင့် မေးသည်။

"အစ်ကိုကိုခေါ်ပြီး ဘာပြောတာလဲဟင်။ နှင်းရည်မှာ နှလုံးရောဂါ ရှိနေပြီတဲ့လား"

"မင်းမှာ နှလုံးရောဂါမရှိဘူး။ ဒါပေမဲ့ ငါ အိမ်စောစောပြန်ရမယ်တဲ့"

ထိုခဏ၌ မနှင်းရည်မျက်နှာ ဝင်းလဲ့သွားသည်။

မောင်စိန်သောင်း စဉ်းစားရခက်နေသည်။ မနှင်းရည် မှုံးမှေ့လဲသွားတတ်ခြင်းကြောင့် သူဘာဖြစ်လို့အိမ်ထောင်ပြန်ရမည်နည်း။ ဆက်စပ်၍မရ။

"အဲဒါက အရှင်းကလေးပဲကွ။ မင်းကတော့ ဖဲမရိုက်၊ မိန်းမ မပွေ၊ တစ်ခါတလေ အရက်သောက်တာလေးများ၊ လျှောက်လည်တာလေးများလို့ ထင်မှာပေါ့။ ဒါပေမဲ့ မင်းမိန်းမက မင်းအိမ်ကနေ ခြေတစ်လှမ်းထွက်တာနဲ့ ဘယ်သူငယ်ချင်းနဲ့တွေ့ပြီး ဘယ်ပါသွားမလဲ၊ မြစ်ကူးချောင်းခြားများ လိုက်သွားမလားဆိုပြီး ပူနေရမှာပဲ။ အဲသလိုပူရတာ တစ်နေ့မဟုတ်၊ တစ်လ မဟုတ်၊ နှစ်နဲ့ချီပြီး ကြာလာတော့ မူးတာ၊ မောတာ၊ ရင်တုန်တာ၊ နှလုံးတုန်တာတွေ ဖြစ်လာရော။ ဒါပဲ၊ မင်းမိန်းမအတွက် ပေးလိုက်တဲ့ဆေးကလည်း စိုးရိမ်စိတ်ကြောင့်ဖြစ်ရင် သောက်တဲ့ဆေး၊ နှလုံးငြိမ်ဆေး၊ ဥရောပ နှလုံးသည်းခြေဆေး ဆိုပါတော့ကွာ။ မင်း အိမ်ထောင်ပြန်ရင် မင်းမိန်းမ စိတ်မပူဘူး။ စိတ်မပူရင် ရင်မတုန်ဘူး။ ရှင်းလား"

ဗဟုသုတ ကြွယ်ဝသော သူငယ်ချင်းတစ်ယောက်က မောင်စိန်သောင်းကို ရှင်းပြလေသည်။

*

မိန်းမများ နှလုံးတုန်၊ ရင်ခုန်၊ မူးဝေ မောပန်းခြင်းများကို ကုစားရန် ယောက်ျားများ အနေအထိုင်ဆင်ခြင်ဖို့ လိုအပ်ပါသလား။

မောင်စိန်သောင်း စဉ်းစားနေ၏။

၁၉၈၆၊ ဩဂုတ်၊ ချယ်ရီမဂ္ဂဇင်း နှစ်နှစ်မြောက် အထူးထုတ်

## ပီကေ

မောင်စိန်သောင်းသည် ပီကေအတွက် ပြဿနာတက်လျက်ရှိသည်။ ပီကေဆိုသည်မှာ ကလေးများနှင့် အချို့လူကြီးများ ဝါးသော ဝါးစရာ၊ မြုံ့စရာ၊ စားစရာပစ္စည်းတစ်မျိုး မဟုတ်ပါ။ သူတို့အပေါင်းအသင်းအချင်းချင်း 'စကားဝှက်' အဖြစ် ပြောရင်းမှ 'စကားပေါ်' ကြီး ဖြစ်သွားသော ဝေါဟာရ ဖြစ်ပါသည်။

ပေါ့ကက်မန်းနီး အိတ်ဆောင်ပိုက်ဆံ သို့မဟုတ် အသေးသုံးငွေ ဆိုပါတော့။ အင်္ဂလိပ်စကားလုံး ပေါ့ကက်မန်းနီးကို 'ပီကေ' ဟု သူတို့ချင်း အတိုကောက်ပြောလေ့ရှိပါသည်။ သို့ရာတွင် အချင်းချင်း ဟုတ်လှပြီ အထင်နှင့် 'ပီကေ ပီကေ' ပြောရင်း သူတို့၏ ချစ်စွာသော ဇနီးမယားများ နားလည်သဘောပေါက်သွားကြကာ ဖွင့်ပြပြီးသား လျှို့ဝှက်ချက်ကြီး (အိုးပင်းစီးခရက်) ဖြစ်သွားပါတော့သည်။

မောင်စိန်သောင်းတို့တစ်တွေ၏ ဇနီးမယားတစ်တွေသည်လည်း ခေသူများ မဟုတ်ကြပါ။ ပါးလိုက်သမှ ပဒုမ္မာပိတ်က အမေခေါ်ရမလောက်ပင် ဖြစ်ပါ၏။

ပထမဦးစွာ မောင်စိန်သောင်း ပီကေဝက်ပုံအချို့ကို ဖော်ပြပါရစေ။

သူသည် လဆန်းရက်လောက်တွင် မဂ္ဂဇင်းတိုက်များကို လှည့်လည်သွားရောက်ပါသည်။ သူ့စာမှ ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ မဂ္ဂဇင်းတိုက်များမှ မေတ္တာလက်ဆောင် မဂ္ဂဇင်းစာအုပ် တောင်းပါသည်။

တောင်းသည်ဆိုရာ၌ အချို့မဂ္ဂဇင်းတိုက်များက အလိုက်တသိပေးလျှင် ဟန်မဆောင်တမ်း ယူပါသည်။ အချို့တိုက်များမှာမူ ပေးချင်သော်လည်း အခက်အခဲအမျိုးမျိုးကြောင့် မသိလိုက်မသိဘာသာနေလျှင် မောင်စိန်သောင်းသည် ထိုမဂ္ဂဇင်းတိုက်၌ ဖင်သံမှိုစွဲသကဲ့သို့ ထိုင်ပါတော့သည်။ အယ်ဒီတာဆရာများ လက်ဖက်ရည်ဆိုင်သွားလျှင် လိုက်သွားပါသည်။ ဘလောက်တိုက်သွားမည် သို့မဟုတ် အော့ဖ်ဆက်ကာလာခွဲရန် သွားမည်ဆိုလျှင်လည်း အလိုက်မသိဟန်ဆောင်ပြီး လိုက်သွားပါသည်။ နောက်ဆုံးအိမ်ပြန်မည်ဆိုလျှင်တောင် အိမ်အထိလိုက်တော့မယောင် လုပ်ပါသည်။ အယ်ဒီတာဆရာများ၊ မဂ္ဂဇင်းတာဝန်ရှိသူများမှာ ကြာတော့ မောင်စိန်သောင်းကို မြင်လျှင် မဂ္ဂဇင်းစာအုပ်ကလေးထုတ်ပြီး ပေးလိုက်ကြသည်သာ များပါသည်။ မပေးဘဲနေလျှင် လက်ဖက်ရည်လိုက်သောက်မည်။ ထမင်းလိုက်စားမည်။ ဘယ်သွားသွား နောက်က တကောက်ကောက် လိုက်နေမည်။

ဤသို့လုပ်နေသည်နှင့်အမျှ မဂ္ဂဇင်းတာဝန်ရှိသူများ စိတ်မောလူမော ဖြစ်ရပါသည်။ လက်ဖက်ရည်တစ်ခွက်တိုက်ပြီး ပြန်လွှတ်၍ရစကောင်းသော အကောင်စားမျိုးမဟုတ်ကြောင်း ဆရာများက သိကြပါသည်။ ထို့ကြောင့် အကယ်၍ သူ့ကို လက်ဆောင် မဂ္ဂဇင်းစာအုပ်ပေးရန် တိုက်မှာ လက်ကျန်မရှိလျှင်တောင်မှ နောက်နေ့ လာယူပါ၊ ဆိုင်က ပြန်ဝယ်ပေးပါမည်ဟု အပြတ်အသား ကတိပေးပြီး ပြန်လွှတ်လေ့ရှိပါသည်။

ထိုကဲ့သို့ မဂ္ဂဇင်းများ လိုက်တောင်းသည်နှင့် သူ့ပီကေနှင့် ဘာဆိုင်သတုံးဟု မေးစရာရှိပါသည်။

ဆိုင်ပါသော်ကော ခင်ဗျာ။

မင်္ဂဇင်းထွက်ရက်များတွင် အိမ်မှအထွက် သူ့မိန်းမထံမှ လမ်းစရိတ် တောင်းရသည်။ အိမ်သို့ မင်္ဂဇင်းတွေပိုက်ပြန်လာတော့ မိန်းမက ကြည်ဖြူသည်။

မင်္ဂဇင်းဆိုတာ စာအုပ်။ စာအုပ်ဆိုသည်မှာ အမြန်နှုန်းနှင့်ဖတ်ပြီးလျှင် အငှားဆိုင်မှာ အဟောင်းဈေးနှင့် ပြန်သွင်း၍ရသည်မဟုတ်လား။

တစ်လတစ်လ မင်္ဂဇင်းများများ မရနှင့်၊ လေးငါးခြောက်မျိုး လောက်ပဲ ရ၊ တစ်ပတ်အတွင်း အပြီးဖတ်၊ အငှားဆိုင်ကို သွားသွင်း၊ တစ်အုပ် ငါးကျပ်ပဲ ထား၊ ငါးအုပ် အစိတ်၊ နှစ်ဆယ်နှင့်ငါးကျပ်။ နည်းလား။

မောင်စိန်သောင်းကိုယ်တိုင် သွားမသွင်းလျှင် တခြားတစ်ယောက် ယောက်က သွားသွင်းပေးသည်။

မနှင်းရည်ကတော့ မင်္ဂဇင်းတွေဖတ်ရလျှင် ကျေနပ်သည်။ တတ်နိုင် သလောက် သိမ်းသည်။ မောင်စိန်သောင်းကတော့ ယခင်အခါများကဆို စာအုပ်ကို ရွှေလိုသိမ်းတာ။ ခုများဖြင့် စာအုပ်ဟောင်း စာအုပ်ကောင်း အရောင်းသမားများနှင့် မောင်စိန်သောင်း လုံးလားထွေးလား ပေါင်းသင်း နေတာ။ ဒီကတည်းက ခန့်မှန်းလို့ ရပါပြီ။ စာအုပ်နည်းနည်းကောင်းပြီဆို မောင်စိန်သောင်း ပီကေ ကောင်းပြီပဲ။ စာအုပ်သစ်လျှင် ပိုကောင်းသေး။

မနှင်းရည်က သူ သိပ်စိတ်မဝင်စားသည့် စာအုပ်များကိုတော့ လျစ်လျူရှုထားပါသည်။ မောင်စိန်သောင်းကလည်း မနှင်းရည် ကြိုက်တတ် သော စာအုပ်များကို သွားမထိပါ။

ဒါက မောင်စိန်သောင်းရဲ့ ပီကေရာနည်း တစ်မျိုးရှည်းသာ ရှိသေးသည်။ ဒီနည်းက စာအုပ်လက်ဆောင်ရမှု။ အဲဒီ ရတဲ့စာအုပ်ကလည်း မနှင်းရည် မနှစ်သက်မှ ကြော်လို့ဖန်လို့ရတဲ့ ပီကေ။ တချို့မင်္ဂဇင်းတွေက မင်္ဂဇင်း ထွက်တာနဲ့ စာမူခ ပေးသည်။ တချို့မင်္ဂဇင်းတွေက လဆန်း ခြောက်ရက် ကနေ ဆယ်ရက်နေ့လောက်အတွင်း ပေးကြပါသည်။

မောင်စိန်သောင်း စာမူပါသော လဆိုလျှင် ချက်ချင်းပေးသော်လည်း တိုက်မှ စာမူခကို မနှင်းရည်အား ချက်ချင်းပြန်မအပ်ပါ။ စာပေလုပ်သား ကတ်ပြားနှင့် စာရွက်ခေါက်တစ်ခုအတွင်း ညှပ်ပြီး အိတ်ကပ်အတွင်း ထည့် ထားပါသည်။ အဲသည်စာရွက်ခေါက်က အရေးတကြီး မှတ်ထားသည့် မှတ်စုပုံစံမျိုး ဖြစ်ပါသည်။

ရန်ကုန်က မန္တလေးကို သွားလျှင် ဘယ်လင်းပြီးမှ ကျောက်ဆည်။ မန္တလေးက ရန်ကုန်ဆိုလျှင် ကျောက်ဆည်ပြီးမှ ဘယ်လင်း။

ခန္တီးမှာ ကြိမ်ဖူးဟင်းဆိုတာ ရှိ။

၂၆ လမ်း၊ ၂၇ လမ်းကြား ကိုစိန်မောင်။

(ဖရေဇာ)

ဘောပင်ရီဖီးလ် အနက်။

တိမ်ညို မိလ္လာ တိမ်စူကာ တိမ်ပြာ။

ဘာညာ အစရှိသဖြင့် မှတ်စုမှတ်ရာ အရေးကြီးသယောင်တွေ လျှောက်ရေးထားသည်။ စာရွက်ခေါက်က လေးထပ်လောက်ရှိသည်။ အဲဒီ အခေါက်ကြားထဲမှာ ပိုက်ဆံညှပ်ထားလိုက်သည်။ အစိတ်တန်ကို လေးခေါက် ခေါင်လိုက် ခေါက်ထည့်ထားလိုက်သည်။ မိန်းမက အိတ်ကပ်ထဲက ဆွဲထုတ် ကြည့်ဦးတော့ စာမျက်နှာ တစ်ခွန်းတစ်စမှာ မှတ်စုတွေ တွေ့မည်။ ပြီးတော့ စာရွက်ကလည်း ညစ်ထပ်ထပ်။ ရည်းစားစာ၊ မိတ်ဆက်စာ လုံးဝမဟုတ်။ သည်တော့ ဘာတွေ ပေါက်ကရလျှောက်မှတ်ထားမှန်း မသိရသည့် စာရွက်ခေါက် စုတ်ကို သိပ်ဂရုမစိုက်။ သည်နည်းကို မောင်စိန်သောင်းက ဖြောင်ဖြောင်နည်းဟု သူ့ဘာသာ အမည်ပေးထားသည်။

နောက်တစ်နည်း။

လွယ်အိတ်ထဲက စာမူကြားမှာ။ စိတ်ချပါ။ စာရေးဆရာမိန်းမက ထိုစာရေးဆရာရဲ့ လက်ရေးစာမူကို ဖတ်ရန် အလွန်ကို စိတ်မဝင်စား။

အရေးကြီးတာက အဲဒီစာမူကနေ ဖြစ်လာမယ့် ပိုက်ဆံ။ ဒီတော့ မဂ္ဂဇင်းတိုက်သို့ မပို့ရသေးသော စာမူ တစ်ဝက်တစ်ပျက်ကြားမှာ မောင်စိန်သောင်း ပီကေ ဝှက်လေ့ရှိပါသည်။

ဉာဏ်တော့ နည်းနည်းကူရသပေါ့ဗျာ။ စာမူစာရွက်ထပ်ရဲ့ သုံးပုံနှစ်ပုံလောက် အပေါ်ဘက် အတွင်းထောင့်မှာ ကော်ကလေး တစ်ပို့လောက်နဲ့ ကပ်ထားရပါသည်။ တစ်ခါတလေကျတော့ မိန်းမက စာအုပ်စာရွက်တွေ ခါခက် ရှာတတ်တယ်မဟုတ်လား။ ခါချသည့်တိုင် ကော်နဲ့ ထိန်းထားတော့ ရုတ်တရက် မကျဘူးပေါ့။

သည်နည်းလည်း သိပ်ကြာကြာမခံပါဘူး။ မနှင်းရည် သိသွားတာပါပဲ။

နောက်တစ်နည်းက အင်းဝစွပ်ကျယ် အောက်အနားလုံးထားတဲ့ ကြားထဲ ချုပ်ရိုးစ မသိမသာဖြေပြီး ထိုးထည့်ထားတဲ့နည်းပါ။ အဲဒါက နည်းနည်းသတိထားရတယ်။ စွပ်ကျယ်လဲတော့မယ်ကြံတိုင်း အိမ်သာထဲ ဝင်ပြီး ချုပ်ရိုးထဲက ပိုက်ဆံကို ခက်ခက်ခဲခဲ ပြန်ပြန်ထုတ်ယူရတယ်။ မတော်တဆ မေ့သွားရင် မိန်းမအင်္ကျီ လျှော်တဲ့အခါ ပေါ်လောကြီး ပေါ်ရော။

အဲသည်နေရာမှာ နောက်တစ်ခါ ထပ်ဝှက်ဖို့ အချိန်တော်တော် ကြာကြာ စောင့်ရတယ်။

အင်္ကျီကော်လာအောက်ဘက် ချုပ်ရိုးနည်းနည်းလေး ဖြေပြီး ထိုးထည့်ဝှက်တဲ့နည်း သုံးသေးတယ်။ ကြာကြာသုံးလို့ မရပါဘူး။ ပေါ်တာပါပဲ။

ကိုယ်ပေါ်မှာ ဝှက်တဲ့နည်းကတော့ ဉာဏ်ကို ပါးပါးလွှာပြီး တစ်နည်းပြီး နှစ်နည်း ပြောင်းပြောင်းသုံးနေရတော့တာပါပဲ။ ကွမ်းသီးစိတ်ဝါးသလိုနဲ့ ပါးစောင်ထဲ ငုံထားတာတွေ ဘာတွေလည်း ပါသေးဗျ။

အဲဒါတွေကို မနှင်းရည် မသိဘူးလားဆိုတော့ သိပ့ါ။ တန်ရုံလောက်ဆို မသိချင်ယောင် ဆောင်နေလိုက်တယ်။ ဒါမှမဟုတ်လဲ လမ်း

စရိုက်တို့ တကယ့်လက်ဖက်ရည်ဖိုးတို့ကို မသိမသာ လျှော့လျှော့ပေး လာတယ်။

"မင်းဟာ ဒါပဲလားကွ" လို့ ပြောရင် ဆီ၊ ဆန်၊ ငရုတ်၊ ကြက်သွန်၊ သား ငါး ဘာညာနဲ့ အုပ်ထည့်လိုက်မှာပေါ့။

ကိုယ်ပေါ်မှာဝှက်တဲ့နည်းက သိပ်မဟန်တဲ့အခါကျတော့ အိမ်ထဲက တစ်ချောင်းချောင်းမှာ ဝှက်တယ်။ ဥပမာ ကက်ဆက်ရီကော်ဒါရဲ့ ဘက်ထရီ ထည့်တဲ့ခွက်လိုနေရာမျိုး၊ ရှုပ်ပွနေတဲ့ စာအုပ်တွေကြားထဲက ကိုယ့်အမှတ်အသားနဲ့ကိုယ် ထားတဲ့စာအုပ်။ တစ်ခါတလေ မနှင်းရည် မသုံးတော့တဲ့ အလှပြင်ပစ္စည်းတွေ အောက်၊ ဒါမှမဟုတ် ကလေးတွေရဲ့ ဝါးဆစ်စုဘူးဖင်မှာ ကော်နဲ့ မထိတထိ ကပ်။

အဲသလို လျှို့တတ် ဝှက်တတ်ပါတယ်။

အဲသည်အဲသည်နည်းတွေ သိပ်အသုံးမဝင်တော့တဲ့အခါကျတော့ သူငယ်ချင်းတွေနဲ့ပေါင်းပြီး ကြံပါတယ်။

အိမ်မှာ ပြတ်ခိုက်လပ်ခိုက်ဆို တစ်နေရာက စာမူခ လိုက်တောင်းလာပြီး သူငယ်ချင်းဆီက ချေးလာတာလို့ သူ့မိန်းမကို ပြန်ပြောထားပါတယ်။ အဲ ပြီးတော့ နောက် ဝင်ငွေရလာတဲ့အခါ သူငယ်ချင်းကို အိမ်အလည် လာစေပြီး

"အားနာစရာကောင်းတယ်ကွာ။ သူ့ဆီကချေးတာလေး ဖဲ့ပြုပေးရအောင်၊ ဖြစ်နိုင်ရင်လည်း အားလုံး ပြန်ဆပ်ရတာပေါ့" ဟု တိုးတိုးကပ်ပြော၊ ပိုက်ဆံပြန်တောင်း၊ မင်းသေသေနင့် သူငယ်ချင်းကို မိန်းမရှေ့မှာ ပေး၊ ပြီးတော့ လက်ဖက်ရည်ဆိုင်ထွက်၊ သူငယ်ချင်းဆီက ပြန်ယူ၊ အဲ သူငယ်ချင်းကို လက်ဖက်ရည်နဲ့ မုန့်၊ ဒူးယားစီးကရက် စသဖြင့်လောက်တော့ ပြုစုရသပေါ့။

သည်လိုနဲ့ မောင်စိန်သောင်းဟာ နည်းမျိုးစုံသုံးပြီး ကိုယ့်မိန်းမ ဆီက ပိုက်ဆံ (ကိုယ့်ပိုက်ဆံ) ကိုယ် ပြန်ကစ်လေ့ရှိပါတယ်။

မောင်စိန်သောင်းအတွက် ပီကေက သိပ်အများကြီး မလိုပါဘူး။ နည်းနည်းပါးပါးပါ။

နည်းနည်းပါးပါးဆိုတာက နှစ်ဆယ် အစိတ်လောက်ပေါ့။ အဲသလောက်ဆို သူနဲ့ သူ့အပေါင်းအသင်းတွေ လက်ဖက်ရည်ဆိုင် နှစ်ဆိုင်လောက်ပြောင်းပြီး ထိုင်နိုင်ပါပြီ။ နှစ်ဆိုင်ထိုင်လျှင် တစ်နေကုန်သလောက်ပါပဲ။

ခုတလောကျတော့ မောင်စိန်သောင်းမှာ အပေါင်းအသင်းကလေး တစ်ယောက် တိုးလာပါတယ်။ အရင်အပေါင်းအသင်းတွေနဲ့ အပြတ်ခြားနားပါတယ်။

ဟုတ်ကဲ့ ကောင်မလေးတစ်ယောက်ပါ။ လှသည်၊ ငယ်သည်။ ဒါဆို ရိပ်မိလောက်ပါပြီ။

မောင်စိန်သောင်းအတွက် ပီကေက အကြီးစား လိုအပ်လာပါပြီ။ သည်မှာ မောင်စိန်သောင်းကြံဖန်ပုံက နည်းနည်းဆန်းပြားလာပါတယ်။

ဘက်ဆယ်လာစာရင်းဝင် အင်္ဂလိပ်စာအုပ် နှစ်အုပ် သုံးအုပ်ကို မရမက ရှာပါတယ်။"တစ်အုပ်ကို တစ်ရာကျော်တန်တဲ့ စာအုပ်မျိုးပေါ့။

ဝယ်သလားဆိုတော့ ဘယ်ဝယ်လိမ့်မတုံး။ မောင်စိန်သောင်းက စာအုပ်ကို ရှေလို သဘောထားတော့တာမှမဟုတ်တာ။ ဒီတော့ ငှားတာပေါ့။ ငှားခကလည်း ဈေးကြီးသဗျ။ ကမ္ဘာကြီးနဲ့ချီပြီး ရောင်းအကောင်းဆုံးစာအုပ်မျိုးတွေဆိုတော့ စပေါ်ကိုက ရာကျော်။ တစ်ရက်ငှားခ တစ်ဆယ်ကနေ အစိတ်လောက်ထိ။

ဒီစာအုပ်မျိုး မောင်စိန်သောင်း စပေါ်ပေးပြီး ဘယ်ငှားလိမ့်မတုံး။ သူ့မိတ်ဆွေကြီးများရဲ့ဆိုင်ကနေ "ခဏဗျာ၊ မြည်းကြည့်မလို့" လို့ ပြောပြီး ခပ်တည်တည်နဲ့ ဆွဲခဲ့တာပေါ့။

မောင်စိန်သောင်းရဲ့မိတ်ဆွေကြီးများကလည်း သဘောပေါက်ပြီးသားပါ။ ငတိ ကြံတော့ဇန်တော့မယ်ဆိုတာ။

တကယ်တော့ မောင်စိန်သောင်းက အင်္ဂလိပ်စာ သိပ်ဖတ်တတ်တာ မဟုတ်ပါဘူး။ ကြားဖူးနားဝရှိတဲ့ အင်္ဂလိပ်စကား အကြီးစားတွေကို ဆရာကြီးများရဲ့ ဆောင်းပါးတွေထဲက အဓိပ္ပာယ်အတိုင်း ကျက်မှတ်ထားရုံပါ။ လူရှေ့သူရှေ့ အထင်ကြီးအောင် ပြောနိုင်ရုံလောက်ပါ။ မောင်စိန်သောင်းဟာ အင်္ဂလိပ်စာကို ဟုတ်တိပတ်တိမပြောနဲ့၊ ထမင်းစားရေသောက် ရုံး ပေါက်လောက်တောင် ဖြောင့်အောင် ဖတ်တတ်တာမဟုတ်ပါဘူး။ ဒါပေမဲ့ အင်္ဂလိပ်စာအုပ် ဘက်ဆယ်လာဆိုတာတွေကို မိန်းမရှေ့မှာ ဖွင့်ဖတ်ပြရတာ အမော။ တကယ်မောတာပါ။ ဖတ်လည်းမဖတ်တတ်ဘဲ ဖတ်နေရတာ။ ဒီကြားထဲ မျက်မှောင်ကြုတ် စဉ်းစားလိုက်၊ သိပ်စိတ်ဝင်စားသလို မျက်လုံး ဝိုင်းပြီး စိုက်ဖတ်လိုက်၊ ဘာမှန်းမသိဘဲ ပြုံးပစ်လိုက်၊ တစ်ခါတလေ အသံထွက်ပြီး 'ဟစ်ဟစ် ဟက်ဟက်' နဲ့ ရယ်လိုက်၊ တကျွတ်ကျွတ် စုတ်သပ်လိုက်၊ ဘယ်လောက်ပင်ပန်းမလဲ စဉ်းစားသာကြည့်ပါတော့။

သည်လိုနဲ့ မောင်စိန်သောင်း ဘက်ဆယ်လာ အင်္ဂလိပ်စာအုပ်တွေကို တစ်ရက် နှစ်ရက် ဖတ်ချင်ယောင်ဆောင်ပြီးသကာလ

"ရေ"

မနှင်းရည်ကို ပတ်ချွဲနပ်ချွဲလုပ်ချင်သည့်အချိန်တိုင်း မောင်စိန်သောင်း ခေါ်လေ့ရှိသည့်အသံဖြစ်ပါသည်။ 'ရည်ရေ' ကို ဝပ်ချွဲချွဲ ဆွဲဆက်ခေါ်လိုက်တော့ 'ရေ' လို့ အသံထွက်ပါကြောင်း။

"ရေ ဒီစာအုပ် တော်တော်ကောင်းတယ်ကွ။ မြန်မာမှုပြုပစ်လိုက်ရရင် လုံးချင်းနှစ်အုပ်တွဲတော့ ကောင်းကောင်းဖြစ်မယ်"

"ဘာလဲ ဝယ်မလို့လား။ ငွားဖတ်ပြီး မှတ်ထား၊ ပြီးရောပေါ့"

မောင်စိန်သောင်း ပါးစပ်ဟတာနဲ့ ဝမ်းထဲ အူဘယ်နှချောင်းရှိတယ်ဆိုတာ သိပြီးသားဖြစ်နေတဲ့ မနှင်းရည်က သို့ကလို ပိတ်ပြောလိုက်ပါသည်။

"ရဘူးထင်တယ်ကွ၊ ပလော့ထ်ကလေးတွေက သိပ်ကောင်းတာ"

"ဘယ်က ပလော့ထ်လဲ"

"ပလော့ထ် ကွာ၊ မင်းသိပါတယ်။ ဇာတ်ကွက်ကလေးတွေ သိပ်ထိတယ်။ ကောင်လေးနဲ့ ကောင်မလေး စတွေ့တဲ့အခန်းဆို ဟိုကောင်မလေးက မြင်းစီးရင်း"

"ဒီကကောင်မလေးတွေ မြင်းမှမစီးတာ"

"မော်တော်ဆိုင်ကယ် လုပ်ပစ်ရတာပေါ့ကွာ၊ ဆုပါကပ်တို့ ဘာတို့ပေါ့"

"အို အဲဒါတွေ ကျုပ် မသိဘူး။ ရှင့်စာအုပ်က ငွေရ ငွေလို့ မရဘူးလား"

"တစ်နေ့ ငွေခ အစိတ်တဲ့ကွ။ ဝဏ္ဏက တစ်လလောက် ရေးယူရမှာ။ ဒါတောင် တော်တော်လုပ်မှ"

"ကဲ ရှည်မနေနဲ့၊ ဝယ်ရင် ဘယ်လောက်တဲ့လဲ"

"မများပါဘူးကွာ၊ တစ်ရာငါးဆယ်ပါ"

"တစ်ရာငါးဆယ်ဆိုတာ မများဘူးလို့ ရှင့်ကို ဘယ်ဆရာက သင်ထားလဲ"

"မဟုတ်ဘူးလေ၊ မင်းစဉ်းစားကြည့်၊ လုံးချင်းတစ်အုပ်ကို စာမူခ လေးငါးရာစ်ထောင်ထား"

"တော်က တစ်လ တစ်အုပ် ရေးနိုင်လို့လား"

"အဲဒါပြောတာပေါ့။ သူ့အော်ရီဂျင်နယ်လ်ပလော့ထ်တွေရှိပြီးသားဆိုတော့ သိပ်မစဉ်းစားရတော့ဘူးပေါ့။ ရေးလိုက်ရင် လျှောခနဲ လျှောခနဲ နေမှာ"

"ရှင် သေချာလား"

"မြေကြီးလက်ခတ်တာမှ လွဲချင် လွဲဦးမယ်။ ဒီမယ်"

"ကဲ တော်တော့၊ ကျုပ် သိမ်ကြီးဈေးသွားရင် လိုက်ခဲ့။ အပြန် ဝင်ဝယ်ပေးမယ်"

မနှင်းရည်က လက်ဖက် ချင်းသုပ်ရောင်းတော့ တစ်ပတ် တစ်ခါလောက် သိမ်ကြီးဈေး သွားရသည်။

သည်နေရာမှာ မောင်စိန်သောင်း နည်းနည်းတွန့်သွားသည်။ စာအုပ်ပိုင်ရှင်နှင့် စည်းဝါးရိုက်ထားရဦးမည်မဟုတ်လား။ အချိန်တော့ရပါသေးတယ်လေ။ အင်း။

"ဟုတ်ပြီ မင်း ဘယ်နေ့ သိမ်ကြီးဈေး သွားမှာလဲ"

"နက်ဖြန်"

ခွပဲ။ ဒီနေ့ပဲ အချိန်ရှိတော့သည်။

"ဒါဆို အတော်ပဲ၊ ငါ ဒီနေ့ စာအုပ်ဆိုင်ဘက် ရောက်မယ်။ ဝင်မှာထားခဲ့မယ်။ စာအုပ်လည်း ဒီနေ့ ပြန်ပေးထားလိုက်မယ်။ ငွေခ တစ်ရက်ဖိုးသက်သာတာပေါ့"

အဖြီးအဖြန်းတွေက ယုတ္တိသိပ်မရှိ။ ငွေခ ပေးရသည်မဟုတ်။ သို့သော် မနှင်းရည်က မောင်စိန်သောင်းကို ဘာဖြစ်ဖြစ် ချည်ပြီးတုပ်ပြီးဖြစ်မည်။ တစ်ရာ့ငါးဆယ်တန်စာအုပ် ဝယ်ပေးလိုက်၊ တစ်လအတွင်းလုံးချင်းတစ်ပုဒ် ပြီးအောင်ရေး၊ မပြီးရင် အသိ။

*

မောင်စိန်သောင်းသည် သူငယ်ချင်း စာအုပ်သည်ကို ကြိုတင်၍ စည်းဝါးရိုက်ထားလိုက်သည်။ မနှင်းရည်ကိုယ်တိုင် လိုက်ပြီး စာအုပ်သည်ထံမှာငွေချေသည်။ စာအုပ်ကို မောင်စိန်သောင်းက ခပ်တည်တည်ယူခဲ့သည်။ နောက်နေ့မှ သူငယ်ချင်းဆီက ထိုပိုက်ဆံ ပြန်ယူသည်။

အမှန်ကတော့ အဲဒီစာအုပ်က တခြားသူငယ်ချင်းတစ်ယောက်ရဲ့ကိုယ်ပိုင်စာအုပ်ပါ။ ခဏငှားထားတာ။

တိုတိုဆိုရရင် ဒီလိုဒီလိုနည်းတွေနဲ့ ကြိုးစားလိုက်တာ မောင်စိန်သောင်း ပီကေ သုံးလေးရာ စုမိဝှက်မိရော ဆိုပါတော့။

တနင်္ဂနွေနေ့။

ကောင်မလေးနှင့် ချိန်းထားသည်။ ညနေ ငါးနာရီခွဲ ရုပ်ရှင်ကြည့်မည်။ ပြီးတော့ ထမင်းစားကြမည်။ ကောင်မလေးနေတဲ့ အပြင်ဘော်ဒါဆောင်က ည ကိုးနာရီကျော်ကျော်ထိ တံခါးဖွင့်ပေးသည်။

မောင်စိန်သောင်း မနက်အစောကြီး မနိုးစဖူး နိုးနေသည်။ ဒါပေမဲ့ မျက်စိမှိတ် ဆက်အိပ်ချင်ယောင် ဆောင်နေ။ တော်ကြာ ရိပ်မိသွားမည်။

နေနည်းနည်းမြင့်မှ အိပ်ရာက ထ၊ ကိုယ်လက်သန့်စင် စသည်ဖြင့်။ ထမင်းစား သိပ်မဝင်။

နေ့လယ်နှစ်နာရီ။

မောင်စိန်သောင်း အူမြူးပြီး ရွစိရွစိ ဖြစ်စပြုနေချိန်ပေါ့။

မျက်နှာကို စာအုပ်နဲ့ကွယ်ပြီး စိတ်ကူးတွေ ယဉ်နေချိန်ပေါ့။

ဘာတဲ့ရယ်၊ ဟိုးတစ်နေ့က ကောင်မလေးပြောတာ။

"ကို့စ်"

ကောင်မလေးက မောင်စိန်သောင်းကို 'အစ်ကို' လည်း မဟုတ်၊ 'ကို' လည်း မဟုတ်၊ 'ကို့စ်' လို့ ခေါ်သလေ။

"ကို့စ် ဟိုရှေ့က တီလေး တွေ့လား၊ မီးနဲ့ဆို လိုက်မယ်နော်" တဲ့။

ကောင်မလေးက သူ့ကိုယ်သူ သမီး သမီးလို့ ပြောသလိုလိုနဲ့ မီး ဖြစ်သွားတာပါ။ မီးဆိုတာ ပုမှန်းတော့ လူတိုင်းသိသပေါ့ဗျာ။ မောင်စိန်သောင်း ဆိုတဲ့ အူတူတူ ငတကလည်း မီးဆိုတာ ခြစ်တတ်ရင် ဆေးလိပ်ညှိလို့ ရတယ်လို့ သဘောပေါက် ယုံကြည်ပစ်ခဲ့တဲ့ကောင်ပဲ။

အဲဒီ 'မီး' က မောင်စိန်သောင်း ဘာမှန်းမသိသော စွပ်ကျယ်အင်္ကျီ ခပ်ပွပွကလေး လိုချင်ကြောင်း အချက်ပြလိုက်တာပါပဲ။

မောင်စိန်သောင်းသည် ဘယ်လိုခေါ်ဝေါ်မှန်းမသိသော ထိုစွပ်ကျယ် မှမှကို လိုက်ရှာပြီး ဈေး မေးထားသည်။ သည်နေ့ အဲဒီစွပ်ကျယ်ပွကို

ဝယ်မည်။ 'မီး' ကို ပေးမည်။ တစ်နေရာရာဝင်ပြီး ချက်ချင်းဝတ်ခိုင်းမည်။ "သိပ်လှသွားတယ် မီးရယ်" လို့ ဆွဲငင်ညို့တို့ ပြောမည်။

"အရင်က မလှဘူးပေါ့ဟင့်" တို့ဘာတို့ ပြန်ညုကောင်း ညုမည်။

ငါးနာရီပွဲ ရုပ်ရှင်ကြည့်မည်။ ရုံထဲမှာ လက်သည်းချွန်ချွန်ကလေးတွေနဲ့ မနာအောင် ဆိတ်တာ ခံမည်။ ဟီ ဟိ။

"ဗျို့ ကိုစိန်သောင်း၊ တီဗွီက ကြေညာလိုက်ပြီဗျ။ ရာတန်တွေ မသုံးရတော့ဘူးတဲ့"

တစ်အိမ်ကျော်က ပုဂ္ဂိုလ်လေးက သတင်းလာပေးသည်။ ရင်ထဲမှာ 'ဂိန်' ခနဲ မြည်သွား၏။ ဝတ်သွားမည့် အင်္ကျီလက်ရှည်၏ လက်ခေါက်ထဲမှာ ဝှက်ထားသည့် ခေါင်းပေါင်းစတွေကို မြင်ယောင်၏။

မောင်စိန်သောင်း၏ မျက်နှာကြီးသည် ရေစိမ်ပစ်လိုက်သောကော်တင်ထားသည့် လုံချည်သစ်ကဲ့သို့ ထိုအတူ ဖြစ်သွားရှာ၏။

*

'မီး' စောင့်နေရှာမည်ဟု ထင်သည်။ သို့သော် တကယ်တော့ မီးက မောင်စိန်သောင်းကို နေ့လယ်ကတည်းက မေ့သွားပါပြီ။

သို့ရာတွင် ပေါတောတော မောင်စိန်သောင်းသည် 'မီး' သနားစရာဟု ယူဆပြီး

"ငါ မြို့ထဲ ခဏသွားဦးမယ်ကွာ။ သတင်းလေးဘာလေး နားထောင်ရအောင်"

– ဟု မနှင်းရည်ကို ခွေးအ လှည်းနင်းသံနှင့် ပြောသည်။

"အို သတင်းက ကြေညာပြီးဥစ္စာ၊ ဘာသွားထပ်နားထောင်နေမှာလဲ။ ဘယ်သူမှလဲ ဘာမှသေသေချာချာသိမှာမဟုတ်ဘူး။ ထင်ရာတွေ စွတ်ပြောနေမှာ။ အိမ်မှာ အေးအေးနေ။ ကိုယ့်လည်း ဘာအများကြီးရှိလို့လဲ။ ခုနေ ရှိတဲ့အကြွေတွေကို မလိုဘဲ ဘာမှသုံးလို့မဖြစ်သေးဘူး"

"ကိုယ်တို့ စာရေးတဲ့အလုပ်ဆိုတာ"

"တော်စမ်းပါ၊ အိမ်မှာပဲနေ"

"ခဏတော့ သွားမယ်ကွာ"

"သွားချင်လည်း ရှင့်ပီကေနဲ့ ရှင်ပဲသွား။ ကျုပ်ဆီက တစ်ပြားမှ လာမတောင်းနဲ့"

"ငါ့မှာ နှစ်ကျပ်ပဲရှိတယ်ကွ။ နည်းနည်းတော့"

ထိုရောအခါ မနှင်းရည် ငေါ့ပြုံး ပြုံးလေ၏။

"ရှင့်အကျီလက်ခေါက်ကြားမှာရှိတဲ့ပီကေနဲ့ သွားပေါ့။ အများကြီးဥစ္စာ"

"အဲဒါက ဟိုဟာ ဟို"

"ကျုပ်တွေ့ထားတာ မနက်ကတည်းက။ ရှင် ဒီနေ့ ဘာလုပ်မလဲ ကြည့်နေတာ။ အစကတော့ ရှင့်ကို ဒီနေ့ နောက်ယောင်ခံလိုက်မလို့ပဲ။ ခုတော့ ရှင့်ပီကေနဲ့ ရှင်ပဲ သွားပါ။ လိုက်မကြည့်တော့ပါဘူး။ ကျုပ် အကြွေတွေ အထိမခံနိုင်ဘူး"

မောင်စိန်သောင်း၏မျက်နှာသည် ထိုခဏ၌ ရေစိမ်ပြီးနောက် နေလှန်းလိုက်ပြီဖြစ်သော လုံချည်သစ်ကဲ့သို့ ထို့အတူ ဖြစ်သွားလေသည်။

ဒီနေ့ 'မီး' ဆီ အသွား မနှင်းရည် နောက်ယောင်ခံပြီး လိုက်လာ၍ 'မီး' နှင့် တွေ့လျှင် မီးတွေ ပွင့်ထွက်ကုန်လိမ့်မည်။

မနှင်းရည်၏လက်သံကို မောင်စိန်သောင်း ကောင်းကောင်း နာခံဖူးပါသည်။

သူ့ထိပ် ခြောက်ချက် ချုပ်ဖူးပြီပဲဟာ။

အမှတ် ၅၆၊ ၁၉၈၆၊ ပေဖူးလွှာမဂ္ဂဇင်း

